

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com

TRI LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၂၄)   ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်   ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ... ဗုဒ္ဓဟူး ၊ (ဩဂုတ် ၂၁ ၊ ၂၀၁၃)


# ဝန်ကြီးများ ကတိတည်ပါစေ

**အိဖြူလွင်၊ အောင်ခိုင်၊ ထွန်းခိုင်**

ယခုလဒုတိယအပတ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က သူ၏ အစိုးရအဖွဲ့အတွင်း အစားထိုးခန့်အပ်ခဲ့သည့် ဒုဝန်ကြီးများအား တရားဝင်မိန့်ခွန်းမှတစ်ဆင့် သတိပေးမှုတစ်ခုပြုလုပ်ခဲ့သည်။ သမ္မတက "မင်းမှာသစ္စာ၊ လူမှာကတိ"ဆိုသည့်ဆိုရိုးစကားကိုကိုးကားလိုက်ပြီး အများရှေ့မှောက်တွင်ပြုခဲ့သည့် ကတိသစ္စာကို မကျိုးပေါက်အောင်ထိန်းသိမ်းကြဟုဆိုလိုက်သည်။

ယင်းသတိပေးမှုများမှာ ပြောလေ့ပြောထရှိသော သတိပေးမှုမျိုးတော့မဟုတ်။ သူ၏ အစိုးရထိပ်ပိုင်းအရာရှိများအကြား အဂတိလိုက်စားခြင်းရှိနေကြောင်း သမ္မတက ဝန်ခံခဲ့ပြီး ငါးရက်အကြာတွင် ပြောကြားသည့် မိန့်ခွန်းတွင် အစိုးရအရာရှိများအကြား ကတိတည်ဖို့အရေး ထပ်မံပြောကြားခြင်းဖြစ်သည်။

အစိုးရသစ်တက်စက ပြည်သူတွေအဖို့ မျှော်လင့်ချက် တစ်ပုံတစ်ပင်။ ရန်ကုန်ကို စင်ကာပူလိုဖြစ်အောင်လုပ်မည်။ ၂၄နာရီလျှပ်စစ်မီးလင်းစေရမည်။ နိုင်ငံရေးအကျဉ်းသားမရှိစေရ။ ပွင့်လင်းမြင်သာသော အစိုးရအဖွဲ့ စသည်. . စသည်ဖြင့်။


အချပ်ပို(၂)သို့


## ခွေးရူးရောဂါ(သို့မဟုတ်)သေမိန့်



ဓာတ်ပုံ-နစ်ကီ

**ရဲနောင်၊နန်းအောင်**

ဩဂုတ်လလယ် နေ့လယ်ခင်းတစ်ခုတွင် ရန်ကုန်ဆေးရုံကြီးအတွင်း ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသော သီးသန့်လူနာများထားရာ အခန့်ရှေ့၌ တာဝန်ကျသူနာပြုဆရာမလေးက "မနေ့က သုံးနှစ်အရွယ်ကောင်လေးတစ်ယောက်ဆုံးသွားတယ်။ ဒီနေ့ ခုနစ်နှစ်အရွယ် ကလေးတစ်ယောက် ထပ်ရောက်နေပြန်ပြီ" ဟု ကရုဏာသက်သောလေသံဖြင့် ခပ်တိုးတိုးလေးပြောသည်။


အချပ်ပို(K)သို့




ရန်ကုန်မြို့လယ်တစ်နေရာတွင် ပြည်ပမှတင်သွင်းလာသော ကားများကြား၌ဖုန်ကားတစ်စီးကိုတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နေရစ်တော့ ဖုန်ကားခေတ်

**ပြည်သိမ်း၊ မိုးညို၊ အေးမြတ်သူ**

ကားတင်သွင်းခွင့် မူဝါဒများ ပြောင်းလဲပေးခဲ့ပြီးနောက် တစ်ချိန်က လူအများစိတ်ဝင်စားခံခဲ့ရသော စက်မှုဇုန်ထုတ်ကားများမှာ အမေ့လျော့ခံ ဘဝသို့ ရုတ်ခြည်းရောက်ရှိသွားသည်။

ယခင်အစိုးရလက်ထက်က စက်မှုဇုန်ကားထုတ်လုပ်သူများကို ပုံစံမျိုးစုံဖြင့် ဖြေလျှော့ပေးပြီး ဇုန်ထုတ်ကားစီးရေ တိုးလာရန် ကြိုးပမ်းခဲ့ကြသည်။ ဇုန်ကားထုတ်သော လုပ်ငန်းရှင်အများစုသည် ချမ်းသာကြွယ်ဝသည့်လုပ်ငန်းရှင်ကြီးများအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။


စာ(၈)သို့


## ပတ်စ်ပို့စာအုပ်ထဲက ဓာတ်ပုံ ရုပ်ဆိုး၍တိုင်ကြားသူများရှိ

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၁၉**

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ရိုက်ကူးရသည့် ပတ်စ်ပို့ဓာတ်ပုံမှာ ပြင်ပရုပ်ရည်နှင့် ကွာခြားပြီး ရုပ်ဆိုးနေသည့်အတွက် ပတ်စ်ပို့လျှောက်ထားသူများ၏ တိုင်ကြားမှုများရှိနေသော်လည်း


စာ(၃)သို့


## "မြန်မာ့ဆန်ဈေးကွက် ပိုပြီးဂရုစိုက်ရမှာက အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်တို့ပဲ"

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း


စာ(၂၀)သို့


အခန်းဆက်ဝတ္ထုရှည်



## မင်းဒင်ရဲ့ သက်ခိုင် (၂)


စာ(၂၄)သို့





7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေ ၆၁ခု ပြဋ္ဌာန်းပြီး

အိဖြူလွင်

**ရန်ကုန်၊ ဩဂုတ်-၁၉**

ပြည်ထောင်စုလွှတ်တော်သည် အချိန် ၂နှစ်နှင့်ခြောက်လအတွင်း ဥပဒေ ၆၁ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်သည်။

လွှတ်တော်ကပြဋ္ဌာန်းခဲ့သည့်ဥပဒေများတွင် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သည့်ဥပဒေ ၄၁ခုနှင့် ပြန်လည်ပြင်ဆင်သည့်ဥပဒေမှာ ၂၀ဖြစ်ကြောင်းသိရှိရသည်။ ပြည်ထောင်စုလွှတ်တော်၏ ပထမသက်တမ်းဖြစ်သော နာယက ဦးခင်အောင်မြင့်လက်ထက်တွင် အစိုးရအဖွဲ့က တင်သွင်းသည့် ဥပဒေ၄၉ခုနှင့်လွှတ်တော်ရေးရာကော်မတီများ၊ ကိုယ်စားလှယ်များကတင်သွင်းသည့် ဥပဒေ ၉ခု၊ စုစုပေါင်း ၅၈ခုကိုအတည်ပြုပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသစ်အဖြစ် ဩဂုတ်လ ၁ရက်၌ သူရဦးရွှေမန်းတာဝန်ယူပြီးနောက်ပြင်ဆင်ချက်များစွာဖြင့် အတည်ပြုလိုက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥပဒေများအပါအဝင် ဥပဒေ၃ခုထပ်မံပြဋ္ဌာန်းခဲ့သည်။

စာ(၂၈)သို့



# အချိန်သုံးနာရီခွဲတိုင်း ယာဉ်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးနေ

မိုးညို၊ ဖွဲ့မာန်

**ရန်ကုန်၊ ဩဂုတ်-၁၆**

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ယာဉ်တိုက်မှုကြောင့်လူ ၂၅၀၀ နီးပါးသေဆုံးနေပြီး အာဆီယံနိုင်ငံများအနက် လူသေဆုံးမှုနှုန်း နံပါတ်၆နေရာတွင်ရပ်တည်လျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ရှိမြန်မာနိုင်ငံတွင်ယာဉ်အစီးရေ နှစ်သန်းကျော်ရှိသောကြောင့် ယင်းကိန်းဂဏန်းပေါ် မူတည်ပြီး နေ့စဉ်ယာဉ်မတော်တဆဖြစ်မှုများကို အခြေခံ တွက်ချက်ထားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မတော်တဆမှုကြောင့် တစ်ရက်လျှင် လူခုနစ်ဦးခန့် (၆ ဒသမ ၈ ဦး) သေဆုံးပြီး သုံးနာရီခွဲတိုင်း လူတစ်ဦးသေဆုံးနေကြောင်း ထုတ်ပြန်လိုက်သည့် စာရင်းများအပေါ် တွက်ချက်မှုများအရ သိရသည်။

ယာဉ်မတော်တဆမှုများတွင်မြို့တွင်းသွားအိမ်စီးကားများ၊ ဘတ်စ်ကားများနှင့် အဝေးပြေးကားများ အရှိန်လွန်မောင်းနှင်ခြင်းများအပါအဝင် နယ်မြို့ကြီးများတွင် အဓိက အသုံးပြုစီးနင်းနေသည့် ဆိုင်ကယ်များ မဆင်မခြင်မောင်းနှင်နေသောကြောင့် အဓိကဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

"ဆိုင်ကယ်က ဒဏ်ရာရတာပိုများနိုင်မယ်။ အသေအပျောက်ကျတော့ ကားကြီးတွေ ပိုဖြစ်နိုင်တာပေါ့" ဟု အထက်ပါအရာရှိက ဆိုသည်။

ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်ပါက စည်းကမ်းပိုင်းအနေဖြင့် အစိုးရဘက်မှရော ပြည်သူဘက်ကပါ လိုက်နာစောင့်ထိန်းမှု အားနည်းနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ယင်းနှုန်းမှာ အခြားနိုင်ငံများနှင့် ယှဉ်ပါက မများနိုင်သေးကြောင်း ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှုစီမံကိန်းမှ အကြံပေးပညာရှင်က သုံးသပ်သည်။

ယင်းကဲ့သို့ ယာဉ်တိုက်မှုများဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ယာဉ်မောင်းများ၏ အားနည်းချက်အပါအဝင် လမ်းအသုံးပြုသူများ၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ရုံးမှ ရဲမှူး ဦးသာဌေးက ပြောသည်။

"ယာဉ်တိုက်မှုနှုန်း လျော့ကျအောင် ဘယ်လိုလုပ်လုပ် လူတွေပေါ်မှာပဲ မူတည်တယ်" ဟု အထက်ပါ ရဲမှူးက ဆိုသည်။ ယင်းအထဲတွင် သေဆုံးမှုများအနက် လတ်တလောယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်နေသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်တွင် နောက်ဆုံးစာရင်းများအရ ၂၀၁၂ ဒီဇင်ဘာအထိ ၇ ဒသမ ၄ ရာခိုင်နှုန်း သေဆုံးကြောင်း နိုင်ငံပိုင်သတင်းစာများ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ယမန်နှစ်များကမြန်မာနိုင်ငံ၏ မြို့များတွင် ယာဉ်တိုက်မှုအများဆုံးမြို့တော်အဖြစ် မန္တလေးမြို့က အများဆုံးဖြစ်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအထိ ရန်ကုန်မြို့မှာ ယာဉ်တိုက်မှုအများဆုံးမြို့ ဖြစ်လာနိုင်ကြောင်း ရန်ကုန်တိုင်းကြို့မဲ့ကြေးနန်း ယာဉ်ထိန်းတပ်ဖွဲ့က ခန့်မှန်းထားသည်။

ထို့ပြင် ရန်ကုန်မြို့တွင် ဘတ်စ်ကားများကြောင့် ယာဉ်တိုက်မှုမှာ ၂၀၁၂ ခုနှစ်အထိ နောက်ဆုံးစာရင်းများအရသေဆုံးသူ ၄ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု ရန်ကုန်တိုင်းဒေသကြီး မထသဗဟိုမှ ထုတ်ပြန်သော စာရင်းများတွင် ဖော်ပြထားသည်။

အာဆီယံနိုင်ငံများတွင် ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုအများဆုံးနိုင်ငံတွင် ဗီယက်နမ်နိုင်ငံမှာ အများဆုံးဖြစ်ပြီး ဒုတိယနေရာတွင် လာအိုနိုင်ငံက ရပ်တည်လျက်ရှိသည်ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

မြို့ပြပညာရှင် ဒေါက်တာကျော်လတ် ရေးသားထားသည့် ယာဉ်တိုက်မှုများနှင့် ယာဉ်တင်သွင်းစနစ်များ ပြန်လည်သုံးသပ်ရန် လိုအပ်ချက်ဟူသော သတင်းဆောင်းပါးတွင်မူ မြန်မာနိုင်ငံတွင် ယာဉ်စီးရေ တစ်သိန်းရှိပါက တစ်နှစ်လျှင် ၃၃၄၀ ဒသမ ၉ဦးမှာ သေဆုံးနေရသည်ဟု ဆိုသည်။ ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှု အများဆုံးနိုင်ငံများအနက် အဆင့် ၅၈ နေရာတွင် ရပ်တည်နေသည်ဟု ဖော်ပြရေးသားထားသည်။

ယင်းအချက်အလက်များမှာ List of countries by traffic-related death rates from ဝီကီပီဒီးယားဝက်ဘ်ဆိုက်၏ မှားယွင်းနေသည့် ကိန်းဂဏန်းများဖြစ်သည်ဟု ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းထုတ်ပြန်ထားသည်။






7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# ပတ်စ်ပို့စာအုပ်ထဲက ဓာတ်ပုံ ရုပ်ဆိုး၍တိုင်ကြားသူများရှိ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၁၉**

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ရိုက်ကူးရသည့် ပတ်စ်ပို့ ဓာတ်ပုံမှာ ပြင်ပရုပ်ရည်နှင့် ကွာခြားပြီးရုပ်ဆိုးနေသည့်အတွက် ပတ်စ်ပို့လျှောက်ထားသူများ၏ တိုင်ကြားမှုများရှိနေသော်လည်း အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့အစည်း (ICAO)၏ သတ်မှတ်ချက်နှင့်အညီ စီစဉ်ရိုက်ကူးရခြင်းကြောင့် ပြင်ပမှရိုက်ကူးလာသော ဓာတ်ပုံများကို လက်ခံနိုင်မည်မဟုတ်ကြောင်း မြန်မာနိုင်ငံနိုင်ငံကူးလက်မှတ်လျှောက်ထားရေးရုံး၊ ဓာတ်ပုံဌာနမှ ဒုတိယရဲမှူးကြီး ကျော်ဇေယျက ပြောကြားသည်။

“ဓာတ်ပုံတွေကို ပတ်စ်ပို့စာအုပ်မှာ တစ်ခါတည်းကပ်ပေးနိုင်ဖို့ ရေမစိုမပျက်စီးအောင် လင်မနစ်အုပ်ပေးရတယ်။ အပူပေးရတယ်။ ဓာတ်ပုံစက္ကူနဲ့ ထုတ်တာလည်းမဟုတ်တော့ အပြင်ဓာတ်ပုံနဲ့တော့ ကွာတယ်။ ဒါ့အပြင် ICAO ရဲ့သတ်မှတ်ချက်အရဓာတ်ပုံတစ်ခုလုံးရဲ့ ၈၀ ရာခိုင်နှုန်းဟာ လူရဲ့မျက်နှာကို ယူထားတဲ့ အတွက် ဓာတ်ပုံထဲမှာ ပြူးပြူးကြီးနဲ့ မျက်နှာတစ်ခုတည်းဖြစ်နေတာကြောင့် ရုပ်ဆိုးတယ်လို့ ပြောကြတာဖြစ်ပါတယ်”ဟု ဒုတိယရဲမှူးကြီးကျော်ဇေယျက ပြောကြားသည်။

ပတ်စ်ပို့လျှောက်ထားသူများကလည်း ဓာတ်ပုံရိုက်ကူးခ ကျပ် ၃,၂၀၀ ပေးသွင်းရသည့်အပြင် မိမိ သွားလေရာ နိုင်ငံတိုင်းသို့ ယူဆောင်သွားရမည့်နိုင်ငံကူးလက်မှတ်မှာ သက်ဆိုင်ရာနိုင်ငံတိုင်း၏ လေဆိပ်သို့ ဖြတ်သန်းရမည်ဖြစ်ပြီး မိမိ ရုပ်ရည်ကိုပင် ပြန်လည်မမှတ်မိနိုင်သည်အထိ ပုံထွက်ဆိုးရွားလွန်းသည့်အပေါ် စိတ်တိုင်းမကျမှု များစွာဖြစ်နေကြရသည်။ ထို့ကြောင့် မိမိစိတ်တိုင်းကျပြင်ပမှ ရိုက်ကူးလာသည့် ဓာတ်ပုံများကို လက်ခံပေးစေလိုကြောင်း ပတ်စ်ပို့လျှောက်ထားသူများနှင့် တွေ့ဆုံမေးမြန်းခြင်းမှ သိရသည်။

“ကျွန်မ ခင်ပွန်းဆို ထွက်လာတဲ့ သူ့ဓာတ်ပုံကိုကြည့်ပြီး တော်တော်လေးစိတ်ဆိုးလို့ ဆွဲဖြဲပြီး နောက်ထပ်တစ်ခေါက်ထပ်ရိုက်တယ်။ နောက်တစ်ခေါက်မှာလည်း သိပ်မထူးပါဘူး။ သူလည်း ထွက်ရခါနီးတော့ ဒါကိုအရေးလုပ်မနေနိုင်ဘူး။ စိတ်တိုင်းမကျလည်း ဘယ်လိုလုပ်မလဲ။ အပြင်ဓာတ်ပုံမှ ဒီရုံးက လက်မခံတာ။ ကျွန်မပုံဆိုလည်း မြင်တဲ့အတိုင်းပဲလေ။ တော်တော်ရုပ်ဆိုးနေတာ”ဟု ထိုင်းနိုင်ငံသို့ ခေတ္တအလည်အပတ်သွားရောက်ရန် ဩဂုတ် ၁၃ ရက်က ပတ်စ်ပို့လာရောက်လျှောက်ထားသူ အသက် (၃၀) အရွယ် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ပတ်စ်ပို့ဓာတ်ပုံရိုက်ကူးသည့် ကင်မရာကို ပတ်စ်ပို့စာအုပ်ထုတ်ရန် သီးသန့်ဆော့ဖ်ဝဲထည့်သွင်းထားသည့် ကွန်ပျူတာဖြင့် ချိတ်ဆက်ထားပြီး ရိုက်ကူးလိုက်သောဓာတ်ပုံများမှာ ယင်းဆော့ဖ်ဝဲမှတစ်ဆင့် ဓာတ်ပုံကူးစက်ထဲရောက်ရှိသွားသည့်အတွက် ပြင်ပဓာတ်ပုံများကို လက်ခံပါက အချိန်ကန့်သတ်ချက်ကြောင့် အခက်အခဲဖြစ်နိုင်ကြောင်း ဒုရဲမှူးကြီးကျော်ဇေယျက ပြောသည်။

“ကျွန်တော်တို့က တစ်နေ့ တစ်နေ့ လူနှစ်ထောင်လောက်ကို တစ်ယောက်ချင်း ဆော့ဖ်ဝဲနဲ့ရိုက်ပြီးကူးစက်ထဲတန်းပို့နေရတာ။ စံသတ်မှတ်ချက်နဲ့အညီ ပြင်ပကဓာတ်ပုံတွေရိုက်လာတယ်ထားဦး၊ အဲဒီလူတစ်ယောက်ချင်းစီရဲ့ပုံတွေကို ကျွန်တော်တို့စက်ထဲ ထည့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ကျွန်တော်တို့အာရုံစိုက်တာက ကျွန်တော်တို့ထုတ်ပေးလိုက်တဲ့ ပတ်စ်ပို့ဟာ ဘယ်နိုင်ငံလေဆိပ်ကမှ အငြင်းမခံရရေးပဲ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့အစည်း(ICAO)၏ ခရီးသွားလမ်းညွှန်စာရွက်စာတမ်းဆိုင်ရာ စံသတ်မှတ်ချက်များထဲတွင် နိုင်ငံကူးလက်မှတ်လျှောက်ထားရာ၌ ရိုက်ကူးရသည့် ဓာတ်ပုံသည် ကင်မရာကို တည့်တည့်ကြည့်ရခြင်း၊ မျက်လုံးအရောင်အနီမဖြစ်ရခြင်း၊ မျက်နှာကို ဖုံးကွယ်ထားခြင်းများမရှိရခြင်း၊ အရိပ်မထိုးရခြင်း၊ မှောင်လွန်းခြင်း၊ လင်းလွန်းခြင်း မရှိရခြင်း စသည်တို့ ပါဝင်သည်။ ရိုက်ကူးပြီး ဓာတ်ပုံများကို အလင်းအမှောင်မှအပ မည်သည့်ဆော့ဖ်ဝဲနှင့်မျှ ပြင်ဆင်ခြင်းမပြုလုပ်ရဘဲ အရှိအတိုင်းသာ သုံးစွဲရကြောင်း ဒုတိယရဲမှူးကြီး ကျော်ဇေယျက ဆက်လက်ပြောကြားသည်။

ပတ်စ်ပို့ဓာတ်ပုံကို ဓာတ်ပုံဌာနတာဝန်ကျရဲအရာရှိက ပတ်စ်ပို့သီးသန့်ဆော့ဖ်ဝဲထည့်သွင်းထား

**စာမျက်နှာ( ၈)သို့**



7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

## CRIME မှုခင်းသတင်း CORNER

### ရွှေမှုန်စုပ်စဉ်မြေကျင်းပြို၍ လူငါးဦးသေဆုံး

**ငြိမ်းချမ်း၊ အောင်သစ်လွင်**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ လွန်လူးကျေး ရွာ၏ မြောက်ဘက်တောအတွင်း၌ ရွှေမှုန်စုပ်စက်လုပ်ငန်းလုပ်ကိုင်နေစဉ်မြေကျင်းပြိုကျခဲ့သဖြင့် ကျင်းပိုင်ရှင်မောင်မြင့်အပါအဝင် ငါးဦးမြေကျင်းပိ၍ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိ သည်။

ဩဂုတ်၁၅ရက်တွင်ထန်းတပင်မြို့နယ်၊ပုန်းရည်အင်းကျေးရွာနေ ရွှေမှုန်စုပ်စက်ကျင်းပိုင်ရှင် မောင်မြင့်အပါအဝင် ပုန်းရည်အင်းကျေးရွာသားငါးဦးမှာ မြေကျင်းပိ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။ "သေဆုံးတဲ့သူတွေရဲ့ ရုပ်အလောင်းငါးလောင်းကို ထန်းတစ် ပင်နဲ့ ဇရပ်ကြီးဆေးရုံတွေကို ပို့ပြီး သေမှုသေခင်းဖွင့်ပြီး စစ်ဆေးနေပါတယ်"ဟု သံတောင်ကြီးမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်ရေး အခမဲ့ဂေဟာ အောက်တိုဘာတွင် ဖွင့်မည်



*ရန်ကုန်မြို့လယ်တစ်နေရာတွင် လမ်းလျှောက်နေသောအဘိုးအိုတစ်ဦး* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဖွဲ့မာန်**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

အထီးကျန်သက်ကြီး ရွယ်အိုဘိုးဘွားများအတွက် နေ့ပိုင်း စောင့်ရှောက်ရေး အခမဲ့ဂေဟာ (Day Care Centre for the Aged) ကို လာမည့် အောက်တိုဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိယခင်လူမှုဝန်ထမ်း ဦးစီးဌာနရုံးချုပ် အဆောက်အအုံဟောင်းတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး

စာ(၈)သို့

## ထုတ်နိုင်သည့်ပမာဏထက် ပြည်ပအမှာများ ပိုလက်မခံရန် အထည်ချုပ်လုပ်ငန်းရှင်များကို ပြော

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

အထည်ချုပ်စက်ရုံများသည် ပြည်ပအမှာများကိုထုတ်လုပ်နိုင်စွမ်းအား ပမာဏထက် ပိုမိုလက်မခံရန်အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောကြားသည်။

"အော်ဒါအချိန်မီမပေးနိုင်ရင် အမှာတွေပြန်ဆုတ်သွားမှာကို စိုးလို့ပါ"ဟု ဦးမြင့်စိုးက ပြောသည်။ပြည်တွင်းအထည်ချုပ်လုပ်ငန်းများတွင် ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံတို့မှ လုပ်ငန်းများအပ်နှံရန် တွေ့ဆုံဆွေးနွေးမှုဈေးကွက်ရှာဖွေမှုများစွာပြုလုပ်လာကြသည်။ ထို့အတူ မြန်မာနိုင်ငံနှင့် အစဉ်အမြဲဆက်ဆံနေသည့် အရှေ့ဈေးကွက်ဖြစ်သော ဂျပန်နိုင်ငံမှလည်း ယခုနှစ်လယ်ပိုင်းတွင် အမှာများစွာဝင်ရောက်လာသည်။

"အော်ဒါတွေလာအပ်တာများနေလို့ငြင်းနေရတယ်။ ၂၀၁၄ ခုနှစ်အတွက် အော်ဒါကပြည့်နေပြီ"ဟု ထိပ်တန်းအထည်ချုပ်စက်ရုံမှဒါရိုက်တာတစ်ဦးကဆိုသည်။

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ကျွန်းပိုင်ဆိုင်မှုပြဿနာဖြစ်ပြီးနောက် ရင်းနှီးမြှုပ်နှံမှုများမှာ မြန်မာနိုင်ငံသို့သာ ဦးတည်နေခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်နေကြသည်။ လက်ရှိဥရောပသမဂ္ဂနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ ပိတ်ဆို့မှုများဖယ်ရှားပြီး နောက်မြန်မာ့စီးပွားရေးတွင်အလားအလာအကောင်းဆုံးအဖြစ် လက်ခစားလုပ်ငန်းများမှာ အခြေအနေအကောင်းဆုံးဖြစ်သည်။

၂၀၁၄ ခုနှစ် ဇွန်မှ စတင်၍ အထည်ချုပ်လုပ်ငန်းများပြည်ပတင်ပို့နိုင်မှုမှာ တစ်လလျှင် အမေရိကန်ဒေါ်လာသန်း ၁၀၀ထိ မြင့်တက်လာသည်။ ၂၀၁၃ ဇွန်လ ရှေ့ပိုင်းက တစ်လလျှင် အမေရိကန်ဒေါ်လာ သန်း၈၀ ဝန်းကျင်သာ ပြည်ပသို့တင်နိုင်သည်။

ယခုနှစ်မြန်မာနိုင်ငံမှ ဝင်ရောက်လာသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် အထည်ချုပ်လုပ်ငန်းများမှာ အများဆုံးဖြစ်နေကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတင်းရရှိသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

ဂျေလှသင်

# ခုနစ်စဉ်အမျှင်တန်း၏ လွမ်းရပါသည်ဆရာ

ဒီနေ့မနက် ဩဂုတ် ၁၆ ရက်၊ မနက်စောစော အိမ်ကိုရောက်လာတဲ့ 7 Day နေ့စဉ်သတင်းစာရဲ့ မျက်နှာဖုံးမှာ လွမ်းအောင်ဖန်တီးသောသတင်းတစ်ပုဒ်နဲ့ဆုံရပါပြီ။ ခေတ်ပုံနှင့်တကွ ပါလာသော ဆရာမင်းလူ၊ စာရေးဆရာမင်းလူ ကျွန်မလေးစားအားကျခဲ့ရပါသောဆရာမင်းလူ ကွယ်လွန်ပြီဆိုတဲ့သတင်း။ အရင်ရက်တွေကလည်း သတင်းစာဆရာ၊ နိုင်ငံရေးသမားဆရာမောင်ဝံသရဲ့ နာရေးသတင်း။ ပြည်သူ့ဘက်တော်သားဒီမိုကရေစီလိုလားသူဆိုတော့ နိုင်ငံနဲ့အဝန်း နှမြောတသ စိတ်မကောင်းဖြစ်ကြပေါ့။ အခု ဆရာမင်းလူအလှည့်။

အလှည့်ဆိုတာ လူတိုင်းအတွက်ရှိနေပါတယ်။ ဒီလမ်း၊ ဒီခရီးဟာ တစ်နေ့လူတိုင်းသွားရမယ့်လမ်းဆိုတာ သိပါတယ်။ ဒါပေမဲ့ ဖြုန်းခနဲ ဆရာ့အလှည့်ရောက်လာတာတော့ မစောလွန်းဘူးလားဆရာ။ ခြောက်ဆယ်ပြည့်ဖို့ တစ်နှစ်လိုသေးတဲ့ လူတစ်ယောက်အတွက် ဒီခရီးဟာမစောဘူးလား။ ကျွန်မ ဆရာနဲ့မရင်းနှီးပါ။ မြင်တောင်မမြင်ဖူးပါ။ ဆရာ့အစ်ကိုသုမောင်ကိုတောင် မင်းသားမို့ ရုပ်ရှင်ထဲမြင်ဖူးတာ။ ဒါပေမဲ့ ဆရာ့စာအုပ်တွေနဲ့ ကျွန်မရင်းနှီးပါတယ်။ စာရွေးဖတ်တတ်တဲ့အရွယ်ကတည်းက မင်းလူစာအုပ်တွေ လက်ကမချတမ်းဖတ်ခဲ့တာ။

ဆရာ့စာအုပ်တော်တော်များများဟာ ခေတ်ကို ထင်ဟပ်တယ်။ အခြေခံလူတန်းစားဘဝတွေကို ကိုယ်စားပြုတယ်။ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန် အတိုင်း စာဖတ်သူခံစားနိုင်အောင် ဆရာ သရုပ်ဖော်တယ်။ ဟာသဝတ္ထုတွေထဲက သရော်တဲ့ ဝါကျတွေ သိပ်ထိမိတယ်။ စာပေစိစစ်ရေးအဖွဲ့ကြီးက ကင်ပေတိုင်ထုံးနှလုံးမူလို့ ထက်မြက်တဲ့ကလောင်ရှင်တွေကိုဖြတ်၊ ညှပ်၊ ကပ်လုပ်ပြီး နှိပ်ကွက်နေချိန်မှာတောင် ဆရာ့ကလောင်က ထက်မြက်ခဲ့တယ်။ ဆရာမင်းလူရဲ့‘နောက်ကြည့်မှန်’လို၊ ‘မင်းဒင်ရဲ့ သက်ခိုင်’လို၊ ‘ဒေါ်မာန်ဟုန်’လိုစာအုပ်မျိုးတွေ ထုတ်နိုင်ချိန်ကျမှ စာပေလောကကြီးကို စိမ်းစိမ်းကားကား ထားရက်ခဲ့လေသလား။




ရုပ်ရှင်အဖြစ် အောင်မြင်ခဲ့တဲ့ ဆရာ့ဝတ္ထုတွေဟာ ကျွန်မတို့အသဲစွဲပါ။ ‘ရင်ထဲကဆောင်းရာသီ’မှာ မင်းသားက တစ်ကောင်ကြွက်ဘဝနဲ့ ကြီးပြင်းလာရလို့ မိသားစုအသိုက်အမြုံကို အင်မတန်တန်ဖိုးထားတွယ်တာတဲ့သူ၊ မိန်းမက ပညာနဲ့ပတ်သက်လာရင် ထမင်းမေ့၊ ဟင်းမေ့။ ပညာနဲ့ဘဝမြင့်မားရေးကိုပဲ အာရုံစိုက်တဲ့သူ။ ကိုယ်ဝန်ကြောင့် နိုင်ငံခြားပညာတော်သင်ဆုကို လက်လွှတ်ခဲ့ရတဲ့အတွက် နောက်တစ်ကြိမ်အခွင့်အရေးရအောင် အတင်းကြိုးစား၊ မိသားစုထက် ပညာရေးကို ပိုအလေးထား။ မွေးလာတဲ့ကလေးက ဉာဏ်မမီ၊ မစွမ်းမသန်လေး။ အိမ်ထောင်ရေးဝတ္ထုဆိုပေမယ့် ဆရာ့ရဲ့ဖွဲ့နွဲ့တင်ပြပုံကောင်းလွန်းတော့ ဉာဏ်ရည်မမီတဲ့ကလေးရဲ့သဘာဝကို ရေးထားပုံများ အဲဒီမိသားစုအိမ်ထဲဝင်ကြည့်နေရသလို ကွက်ကွက်ကွင်းကွင်း။

အဲဒီဇာတ်ကားမင်းသားလွင်မိုးနဲ့တကွ ဇာတ်ပို့တွေ၊ ကလေးသရုပ်ဆောင်တွေအကယ်ဒမီရခဲ့တယ်။ တကယ့်ဝတ္ထုထဲက ကလေးက ယောက်ျားလေး၊ ရုပ်ရှင် ရိုက်တော့မိန်းကလေး။ ဝတ္ထုအရသာကို ရုပ်ရှင်က မမီဖြစ်သွားရတယ်။ ဝတ္ထုကသိပ်ကောင်းတော့ ဒါရိုက်တာ လိုက်မမီ ဖြစ်သွားခဲ့ရတယ် ထင်ပါရဲ့။

‘ခုနစ်စဉ်အလွမ်း’ကိုတော့ အကြိုက်ဆုံးပါ။ အကယ်ဒမီပေးပွဲမှာ ဆုတွေတစ်သီကြီးချိတ်တော့မှ ပရိသတ်တွေပြန်ကြည့်ကြတဲ့ကား။ ဝတ္ထုကတည်းက ကောင်းလိုက်တာလို့ ကျွန်မအထပ်ထပ်ပြန်ဖတ်ခဲ့တာ။ မင်းသားကျော်သူတို့၊ ရန်အောင်တို့ ရေပန်းစားနေချိန်မှာ ဒါရိုက်တာမောင်ဝဏ္ဏကသုမောင်၊ ခင်သန်းနုနဲ့ရိုက်တော့ လူငယ်ပရိသတ်တွေ သိပ်မကြည့်ကြဘူး။ စီးပွားရေးအရကြည့်ရင် ဝင်ငွေမကောင်းနိုင်ပေမယ့် အနုပညာအရအကယ်ဒမီတွေ အများကြီးချိတ်ခဲ့တယ်။ ဆရာ့အစ်ကိုသုမောင်နဲ့ မင်းသမီးကြီးခင်သန်းနုကို အသက်ကြီးမှ အကယ်ဒမီဆုတွေထပ်ပေးခဲ့တဲ့ဝတ္ထု။

အဲဒီဝတ္ထုက ဂျာနယ်သတင်းထောက်တစ်ယောက်ကိုကိုယ်စားပြုထားတာ။ အမှန်တရားအတွက် ဘယ်သူ့မျက်နှာမှမကြည့်တဲ့ သတင်းသမား။ ယောက္ခမပိုင် သစ်စက်ထဲမှာ အလုပ်သမားထိခိုက်နစ်နာတဲ့အမှုကို အမှန်အတိုင်းသတင်းရေးလိုက်တဲ့ဂျာနယ်လစ်။ သတင်းတစ်ပုဒ်အတွက် အသက်ကိုရန်ရှာခံရတဲ့၊ ယောက္ခမရဲ့လူတွေက ချော့တစ်ခါ၊ ခြောက်တစ်လှည့်စည်းရုံးပေမယ့်အမှန်တရားအတွက် ဘဝနဲ့လဲလိုက်တဲ့ဂျာနယ်လစ်တစ်ယောက်ရဲ့မာန။

အကယ်ဒမီရမှာပေါ့။ အဲဒီဂျာနယ်လစ်နေရာမှာ သရုပ်ဆောင်တာ ဆရာ့အစ်ကိုလေ။ ညီအစ်ကိုတွေမို့ တစ်ယောက်စိတ်တစ်ယောက်သိမှာပေါ့။ သတင်းသမားစရိုက်ကို သရုပ်ဖော်သွားတာ အပိုအလိုမရှိကွက်တိ။ ခုနစ်စဉ်အလွမ်းဝတ္ထုထဲက စကားလုံးတွေအခုထိမှတ်မိနေပါတယ်။ ဂျာနယ်သမား၊ ရတဲ့လစာလေးနဲ့လင်မယားနှစ်ယောက် အိမ်ငှားနေတယ်။ သမီးလေးမွေးတော့ အိမ်ခန်းကကျဉ်းတယ်ဆိုပြီး သစ်စက်ပိုင်ရှင်ယောက္ခမသူဌေးက တိုက်အိမ်တစ်လုံး ဝယ်ပေးတယ်။ သုမောင်က သဘောမတူပေမဲ့ ခင်သန်းနုကို အလိုလိုက်ပြီး ခေါင်းညိတ်လိုက်ရတယ်။ အိမ်ပြောင်းတဲ့နေ့က အိမ်ရှေ့ပေါ်တီကိုအောက်မှာ “ဘယ်နှယ့်လဲအိမ်အသစ်ကကောင်းရဲ့လား”လို့ ခင်သန်းနုမေးတော့“တိုက်ပဲ တဲထက်တော့ကောင်းမှာပေါ့”တဲ့။

**စာမျက်နှာ(၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

စာမျက်နှာ(၅)မှ

## ခုနစ်စဉ်အမျှင်တန်း၍ လွမ်းရပါသည်ဆရာ

အယူအဆမတူလို့ အထင်အမြင်လွဲ လင်မယားတွေခွဲနေကြတော့ သမီးလေးက အဖေ့သွေးအပြည့်။ အမေဝယ်လာတဲ့ စိန်နားကပ်ထက် သံရိုက်ပြီး အသေပိတ်ထားတဲ့ သစ်သားဗီရိုကြီးထဲက စာအုပ်တွေကိုပိုမက်တယ်။တောမှာနေတဲ့ အဖေ့ကို သွားတွေ့ပြီး ပြန်လာ ပြောတဲ့စကား။ "အဖေကသူမှန်တယ်လို့ပြောလိုက်တယ် အမေ။ အမေကလည်း အမေမှန်တယ်လို့ပြောတယ်။ ဒါဆို အဖေနဲ့ အမေကြားထဲမှာ သမီးက မှားယွင်းစွာလူဖြစ်လာရတာပေ့ါ"တဲ့။ အဲဒီလိုအတွေးအခေါ် အယူအဆတွေ ဆရာ့စာအုပ်ထဲကရခဲ့တာ။

တကယ့်ကို ကျွန်မအထင်ကြီးလေးစားခဲ့ရတဲ့ စာရေးဆရာတစ်ဦးပါ။ မမျှော်လင့်ဘဲ ဆရာ့နာရေးကိုဖတ်လိုက်ရတော့ အတိုင်းမသိဝမ်းနည်းရပါတယ်။ မြန်မာစာပေလောကရဲ့ တောက်ပတဲ့ကြယ်တစ်ပွင့်ကြွေရပြန်ပြီ။ အစားထိုးမရတဲ့ ဆုံးရှုံးမှုတစ်ခုပါ။ ဆရာ့လက်ရာစစ်စစ်တွေကို အတားအဆီးကင်းစွာဖတ်ကြရမဲ့အချိန် ဆရာ့အတွေးအခေါ် တွေကိုလွတ်လပ်စွာမြင်ကြရမယ့်အချိန်ကျမှ ဆရာက မနိုးသောအိပ်ခြင်းမျိုးနဲ့ ထာဝရအိပ်ရက်လေသလားဆရာ။

နှစ်ပေါင်းငါးဆယ်လောက် အဝေးကြီးနောက်ကျကျန်ရစ်ခဲ့တဲ့ ကျွန်မတို့တိုင်းပြည်။ မျိုးဆက်နှစ်ဆက်စာလောက် လူညွန့်တုံးသွားခဲ့ရတယ်။ မျိုးဆက်သစ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို တိုင်းပြည်ထူထောင်ရေးအတွက် အရောင်ပြန်တင်ဖို့၊ လူတောသူတောရောက်အောင် တွန်းပို့ဖို့ ဆရာတို့လို ထက်မြက်တဲ့ ကလောင်ရှင်တွေ၊ တိုင်းပြည်နဲ့ လူမျိုးအပေါ် တကယ်စေတနာထားတဲ့ စာပေပညာရှင် အများကြီးလိုနေတာ။ အချိန်ကောင်းကျမှ ဆရာရယ်နှုတ်ဆက်ခွဲခွာသွားတာ စောလိုက်တာ။

ဆရာ့ကို အင်းစိန်ထောင်ထဲ ပို့ခဲ့တဲ့ကဗျာကို ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်မဂ္ဂဇင်းမှာ အစအဆုံးဖတ်လိုက်ရပါတယ်။ 'ဒို့အဖေကြီးမို့ကာကွယ်မလေ'တဲ့လား၊ ရဲရင့်လိုက်တဲ့ဆရာ့အတွေး။ အခု ဆရာကွယ်လွန်မှ အဲဒီကဗျာ အင်တာနက်မှာ အရမ်းကျော်ကြားနေပြီ ဆရာ။ လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် ဖြန့်ဝေပြီး ဖတ်နေကြပြီ။ သဘောတွေကျနေကြပြီ။ ဆရာ့ကဗျာက လူငယ်တွေရဲ့နှလုံးသားကို ဆွဲလှုပ်နိုင်ခဲ့ပြီ။ ဓားသွားထက် ထက်မြက်တဲ့ ကလောင်သွား။

ခုနစ်စဉ်အလွမ်းကို ဖန်တီးခဲ့တဲ့ဆရာ။ အခုမှစမဲ့ ဒီမိုကရေစီခရီးလမ်းမှာ နှုတ်ဆက်ခွဲခွာဘဝသံသရာရထားကြီးပေါ်က ဆင်းသွားတယ်။ ကျန်ရစ်သူပရိသတ်ကြီးကို ယနေ့မှစ၍ တိုက်ဆိုင်မှုတွေတွေ့တိုင်း ခုနစ်စဉ်အမျှင်တန်း လွမ်းရပါတော့မယ်ဆရာ မင်းလူရယ်။

'တိတိကျကျ မှန်မှန်ကန်ကန်
မြန်မြန်ဆန်ဆန်လုပ်ဆိုတဲ့
အထဲမှာ
အခြေခံဥပဒေနဲ့
အာဏာလွှဲပြောင်းရေးတော့
မပါဘူးတဲ့"

လွန်ခဲ့တဲ့နှစ်အစိတ်က ဆရာရေးခဲ့တဲ့ကဗျာ။ အခုရော ဆရာ ဒီကဗျာကိုပြင်လို့ရပြီလား။ လူထုကြီးအတွက် ဆရာမရှိတော့တဲ့နောက် ဘယ်သူများ ကဗျာအသစ်ဖန်တီးပါ့မလဲ။ ။

# ဆီးဂိမ်းမှာ သရုပ်ဖော်ပုံများ အာကာကျော်ရေးဆွဲမည်




**ဖွဲ့ဉာဏ်**

**ရန်ကုန်၊ ဩဂုတ်-၁၇**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် နေပြည်တော်တွင် ဂရပ်ဖစ်တီရေးဆွဲခွင့်ရရှိသောကြောင့် မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ပါဝင်ကူညီမည်ဖြစ်ကြောင်း လူငယ်ဂရပ်ဖစ်တီရေးဆွဲသူ အာကာကျော်က ပြောသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းများကို ရည်ညွှန်းသည့် သရုပ်ဖော်ပုံကို အမှတ်တရဖြစ်စေရန် ရေးဆွဲမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ခွင့်ပြုချက် ရရှိပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဒီလ ဒါမှမဟုတ် နောက်လထဲမှာ ဆွဲမယ်" ဟု အာကာကျော်က ပြောသည်။

၂၀၁၂ခုနှစ်အတွင်းက အမေရိကန်သမ္မတပုံကိုရေးဆွဲခဲ့ရာမှလူသိများလာခဲ့သည့် အာကာကျော်က ၎င်း၏ အနုပညာဖန်တီးမှုများကို ပြသမည့် Fist Solo Show ပွဲကို ၂၀၁၄ ခုနှစ်တွင် ပြုလုပ်နိုင်ရန် ကြိုးစားနေသည်ဟု ဆိုသည်။

ပြီးခဲ့သည့် လပိုင်းအတွင်းက အာကာကျော်သည် သမ္မတကြီး၏ (၆၈)နှစ်မြောက်မွေးနေ့တွင် သမ္မတပုံတူကို ခွင့်ပြုချက်မရှိဘဲ ရေးဆွဲခဲ့သောကြောင့် ရန်ကုန်မြို့တော်စည်ပင်က တရားစွဲဆိုခဲ့ရာ ဒဏ်ငွေကျပ်တစ်သိန်းပေးဆောင်ခဲ့ရသည်။

## ဒိုလေး ချက်ကြရအောင်

ဝိုက်ဖီ



## ငရုတ်နှပ်

ဒီတစ်ပတ်တော့ ဝိုက်ဖီက ငရုတ်သီးပွတောင့်ရှည်လေးတွေကို ပုစွန်လေးနဲ့ နှပ်ထားပါတယ်။ ဟင်းက အစပ်ချက်ထားပေမယ့် ပုစွန်ပါတာကြောင့် အစပ်ကိုတော်တော် ထိန်းထားပါတယ်။ ဒါကြောင့် အစပ်ကြောက်သူတွေလည်း မြည်း စမ်းနိုင်မှာဖြစ်ပါတယ်။ ကိုင်ပြီးသားကျော့ပုစွန် ၁၀ ကျပ်သားခန့်၊ ငရုတ်သီးကလည်း ၁၀ ကျပ်သားလောက်ဆိုရင်ရပါပြီ။ပထမဆုံးအခွံတွေခွာထားတဲ့ ပုစွန်လေးတွေကိုကြက်သွန်ဖြူနီထောင်းကို နနွင်းနည်းနည်းနဲ့ ဆီသတ်ပါမယ်။ ပုစွန်ကို အရသာနယ်ပြီးသားဖြစ်တာကြောင့် ငံပြာရည်အနည်းငယ်ကလွဲလို့ ဘာအရသာမှမထည့်တော့ပါဘူး။ ငရုတ်သီးတောင့်ရှည်လေးတွေကို အရှည်လိုက်အတိုင်းအလယ်ကနေခွဲပါမယ်။ အဆုံးထိထက်ခြမ်းမခြမ်းဘဲ အလယ်ဗိုက်သားတစ်လျှောက်ကိုပဲခွဲမှာပါ။ ပုစွန်အနံ့ပျောက်လောက်တဲ့အခါ ခုနငရုတ်သီးတောင့်တွေ ထည့်ပါမယ်။ ငရုတ်သီးတောင့် ထည့်ပြီးဆီပူထဲမှာ လှိမ့်ပေးပါ။ ငရုတ်သီးတွေနည်းနည်းပျော့သွားတဲ့အခါ ရေထည့်လိုက်ရုံပါပဲ။ ရေထည့်ပြီး ငရုတ်သီးစိမ်းလေးတွေနူးအိပြီး ပုစွန်အချိုအရသာလည်း ထွက်သွားအောင်တည်ပြီးမှ ဆီပြန်အောင်ထားပြီး ချလိုက်ရုံပါပဲ။



# သူလိုမိခင်

မင်းသန်းထိုက်(ဒေးဒရဲ)




ရေစက်ခွက်ကို ကိုင်ထားသော ဒေါ်အေးအေးကြူ၏လက်များက တဆတ်ဆတ်တုန်ယင်နေသည်။ မျက်လုံးအစုံမှ မျက်ရည်စက်များက ရေစက်ခွက်မှ တစက်စက်ကျနေသော ရေစက်များနှင့် အပြိုင်ပါးပြင်ပေါ်သို့တလိမ့်လိမ့်ကျဆင်းနေသည်။ ရှေ့သံဃာ စင်ပေါ်မှ ဘုန်းတော်ကြီး၏ အမျှပေးဝေသံက မကြားတစ်ချက်ကြားတစ်ချက်။ အသုဘရှုရောက်လာကြသည့် ပရိသတ်များဆီမှ "အမျှ၊ အမျှ၊ အမျှ"ဟူသော အသံအဆုံး "သာဓု၊ သာဓု၊ သာဓု"ဟူသော အသံက သုသာန်ဇရပ်ထဲမှဟိန်းထွက်လာသည်။ ကြေးစည်သံ "နောင်"ခနဲကြားလိုက်ရချိန်မှာ ရင်ထဲမှာ ဆို့တက်လာသည်။ တစ်ချိန်တည်းမှာပဲ ရှိသမျှအင်အားတွေအကုန်နုတ်ယူခံလိုက်ရသလို နုံး ခွေကျသွားသည်။ ဤအဖြစ်သ နစ်ကား ခင်ပွန်းဖြစ်သူကို ခင်မောင်ဝင်းဆုံးပါးခဲ့စဉ် ၁၉၉၂ ခုနှစ်က။ တိတိကျကျဆိုရလျှင် ခင်ပွန်းသည်၏ ဈာပနကို မြေချခဲ့သည့် ၁. ၅. ၁၉၉၂ ခုနှစ်ဆီက။

ကျောင်းဆရာ၊ ဆရာမများအဖြစ် အ. လ. ကကျောင်း တစ်ကျောင်းမှာ အမှုထမ်းရင်း ကိုခင်မောင်ဝင်းနှင့်သူဆုံတွေ့ခဲ့သည်။ ထိုစဉ်က သူတို့နှစ်ဦးစလုံး အလယ်တန်းပြဘဝ။ တူနှစ်ကိုယ်ဘဝတစ်ခုထူထောင်ကြပြီးနောက် ကိုခင်မောင်ဝင်းက အထက်တန်းပြ (ကာယ)ရာထူးဖြင့် အ. ထ. က ကျောင်းတစ်ကျောင်းကိုရောက်သွားသည်။ သူကတော့ အလယ်တန်းပြရာထူးနှင့်ပင် ဒေးဒရဲ အ. ထ. က(၁)သို့ပြောင်းရွှေ့ခဲ့သည်။ ခုဆိုလျှင် သူတို့ဇနီးမောင်နှံမှာက တူနှစ်ကိုယ်မကတော့ပေ။ အိမ်ထောင်သက် ကိုးနှစ်ကျော်ဆယ်နှစ်အတွင်း သားသမီးရတနာတွေက တိုးပွားလာသည်မှာ သမီးနှစ်ယောက်၊ သားနှစ်ယောက်ရှိခဲ့ပေပြီ။ သားသမီးများ၏ ပညာရေး ကလည်း ရှိသေးတော့ ရာထူးတိုးမယူဘဲ မြို့ပေါ် ကျောင်းကိုသာ ပြောင်းရွှေ့ခဲ့လေသည်။ ခင်ပွန်းဖြစ်သူကသာ ရာထူးတိုးယူလျက် အခြားမြို့က အ. ထ. က တစ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့လေသည်။

၁၉၉၂ ခုနှစ်၏ နွေရာသီကျောင်းပိတ်ရက်။ မိသားစုတွေ အိမ်မှာ စုံစုံညီညီရှိခါမှ ကိုခင်မောင်ဝင်းက အဖျားရောဂါထ ဖြစ်သည်။ ဖြစ်စတော့ အာဂန္တုပဲ ထင်လိုက်ကာ အိမ်မှာပဲဆေးလေး သောက်နေလိုက်သည်။ နောက် အဖျားမကျ၍ ဆေးခန်းရောက်တော့မှ တိုက်ဖွိုက်ဟုသိလိုက်ရသည်။ခုလိုလည်း ဆုံးပါးလိမ့်မည်ဟုမထင်။ ဆေးရုံပေါ်ရောက်သည်အထိ ပြန်ကောင်းလာမှာပဲဟု ထင်ခဲ့မိသည်။ ရုတ်တရက်ဆုံးပါးသွားတော့မှ အိပ်မက်က လန့်နိုးလာသလို အရာရာကို ယုံကြည်ဖို့၊ အမှန်အတိုင်းလက်ခံလိုက်ဖို့ ဝန်လေးနေခဲ့သည်။ ခါတိုင်းလည်း ခင်ပွန်းသည်က အနားမှာ ရှိခဲ့တာမဟုတ်လေတော့ တစ်နယ်တစ်ကျေးမှာရှိနေသည်ပဲဟု ကိုယ့်စိတ်ကိုယ်လှည့်စားနေခဲ့မိသည်။ သည်စဉ်မှာ မိမိ၏ဖခင်ဖြစ်သူကျောင်းဆရာဟောင်းကြီး၏ စကားက လက်ရှိဘဝကို သတ္တိရှိရှိရင်ဆိုင်ဖို့ တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။

"ခုငါ့သမီးကမုဆိုးမဖြစ်သွားပြီ။ ဒီကလေး လေးယောက်ကို ကျွေးမွေးစောင့်ရှောက်ဖို့၊ လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် ပညာသင်ပေးဖို့သမီးမှာတာဝန်ရှိတယ်။ ခုဆိုရင် သမီးက အဖေဆို လည်းဟုတ်တယ်။ အမေဆိုလည်းဟုတ်တယ်။ အဖေဟာ ကျောင်း ဆရာဘဝနဲ့သမီးတို့မောင်နှမတွေကို လူတန်းစေ့ဘဝရအောင် ကြိုးစားခဲ့ရတယ်။ အဖေ့သမီးပီပီ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ရဲ တဲ့ သတ္တိရှိရမယ်"

ထိုစဉ်က အကြီးဆုံးသမီး မေကြူမောင်က ရှစ်နှစ်အရွယ် သုံးတန်းကျောင်းသူသာရှိသေးသည်။ အငယ်ဆုံးသမီးဝင့်ကြူမောင်က တစ်နှစ် ရှစ်လအရွယ်ကျန်ခဲ့သည်။ အလယ်ကသား နှစ်ယောက်စီကြူမောင်က ခြောက်နှစ်အရွယ် ပထမတန်း ကျောင်းသား။ ဝေကြူမောင်က လေးနှစ်သား ကျောင်းတောင်မထားရသေးပေ။ အနာဂတ်ကို မျှော်ကြည့်လိုက်တော့ သူတို့လူလားမြောက်ဖို့ အဝေးကြီးလိုသေးသည်။ သူ့ဘက်ကိုယ့်ဘက် ဘယ်မောင်နှမ သားချင်းဆီက အကူအညီမှမရ။ ဒေါ်အေးအေးကြူတစ်ယောက် ဝဲလာသည့် မျက်ရည်ကိုမျက်တောင်ပုတ်ခတ် ဖျောက်ဖျက်ပစ်လိုက်သည်။ စိတ်ညစ်စရာအတွေးတွေကို စိတ်ထဲက ဖယ်ထုတ်ပစ်လိုက်သည်။ငါ့ သားသမီးတွေအတွက် ငါကြိုးစားရမည်ဟု။

**စာမျက်နှာ (၃၂) သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

မျက်နှာဖုံးမှ

# နေရစ်တော့ ဖုန်ကားခေတ်

"လူကြီးတွေက စီးပွားရေးလုပ်ငန်းရှင်တွေကို မွေးပေးသလိုပဲ လုပ်ငန်းငယ်တွေက လုပ်ငန်းရှင်ကြီးတွေ ဖြစ်လာတယ်" ဟု ယခင်မော်လမြိုင်စက်မှုဇုန်ရှိ MGM မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"အဲဒီအချိန်တွေတုန်းကတော့ ရွှေထီးဆောင်းခဲ့တဲ့အချိန်ပေါ့" ဟု မိတ္ထီလာစက်မှုဇုန်မှ မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်ကိုကျော်ကျော်စိုးလွင်က ပြောသည်။

လက်တွေ့တွင် ပြည်တွင်း၌ ထုတ်လုပ်ရန် မဖြစ်နိုင်သော ဖိမ်ခံကားများကိုပင် ပြည်တွင်း၌ထုတ်လုပ်သည်ဟု လုပ်ငန်းရှင်များက ဆိုသည်ကိုပင် အစိုးရကလည်း ဂုဏ်ယူ၍ခွင့်ပြုပြီး ဖြေလျှော့မှုများ ဆက်တိုက်ပေးခဲ့သည်။

စက်မှုဇုန်များတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ကားထုတ်လုပ်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။ မူလက စက်မှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ခဲ့သူများသာမက အခြားသောလုပ်ငန်းလုပ်ကိုင်သူများလည်း ကားထုတ်လုပ်ရေးကို ကူးပြောင်းလာခဲ့သည်။

စက်မှုဇုန်များတွင်မော်တော်ယာဉ်စတင်ထုတ်လုပ်စဉ်မှာ လုပ်ရကိုင်ရလွယ်ကူသည့် ဂျစ်ကားများသာ အများဆုံးထုတ်ခဲ့ကြသည်။ ဒဂုံဂျစ်၊ မိတ္ထီလာဂျစ်၊ မန္တလေးဂျစ်တို့အပြင် ရာဇာဂျစ်ဟု အမည်ပေးထားသည့် ဂျစ်ပုများက လူအများပါးစပ်ဖျားတွင် ရေပန်းစားခဲ့သည်။

မူလကဂျစ်ကားများက ရေပန်းစားခဲ့သော်လည်း နောက်ပိုင်းတွင် လုပ်ငန်းသုံးကားများဖြစ်သည့် လိုက်ထရပ်ယာဉ်များက ထိပ်တန်းက ရပ်တည်လာခဲ့သည်။ လိုက်ထရပ်ယာဉ် တစ်စီးလျှင် ကျပ်သိန်း ၁၆၀ မှ ၁၈၀ ကြားအထိ ဈေးကောင်းခဲ့သည်။ နောက်ပိုင်းပစ်ကတ်၊ ပါဂျဲရိုး၊ လန့်ခရူဇာကဲ့သို့ အဆင့်မြင့်ကားများကိုပင် ပြည်တွင်း၌ ထုတ်လုပ်သည်ဆိုကာ ရောင်းချခဲ့ကြသည်။

ကနဦးစက်မှုဇုန်လုပ်ငန်းရှင်များမှ မော်တော်ယာဉ်များကို ထုတ်လုပ်ရာတွင်ပြင်ပမှ အင်ဂျင်ဆက်စပ်ပစ္စည်း ခြောက်မျိုးကို တရားဝင်နိုင်ငံတော်မှ တင်သွင်းပေးခဲ့သည့် မော်တော်ယာဉ်ကိုယ်ထည်ကိုသာ ပြည်တွင်း၌ ထုတ်လုပ်ပြီး တပ်ဆင်အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ခွင့်ပြုပေးခဲ့သည်။

ပြည်တွင်း၌ အင်ဂျင်ပိုင်းကို ထုတ်လုပ်ရန် အရင်းအနှီးအား အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ ကုန်ကျဖွယ်ရှိသောကြောင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ယင်းအချိန်က မရင်းနှီးနိုင်ခဲ့သဖြင့် ထုတ်လုပ်ခြင်းမပြုနိုင်ခဲ့ကြောင်း အားမာန်သစ်မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ ဦးဇော်ဝင်းက ပြောသည်။

အင်ဂျင်များကို အရင်းအနှီးများသည့်အတွက် မထုတ်လုပ်နိုင်သကဲ့သို့ အခြားကားတစ်စီးတွင် အရေးပါသည့် ဆက်စပ်ပစ္စည်းများကိုလည်း ယနေ့တိုင်ပြည်တွင်း၌ အရည်အသွေးမီထုတ်လုပ်ခြင်း မပြုနိုင်သေးပေ။ ဇုန်ထုတ်ကားများကို ဝယ်ယူသုံးစွဲနေသူအချို့မှာ ၎င်းတို့စီးသောကားမှာ ဇုန်တွင် ထုတ်လုပ်သော ကားမဟုတ်ဘဲ ပြည်ပမှတရားမဝင်တင်သွင်းလာသော ကားဖြစ်နေ၍ အစိုးရမှ တရားမဝင်ဟုသတ်မှတ်ပြီး ဒဏ်ရိုက်ခြင်းများကိုလည်း ခံခဲ့ရသည်။

"လုပ်ငန်းသုံးအတွက်လည်း အဆင်ပြေတယ်ယုံကြည်မိလို့ ဝယ်စီးတာ ပြီးတော့မှ ပိုက်ဆံဘောမိသွားတယ်" ဟု ဘုရင့်နောင်ပွဲရုံမှ စုပါကာစတန်ကို ဝယ်ယူအသုံးပြုခဲ့သူ ကုန်သည်တစ်ဦးက ပြောသည်။

ထို့ပြင် စက်မှုဇုန်ထုတ်ကားများ လိုင်စင်သက်တမ်းတိုးပါက ဝယ်ယူထားသည့် ကုမ္ပဏီကို ပြန်အပ်ရပြီး လိုင်စင်ဝင်ရန်အတွက် ကုမ္ပဏီကို ၁၀ သိန်းအထိ ပေးဆောင်ခဲ့ရပြီး လိုင်စင်သက်တမ်းတိုးပြီး ကားပြန်ရောက်ရှိပါက မိမိကားကို ဘော်ဒီရုံသို့ ပြန်လည်ပို့ဆောင်ရပြီး အနည်းဆုံးငါးသိန်းမှ ခြောက်သိန်းအထိ ထပ်မံကုန်ကျပြန်ကြောင်း မော်တော်ယာဉ်ရောင်းဝယ်သူများအသင်းမှ ဦးမင်းဦးက ပြောသည်။

ထို့ကြောင့် တစ်ချိန်က စက်မှုဇုန်ထုတ်ကားများကို ဝယ်ယူစီးနင်းသူအများစုမှာ အစိုးရ၏ လွဲမှားနေသည့် မူဝါဒများအကြား အမြတ်ထုတ်လိုသည့် လုပ်ငန်းရှင်များကြောင့် များစွာ နစ်နာခဲ့ရသည်။ မိမိနိုင်ငံတွင် မထုတ်လုပ်နိုင်သည်ကို အစိုးရမှ ထုတ်ဖော်ပြောဆိုခြင်းမပြုခဲ့ဘဲ စက်မှုဇုန်များတွင် မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ပြီဖြစ်သည်ဟု နိုင်ငံပိုင်မီဒီယာများတွင် အကျယ်တဝင့်ဖော်ပြခဲ့ကြသည်။ ၎င်းစက်မှုဇုန်ထုတ်ကားများကို စက်မှု(၂)ဝန်ကြီးဌာနကပင် ပြည်ပမှ တင်သွင်းလာသည့် ကားများကို မိမိနိုင်ငံတွင်ထုတ်လုပ်တပ်ဆင်သည်ဟုဆိုကာ ရောင်းချမှုများပင်ရှိခဲ့ကြောင်း အထက်ပါလုပ်ငန်းရှင်က ပြောသည်။

ယင်းအချိန်က မော်တော်ယာဉ်ထုတ်လုပ်ရန် နည်းပညာမရှိခြင်း၊ လိုအပ်သည့် ပစ္စည်းများ ပြည်တွင်း၌ မထုတ်လုပ်နိုင်ခဲ့ခြင်းစသည်တို့ကြောင့် ပြည်တွင်းထုတ်လုပ်ရေးလုပ်ငန်းများ၌ မသမာမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု လုပ်ငန်းရှင်များ ပြောကြားသည်။ ကားထုတ်လုပ်ရေးလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်မည်ဆိုပါက အခြေခံအားဖြင့် မော်တော်ယာဉ်တစ်စီးတွင် ပါဝင်သည့် အစိတ်အပိုင်းများကိုထုတ်လုပ်သည့် အသေးစားအလတ်စား လုပ်ငန်းများကို ဦးစွာရှင်သန်ရန် မြေတောင်မြှောက်ပေးရန် လိုအပ်ကြောင်း ပြည်ပ ကားကုမ္ပဏီကြီးတစ်ခု၏ ဒါရိုက်တာတစ်ဦးက အကြံပြုပြောကြားခဲ့သည်။

လက်ရှိတွင် မော်တော်ယာဉ် အကြီးစားထုတ်လုပ်မှု လုပ်ငန်းများကို အစိုးရဝန်ကြီးဌာနတစ်ခု ဖြစ်သော စက်မှုဝန်ကြီးဌာနက မကွေးတိုင်းတွင် နှစ်စဉ် ကုန်တင်ယာဉ်အစီးတစ်ထောင်နှင့် ထရပ်ကားဂီယာ အလုံးငါးရာကို ထုတ်ပေးလျက်ရှိသည်။ သို့သော် ယင်းမော်တော်ယာဉ်များမှာ ပုဂ္ဂလိကဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိခြင်း၊ နည်းပညာပိုင်း လိုအပ်ချက်ကြောင့် အရည်အသွေးမမီခြင်း စသည့်အားနည်းချက်များစွာရှိနေကြောင်း မော်တော်ယာဉ် ထုတ်လုပ်သူများက ဆိုသည်။

ယခင်က စက်မှုဇုန်ကားများကို ထုတ်လုပ်ရာတွင် စက်ရုံကြီးများဖြင့် တခမ်းတနား ထုတ်လုပ်မှုများရှိသလို သစ်တစ်ပင်အောက် တဲလေးတစ်လုံးဖြင့် ထုတ်လုပ်နေသည့် လုပ်ငန်းများလည်းရှိသည်။ ယင်းသို့ထုတ်လုပ်ပြီးသား ကားများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ တရားဝင်လိုင်စင်ဝင်ပြီး နယ်စပ်တရားမဝင်နိုင်ငံခြားမှတင်သွင်းလာသည့် တစ်ပတ်ရစ်ကားများဖြင့် ပြောင်းလဲခဲ့သည်။ ယင်းသို့ပြောင်းလဲရာတွင် စက်မှုဇုန်ထုတ်ကားမှ အင်ဂျင်နံပတ်၊ ချယ်စီနံပါတ်များကို တရားမဝင်ကားများသို့ပြောင်းလဲပြီး ပြည်တွင်း၌ပြန်လည်ရောင်းချမှုများ ပြုလုပ်ခဲ့သည်။

"အင်ဂျင်ပါဝါ ခပ်ကြီးကြီး ကောင်တွေထဲက အင်ဂျင်ကိုယူပြီး ပုံစံတွေပြောင်းကြတယ်။ တချို့ ပုံစံပြောင်းတာတွေလွဲကုန်တော့ ဆီစားက သာမန်ထက် နှစ်ဆဖြစ်ကုန်တယ်။ ဝယ်စီးတဲ့သူတွေ အများကြီး နစ်နာခဲ့ရတာပေါ့" ဟု သဃ်န်းကျွန်းမြို့နယ်မှ KST ကားအရောင်းပြခန်းပိုင်ရှင် ဦးစိုးထိန်က ပြောသည်။

ယင်းကဲ့သို့ မသမာမှုများ လှည့်စားမှုမျိုးစုံဖြင့် စက်မှုဇုန်ကား ထုတ်လုပ်ရေးလုပ်ငန်းအများစုမှာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက် ၌ အစိုးရသစ်ယာဉ်အိုယာဉ်ဟောင်း လဲလှယ်သည့် မူဝါဒကို စတင်လိုက်ချိန်တွင် တဖြည်းဖြည်း နိဂုံးပိုင်းကိုရောက်ရှိလာခဲ့ရသည်။ ယနေ့တွင်စက်မှုဇုန်ထုတ်လုပ်ငန်းများမှာ မြန်မာနိုင်ငံတွင် လုံးဝမရှိတော့ဘဲယင်းလုပ်ငန်းရှင်အများစုမှာအသွင်ပြောင်းပြီးပြည်ပမှကားတင်သွင်းသူလုပ်ငန်းရှင်များအဖြစ် ပြောင်းလဲလုပ်ကိုင်လာကြသည်။

"ကားထုတ်လုပ်ရေးကတော့ နိုင်ငံ ခြားကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်နိုင်မှပဲ အဆင်ပြေတော့မယ်။ ထုတ်လုပ်ထားတဲ့ ကားတွေကိုလည်း သူတို့ Brand နဲ့ဖောက်မှ ကိုယ်က လုပ်နိုင်မှာ" ဟု နိုင်ငံခြားကုမ္ပဏီနှင့် လက်တွဲလုပ်ကိုင်တော့မည့် ကားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယနေ့ကားထုတ်လုပ်ရေး လုပ်ငန်းတွင် ကြိုးစားမှုအရှိန်ကောင်းနေသည့် တရုတ်နိုင်ငံသည်ပင် ၎င်းနိုင်ငံသီးသန့်အမှတ်တံဆိပ်ဖြင့် မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ခြင်းမရှိပေ။ ကမ္ဘာပေါ်ရှိကားထုတ်လုပ်ရေးလုပ်ငန်းများတွင် ထိပ်တန်းနေရာ၌ရှိသော ဂျာမဏီနိုင်ငံမှ ဘောက်စ်ဝက်ဂွန်၊ ဆွီဒင်နိုင်ငံမှ Scenia စသည့် ကုမ္ပဏီတို့နှင့် ပူးပေါင်းပြီး ၎င်းတို့၏ အမှတ်တံဆိပ်ဖြင့် သာ မော်တော်ယာဉ်များကို ထုတ်လုပ်ရောင်းချနေရသည်။

အစိုးရသစ်လက်ထက်မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရောင်းချရန်ပြင်ဆင်နေသည့် ကမ္ဘာ့နာမည်ရကားကုမ္ပဏီကြီးများမှလည်း မကြာမီဖြန့်ဖြူးရောင်းချခြင်းအပြင် ပြည်တွင်းလုပ်ငန်းရှင်နှင့် ပူးပေါင်း၍ ယာဉ်အပိုပစ္စည်းများထုတ်လုပ်ခြင်းမော်တော်ကားစက်ရုံများတည်ထောင်ရန် အကြိုကမ်းလှမ်းမှုများလည်း ရှိနေပြီဖြစ်သည်။

ထို့ကြောင့် ယခင်အစိုးရလက်ထက်က ချမှတ်ခဲ့သည့် စီမံခန့်ခွဲမှုအလွဲများ၊ မူဝါဒအမှားများကို ရှောင်ရှားပြီး နည်းပညာအရင်းအနှီးအတွေ့အကြုံများရှိနှင့်နေပြီးသားဖြစ်သော ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းထုတ်လုပ်မှသာ ဇုန်ကားခေတ်ကဲ့သို့အလိမ်အညာများနှင့် မဟုတ်ဘဲ ကားထုတ်လုပ်ရေးလုပ်ငန်းများ လမ်းကြောင်းမှန်ပေါ်ရောက်မည်ဖြစ်သည်။

"အဲဒီအချိန်တုန်းကလုပ်ငန်းရှင်တွေကို အစိုးရက တရားဝင်လိမ်ခွင့်ပေးခဲ့တာနဲ့ အတူတူပဲ။ အခုချိန်မှာ ကမ္ဘာပေါ်က ကားကုမ္ပဏီတွေ သူတို့အမှတ်တံဆိပ်ကို ပြောင်းလဲပြီးတပ်ဆင်လို့ဆိုပြီး မူပိုင်ခွင့်နဲ့ တရားစွဲမယ်ဆိုရင်တောင် ရှင်းလို့တောင်မရနိုင်ဘူး" ဟု မော်တော်ယာဉ်ရောင်းဝယ်သူများအသင်းမှ ဦးကျော်စွာစိုးက ပြောသည်။

စာ(၄)မှ

## သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေး အခမဲ့ဂေဟာ အောက်တိုဘာတွင် ဖွင့်မည်

ယခင်က ဇူလိုင်တွင် ဖွင့်လှစ်ရန် လျာထားသော်လည်း အကြီးစားပြင်ဆင်မှုများ ပြုလုပ်နေရသဖြင့် အောက်တိုဘာရောက်မှသာ ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

အဆိုပါ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာကို တိုးတက်လာသည့် မြို့ပြယဉ်ကျေးမှုအရ နေအိမ်ရှိ လူအကုန်အလုပ်ထွက်လုပ်ရသည့် အချိန်တွင် နေအိမ်၌ တစ်ဦးတည်း အထီးကျန်စွာနေထိုင်ဖြတ်သန်းရသော သက်ကြီးရွယ်အို ဘိုးဘွားများ၊ ဆွေမျိုးသားသမီးတို့၏ အထောက်အပံ့ မရရှိဘဲ တစ်ဦးတည်း ပင်ပန်းကြီးစွာ ရှာဖွေစားသောက်နေရသော ဘိုးဘွားများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

"နိုင်ငံတကာမှာတော့ ဒီလိုစင်တာတွေရှိတာကြာပြီ။ ဒီမှာက ပထမဆုံးပါ။ အသက်ကြီးမှ ပင်ပင်ပန်းပန်းရှာဖွေစားသောက်နေရတဲ့ အဘိုးအဘွားတွေ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ လက်ကျန်ဘဝတွေကို ဖြတ်သန်းနိုင်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရ ဘဏ္ဍာငွေနဲ့ ဒီစင်တာကို တည်ထောင်ရတာပါ" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာသို့သွားရောက်လိုသော သက်ကြီးဘိုးဘွားများမှာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဌာနများသို့ ဆက်သွယ်နိုင်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် မိရိုးဖလာယဉ်ကျေးမှုအရ သက်ကြီးရွယ်အိုများကို ဂရုစိုက်စောင့်ရှောက်လျက်ရှိသော်လည်း အသက် ၆၀ အထက် အဘိုးအဘွား ၁၀ ဦးလျှင် တစ်ဦးမှာ စောင့်ရှောက်မှုလိုအပ်နေပြီး မြန်မာနိုင်ငံတွင် ဘိုးဘွားရိပ်သာ ၇၀ ကျော်ရှိကာ အဆိုပါဘိုးဘွားရိပ်သာ ၇၀ တွင် စောင့်ရှောက်ထားသော ဘိုးဘွားအရေအတွက်မှာ ၂၃၀၀ ကျော်သာရှိသည်။ ထို့ကြောင့် နိုင်ငံတကာနှင့် ယှဉ်လျှင် သက်ကြီးရွယ်အိုစောင့်ရှောက်နိုင်မှု နှုန်းထားမှာ နည်းပါးနေသေးကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ပြောသည်။

အခြေခံစာရင်းဇယားများအရ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို ၅ ဒသမ ၄ သန်းခန့် ရှိနေပြီး ငါးသိန်းလေးသောင်းခန့်မှာ အရေးပေါ် စနစ်တကျ ကူညီစောင့်ရှောက်မှုလိုအပ်နေသည်။

စာမျက်နှာ( ၃)မှ

## ပတ်စ်ပို့စာအုပ်ထဲက ဓာတ်ပုံ ရုပ်ဆိုး၍တိုင်ကြားသူများရှိ

သည့် ကွန်ပျူတာနှင့် ချိတ်ဆက်ထားသော သုံးချောင်းထောက် Canon EOS ပရော်ဖက်ရှင်နယ် ကင်မရာဖြင့် ရိုက်ကူးပေးခြင်းဖြစ်သည်။ ယင်းကင်မရာကိုလည်း ကင်မရာကုမ္ပဏီက လာရောက်ချိန်ညှိတပ်ဆင်ပေးထားပြီး ICAO သတ်မှတ်ချက်နှင့်အညီ ရိုက်ကူးရသည့်အတွက် ပုံထွက်ပြတ်သားကြည်လင်မှုကိုသာ အဓိကထားကြောင်း ၎င်းက ပြောကြားသည်။

"စင်ကာပူက မြန်မာသံရုံးမှာ အရင်က ပတ်စ်ပို့သက်တမ်းသွားတိုးရင် အပြင်က ရိုက်ထားတဲ့ ဓာတ်ပုံပေးလို့ရတယ်။ အဲဒီတုန်းက စိတ်ချမ်းသာရတယ်။ အခု အဲဒီသံရုံးကပါ အပြင်ပုံဆို လက်မခံတော့ဘူး။ သူတို့ရိုက်ပေးတဲ့ပုံသုံးခိုင်းတယ်။ ပိုက်ဆံပေးရလည်း စိတ်ကျေနပ်မှုမရှိဘူး" ဟု စင်ကာပူနိုင်ငံ၌ နေထိုင်အလုပ်လုပ်ကိုင်နေသည့် အသက်(၂၈)နှစ်အရွယ် အီလက်ထရွန်နစ် အင်ဂျင်နီယာ တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ ပတ်စ်ပို့လျှောက်ထားရာတွင် ဖြေလျှော့မှုများပြုလုပ်ပြီးသည့်နောက်မှစ၍ တစ်ရက်လျှင် နိုင်ငံကူးလက်မှတ်လျှောက်ထားသူပေါင်း တစ်ထောင့်ငါးရာဝန်းကျင် ရှိပြီး တနင်္လာ၊ သောကြာနေ့များတွင်မူ နှစ်ထောင်ကျော်ခန့်ရှိကြောင်း အဆိုပါရုံးမှ သတင်းရရှိသည်။

နိုင်ငံခြားသားဧည့်သည်များနှင့် ထိတွေ့ဆက်ဆံရသော ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုရန်နိုင်ကလည်း မိမိဧည့်ခံလမ်းညွှန်ရသော နိုင်ငံအများစုမှ ဧည့်သည်များ၏ ပတ်စ်ပို့စာအုပ်များကို တွေ့မြင်ဖူးပြီး မြန်မာနိုင်ငံမှ ထုတ်ပေးသည့် ပတ်စ်ပို့စာအုပ်ပါဓာတ်ပုံများကဲ့သို့ ရုပ်ရည်ဆိုးရွားခြင်း မရှိကြောင်း ပြောကြားသည်။

"အင်္ဂလန်၊ အမေရိကန်၊ စပိန် စတဲ့နိုင်ငံတွေက ဧည့်သည်တွေရဲ့ ပတ်စ်ပို့စာအုပ်တွေ တွေ့ဖူးပါတယ်။ သူတို့ဓာတ်ပုံက ဓာတ်ပုံဆိုင်တွေမှာ ရိုက်ထားတဲ့ပုံတွေအတိုင်းပဲ။ ကျွန်တော်တို့ဆီက ပုံတွေလိုမဆိုးဘူး။ ကျွန်တော်ကိုယ်တိုင် ပတ်စ်ပို့လျှောက်တုန်းကလည်းကိုယ့်ပုံကိုယ်မမှတ်မိလောက်အောင်ဖြစ်သွားဖူးတယ်။ ဘာကွာလဲတော့မသိပါဘူး" ဟု ကိုရန်နိုင်က ပြောကြားသည်။

မြန်မာနိုင်ငံကူးလက်မှတ်များကို ၂၀၁၀ ဧပြီလမှစ၍ စက်ဖြင့်ဖတ်ရှုစစ်ဆေးထုတ်ပေးသည့် စနစ် (Machine Readable)သို့ ပြောင်းလဲခဲ့ပြီး ယနေ့အထိ သုံးနှစ်နီးပါးအတွင်း နိုင်ငံကူးလက်မှတ်စာအုပ်ပေါင်း တစ်သန်းနှင့် နှစ်သိန်းထုတ်ပေးထားပြီးဖြစ်သည်။ ဖြေလျှော့မှုများပြုလုပ်ခဲ့သည့် ၂၀၁၃ မတ်လမှစ၍ ယခုဩဂုတ်လအထိ နိုင်ငံကူးလက်မှတ်ပေါင်း ခန့်မှန်းခြေ တစ်သိန်းနှစ်သောင်းဝန်းကျင်ထုတ်ပေးပြီးဖြစ်ကြောင်း ဒုတိယရဲမှူးကြီး ကျော်ဇေယျက ပြောကြားသည်။

# Health

7 DAY NEWS JOURNAL

Vol.12, No.24 • AUGUST 21 , 2013


## ဆီးချိုဝေဒနာရှင်များအတွက် ဆေးဝါး၊ အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ဆီးချို၊ သွေးချို ဝေဒနာရှင်များ ပါဝင်သည့် မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်းမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် ဆီးချိုဝေဒနာရှင်များအတွက် လိုအပ်သည့် ဆေးဝါးနှင့် အစားအစာများလည်း ပံ့ပိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းတွင် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြင့်သာ ဖွဲ့စည်းထားသည့် ဆီးချို၊ သွေးချို အဖွဲ့များရှိသော်လည်း ယခုအသင်းမှာ ဝေဒနာရှင်များ၊ စိတ်ဝင်စားသူများပါ ပါဝင်ဖွဲ့စည်းထားသည့် ပထမဆုံးအသင်းဖြစ်ကြောင်း သိရသည်။

ဆီးချို၊ သွေးချိုရောဂါ မဖြစ်ပွားစေရန် ဂရုပြုရမည့် အရာများ၊ ဖြစ်ပွားနေပါက နောက်ဆက်တွဲဆိုးကျိုး မခံစားရစေရန် နည်းလမ်းများကို ပညာရှင်များ ကိုယ်တိုင်တစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဖြစ်ကြောင်း အသင်း၏ အထွေထွေအတွင်းရေးမှူးဒေါက်တာကိုကိုက ပြောသည်။

"ဆေးပညာဟောပြောပွဲတင် မဟုတ်ဘူး။ လူထုကိုယ်တိုင် အန္တရာယ်ရှိတဲ့ အပြုအမူတွေကို ပြုပြင်ပြောင်းလဲတဲ့အထိ လုပ်မယ်။ ဒါ့အပြင် နောက်ပိုင်းရောဂါကုသတဲ့အခါ မရှိမဖြစ်လိုတဲ့ အင်ဆူလင်မရလို့သေဆုံးတာမျိုး မရှိအောင်လည်း ဒီအသင်းက ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားတယ်" ဟု ဒေါက်တာကိုကိုက ပြောသည်။

မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါ အသင်းကို ပြီးခဲ့သည့် ဧပြီက စတင်ဖွဲ့စည်းခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဆီးချို၊ သွေးချိုအသင်းနှင့်လည်း ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသင်း၏ ဥက္ကဋ္ဌ ပါမောက္ခတင့်ဆွေလတ်က ပြောသည်။

ဆရာဝန်များ၊ ဆေးကုမ္ပဏီများ၊ ဝေဒနာခံစားနေရသူများ၊ ဝေဒနာခံစားနေရသူများ၏ ဆွေမျိုးများ၊ မိသားစုဝင်များ၊ စိတ်ပါဝင်စားသူများ မည်သူမဆို အသင်းဝင်နိုင်ပြီး ကျပ်တစ်သောင်းထက်မများသော အသင်းဝင်ကြေး သတ်မှတ်ထားသည်။

ဆီးချို၊ သွေးချိုရောဂါသည် ဖြစ်ပွားမှုများပြားလာသည့် ရောဂါဖြစ်ပြီး လူ တစ်ရာလျှင် ခြောက်ဦးခန့်၌ ရောဂါဖြစ်ပွားနေကြောင်း ခန့်မှန်းထားသည်။ ရောဂါဖြစ်ပွားပါက နောက်ဆက်တွဲရောဂါများဖြစ်သည့် ခြေလက်များ ဖြတ်တောက်ရခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြင့် သေဆုံးကြကြောင်း သိရသည်။



*နယ်လှည့်ဆေးကုသအဖွဲ့တစ်ခုမှ ရေဘေးသင့်ပြည်သူများအား ဒေသအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနေပုံ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ရန်ကုန်ဆင်ခြေဖုံးများတွင် စံပြဆေးခန်းများ ဖွင့်ရန်စီစဉ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ရန်ကုန်မြို့၏ ဆင်ခြေဖုံးနေရာများတွင် ဆေးဝါးစရိတ်သက်သာမည့် စံပြဆေးခန်းများ ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌက ပြောသည်။

ဆေးခန်းဖွင့်လှစ်ရန် အခက်အခဲရှိနေသည့် ဆရာဝန်များအား နေရာနှင့်လိုအပ်သည့် ဆေးဝါးအချို့ ပံ့ပိုးပေးခြင်းဖြင့် ဆေးကုသနိုင်ရန်နှင့် ထိုဆေးခန်းများတွင် ဆေးကုသမှုများ ဆေးဝါးကုသမှု စရိတ်သက်သာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။


ဆေးခန်းများ ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ညှိနှိုင်းကာ ယခုနှစ်မကုန်မီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နမူနာလေးခုလောက် စဖွင့်နိုင်အောင် စီစဉ်မယ်။ လိုအပ်တဲ့ ဆေးဝါးတွေကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးခန်းတွေကို ထောက်ပံ့သလို အချိန်တစ်ခုထိ ထောက်ပံ့ပေးသွားမယ်" ဟု ဒေါက်တာသန်းစိန်က ပြောသည်။

ဆေးခန်းဖွင့်လှစ်ရန် နေရာနှင့် ထိုနေရာ၏ ဆရာဝန်လိုအပ်ချက်ပေါ်မူတည်၍ ဖွင့်လှစ်မည်ဖြစ်ပြီး ဆင်ခြေဖုံးဒေသများဖြစ်သည့် ဒဂုံမြို့သစ်မြို့နယ်များ၊ ရွှေပြည်သာ၊ လှိုင်သာယာစသည့်နေရာများတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဆရာဝန်များအား လိုအပ်သည့်သင်တန်းများ ပေးရန် စီစဉ်နေပြီး စိတ်ဝင်စားသူ ဆရာဝန်များ၊ နေရာနှင့် ဒေသခံများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ကရင်ပြည်နယ်ရှိ လူထု၏ ကျန်းမာရေးဖွံ့ဖြိုးမှုကို သွားရောက်လေ့လာ၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်လည်း စီစဉ်နေကြောင်း သတင်းရရှိသည်။





DAIKIN
ဂျပန်ပြည်မှ
အေးမြသောလေညှင်းများကို
ကြိုဆိုပါသည်။
ဂျပန်နိုင်ငံ နံပါတ် (၁)
အထူးလေအေးပေးစက်ပညာရှင်မှ
မြန်မာနိုင်ငံအားအေးမြသွားအောင်
ဆောင်ရွက်ပေးနေပါသည်။
ဂျပန်နိုင်ငံမှ အထူးလေအေးပေးစက်ပညာရှင်ဖြစ်သော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံတွင် မိတ်ဆွေတို့၏ စီးပွားရေးသုံး၊ အိမ်သုံးလိုအပ်ချက်အားလုံးကို ဆန်းသစ်တီထွင်မှု၊ အေးမြမှု၊ သက်တောင့်သက်သာရှိမှုတို့ဖြင့် ဖြည့်ဆည်းပေးနေပါသည်။
Yangon University Diamond Jubilee Hall
Diamond Condo
SHWE LI BBQ
ဝမ်းမြောက်ဝမ်းသာစွာကြေညာအပ်ပါသည်။
POH MENG MYANMAR CO.LTD
AUTHORISED SERVICE AGENT AND PARTS CENTER
ရန်ကုန်၊ မြန်မာ။
Air-Condition Related Products Trading Co., Ltd
Ywar Taw International Trading Co. Ltd
Zeya & Associates
နေရာတိုင်းမှာသင်နှင့်အတူ

Vol.12, No.24 • AUGUST 21 , 2013

# ချင်းပြည်နယ်တွင် သတ္တုလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရသို့ တင်ပြမည်

**ဇိုဟေဆာ(ချင်းတောင်ခြေ)**

**ကလေး၊ ဩဂုတ်-၁၇**

ချင်းပြည်နယ်တွင် သတ္တုတွင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရသို့ တင်ပြမည်ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်ငြိမ်းက ပြောကြားခဲ့သည်။

ချင်းပြည်နယ်ရှိ မြို့နယ် ကိုးမြို့နယ်တွင် သတ္တုထွက်ရှိမှုကို ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ စမ်းသပ်တွေ့ရှိခဲ့ရာ ပြည်ထောင်စုအစိုးရသို့ ၂၀၁၃ နှစ်ဆန်းပိုင်းကပင် ခွင့်ပြုချက်တောင်းခဲ့သော်လည်း ယခုအချိန်ထိ အကြောင်းပြန်ကြားခြင်း မရှိသဖြင့် ထပ်မံတင်ပြသွားမည်ဟု ၎င်းက ပြောကြားသည်။

လေ့လာမှုများအရ ကြေးနီနှင့် အလူမီနီယံများ တွေ့ရှိထားပြီး သတ္တုလုပ်ငန်းဖြင့် ချင်းပြည်နယ်၏ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ရန် ကြိုးစားလိုကြောင်း၊ ချင်းပြည်နယ်ရှိမြို့နယ်ရှစ်မြို့နယ်တွင် သတ္တုကြောများ ရှိနေသည်ကို ပြည်နယ်အစိုးရအဖွဲ့မှ စမ်းသပ်တွေ့ရှိခဲ့ပြီး ထန်တလန်မြို့နယ်တစ်ခုတွင်သာ မစမ်းသပ်ရသေးကြောင်း၊ ချင်းပြည်နယ်တွင် သတ္တုထုတ်လုပ်ခွင့်ရပါက တီးတိန်၊ ဖလန်း၊ ကန်ပက်လက်အပါအဝင် ချင်းပြည်နယ်၏ မြို့နယ်ရှစ်မြို့နယ်တွင် တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်များ ပြုသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ချင်းပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်ငြိမ်းက "ချင်းပြည်နယ်မှာ သတ္တုထွက်တယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ ချင်းပြည်နယ်မှာ သတ္တုတူးဖော်ခွင့်ပြုသင့်ပါတယ်။ မြို့နယ်ရှစ်ခုမှာသတ္တုလုပ်ငန်း စမ်းသပ်လုပ်ကိုင်ခွင့်ပြုပေးဖို့ ပြည်ထောင်စု အစိုးရကို ထပ်မံနှိုးဆော်တင်ပြသွားမှာပါ။ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ တိုင်းရင်းသားကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုသွားဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပြီး ချင်းပြည်နယ်မှာ သတ္တုဌာနက ရုံးစိုက်တာမရှိဘူး။ စက်ရုံ၊ အလုပ်ရုံလည်း မရှိဘူး။ ပြည်နယ်ရဲ့ စီးပွားရေးကို ရက်ကန်းလုပ်ငန်း၊ နွားနောက် မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်အသက်မွေးတာပဲ ရှိတယ်။ သတ္တုလုပ်ငန်းတွေကို ချင်းပြည်နယ်အတွင်းမှာ လုပ်ကိုင်ခွင့်ပြုပေးရင် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်လာနိုင်ပါတယ်" ဟု ၎င်းက ထပ်မံပြောသည်။



သတ္တုတွင်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က ပြည်နယ်နှင့်တိုင်းအားလုံးတွင် သတ္တုတွင်းဦးစီးဌာနမှ ရုံးစိုက်ထားခြင်းမရှိဘဲ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ သတ္တုတွင်းဦးစီးဌာနမှ ရုံးဖွင့်ခွင့်ရှိပြီး သတ္တုထွက်ရှိမှု အနေအထားကို စမ်းသပ်လိုပါက ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းသို့ ဆက်သွယ်နိုင်ကြောင်း၊ သတ္တုတွင်းလုပ်ငန်းဆိုင်ရာ ဥပဒေများဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရကသာ ရေးဆွဲခွင့်ရှိပြီး အခွန်အခများ ရရှိပါကလည်း ပြည်ထောင်စုအစိုးရကိုသာ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင်မူ သွားရောက်စစ်ဆေးမှုများ မပြုလုပ်ထားသဖြင့် သတ္တုရှိ မရှိနှင့် ရုံးဖွင့်နိုင်ခြင်း ရှိ မရှိ အတည်မပြုပေးနိုင်ကြောင်း ပြောကြားသည်။

ချင်းပြည်နယ်သည် ဧရိယာ ၁၃,၉၀၆ ဒသမ ၀၇ စတုရန်းမိုင် ကျယ်ဝန်းပြီး လူဦးရေ ၅၇၁၇၆၀ ဦး နေထိုင်လျက်ရှိသည်။

# မန္တလေးရှိ ဆိုင်တစ်ဆိုင်မှ ရတနာများခိုးယူမှု သံသယရှိသူကို ဖမ်းဆီး

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ်-၁၇**

မန္တလေးမြို့ပေါ် ချမ်းအေးသာစံမြို့နယ် ၇၃ လမ်းမပေါ်တွင် ဖွင့်လှစ်ထားသော ရတနာဆိုင်တစ်ခုမှ ကျောက်မျက်ရတနာများ လွန်ခဲ့သော နှစ်လနီးပါးခန့်က ခိုးယူသွားခဲ့သည်ဟု သံသယရှိသည့် တရုတ်အမျိုးသားတစ်ဦးကို ဖမ်းဆီးစစ်ဆေးနေကြောင်း သတင်းရရှိသည်။

ခိုးယူသွားသည်ဟု သံသယရှိနေသော တရုတ်အမျိုးသားကို ဆိုင်အတွင်း တပ်ဆင်ထားသော စီစီတီဗီကင်မရာတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။ ဩဂုတ် ၁၅ ရက်က ၂၆ ဘီ လမ်းပေါ်တွင် ၎င်းတရုတ်အမျိုးသားကို တွေ့ရှိ၍ အမှတ်(၃)စခန်းသို့ အကြောင်းကြားရာ စခန်းမှူးကိုယ်တိုင်လာရောက်ဖမ်းဆီးပေးခဲ့သည်ဟု ခိုးယူခံရသည့် အောင်သပြေကျောက်မျက်ရတနာဆိုင်မှ တာဝန်ခံအမျိုးသမီးတစ်ဦးကပြောသည်။

ယင်း တရုတ်အမျိုးသားကို ဩဂုတ် ၁၇ ရက်ထိ စစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း အမှတ်(၃) ရဲစခန်းမှ အရာရှိတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဇွန် ၂၆ ရက်မွန်းလွဲတစ်နာရီခွဲခန့်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်းမပေါ်ရှိ အောင်သပြေ ကျောက်မျက်ရတနာဆိုင်သို့ တရုတ်အမျိုးသားနှစ်ဦး ရောက်ရှိလာခဲ့ပြီး ပတ္တမြား အပွင့်ထဲမှ အရည်ကောင်းလိုချင်သည်ဟု ပြောသဖြင့် ပစ္စည်းများထုတ်ပြခဲ့ရာ ဗီဇာကတ်ဖြင့် ဝယ်ယူ၍ရ၊ မရ မေးမြန်းပြီး ပြန်လာမည်ဟု ပြောဆိုကာ ထွက်သွားခဲ့သည်။ ၎င်းတို့ ထွက်သွားပြီးနောက် ပစ္စည်းများ စစ်ဆေးကြည့်သည့်အခါ ကျပ်သိန်း တစ်ရာခန့် တန်ဖိုးရှိ နီလာ၊ စိန်ပတ်လည် လက်စွပ်တစ်ကွင်းနှင့် ကျပ်သိန်း ၅၀ တန်ဖိုးရှိ ကျောက်စိမ်း၊ စိန်၊ ရွှေပါဆွဲသီးတစ်ခုပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း တိုင်းရဲမှတ်တမ်းများတွင်ဖော်ပြထားသည်။

"လာတုန်းကတော့ နှစ်ယောက်ပဲ။ စီစီတီဗီမှတ်တမ်းအရ ခိုးတာက တစ်ယောက်တည်းဆိုတော့ ခုမိတဲ့သူကိုပဲ တိုင်ကြားထားတာပါ" ဟု အောင်သပြေ ကျောက်မျက်ရတနာဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းတရုတ်အမျိုးသားကို ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃) ရဲစခန်းမှ ခိုးမှုပုဒ်မ ၃၈၀ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

## လယ်တီပရမတ္ထသံခိပ် စာမေးပွဲ ဖြေဆိုခွင့် စက်တင်ဘာလကုန် နောက်ဆုံးတင်သွင်းရမည်

**မျိုးမင်းဦး**
**မုံရွာ၊ ဩဂုတ်- ၁၇**

မုံရွာမြို့၊ မဟာလယ်တီ ကျောင်းတိုက်၊ လယ်တီမူလတန်းကျောင်းအတွင်းအောက်တိုဘာလ ၂၁ရက်မှ ၂၃ရက်အထိကျင်းပပြုလုပ်မည့် လယ်တီပရမတ္ထ သံခိပ်စာမေးပွဲ ဖြေဆိုခွင့်ကိုစက်တင်ဘာ ၂၉ ရက် (တော်သလင်းလပြည့်နေ့)နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ကြောင်းမုံရွာမြို့၊ လယ်တီပရမတ္ထ သံခိပ်စာမေးပွဲကျင်းပရေးအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

"လယ်တီပရမနတ္ထ သံခိပ်စာမေးပွဲကို အောက်တိုဘာ ၂၁ ရက်မှာ ရိုးရိုးတန်း ပထမအဆင့်နဲ့ ဂုဏ်ထူးဆောင်တန်း ပထမအဆင့်၊ အောက်တိုဘာ ၂၂ရက်မှာရိုးရိုးတန်းဒုတိယအဆင့်နဲ့ဂုဏ်ထူးဆောင်တန်း ဒုတိယအဆင့် အောက်တိုဘာ ၂၃ ရက်မှာ ရိုးရိုးတန်းတတိယအဆင့်နဲ့ ဂုဏ်ထူးဆောင်တန်း တတိယအဆင့်တို့ ဖြေဆိုရမှာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုခွင့် ပုံစံကိုတော့ လာမယ့် တော်သလင်းလပြည့်နေ့ နောက်ဆုံးထားပြီး သံခိပ်စာမေးပွဲကျင်းပမယ့်ရုံးကိုပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်"ဟု မုံရွာမြို့ လယ်တီပရမတ္ထသံခိပ်စာမေးပွဲ ကျင်းပရေးအဖွဲ့မှ ဆရာကြီးဦးမာကျော်က ပြောသည်။

အင်္ဂလိပ်အစိုးရလက်ထက် မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်တွင်မြန်မာနိုင်ငံအနှံ့သံခိပ်အသင်းများပေါ်ပေါက်လာခဲ့ရာ အသင်းဝင် သုံးသိန်းခန့်အထိရှိကြောင်း၊ အသင်းဝင်များက သင်တန်းများဖွင့်ခြင်း၊ စာမေးပွဲများ ကျင်းပခြင်း ပြုလုပ်ကြကြောင်းလယ်တီသမိုင်းမှတ်တမ်းများ အရသိရသည်။ မြန်မာသက္ကရာဇ်၁၂၈၅ ခုနှစ်နောက်ပိုင်းတွင် သံခိပ်စာမေးပွဲကျင်းပမှု လျော့နည်းသွားခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်မှစတင်၍ မုံရွာမြို့ လယ်တီပရမတ္ထသံခိပ်စာမေးပွဲအား ပြန်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၃၂) ကြိမ်မြောက်အဖြစ်ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သော (၃၁) ကြိမ်မြောက် လယ်တီပရမတ္ထသံခိပ် စာမေးပွဲတွင် ဖြေဆိုသူ ၆၁၀ ဦး ရှိပြီး အောင်မြင်သူ စုစုပေါင်း ၂၉၁ ဦးရှိကြောင်း သိရသည်။

လယ်တီပရမတ္ထသံခိပ်စာမေးပွဲဝင်ရောက်ဖြေဆိုရန် ပြဋ္ဌာန်းထားသော ကျမ်းစာများမှာ ရိုးရိုးတန်းပထမအဆင့်-ပရမတ္ထ သံခိပ်အောက် သုံးပိုင်း၊ ရိုးရိုးတန်း ဒုတိယအဆင့်-ပရမတ္ထ သံခိပ် အလယ် သုံးပိုင်း၊ ရိုးရိုးတန်း တတိယအဆင့်-ပရမတ္ထ သံခိပ် အထက် သုံးပိုင်း၊ ဂုဏ်ထူးဆောင် ပထမအဆင့်-ပရမတ္ထသံခိပ် ဋီကာပထမတွဲ၊ ဂုဏ်ထူးဆောင် ဒုတိယ အဆင့်-ပရမတ္ထသံခိပ် ဋီကာဒုတိယတွဲ၊ ဂုဏ်ထူးဆောင် တတိယ အဆင့်ကမ္မဋ္ဌာန်းကျမ်းကြီးစသည့် ကျမ်းစာပေများဖြစ်သည်။

# ရွှေတောင်မြို့နယ်အတွင်း ကမ်းပါးပြိုကျမှုပြဿနာ ပိုကြီးလာ


*ရင်းမူကုန်းရွာဘေး မြစ်ရေတိုက်စားနေသော နေရာတစ်ခုကို တွေ့ရစဉ်*

ဓာတ်ပုံ- ဇော်မင်းထိုက်

**ဇော်မင်းထိုက်**
**ပြည်၊ ဩဂုတ်- ၁၇**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်အတွင်းရှိ ဧရာဝတီ မြစ်ကမ်းဘေးတစ်လျှောက်တွင် မြစ်ရေတိုက်စားပြီး မြစ်ကမ်းများပြိုကျမှုကြောင့် နေအိမ်များပြောင်းရွှေ့နေထိုင်နေရကြောင်း သတင်းရရှိသည်။

ရွှေတောင်မြို့နယ် မြစ်ကမ်းဘေးရှိ ရင်းမူကုန်းကျေးရွာမှာ ယခုနှစ်အတွင်း မြစ်ကမ်းပြိုကျမှုဘေးအန္တရာယ် စိုးရိမ်နေရပြီး ယခုနှစ် ရေတက်လာချိန်လတ်တလောတွင် အိမ်ထောင်စု ၅၀ ပြောင်းရွှေ့ထားရပြီးဖြစ်သည်။ ပြောင်းရွှေ့ရသော အိမ်ထောင်စုများမှာ ချို့တဲ့သော အိမ်ထောင်စုများဖြစ်ကြသဖြင့် ရွာအပြင်ရှိ ယာခင်းစိုက်ခင်းများတွင် ခွင့်တောင်းကာ တဲထိုးနေရကြောင်း ရင်းမူကုန်းကျေးရွာမှ ဒေသခံ ဦးအောင်မျိုးက ပြောသည်။

"မြစ်ကမ်းပြိုလာတာ ဦးဇင်းကျောင်းနဲ့ စေတီဆိုရင် ပေ ၄၀၀ ကျော်လောက်ပဲ လိုတော့တယ်။ ဦးဇင်းလည်း စိုးရိမ်နေတယ်။ ဒီကျောင်းကြီးနဲ့ စေတီက နှစ်ပေါင်းတစ်ရာကျော်က ရှေးဟောင်းအမွေအနှစ်တွေဖြစ်တယ်"ဟု ရင်းမူကုန်းကျေးရွာအုပ်စု ဇေယျသုခကျောင်းတိုက် ဆရာတော် ဦးသုန္ဒရက မိန့်သည်။

ရင်းမူကုန်းကျေးရွာရှိ မြစ်ကမ်းပါးတစ်လျှောက် ရေတိုက်စားပြီး ကမ်းပါးပြိုခြင်းမှာ ၂၀၀၀ ပြည့်နှစ်မှစတင်ကာ ပြိုကျခဲ့၍ ၂၀၀၇ ခုနှစ်တွင် အဆိုးရွားဆုံးဖြစ်ခဲ့သည်။

ရွာအတွင်းသို့ ပေရှစ်ရာခန့်ကမ်းပါးပြိုကျခဲ့ပြီး နှစ်စဉ်ကမ်းပါးပြိုကျလျက်ရှိရာ ၂၀၀၉၊ ၂၀၁၀ ခုနှစ်များတွင် ဌာနဆိုင်ရာများအပါအဝင် ကိုယ်တူကိုယ်ထ ရေကာတာများ လုပ်ခဲ့သော်လည်း ဆက်လက်ပြိုကျလျက်ရှိသည်။

ရွှေတောင်မြို့နယ် ရင်းမူကုန်းအုပ်စု ရင်းမူကုန်းရွာကြီးမှာ အိမ်ခြေတစ်ထောင်ခန့်ရှိသော ရွာကြီးဖြစ်သည်။ မေမြို့ရပ်မှ အိမ်ခြေ ၆၀ ခန့်မှာ လွန်ခဲ့သောနှစ်က ပြောင်းရွှေ့ခဲ့ပြီး ယခုအခါရေတိုက်စားမှုမှာ အောင်မင်္ဂလာရပ်သို့ ရောက်ရှိလာပြီဖြစ်ကာ ရေတိုက်စားကမ်းပြိုမှု ကြမ်းတမ်းလာပါက အိမ်ထောင်စု တစ်ရာကျော်နှင့် မိသားစုဦးရေ ၇၀၀ ကျော်မှာ စိုးရိမ်ဖွယ်ဖြစ်သည်။

စိုးရိမ်ဖွယ်နေရာများတွင် အထက ကျောင်းခွဲတစ်ခုလည်း ပါဝင်ကြောင်း၊ နှစ်ပေါင်းတစ်ရာကျော်ရှိပြီဖြစ်သော ဇေယျသုခ ဘုန်းကြီးကျောင်းနှင့် ဉာဏ်တော် ၃၅ တောင်ရှိ ပြည်လုံးချမ်းသာ ရှေးဟောင်းစေတီတစ်ဆူပါဝင်ကြောင်း၊ ကမ်းပါးပြိုကျမှု ရပ်တန့်စေမည့် မည်သည့်အကူအညီမျိုးကိုမဆို ရယူလိုကြောင်း ဒေသခံများက ပြောသည်။

"ရွှေတောင်မြို့က လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်ကတည်းက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုတာတွေ ရှိတယ်။ မြစ်ရေတက်လာပြီဆို မြစ်ကမ်းပါးပြိုတဲ့ အသံတွေ ကြားရတယ်။ မြစ်ကမ်းဘေးအိမ်တွေ ဒုက္ခရောက်ပြောင်းရွှေ့ရတယ်။ ရွှေတောင်မြို့နယ်ထဲက ညောင်လှရွာ၊ လက်ပံပုရွာစတဲ့ မြစ်ကမ်းဘေးမှာတွေလည်း အိမ်ခြေတွေ ပြောင်းရွှေ့ခဲ့ရတာမနည်းဘူး။ အခုဆို မြစ်ရေတိုက်စားလာတာ ရွှေတောင်မြို့ဈေးကြီးအနီးမှာရှိတဲ့ ချမ်းသာကြီး ဘုရားက ခြသေ့်နှစ်ကောင် မုခ်ဦးနားကပ်နေပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။





## နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဤလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်"ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။

(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ- နီပေါ) → ၈.၅သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး- ၉ သိန်း(စရိတ်ငြိမ်း)

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ (မဟာသတိပဌာန်)၊တဝ်ရှဲမဟာ → ၁၀သိန်း (စရိတ်ငြိမ်း)

၂၀၁၃-၁၄ခုနှစ် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်များကို (၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍စရံငွေ(၁)သိန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**ဘုရားဖူးဓမ္မပိတ်ဆွေများ၏တောင်းဆိုမှုအရ Promotion ကာလကို (၁.၇.၁၃) မှ (၃၁.၈.၁၃) အထိ တိုးမြှင့်လိုက်ပြီးဖြစ်ကြောင်း ဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။**

ဗုဒ္ဓဂယာခရီးစဉ်ကို Promotion ကာလအတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

**အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။**

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(နံ့သာတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့

☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅၁

7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# လောင်စာဆီအစားထိုးမီးသွေးဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက် ၅၀ ကျော် ရောင်းချပြီးဖြစ်

**မျိုးမင်းဦး**

**ရန်ကုန်၊ ဩဂုတ်-၁၈**

မုံရွာမြို့နယ်၊ မုံရွေးကျေးရွာဒေသထုတ် ONE STAR BIO- GAS ထုတ်လုပ်မှု လုပ်ငန်းမှ လောင်စာဆီအစားထိုးမီးသွေးဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်အလုံး ၅၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း ONE STAR BIO-GASလောင်စာဆီအစားထိုး မီးသွေးဓာတ်ငွေ့သုံးစက် အမျိုးမျိုးထုတ်လုပ်သူ ဦးဗိုလ်လင်းက ပြောကြားသည်။

"အဓိက လောင်စာဆီသက်သာအောင်ထုတ်လုပ်ထားတာပါ။ မီးသွေးဆိုတဲ့နေရာမှာ မြေပဲဆားလှော်ဖိုတွေ လုပ်ငန်းသုံးစွန့်ပစ်မီးသွေးတစ်တင်းဝင်တောင်းတစ်တောင်းဆိုရင် တစ်နာရီ လျှပ်စစ်မီးသုံးလို့ရတယ်။ မီးသွေးအိတ်အကောင်းဆိုရင်နှစ်နာရီအသုံးပြုလို့ရတယ်။ လောင်စာ အစားထိုးမီးသွေးဓာတ်ငွေ့သုံး စက်အမျိုးမျိုးမှာ ဆန်စက်၊ မီးစက်၊ဆီစက်၊ ရေတင်စက်၊ ရေယာဉ်အသုံးပြုစက်နဲ့ အခြားစက်မှုလုပ်ငန်းသုံးစက် အမျိုးမျိုးကို ထုတ်လုပ်ပါတယ်။ လျှပ်စစ်မီးစက်ကို ကျေးလက် ဒေသလျှပ်စစ်မီးလင်းရေးအဖွဲ့တွေနဲ့ ကုမ္ပဏီလုပ်ငန်းတွေက အများဆုံးဝယ်ပါတယ်။ ၂၀၁၀ ပြည့်ခုနှစ် ဇန်နဝါရီကစတင်ထုတ်လုပ်ခဲ့တာ ခုအချိန်အထိ လျှပ်စစ်ဓာတ်အား စက်အလုံး ၅၀ ကျော်ထုတ်လုပ်ရောင်းချပြီးဖြစ်ပါတယ်" ဟု ဦးဗိုလ်လင်းက ပြောသည်။



*မီးသွေးဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်*

ဓာတ်ပုံ- မျိုးမင်းဦး

အင်ဂျင်အမျိုးအစားမှာ ဒီဇယ်သုံးတစ်လုံးထိုးအင်ဂျင်မှ ၁၂ လုံးထိုး အင်ဂျင်အထိ အသုံးပြုနိုင်ကာ မြင်းကောင်ရေ နှစ်ရာအောက်တစ်လုံးထိုးအင်ဂျင်နှင့်နှစ်လုံးထိုးအင်ဂျင်အသုံးပြုဓာတ်ငွေ့ပေါင်းအိုးတစ်လုံးလျှင် ကျပ်သိန်း ၂၀ ဝန်းကျင်၊ မြင်းကောင်ရေ နှစ်ရာမှ ငါးရာအထိ မြင်းကောင်ရေပေါ် မူတည်၍ ကျပ်သိန်း သုံးဆယ်မှကျပ်သိန်း တစ်ရာဝန်းကျင်အထိရှိသည်။ တပ်ဆင်မှုအများဆုံး လျှပ်စစ်ဓာတ်အားပေးစက်မှာ ကီလို ၂၀ ဒီဇယ်အင်ဂျင်တပ်ဆင်ပြီး ဓာတ်ငွေ့ပေါင်းအိုးအပြည့်အစုံ ကျပ် ၃၅ သိန်းဖြင့် ရောင်းချခဲ့သည်။

အဆိုပါမီးစက်များကို ချင်းတွင်းမြစ်အထက်ပိုင်း ဟုမ္မလင်း၊ ရွှေပြည်အေး၊ မင်းကင်း၊ ကလေးဝ၊ မစိန်၊ ကနီ၊ ပုလဲ၊ ချောင်းဦး၊ မိုးကုတ်၊ မိုးမိတ်စသည့်မြို့နယ်များတွင် ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းများနှင့် လုပ်ငန်းသုံးအဖြစ်ဝယ်ယူကြကြောင်းသိရသည်။

## မကွေးမြို့ အေးစေတီဘုရား အလှူခံပုံးထဲမှငွေများ အခိုးခံရ

**စောရန်နိုင်**

**မကွေး** - မကွေးမြို့ အေးစေတီဘုရားအတွင်းရှိ အလှူခံပုံးသေးတစ်ခု ခိုးယူခံရမှု ဩဂုတ် ၁၄ ရက်က ဖြစ်ပွားခဲ့ကြောင်း အေးစေတီဘုရားဂေါပကရုံးမှ သတင်းရရှိသည်။

ဩဂုတ် ၁၄ ရက် နေ့လယ်က အေးစေတီဘုရား ဓမ္မာရုံအတွင်း ဘုရားခန်း၌ ထားရှိသည့် အလှူခံပုံးသုံးပုံးအနက် အသေးဆုံးအလှူခံပုံး ခိုးယူခံရသဖြင့် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ အလှူခံပုံးမှာ ကန်သာကန်အရှေ့ဘက်ချုံထဲတွင် ရိုက်ခွဲလွှင့်ပစ်ထားသည်ကို တွေ့ရှိခဲ့သည်။ အလှူခံပုံးမှ ငွေကျပ်နှစ်သိန်းငါးသောင်းကျော် ပျောက်ဆုံးခဲ့သဖြင့် မကွေးမြို့နယ် မြို့မရဲစခန်း ပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိသည်။

## ရေတွင်းရေကန်များ ဒေသခံများ ထိန်းသိမ်းစောင့်ရှောက်မှု အရေးကြီးကြောင်း ရွှေပါရမီ ဆရာတော် မိန့်ကြား

**ဆန်းညွန့်**

**ရေနံချောင်း**- ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေတွင်းရေကန်များ ရေရှည်တည်တံ့စေရန် ဒေသခံများ၏ ထိန်းသိမ်းစောင့်ရှောက်မှုအရေးကြီးကြောင်း ရွှေပါရမီတောရ ဆရာတော်က ဒေသခံများအား မိန့်ကြားသည်။

"ရေနံချောင်းမြို့နယ် ကျေးလက်ဒေသတွေက သောက်သုံးရေအတွက် ရေကန်တွေ လိုအပ်မယ်ဆိုရင် ဦးပဥ္စင်းတို့ လှူပေးချင်ပါတယ်။ ဒေသခံတွေက ပူးပေါင်းပါဝင်ဖို့တော့ လိုတာပေါ့။ ရေတွင်းဆိုရင်လည်း လှူရတာက မခက်ပေမယ့် ဒီရေတွင်းကို ရေရှည်တည်တံ့အောင် ထိန်းဖို့လိုတယ်" ဟု ဆရာတော်အရှင်ဆန္ဒာဓိက က မိန့်သည်။

ယခုနှစ်တွင် ရေနံချောင်းမြို့နယ်၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် သောက်သုံးရေကန်များ ရေမဝင်သည့်အပြင် စိုက်ပျိုးတောင်သူများလည်း အခက်အခဲဖြစ်နေကြရသည်။

# မိချောင်းငါး အလှမွေးသူများလာ

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၁၆**

မန္တလေးမြို့တွင် ငွေကြေးချမ်းသာသူများသည် ယခင်က ကံကောင်းသောငါး (Lucky Fish)မွေးမြူခြင်းမှ မိချောင်းငါးကို အစားထိုးမွေးမြူလာကြကြောင်း အလှမွေးငါးဈေးကွက်မှ သတင်းရရှိသည်။

မန္တလေးမှ ငါးအလှမွေးဝါသနာပါသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက "အရင်က ညှော်ခန်းတွေမှာ Lucky Fish ကို မွေးကြတာများတယ်။ ငါးတစ်ကောင်ကို ကျပ်ငါးသိန်းက အမြင့်ဆုံး သိန်း ၆၀ အထိ ဈေးပေါက်ခဲ့တယ်။ ယခုတော့ ပိုက်ဆံရှိတဲ့ တရုတ်နွယ်ဝင်ကျောက်စိမ်းသူဌေး မိသားစုတွေက လပ်ကီးဖစ်ရှ်ကို မမွေးကြတော့ဘူး။ မိချောင်းငါးကို မွေးလာကြတယ်" ဟု ပြောသည်။

မိချောင်းငါး တစ်ကောင်လျှင် ကျပ်နှစ်သိန်းမှ ဆယ့်ငါးသိန်းအတွင်း အလှငါးမွေးမြူသူများကြား အရောင်းအဝယ် ဖြစ်နေကြောင်း အလှမွေးငါးဈေးကွက်မှ သတင်းရရှိသည်။




ဓာတ်ပုံ- စိုင်းသာအောင်

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတလျှောက်၊ (၁၁၅)မိုင်ယာဉ်ရပ်နားစခန်းနှင့် နယ်မြို့ကြီးများတွင် လူကြီးမင်းတို့၏ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ကြော်ငြာ Billboard များတွင်ကြော်ငြာလိုပါက ဆက်သွယ်နိုင်ပါသည်။

MILKY WAY
Outdoor Advertising

09 420 276 999 09 730 33784 09 421 158 822
09 420 276 777 09 730 33783 09 542 1122

CAREER OPPORTUNITY

EASIA TRAVEL is a team of travel professionals with wide range of tourism experience in Vietnam, Laos, Cambodia, Thailand and Myanmar. Currently, we are in search of dynamic team members in Myanmar for the following areas,

1. Sales Consultant (French, German & English-Speaking Markets) M/F(5) posts
2. Chief Accountant F(1) post

Job Requirement for Sales Consultant:
Excellent spoken and written English, French or German would be an advantage. Mastery of Microsoft Office (Word, Excel, Outlook, and PowerPoint) is required. 1-2 years minimum experience in inbound travel (tour guiding, operation, sales, and reservation) is preferred, however not essential.

Benefit:
Competitive salary and career development will be offered commensurate with the responsibilities and qualifications. Ongoing training including domestic and international travels possibilities

Please send your resume via email jasmine@easia-travel.com or contact the mobile no. 09 505 3460. Only short listed candidates will be interviewed. Local service only.

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# ရောင်ခြည်သစ်မျက်မမြင်ကျောင်းမှ သင်တန်းသားတစ်ဦး အောင်မြင်စွာ မျက်စိခွဲစိတ်ကုသနိုင်ခဲ့

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၁၈**

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၆) လမ်းနှင့် ပန်းတမာလမ်းရှိ ရောင်ခြည်သစ် ပရဟိတ မျက်မမြင် ပညာသင်ကျောင်းတွင် အကြောပြင်ပညာနှင့် မူလတန်း အဆင့် မျက်မမြင်စာပေများ သင်ကြားလျက်ရှိသည့် အသက် (၂၁) အရွယ် ကျောင်းသားတစ်ဦးအား ဩဂုတ် ၁၇ ရက် နေ့လယ်ပိုင်းက မျက်ကြည်လွှာ ခွဲစိတ်ကုသမှု ခံယူခဲ့ရာ ဆေးဝါးကုသမှုကြောင့် အမြင်အာရုံရာနှုန်းပြည့် အောင်မြင်မှုရရှိခဲ့ကြောင်း ရောင်ခြည်သစ် မျက်မမြင်သင်တန်း ကျောင်းကျောင်း အုပ်ဆရာကြီးဦးကြည်က ပြော သည်။



**အောင်မြင်စွာခွဲစိတ်ကုသပြီးနောက် မောင်အောင်ဌေးဝင်းကိုတွေ့ရစဉ်** ဓာတ်ပုံ- မျိုးမင်းဦး

"မျက်မမြင်ကျောင်းအချင်းချင်းဆက်သွယ်မှုနဲ့ မြန်မာနိုင်ငံ မျက်မမြင်များအသင်းက တစ်ဆင့် ဒီနှစ်ပို့လိုက်တဲ့ ကလေးပါ။ မွန်ပြည်နယ်ချောင်းဆုံမြို့နယ်က နေ ပညာသင်ယူဖို့ ဇူလိုင် ၁၇ ရက်မှာ ဒီကျောင်းကိုစရောက်တာပါ။ စက္ကူပါလအခမဲ့ ဆေးကုခန်းက တစ်ဆင့် မျက်စိအထူးကုသမားတော်ကြီး ဒေါက်တာအေးကိုဆီမှာ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့တာ ။ ဆရာဝန်ကြီးပြောကြားချက်အရတော့ ရာနှုန်းပြည့် အောင်မြင်ပါတယ်"ဟုကျောင်းအုပ်ဆရာကြီး ဦးကြည်ကပြောသည်။

"မွေးရာပါရောဂါဆိုပေမယ့် အရင်ကတည်းက အလင်းတော့ မြင်ရတယ်။ မျက်စိနဲ့တစ်ပေအကွာလောက်ဆိုရင် မသဲကွဲတော့ဘူး။ ရွာမှာ တတိယတန်းအထိ စာသင်ဖူးတယ်။ စာအုပ်ကို မျက်စိနဲ့ ငါးလက်မခွာဖတ်ရင် သိပ်မသဲမကွဲမြင်ရတယ်။ အခုမျက်စိခွဲစိတ်ပြီးတော့ အဝေးထိ လှမ်းမြင်ရပြီ။ စာတွေလည်း မြင်နေရပြီ။ ဒါပေမဲ့ စာတွေကို မမှတ်မိတော့ဘူး။ မရေးလည်း မရေးတတ်၊ မဖတ်လည်း မဖတ်တတ်တော့ဘူး။ အဝေးကိုမြင်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်" ဟု မျက်စိခွဲစိတ်မှုအောင်မြင်ခဲ့သော မောင်အောင်ဌေးဝင်းက ပြောသည်။

မောင်အောင်ဌေးဝင်းသည် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ နတ်မှော်ကျေးရွာမှဖြစ်ပြီး နတ်မှော် ကျေးရွာမူလတန်းကျောင်းတွင် တတိယတန်းအထိ ပညာသင်ကြားခဲ့သည်။ မွေးရာပါ အမြင်အာရုံချို့ယွင်းမှုကြောင့် အခြေခံပညာ ဆက်လက်သင်ယူနိုင်ခြင်း မရှိသဖြင့် ရောင်ခြည်သစ်မျက်မမြင်သင်တန်းကျောင်းသို့ ပြီးခဲ့သည့် ဇူလိုင်က ရောက်ရှိလာခြင်းဖြစ်သည်။

# နှမ်းအထွက်ကျ၍ ဆီစက်များပင် အဝယ်ရပ်ထားရဟုဆို

**မိုးဇော်**

**ရေနံချောင်း၊ ဩဂုတ် -၁၈**

ရေနံချောင်း ကုန်စည်ဈေးကွက်ကို ရေနံချောင်း၊ ချောက်၊ နတ်မောက်မြို့နယ်များမှ နှမ်းများဝင်လျက်ရှိရာ အိတ်စ်ပို့ဝယ်လက်ရှိနေပြီး ဆီစက်ပိုင်အချို့ အဝယ်ရပ်(ပွဲရုံပိတ်) ထားရကြောင်း သတင်းရရှိသည်။

"နှစ်စဉ်ကျေးရွာ ၂၃ အုပ်စုက ဝင်တဲ့ နှမ်းတွေကဒီနှစ်ကျေးရွာအုပ်စု လေးစုက ဝင်တော့တာ။ နှမ်းအဝင် ရာခိုင်နှုန်း ကျတဲ့အတွက် နှမ်းအရောင်းအဝယ်အေးတယ်။ အခွံချွတ်လှော်ထောင်းထားတဲ့ နှမ်းကို တရုတ်၊ ကိုရီးယားအိတ်စ်ပို့ဝယ်လက်က ဝယ်နေကြတယ်။ တရုတ်က အရည်အသွေးထိပ်စကိုသာ အစကန့်သတ်တဲ့အတွက် ဈေးတော့ ရောင်စုံဖြစ်လာတယ်" ဟု နှမ်းကုန်သည်တစ်ဦးက ပြောသည်။

နှမ်းသစ်ရာသီဖြစ်သော်လည်း ပွဲရုံပိတ်ထားရပြီး နှမ်းသစ်ကိုဝယ်ကြိတ်ရန် ကုန်ကြမ်း တစ်ပိဿာလျှင် ၃,၇၀၀ ကျပ် ဈေးရှိသဖြင့် ဝယ်ကြိတ်၍ မဖြစ်နိုင်ကြောင်းနှမ်းကုန်သည်က ပြောသည်။

ဩဂုတ်၁၇ရက်ကနှမ်းဝါ၁၅ ပိဿာတစ်တင်းလျှင် ၃၇,၀၀၀ ကျပ်၊ နှမ်းဖြူ၁၅ပိဿာလျှင် ကျပ် ၃၉,၀၀၀၊ နှမ်းနက်၁၅ပိဿာလျှင် ကျပ် ၃၈,၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

**(၁၄-၈-၂၀၁၃) ရက်နေ့ထုတ် ၇ ရက်သတင်းဂျာနယ် Regional စာမျက်နှာ "၁၈"ပါ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးထင်ကျော်နှင့် အထက်တန်းရှေ့နေ ဒေါ်သက်လေးချိုတို့၏ တက်နေကုမ္ပဏီအပေါ် ကြေညာချက်အား ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၊ ဇနီးဒေါ်သိဂီထွန်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေများဖြစ်သော တက်နေကုမ္ပဏီနှင့် ဦးဗိုလ်ဆိုင်(၁၂/ဥကတ(နိုင်)၀၁၁၃၄၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၈ ရပ်ကွက်၊ ၄ လမ်း(စက်မှုဇုန်) အမှတ်(၆၁)ဟု ခေါ်တွင်သော အလျား ၁၀၃ ပေ × ၁၀၃ ပေ၊ အနံ ၁၄၈ ပေ× ၁၄၉ ပေ (စတုရန်းပေ ၁၅၂၉၅) ရှိ မြေကွက်ကို တက်နေ ကုမ္ပဏီက လူကြီးမင်းကြေညာသကဲ့သို့ **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**တို့၏ လူမှုရေး၊ နားလည်စာနာမှု၊ အားနာတတ်မှုနှင့် စိတ်ကောင်းစေတနာရှိမှု အပေါ် အခွင့်ကောင်းယူ၍ အသုံးပြုနေခဲ့ကြသည်မှာ လုံးဝမဟုတ်မှန် ကြောင်း **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**နှင့် ဇနီး**ဒေါ်သိဂီထွန်း**တို့ ကိုယ်တိုင် အသိဖြစ်ပါလျက် ယခုကဲ့သို့ဦးဗိုလ်ဆိုင်၊ ဒေါ်သန်းသန်းအေးနှင့် လုပ် ငန်းများ မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း မရှိသော မဗိုလ်ဗိုလ်နုလှိုင်၏ အမည်ကို ထည့်သွင်းကြေညာခြင်းမှာ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် ရည်ရွယ်၍ တမင်တကာ ထည့်သွင်းကြေညာခြင်းသာဖြစ်ကြောင်း ဦးစွာပြန်လည်ရှင်းလင်းအပ်ပါသည်။

၂။ အမှန်မှာ အဆိုပါ မြေကွက်ကို ရွှေအုံးသီးဆပ်ပြာစက် အစုစပ်လုပ် ငန်းမှ အသုံးပြုနေခြင်းဖြစ်ပြီး အဆိုပါ အစုစပ်လုပ်ငန်းမှာ ယခုတိုင် လုပ်ငန်း ဆက်လက်လည်ပတ်လျက်ရှိဆဲ ဖြစ်ပါသည်။

၃။ **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**နှင့် ဇနီး**ဒေါ်သိဂီထွန်း**တို့အနေဖြင့် လူမှုရေး အခက်အခဲ ရှိသည့်အခါတိုင်း ငွေကြေးအကူအညီကို တောင်းခံခဲ့ရာတွင် ဦးဗိုလ်ဆိုင်နှင့် ဒေါ်သန်းသန်းအေးတို့မှ သွေးသားတော်စပ်မှုအရ ငွေရေး ကြေးရေးအကူအညီများကို ၂၀၀၅မှ ၂၀၀၇ ခုနှစ်ထိ ငွေကျပ်သိန်းပေါင်း(၁၀၈၀)တိတိကို နှစ်ဦးနှစ်ဖက် လေးစားရသော မိတ်ဆွေကောင်း တစ်ဦးရှေ့တွင် ပေးအပ်ခဲ့ရာ **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**နှင့် ဇနီး **ဒေါ်သိဂီထွန်း**တို့ ကိုယ်တိုင်လက်ခံရယူခဲ့ပြီးဖြစ်သည်ကို ကာယကံ ရှင်များအသိ ဖြစ်ပါသည်။

၄။ **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**တို့ မိသားစု ယခုလက်ရှိနေထိုင်သော တောင်ဥက္ကလာပမြို့နယ်၊ ၈ ရပ်ကွက်၊ ၄ လမ်း၊ စက်မှုဇုန်၊ အမှတ်(၆၃)ဟု ခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံကိုလည်း ဘဏ်တွင် ပေါင်နှံထားခြင်းကို အမည်ပေါက်ပိုင်ရှင်ကိုယ်စား ဦးဗိုလ်ဆိုင်မှ ရွေးယူခဲ့ပြီး **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**တို့ မိသားစုအား အခြေမပျက်ဆက်လက် နေထိုင်စေခဲ့ပါသည်။ ထို့အပြင် ပြင်ဆင်ရန် လိုအပ်သော နေအိမ်ကိုလည်း မွမ်းမံပြင်ဆင်ပေးပြီး **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**တို့ မိသားစုသွားလာရေးလွယ်ကူစေရန် (၈ည/၉၀၂၅)မော်တော်ယာဉ်ကို **ဒေါ်သိဂီထွန်း** အမည်ပေါက်ဖြင့် ဝယ်ယူပေးခဲ့ခြင်းတို့မှာ ကာယကံရှင်များ ကိုယ်တိုင် အသိဖြစ်ပါသည်။

၅။ အမှန်တကယ် အခွင့်ကောင်းယူခဲ့သည်မှာ လူကြီးမင်းတို့ ကိုယ်တိုင်ဖြစ်လျက် ယခုကဲ့သို့ ကျွန်ုပ်၏ မိတ်ဆွေများအပေါ် ဂုဏ်သိက္ခာကိုညှိုးနွမ်းစေရန် တမင်တကာ ကြံရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထင်ရှားနေရာ ဖြစ်ရပ်မှန်ကိုသိသော မိတ်ဆွေအသိုင်းအဝိုင်းများကြားတွင် လူကြီးမင်းတို့သာလျှင် ဂုဏ်သိက္ခာထိခိုက် နစ်နာလိမ့်မည်ဖြစ်ကြောင်းနှင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ နောက်ထပ်ထပ်မံ၍ ရှင်းလင်းခြင်းပြုမည်မဟုတ်ကြောင်း **ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်**၊ ဇနီး**ဒေါ်သိဂီထွန်း**နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအဏ္ဏဝါစိုး** | **ဒေါ်တင်အုန်းမြင့်** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၄၇) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၁) |

**တရားလွှတ်တော်ရှေ့နေများ**

ရုံး-အမှတ်(၂)၊ ဘယသုဒ္ဓိလမ်း၊ ပထမထပ်(ဝဲ)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဖုန်း-၀၉-၇၃၂၀၈၂၂၅၊ ၀၉-၇၃၁၃၅၁၅၃၊ ၀၉- ၅၁၆၇၃၂၇

# လောင်းလုံးတွင် ရေနံချက်စက်ရုံ တည်ဆောက်မည်

**စိုးမိုးအောင်**

**ထားဝယ်၊ ဩဂုတ်-၁၈**

လောင်းလုံးမြို့နယ်၊ ညင်းမော်ကျေးရွာအနီးတွင်ရေနံချက်စက်ရုံတစ်ရုံတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်အတွင်း တရုတ်ကုမ္ပဏီများက ရေနံချက်စက်ရုံ တည်ဆောက်မည်ဖြစ်ရာ ဒေသခံများ ကန့်ကွက်သဖြင့် စီမံကိန်းဆက်လက်ဆောင်ရွက်ရန် ရပ်နားထားရပြီး မြန်မာ့စီးပွားရေး ဦးပိုင်ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းမည် ဖြစ်သည်ဟုဆိုသည်။

"ဒီရေနံချက်စက်ရုံနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးအဖွဲ့က ဆောင်ရွက်သွားမှာပါ။ ရေနံချက်စက်ရုံတည်ဆောက်ဖြစ်ခဲ့ရင် ဒေသခံတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေများ လာမယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း လောင်စာဆီဈေးနှုန်း တည်ငြိမ်လာလိမ့်မယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ ဒေသခံတွေရဲ့ ဆန္ဒကို အဓိကထားဆောင်ရွက်ပေးသွားမယ်"ဟု တနင်္သာရီ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုဝန်ကြီး ဦးဝင်းဆွေက ပြောကြားသည်။

ရေနံချက်စက်ရုံ တည်ဆောက်ရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပါက နှစ်နာကြေး ရရှိအောင် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒေသခံများ ဘက်မှ ရပ်တည်ကာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တနင်္သာရီတိုင်းဒေသကြီးသည် လောင်စာဆီအတွက် ထိုင်းနိုင်ငံကို အဓိကထား အားကိုးနေရပြီး ထိုင်းနိုင်ငံ၏ လောင်စာဆီဈေး အပြောင်းအလဲအတိုင်း ပြောင်းလဲနေခြင်း ဖြစ်သည်။ လောင်းလုံးရေနံချက်စက်ရုံတည်ဆောက်နိုင်ပါက ဒေသအတွင်း လောင်စာဆီဈေး တည်ငြိမ်စွာ ရောင်းချနိုင်မည်ဖြစ်ကြောင်း သုံးသပ်ကြသည်။

အဆိုပါ ရေနံချက်စက်ရုံ တည်ဆောက်ရန် အတွက် စီမံကိန်းဧရိယာအတွင်းရှိ ညင်းမော်၊ လေးသွန်းခံအပါအဝင် ကျေးရွာလေးရွာမှ အိမ်ခြေအချို့ ရွှေ့ပြောင်းပေးရမည်ဖြစ်ကြောင်းသိရသည်။

ရေနံချက်စက်ရုံတည်ဆောက်ရန် တရုတ် ပညာရှင်များက မြေပြင်လေ့လာမှုပြုလုပ်ခဲ့သည့် အချိန်မှစ၍ ဒေသခံပြည်သူများ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

"ကြားရတာကတော့ ဒီစီမံကိန်းအတွင်း ပါဝင်တဲ့ အိမ်ခြေတွေ၊ လယ်တွေ၊ ခြံတွေပါ ပြောင်းရမယ်တဲ့။ ရွာသားတွေက လက်မခံကြဘူး။ အဲဒါကြောင့် ဘုန်းကြီးကျောင်းမှာ လုပ်တဲ့ ဆန္ဒခံယူပွဲမှာ ကန့်ကွက်ခဲ့ကြတယ်" ဟု ညင်းမော် ရွာသားတစ်ဦးက ပြောပြသည်။

## မန္တလေးဟိုတယ်ဇုန်တည်ဆောက်ရန် ဒေသခံလယ်သမားများနှင့် ညှိနှိုင်းနေ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၁၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦး လေဆိပ်၏ အနောက်ဘက် တစ်မိုင်ခန့်အကွာလက်ဆောင်ယူကျေးရွာအနီးတွင် မန္တလေးဟိုတယ်တည်ဆောက်ရန်အတွက် ဒေသခံတောင်သူလယ်သမားများနှင့် ညှိနှိုင်းနေကြောင်းသတင်းရရှိသည်။

"လယ်သမားတွေက တစ်ဧကကို သိန်းငါးဆယ်လောက် တောင်းနေတယ်။ အခုအစိုးရက ဝင်ညှိပေးနေတယ် အဆင်ပြေသွားမယ်ထင်ပါတယ်" ဟု ဟိုတယ်လုပ်ငန်းရှင်များအသင်း မန္တလေးဇုန်မှ ပြောရေးဆိုခွင့်ရှိသူ ဦးဆွေက ပြောသည်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဟိုတယ်ဇုန် နှစ်ဇုန် တည်ဆောက်ရန် စီစဉ်နေကြောင်း သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ပြောသည်။

မန္တလေး ဟိုတယ်ဇုန်ကို သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးအစိုးရမှ ခွင့်ပြုပေးခဲ့ပြီးစုစုပေါင်း ဧက ၅,၅၀၀ ခန့်ရှိရာလယ်သမား ငါးဆယ်ဦးခန့်နှင့်ညှိနှိုင်းနေရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ်ဇုန်တည်ဆောက်ရန် စီစဉ်ထားသော်လည်း ရန်ကုန်ဟိုတယ်ဇုန်စီမံကိန်းကိုမူဖျက်သိမ်းလိုက်ပြီဖြစ်သည်။

# Education

7 DAY NEWS JOURNAL

Vol.12, No.24 • AUGUST 21 , 2013




*ထားဝယ်မြို့ရှိ မူလတန်းကျောင်းတစ်ကျောင်းမှ ကလေးငယ်များ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်ယူမှု အခွင့်အလမ်းအလွန်နည်းပါးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၁၇**

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ မူကြိုတက်နိုင်သော ကလေးဦးရေမှာ မြို့ပြတွင် ၃၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၁၅ ဒသမ ၉ ရာခိုင်နှုန်းသာရှိနေပြီး ကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာ သင်ယူမှုအခွင့် အလမ်းရရှိမှု အလွန်နည်းပါးနေကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ပညာရေးဝန်ကြီးဌာနအပါအဝင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြားအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများက ဖွင့်လှစ်ဆောင်ရွက်နေသော်လည်း မြို့ပြနှင့် ကျေးလက်ဒေသများရှိ ကလေးငယ်များ၏ ၂၂ဒသမ၉ရာခိုင်နှုန်းသာ မူကြိုတက်ရောက်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာန၏ မူလတန်းအကြိုပညာရေးစာတမ်းတွင်ဖော်ပြထားသည်။

"ကလေးတွေ ဘက်စုံဖွံ့ဖြိုးပြီး အခြေခံကောင်းတွေရစေဖို့ မူလတန်းအကြိုပညာရေးက အရမ်းအရေးကြီးတယ်။ ငါးနှစ်အရွယ်ကလေးတွေကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ မေးမြန်းခြင်း၊ ကစားခြင်းစတဲ့ နည်းလမ်းတွေနဲ့ အသုံးပြုသင်ကြားရမှာပါ။ အခုဖွင့်လှစ်နေတဲ့ မူကြိုအများစုက ကျောင်းသင်ဘာသာရပ်တွေကို ကြိုတင်သင်ကြားပေးတာတွေဖြစ်နေတာကို တွေ့ရတယ်"ဟု အငြိမ်းစားပညာရေးအရာရှိတစ်ဦးကပြောသည်။

ထို့အပြင် ဦးစီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်နေသော မူကြိုများ၏ ကလေးပြုစုပျိုးထောင်မှုပုံစံများမှာလည်း အမျိုးမျိုး ကွဲပြားနေပြီး ကလေးသဘာဝနှင့် ကိုက်ညီသော ကစားနည်းများကို အခြေခံသောသင်ယူမှုအခွင့်အရေးများရရှိလာအောင် ဆောင်ရွက်ရန် လိုအပ်နေကြောင်း အထက်ပါစာတမ်းတွင် သုံးသပ်ထားသည်။

အာဆီယံနိုင်ငံများ၏ ပျမ်းမျှမူကြိုတက်နှုန်းသည် ၂၀၁၀ ပြည့်နှစ်တွင် ၅၇ ရာခိုင်နှုန်းရှိနေ၍ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်ယူမှုအခွင့်အလမ်းအလွန်နည်းပါးနေပြီး ရခိုင်ပြည်နယ်သည် ၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် မူကြိုတက်ရောက်နိုင်သော ကလေးငယ်အနည်းဆုံးဖြစ်နေကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများတွင် အသက်ငါးနှစ်ပြည့်ပြီးကလေးများ မသင်မနေရမူလတန်းကြို (KG) တန်းများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်သွားရန်စီစဉ်နေသည်။

မူလတန်းကြို (KG)တန်းတွင် ကလေးငယ်များအား အတန်းစာများဖြင့် အရေး၊ အဖတ်တတ်စေရန် သင်ကြားပေးမည်မဟုတ်ဘဲ ကလေးဖွံ့ဖြိုးမှုနှင့် သင့်လျော်သောလေ့ကျင့်မှုများနှင့် ကစားနည်းများဖြင့် ကလေးဗဟိုပြုသင်ကြား သင်ယူမှုဆောင်ရွက်သွားမည်ဟု ဆိုသည်။

# ဟောင်ကောင်တက္ကသိုလ်လေးခုတွင် ဘွဲ့ကြိုသင်တန်းပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၁၇**


မြန်မာနိုင်ငံမှကျောင်းသား၊ကျောင်းသူများအနေဖြင့် ဟောင်ကောင်တက္ကသိုလ်လေးခုမှ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို အောက်တိုဘာလ ၂၄ ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သပြေပညာရေးဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

City University of Hong Kong Institute of Education, The Hong Kong Polytechnic University နှင့် The University of Hong Kong တို့နှင့် မြန်မာကျောင်းသားများပညာသင်ယူနိုင်မည့်အစီအစဉ်များကိုအောက်တိုဘာလ ၈ရက်နှင့် ၁၅ရက်တို့တွင် ညနေ ၅နာရီမှ ၆နာရီအထိ ကမာရွတ်မြို့နယ်၊စံရိပ်ငြိမ် ၆လမ်းရှိသပြေပညာရေးဖောင်ဒေးရှင်းတွင် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

မြန်မာကျောင်းသားများအနေဖြင့် ယင်းတက္ကသိုလ်လေးခုတွင်ဘွဲ့သင်တန်းများတက်ရောက်နိုင်မည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုနေဖြင့် IELTS ရမှတ် ၆၊(သို့မဟုတ်)TOEFL ရမှတ် ၅၅၀ အနည်းဆုံးရရှိထားရမည်ဖြစ်သည်။

သပြေပညာရေးဖောင်ဒေးရှင်းသည်မြန်မာကျောင်းသားများအတွက် အွန်လိုင်းမှ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် ကူညီခြင်း၊အထောက်အထားလက်မှတ်များတင်ပြရာတွင် ပံ့ပိုးခြင်း၊ တက္ကသိုလ်မှ ဖုန်း(သို့မဟုတ်) လူချင်းတွေ့ဆုံအင်တာဗျူးရာတွင် စီမံပေးခြင်းနှင့် ဟောင်ကောင်၌ ပညာသင်ယူရာတွင်ပညာသင်ဆုရရှိရန်အရင်းအမြစ်ရှာဖွေပေးခြင်းတို့ကို ပံ့ပိုးကူညီလျက်ရှိကြောင်း သိရသည်။

ဟောင်ကောင်ဘွဲ့ကြိုသင်တန်းပညာသင်ဆုအစီအစဉ်ကို ၂၀၀၈ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာကျောင်းသား ၃၄ဦးအား ပညာသင်ဆုပေးအပ်ပြီးဖြစ်ကာ ဟောင်ကောင်တက္ကသိုလ်များ၌လက်ရှိတက်ရောက်နေသော မြန်မာကျောင်းသား ၂၀ ဦးရှိနေကြောင်း သပြေပညာရေးဖောင်ဒေးရှင်းမှသတင်းရရှိသည်။


Samsung GALAXY Tab3
Portable multimedia for precious moments
with 7-inch display
with 8-inch display
with 10.1-inch display
Story Album
Samsung GALAXY Tab3
• Super Slim Design
• WXGA Display
• S-Travel
• Dolby Surround
• Story Album
Samsung Customer Service Plaza : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – (၀၁) ၃၇၈ ၂၁၆၊ ၃၇၈ ၂၁၇
SAMSUNG Mobile Brand Shops :

# မလေးရှားသို့ လုပ်သားစေလွှတ်မှု ယာယီရပ်ဆိုင်းပြီးနောက် လုပ်သား ၆၀၀ သွားရောက်ခွင့်ပြု

**အေးမြတ်သူ**

**ရန်ကုန်၊ ဩဂုတ်-၁၉**

မလေးရှားနိုင်ငံသို့ လုပ်သားစေလွှတ်မှု ယာယီရပ်ဆိုင်းခဲ့ပြီးနောက် မြန်မာအလုပ်သမား ၆၀၀ ခန့်အား သွားရောက်လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ပြီးခဲ့သည့်မေလကုန်ပိုင်းက မလေးရှားနိုင်ငံအတွင်း မြန်မာအလုပ်သမားများ အကြမ်းဖက်ခံရမှုကြောင့် ဇွန် ၁၃ ရက်မှစ၍ ယာယီရပ်ဆိုင်းခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် ပြန်လည် စေလွှတ်ခွင့်ပြုခဲ့သည်။ သို့သော် စေလွှတ်မည့် အေဂျင်စီများအား ခံဝန်ကတိအချက်ကိုးချက်ဖြင့် သဘောတူလက်မှတ်ထိုးခိုင်းခဲ့ပြီး မလေးရှားနိုင်ငံသို့ လုပ်သားမစေလွှတ်မီ ဝန်ကြီးဌာနတွင် အလုပ်သမားများအား လုပ်ငန်းခွင် အကြိုသင်တန်းတက်ရောက်စေခဲ့ သည်။

"ကျွန်တော်တို့ဝန်ကြီးဌာနက သင်တန်းပေးတာ တက်ပြီးတဲ့ အလုပ်သမားဆိုရင် သွားဖို့ ခွင့်ပြုပြီးပြီလို့ ပြောလို့ရပါတယ်။ အေဂျင်စီတွေက စေလွှတ်တာ၊ မလွှတ်တာတော့ မသိဘူး။ သင်တန်းတက်ပြီးတဲ့သူကို သွားတဲ့သူလို့ သတ်မှတ်ပါတယ်။ စာရင်းကတော့ သင်တန်းတက်ပြီးသူ စာရင်းပဲ ယူထားတယ်"ဟု အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်ရန် အလုပ်ခေါ်စာ ၃၀၀ ကျော်အား ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားပြီး ၎င်းတို့အနက် အလုပ်သမား ၆၀၀ ခန့်မှာ လုပ်ငန်းခွင်အကြိုသင်တန်း တက်ရောက်ပြီးဖြစ်သည်။



ဓာတ်ပုံ-straitstimes

ထို့အပြင် မလေးရှားနိုင်ငံအတွင်း အကြမ်းဖက်ခံရမှုကြောင့် နေရပ်သို့ ပြန်လာသည့် မြန်မာအလုပ်သမား ၃၀၀၀ နှင့်အထက်ရှိပြီး မလေးရှားပြန် မြန်မာအလုပ်သမားများအတွက် ဝန်ကြီးဌာနက အလုပ်အကိုင် ရှာဖွေပေးလျက်ရှိရာ ဇွန် ၁၉ ရက်မှစ၍ ဩဂုတ်လ ၁၆ ရက်အထိ အလုပ်သမား ၁,၀၁၉ ဦး အလုပ်အကိုင်ရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

EASIA TRAVEL, MYANMAR
- Sales (5)Posts
- Chief Accountant (1)Post
Good Command of English.
Email: jasmine@easia-travel.com
Ph: 09-5053460

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Manager (1) Post
2. Marketing Executive (5) Posts

PH: 09 73198266

-------------------------------

**အလိုရှိသည်**

ဂိုဒေါင်စာရေးအကူ ကျား (၅) ဦး
အမှတ်(၄၇၁)၊ ပြည်လမ်း၊ နာနတ်တောမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်။
ဖုန်း- ၀၉ ၇၃ ၂၄ ၂၂၈၀

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော်၊ စက်ဆွဲ ကျွမ်းကျင် မ (၂) ဦး
၂။ ပညာသင်ဝန်ထမ်း မ (၂) ဦး
ဖုန်း- ၀၉ ၅၀၈၀၁၄ ၂၈

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် ကျား/မ (၂) ဦး
၂။ အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
၃။ Marketing ရုံးထိုင် ကျား/မ (၂) ဦး
၄။ ယာဉ်မောင်း ကျား (၂) ဦး
ဖုန်း- ၀၁ ၂၃၀၄၃၄၄

-------------------------------

**အလိုရှိသည်**

1. BE(electrical Power) ကျား (၂) ဦး
2. B-Tech (EP) ကျား (၃) ဦး
3. Training ကျား (၂၀) ဦး
4. ရုံးဝန်ထမ်း မ (၂) ဦး
ဖုန်း- ၀၁ ၃၉၁၇၅၆

-------------------------------

**အလိုရှိသည်**

Sale & Marketing(Furniture/ Curtain) မ (၅) ဦး
အမှတ်-၁၅ (A/5)၊ ပြည်လမ်း၊ အေဝမ်း/၉မိုင်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း- ၀၉ ၄၃ ၂၀၅၀၁၈

-------------------------------

**LOGIMEDIA**

Logistics Media Services Co.,Ltd
1. Marketing Executive M/F (5)
2. Web Designer M/F (2)
3. Web Developer M/F (2)
4. Driver M (1)
5. သန့်ရှင်းရေးဝန်ထမ်း F (1)

ဖုန်း- ၀၁ ၅၅၄၇၇၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အထည်အရောင်းဝန်ထမ်း မ (၇) ဦး
အမှတ်-(၃၈၅၊ ၃၈၉)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ Global Tower (12)လွှာ၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၁ ၃၉၁၇၅၆

-------------------------------

**အမြန်အလိုရှိသည်**

၁။ မြေတူးလုပ်ငန်း
၂။ ပန်းရံလုပ်ငန်း
၃။ လက်သမားလုပ်ငန်း
၄။ သံချိ၊ သံကွေးလုပ်ငန်း
၅။ ဆေးသုတ်လုပ်ငန်း
၆။ အလူမီနီယံလုပ်ငန်း
ဖုန်း- ၀၁ ၃၇၇၈၉၃

**ABG Travel**

1. Sales & Reservation M/F (1) Post
2. Ticketing Operator M/F (1) Post
3. Tour Operator(Inbound) M/F (1) Post
4. Operation Manager M/F (1) Post

enquiry@abgtourism.com

-------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့် နားလည်သူ မ (၁)ဦး။
ဖုန်း-၀၁ ၆၆၀၁၆၃

-------------------------------

**အလိုရှိသည်**

Phone Soft ware and Hard ware ပြုပြင်ကျွမ်းကျင်အလိုရှိသည်။
ဖုန်း- ၀၉ ၄၂၀ ၂၀၁၉၉၄

-------------------------------

**မင်းဇာနည်ကုမ္ပဏီလီမိတက် (ပေလီဟိုတယ်)**

1. Accountant F(1) Post
2. Reservation Manager F (1) Post
3. Chief Engineer M (1) Post
4. Housekeeping Manager M/F (1) Post
5. Restaurant Manager M/F (1) Post

PH: 951-684181

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Manager (1) Post
2. Marketing Executive (5) Posts

PH: 09 73198266

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ မန်နေဂျာ ကျား (၁) ဦး
၂။ Sewing Supervisor ကျား/မ (၃) ဦး
၃။ ရုံးဝန်ထမ်း ကျား/မ (၃) ဦး
ဖုန်း-၀၉ ၄၂၁၁၃၉၄၃၁

ဝန်ထမ်းအလိုရှိသည်

အထည်ချုပ်ရုံ(သို့)တစ်ဦးချင်း အပ်ချုပ်သမား၊ အထည်ညှပ်သမား (၁)ဦး၊ လစာငွေကျပ် ၁၅၀,၀၀၀၊ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။ ပ-၂၁၁၊ ပထမထပ်၊ မင်္ဂလာဈေး။
ဖုန်း-၀၉-၇၃၀၄၃၁၅၈

-------------------------------

DIAMOND CROWN HOTEL

Accountant,Receptionist, Reception, Cashier,Chef,House Keeping incharge, Room Attendant,Bell Captain, Bellboy, Floor Supervisor.

PH: 09 73131358

-------------------------------

**Bio-essence cosmetic** တွင် တာဝန်ထမ်းဆောင်ရန် cosmetic လုပ်ငန်းအတွေ့အကြုံရှိ Supervisor (မ) တစ်ဦးအလိုရှိသည်။ အမှတ်(၁၉/၈၄)၊ ၃၂ လမ်း (၇၅-၇၆)လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၂-၆၉၈၆၁

**အက်ဒမန်စားသောက်ဆိုင်**

၁။ မန်နေဂျာ (၁)
၂။ ငွေစာရင်းကိုင် (၂)
၃။ ထိုင်းစားဖိုမှူး (၂)
၄။ စည်ကိုင် (၂)
၅။ စားပွဲထိုး (၅)
ဖုန်း- ၀၉ ၅၀၇၅၂၈

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အိုင်တီကွန်ပျူတာသင်တန်းကျောင်းတွင် လုပ်ကိုင်နိုင်ရန်အတွက် A+ Hardware, Network Engineering (ကျား/မ-၆ဦး)၊ Mobile Phone Software Technician(ကျား/မ-၄ဦး)၊ Android OS & IOS ကျွမ်းကျင်စွာသင်နိုင်သူ။ အမှတ်(၃၅၆)၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်း။
ဖုန်း-၂၅၃၂၉၃

-------------------------------

**Yadanarbon Fibre Co.,Ltd.** Security Solution System Installation လုပ်ငန်းများ၊ PABX System Installation လုပ်ငန်းများနှင့် Network System များတွင် ကျွမ်းကျင်အင်ဂျင်နီယာများနှင့် တွဲဖက်လုပ်ကိုင်ရန်အတွက် ဝန်ထမ်း ကျား(၁၅) ဦး အလိုရှိသည်။
ဖုန်း-၀၁-၆၅၅၇၇၈

-------------------------------

NIBBAN ELECTRIC & ELECTRONICS

1. Sales & Marketing Manager M/F (1)
2. Chief Auditor M/F (1)
3. Service Manager M (1)
4. Service Engineer M (2)

PH: 01 389523

-------------------------------

PINK LOTUS

1. Tour Operation and Sale (1) Post
2. Reservation Staff (1) Post

38th St, Zay Plaza 1st Floor, Kyauktada Tsp. PH: 01 377693

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Thai Translator F (2) Posts
2. Media Buyer F (6) Posts
3. General Worker M (2) Posts
4. Operation Staff M/F (2) Posts
5. Event Planner M/F (2) Posts
6. PR staff F (2)Posts
7. Accountant F (1) Post

PH: 01 505724

-------------------------------

**ဟိုတယ်ရွှေဂုံတိုင်**

1. Sale & Marketing (1) Post
2. BBQ အသားကင်ဆရာ (2) Posts
3. Room Attendant M (2) Posts
4. သန့်ရှင်းရေး ကျား/မ (၅) ဦး

ဖုန်း- ၀၁ ၅၅၂၅၈၃

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

IT ကျား (၂)ဦး
ဖုန်း- ၀၁ ၆၅၄၆၄၆

**ဝန်ထမ်းအလိုရှိသည်**

Control/Admin Manager (1) Post
Mercury Rays,အမှတ် (၃၉)၊ အမှတ် (၃) လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၆၃၈၃၁၀

-------------------------------

PINK LOTUS

1. Tour Operation and Sale (1) Post
2. Reservation Staff (1) Post

38th,St Zay Plaza 1st Floor,Kyauktada Tsp.
PH: 01 377693

-------------------------------

Vacancy Annoumcement

1.Access Control Installation Engineer M (4) Posts
2. Techanical Sales M (6) Posts
3. Business Development Supervisor F (4) Posts
4. Marketing Executive F (3) Posts
5. Accountant F (2) Posts

PH: 01 515006

-------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# မအအောင်သင်တဲ့ သမိုင်းကို မရိုင်းအောင် ဖန်တီးကြစို့

**အောင်သိဒ္ဓိ**




ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် သမိုင်း ဖခင်ကြီးဒေါက်တာသန်းထွန်း မကွယ်လွန်မီက ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ဘူးတဲ့ စစ်တွေတက္ကသိုလ်ကို ခေတ္တခဏ ရောက်လာခဲ့ပါတယ်။ သူ့ရဲ့ ပထမ ဆုံးပါရဂူ(Ph.D)ကျောင်းသားဖြစ်တဲ့ (ယခုဒေါက်တာ ကျော်ဝင်းဦး)ရဲ့ သုတေသန ခရီးစဉ်ကို ကြီးကြပ်သူအဖြစ် လိုက်ပါလာတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်ကပါ။ အဲဒီအချိန်ကတည်းက ဆရာဟာ အသက်အရွယ်အိုမင်းကြီးရင့်နေပေမယ့် ရည်မှန်းထားတဲ့ အလုပ်တစ်ခုအတွက် ဖွဲလုံ့လကြီးကြီးနဲ့ မဖြစ်မနေ လုပ်တတ်သူတစ်ဦးဖြစ်ကြောင်း သိခဲ့ရပါတယ်။

သူတို့ဆရာတပည့်နှစ်ဦးရဲ့ မြောက်ဦးကွင်းဆင်းသုတေသနခရီးစဉ်က အခက်အခဲများစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဟိုတစ်ချိန်က အခုလိုလမ်းပန်းဆက်သွယ်ရေးက မတိုးတက်သေးတော့ စစ်တွေမှ မြောက်ဦးထွက်မယ့် သင်္ဘောခရီးစဉ်မှာ အတော်လေး အဆင်မပြေဖြစ်ခဲ့ရပါတယ်။ ဆရာတို့စီးနင်းလိုက်ပါရမယ့် စစ်တွေ-မြောက်ဦးသင်္ဘောဟာ ခရီးသည်တွေ အဆမတန် ပြည့်ကျပ်ညပ်သိပ်နေပြီး ထိုင်စရာ နေရာတစ်နေရာစာအတွက်တောင် သိပ်မလွယ်ခဲ့ပါဘူး။

ဆရာ့အသက်အရွယ်ကို ငဲ့ပြီး ကျွန်တော်တို့က ခရီးစဉ်ကို ရက်ရွှေ့ဆိုင်းချင်ပေမယ့် ဆရာကတော့ "ငါမတ်တတ်ရပ်လည်း လိုက်လို့ ရတယ်ကွ။ အရေးကြီးတာက ဒီနေ့ မြောက်ဦးကို ရောက်ဖို့ပဲ"လို့သာ တွင်တွင်ပြောနေခဲ့ပါတယ်။ ကျွန်တော်တို့လည်း ဆရာ့ဆန္ဒပြည့်ဝအောင် သင်္ဘောက တာဝန်ရှိသူကို အကျိုးအကြောင်း ပြောပြီး အကူအညီတောင်းခဲ့ရပါတယ်။ သူတို့ အကူအညီနဲ့ ဆရာ့အတွက် ကုလားထိုင်တစ်လုံး စီစဉ်ပေးနိုင်ခဲ့ပါတယ်။ ဆရာကတော့ ဘယ်လောက်ခက်ခဲပါစေ၊ သူ့ခရီးစဉ်ဇယား(Tour Programme) ကို အပျက်မခံခဲ့ပါဘူး။

အဲဒီခရီးစဉ်အတွင်း ဆရာ စစ်တွေက မပြန်မီတစ်နေ့မှာကျွန်တော်တာဝန်အရ နေခွင့်ရတဲ့ ဆုမေတိုက်ခန်းမှာ ဆရာတို့ ဆရာတပည့်နှစ်ဦး တစ်ညတည်းခိုခဲ့ပါသေးတယ်။ ပညာရှင်ဆိုတော့လည်း ရောက်တဲ့အရပ်မှာနားနားနေနေနေရတယ် မရှိပါဘူး။ စစ်တွေမှာရှိတဲ့ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့က ပညာရှင်တွေ၊ စာရေး ဆရာတွေ လာရောက်ပြီး ဆရာနဲ့ ဆွေးနွေးမေးမြန်းတာတွေ ရှိနေလို့အတော်လေးညဥ့်နက်မှပဲဆရာအိပ်စက်အနားယူနိုင်ပါတော့တယ်။

အဲဒီ့ညက အမှတ်တရအဖြစ် ကျွန်တော့်အတွက် အော်တိုရေးပေးဖို့ ဆရာ့ကိုတောင်းဆိုခဲ့ပါတယ်။ ဆရာဟာ ကျွန်တော့်အတွက် အော်တိုကို ကျွန်တော့်မှတ်စုစာအုပ်လေးထဲမှာ မဆိုင်းမတွ ရေးပေးခဲ့ပါတယ်။ ဆရာ့အကြောင်း စဉ်းစားလိုက်တိုင်း အဲဒီညက အဖြစ်အပျက်ဟာ ကျွန်တော့်ရင်ထဲမှာ ယခုတိုင်စွဲထင်ကျန်နေဆဲပါ။ အားလုံးသိနိုင်ဖို့အတွက် ဆရာရေးပေးခဲ့တဲ့ အမှတ်တရ အော်တိုစာတန်းလေးကို သူ့မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ပါတယ်။

"ကြိုးစားရင် ဘုရားဖြစ်တယ်ဆိုပေမယ့် လူတိုင်းအတွက်ပြောတဲ့စကား မဟုတ်ပါ။ လူတိုင်းအဖို့မှာတော့ ဖွဲ၊ လုံ့လ၊ ဝီရိယ အရင်းခံအားထုတ်မှ ဖြစ်နိုင်မှာပါ။ ဒီ လို အားထုတ်ရာမှာ ရည်ရွယ်ချက်ပေါက်အောင် မဖြစ်မနေ အားထုတ်ဖို့ လိုပါတယ်။ ဘယ်လောက်ခက်ခဲပါစေ မဖြစ်မနေ၊ မဖြစ်မနေလုပ်ဖို့ တိုက်တွန်းချင်ပါတယ်။

သန်းထွန်း

ဆရာဟာ သူ့ရဲ့ အော်တိုစာတန်းလေးထဲကအတိုင်း သူ့ဘဝကို တည်ဆောက်ခဲ့သူပါ။ တပည့်တွေကို သူ့လိုဖြစ်စေချင်တဲ့ ဆန္ဒနဲ့ ရေးပေးခဲ့တာလို့ ထင်ပါတယ်။ တစ်စုံတစ်ယောက်ဟာ မိမိရည်မှန်းထားတဲ့ ပန်းတိုင်ကို ရောက်ဖို့အတွက် ဖွဲသန်သန်နဲ့ မဖြစ်မနေကြိုးစားဖို့ လိုအပ်ကြောင်း ဆရာက လမ်းညွှန်းပေးခဲ့တာပါ။

ဒီဆောင်းပါးမှာ အဓိကပြောလိုတာက ဆရာရဲ့သမိုင်းဝင်စကားတစ်ခွန်းအကြောင်းပါ။ "မအအောင် သမိုင်းသင်တာ"ဆိုတဲ့စကားပါပဲ။ ဆရာပြောခဲ့တဲ့ မအအောင်သင်တဲ့ သမိုင်းကို မရိုင်းအောင် ဖန်တီးကြဖို့လည်း အမှန်ပဲလိုအပ်တယ်ဆိုတာ အထူးပြောစရာလိုမယ်မထင်ဘူး။ အမှန်တော့ သမိုင်းရဲ့ အကောင်း၊ အဆိုးကို အဓိကဖန်တီးသူဟာ လူပဲဖြစ်ပါတယ်။ အမြော်အမြင်ကြီးမားပြီး မိမိတိုင်းပြည်နဲ့ မိမိလူမျိုးရဲ့ ကောင်းရာ ကောင်းကျိုးကို မျှော်လင့်တန်ဖိုး ထားကြတဲ့ ခေါင်းဆောင်ကြီးတွေ၊နိုင်ငံသားတွေက သမိုင်းကို ကောင်းအောင် ဖန်တီးခဲ့သလို အဆိုးမြင်လက်တစ်ဆုပ်စာ၊ ကိုယ်ကျိုးရှာဝိသမလောဘသား လူတစ်စုကသမိုင်းကို ရိုင်းအောင် ဖန်တီးခဲ့ကြပါတယ်။

လူတိုင်းဟာ မိမိကိုယ်ကိုယ် သတိထားဆင်ခြင်ပြီး အတိတ်ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးရပ်ဆက်စပ်ဖြစ်ပေါ်နေတဲ့ လူ့သမိုင်းကို မရိုင်းအောင် ဖန်တီးနိုင်ဖို့ အရေးကြီးကြောင်း ပြောလိုရင်းပါ။ "ကိုယ့်သမိုင်းကိုယ်ရေး"ဆိုတဲ့ စကားကို ဒီခေတ်မှာ တွင်တွင်ကြီး သုံးနေကြပါတယ်။ ဒါဟာဘာကိုပြနေသလဲဆိုတော့လူတိုင်းဟာမိမိကသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သမိုင်းနဲ့ မကင်းဘူးဆိုတာပါ။

ဒီခေတ်မှာ အရာရာကို ပွင့်လင်းမြင်သာမှု ရှိရမယ်ဆိုတဲ့ အသိတရား(Knowledge)က ရှေ့တန်းမှာနေရာယူနေပါတယ်။ ဒါဟာလည်း တစ်ချိန်က သူတို့ မလိုလားတဲ့၊ လူအများကိုမသိစေချင်တဲ့ ဖြစ်ရပ်မှန်သမိုင်း (Real History) ကို ဖုံးကွယ်ထားခဲ့ကြတဲ့ လူတစ်စုရဲ့ မှားယွင်းတဲ့ လုပ်ရပ်တွေကြောင့် ရရှိလာတဲ့ သမိုင်းသင်ခန်းစာဆိုလည်း မမှားပါဘူး။ အရာရာမှာ ပွင့်လင်းမြင်သာမှုရှိမှလည်း ပြည်သူတွေအတွက် အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်ပြီး ကောင်းမွန်တဲ့ ရလဒ်ကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ မလိုလားအပ်တဲ့ သံသယစိတ်ကိုလည်း အလွယ်တကူ ဖယ်ရှားနိုင်ပါဖြစ်ပါတယ်။

ပွင့်လင်းမြင်သာမှုနဲ့အတူ သမိုင်းကို ဖျောက်ဖျက်လို့ မရဘူးဆိုတဲ့ အချက်ဟာလည်း ပိုပြီးထင်ရှားလာနေပါတယ်။ သမိုင်းအမှန်ကို ဘယ်လိုပင် ထိမ်ချန်ထားခဲ့ကြပေမယ့် တစ်နေ့မှာ အမှန်တရားဟာ ထင်ထင်ရှားရှားကြီး ဘွားခနဲ ပေါ်လာတော့တာပါပဲ။ ဒီနေ့ခေတ်ရဲ့ သမိုင်းစာမျက်နှာမှာ ဖြစ်ရပ်မှန် သမိုင်းသက်သေတွေ အခက်တဝေဝေနဲ့ ပေါ်ထွက်နေတယ်လို့တောင် ပြောလိုက်ချင်ပါတယ်။

ဒါကြောင့် ကိုယ့်သမိုင်းကိုယ်ရေးတယ်ဆိုတဲ့ နေရာမှာ တင့်တယ်ဂုဏ်ကြွ၊မလှပချင်နေပါစေ။ အကျည်းတန် အရုပ်မဆိုးစေတဲ့ ကြည့်ပျော် ရှုပျော်အနေတော်ကလေးလောက်ဖြစ်အောင်တော့ ရေးသင့်၊ဖန်တီးသင့်ကြတယ်ပေါ့။ ရှိပြီးသား အတိတ်သမိုင်းရဲ့ ကောင်းခြင်း၊ မကောင်းခြင်း ဆိုတာကို ဘယ်လိုမှ ဖျောက်ဖျက်ပြုပြင်လို့မရနိုင်တော့ပေမယ့် နောင်ဖြစ်လာမယ့် အနာဂတ်သမိုင်းရဲ့ ပုံရိပ်(Image)ကိုတော့အကောင်း၊ အဆိုး လိုရာဖန်တီးလို့ ရနိုင်သေးတယ်ဆိုတဲ့ အချက်ကို လူတိုင်း သတိပြုဆင်ခြင်သင့်ပါတယ်။။

မေတ္တာရှင် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီက အိန္ဒိယရဲ့ လှပတဲ့သမိုင်းကို ထုဆစ်ခဲ့ပေမယ့် အစွန်းရောက်လူမျိုးစွဲဝါဒီဂတ်ဆေးက အရိုင်းပုံရိပ်ကို တံဆိပ်ခတ်ခဲ့တယ် မဟုတ်ပါလား။ ဒီလိုပဲ ကြမ်းတမ်းလှတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ တောင်မြောက်မညီညတ်မှုသမိုင်းကို သမ္မတကြီး အီဗရာဟင်လင်ကွန်းကအဆင်ပြေချောမွေ့အောင် ဖန်တီးပုံဖော်ခဲ့ပေမယ့် တရားမျှတမှု၊လူသားချင်းစာနာမှုကိုမလိုလားတဲ့လူတစ်စုက အမေရိကန်သမိုင်းကိုအရိုင်းဘက်ဦးတည်စေခဲ့တယ်လေ။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို အကောင်းဆုံးဖြစ်အောင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဖန်တီးခဲ့ပေမယ့် နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောနဲ့ အပေါင်းပါတစ်စုက အရုပ်ဆိုးအကျည်းတန်လှတဲ့ သွေးစွန်းတဲ့ သမိုင်းကို ဖန်တီးခဲ့ကြတယ် မဟုတ်ပါလား။

ဒီလိုပဲ မဆုံးနိုင်တဲ့ သံသရာခရီးရှည် လူ့သမိုင်းစဉ်ကြီး တစ်လျှောက်လုံးမှာ မြင့်မြတ်သူတို့က သမိုင်းကို ကောင်းအောင်ဖန်တီးခြင်းနဲ့အတူ ယုတ်နိမ့်သူတို့က သမိုင်းကို ဖျက်ဆီးခြင်းဟာလည်း ရှိနေဦးမယ်ဆိုတာ စဉ်းစားသင့်တဲ့ အရာပါပဲ။

ဒါကြောင့် ဆရာကြီး ဒေါက်တာသန်းထွန်းပြောခဲ့တဲ့ "မအအောင်သင်တဲ့ သမိုင်းကို မရိုင်းအောင်ဖန်တီးကြပါ"လို့ ပြောရင်းဖြင့်. . . . . ။ ။

**Maries Stopes International Myanmar**
**မော်တော်ဆိုင်ကယ် ချိတ်ပိတ်တင်ဒါသက်တမ်းတိုးခြင်း**
မာရီစတုပ်အင်တာနေရှင်နယ်(မြန်မာ)မှ ၂၄. ၇. ၂၀၁၃ ရက်စွဲပါ 7Day News ဂျာနယ်တွင် ထည့်သွင်းကြော်ငြာထားသော မော်တော်ဆိုင်ကယ်ချိတ်ပိတ်တင်ဒါအား ယခုကြော်ငြာစာပါသည့်နေ့မှ သက်တမ်း(၇)ရက်တာကာလအထိ သက်တမ်းတိုးမြင့်ခြင်း။
တင်ဒါခေါ်ယူလိုသောပစ္စည်းမှာ
Motorcycle(SUZUKI SMASH,2013 model) ၁၀ စီး
Motorcycle (YAHAMA CRYPTON) ၉ စီး
အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်းစုံစမ်းမေးမြန်းနိုင်ပါသည်။
ရန်ကုန်- အမှတ်(၅၂၄/၁၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၄၄၂၃၊ ၇၀၅၆၅၇၊ ၀၉-၄၃၀၆၄၈၃၀၊ ၀၉-၄၂၀၅၆၉၁၁

**International Language & Business Centre**
No.34, Lay Daunt Kan Road, Tamwe Township, Yangon.
Ph: 545720 - Ext: 28, 556298
**ILBC Music Department** အတွက်အောက်ပါအရည်အချင်းများဖြင့် ပြည့်စုံသော **Music Teacher** များလိုအပ်လျက်ရှိပါသည်။
- ကျား (သို့) မ
- အသက် ၂၀ မှ ၄၀ အတွင်းရှိသူများ
- အနည်းဆုံးတက္ကသိုလ်တစ်ခုခုမှဘွဲ့ရများ
- အင်္ဂလိပ်ဘာသာဖြင့် သင်ကြားနိုင်သူများ
- ဂီတအမျိုးအစားတစ်ခုခုကို တတ်ကျွမ်းပြီးပြန်လည်ပို့ချနိုင်သူများ
- ဂီတပညာနှင့်ပတ်သက်၍ အသိအမှတ်ပြုလက်မှတ်တစ်ခုခုရရှိပြီးသူများ
- နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မြိတ်၊ လားရှိုး၊ မြစ်ကြီးနား **ILBC** များတွင် တာဝန်ထမ်းဆောင်နိုင်သူများ
- စိတ်ပါဝင်စားသူများသည် အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊တာမွေမြို့နယ်ရှိ - **ILBC HR Department** သို့ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ဩဂုတ်လ (၃၁) ရက် နောက်ဆုံးထား၍လာရောက်လျှောက်ထားနိုင်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# Commodity Watch

## ကြွေးကျန်ရှိသည့် မွေးမြူရေး လုပ်ငန်းများကို တရားစွဲရခြင်းမှာ လွှတ်တော်မှတ်ချက်ကြောင့်ဟုဆို



**အောင်သူရ၊ သန်းဌေး**

**ရန်ကုန်**- ကြွေးကျန်ရှိသော မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပတ်သက်၍ ပြီးပြောက်အောင်ဆောင်ရွက်ပါဟု လွှတ်တော်က မှတ်ချက်ပြုလာခြင်းကြောင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကပြောသည်။

"ဒီကြွေးတွေနဲ့ပတ်သက်လို့ ဆွေးနွေးတဲ့အခါမှာ ပြည်သူ့ဘဏ္ဍာဖြစ်တဲ့အတွက် လျှော်ပေးလို့မရဘူး။ ပြီးပြောက်အောင်ဆောင်ရွက်ပါလို့ မှတ်ချက်ပေးပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကပြောသည်။

မွေးမြူရေးလုပ်ငန်းရှင်များထံမှ အကြွေးရရှိရန်ကျပ်သန်းပေါင်းနှစ်သောင်းရှစ်ထောင်ကျော်ကို ဩဂုတ် ၁၅ ရက် နောက်ဆုံးထားပေးသွင်းရန် သတ်မှတ်ခဲ့ပြီး ပျက်ကွက်သူများအား တည်ဆဲဥပဒေအရ အရေးယူမည်ဟု ဝန်ကြီးကပြောဆို သည်။

"မဆပ်ချင်လို့ မဆပ်တာ မဟုတ်ဘဲ ဌာနကို မြေပဲဖတ်ပေးသွင်းဖို့ ကြိုယူထားတဲ့ ငွေတွေက ငွေရှင်အဖြစ်လည်ပတ်နေတာပါ" ဟု ရေဝတီမြေပဲဆီစက်ပိုင်ရှင် ဦးခင်စိုးကပြောသည်။

ထို့အပြင် ငါးအစာဖိုး ကျပ်သန်း သုံးရာကိုးဆယ်ကျော်ပေးဆပ်ရန်ရှိသည့် ထန်းတပင်မြို့နယ်ပန်းတိုင်ကျေးရွာမှ ငါးမွေးမြူသူ ဦးတင်စိုးက "တစ်နှစ်မြတ်နိုးမြတ်နိုးရဲ့ မြတ်မယ်ထင်ပြီး ဆက်လုပ်လာတာကနေ ဒီအခြေအနေမျိုးရောက်လာခဲ့တာပါ"ဟု ဆိုသည်။

## ဆရာဝန်အသင်း အဆောက်အအုံသစ် ဆောက်လုပ်ရန်ကိစ္စ ဆန္ဒကောက်ခံမှုရွှေ့ဆိုင်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၁၇**

အငြင်းပွားမှုများဖြစ်ပွားနေသည့် မြန်မာနိုင်ငံဆရာဝန်အသင်းနေရာတွင် အဆောက်အအုံသစ်ဆောက်လုပ်မည့် ဆန္ဒသဘောထားကောက်ခံမှုကို ၂၀၁၄ခုနှစ်အသင်းညီလာခံမှသာ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သတင်းရရှိသည်။

ဆရာဝန်အသင်း၏ မြေနေရာတွင် နိုင်ငံခြားကုမ္ပဏီနှင့် BOT စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) မှ အကျိုးစီးပွားထိန်းသိမ်းရေး ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ဆုံးဖြတ်ခဲ့သည်။

သို့သော်တစ်ဖက်တွင်လည်း အဆောက်အအုံဆောက်လုပ်ရေးကိုကန့်ကွက်သည့်အထူးကုဆရာဝန်များ၊ ပါမောက္ခဆရာဝန်ကြီးများပါဝင်သည့်မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံနှင့် မြေနေရာကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းထား၍ အဆောက်အအုံဆောက်လုပ်ရန် ကန့်ကွက်မှုများ ရှိသဖြင့် အသင်း(ဗဟို)မှ ဇူလိုင်လအတွင်းက အများစုဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ထားခဲ့သည်။

"ဆန္ဒကောက်ခံတာကိုတော့ လတ်တလောရွှေ့ထားတယ်။ ဒီအချိန်တွင်းမှာ ဆွေးနွေးမှုတွေတော့ လုပ်မှာပါ" ဟု မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ အုပ်ချုပ်ရေးအမှုဆောင် ဒေါက်တာတင်အေးက ပြောသည်။

ကန့်ကွက်သည့်ကော်မတီကလည်း အဆောက်အအုံဆောက်လုပ်မှု ဆက်လက်ဆောင်ရွက်ပါက အသင်း၏ လက်ရှိတာဝန်ရှိသူများကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 500,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများ- ဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 5 (16 GB) | 610,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

ဩဂုတ်(၁၇)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 185,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (AAဗီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၇)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၈၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၅၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၅၀၀-၃,၉၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဩဂုတ်(၁၇)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(4) | 815 | 930 | 930 | 940 |
| Aug(5) | 815 | 930 | 930 | 940 |
| Aug(6) | 815 | 930 | 930 | 940 |
| Aug(7) | 815 | 930 | 930 | 940 |
| Aug(8) | 815 | 930 | 930 | 940 |
| Aug(9) | 815 | 930 | 930 | 940 |
| Aug(10) | 815 | 930 | 930 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုအနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 547,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB SSD,HD, 15.6" | 559,000 |
| Intel Core i5 2.5 GHz,2GB DDR3, 500GB HDD,1GB VGA,14" | 619,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750 GB HDD, 17.3" | 1,131,000 |
| **ASUS** | |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD,14" | 486,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, HD,14" | 603,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 750GB HDD, HD,14" | 599,000 |
| Intel Core i7 2.4 GHz,16GB DDR3, 1TB HDD, 15.6" | 1,607,000 |
| **Acer** | |
| Intel Core i3 1.9 GHz, 4GB DDR3, 500GB HDD, 14" | 544,000 |
| Intel Core i5 1.4 GHz, 2GB DDR3,60GB SSD, HD, 11.6" | 710,000 |
| Intel Core i5 1.8GHz, 4GB DDR3, 500GD HDD, 14" | 622,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 778,000 |

7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# ''မြန်မာ့ဆန်ဈေးကွက် ပိုပြီးဂရုစိုက်ရမှာက အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်တို့ပဲ''

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း

**အောင်သူရ၊ ပြည့်သိမ်း**

လက်ရှိပြည်တွင်း ဆန်ဈေးနှုန်းမှာ နှစ်ပေါင်း ၂၅ နှစ်အတွင်း အမြင့်ဆုံး အနေအထား ဖြစ်နေသည်။ နာဂစ်ဖြစ်သောနှစ်က ဆန်တစ်အိတ်လျှင် ကျပ်နှစ်သောင်းခန့်ဖြစ်ခဲ့ပြီးနောက်ပိုင်း ယခုဈေးကွက်တွင်ဖြစ်နေသောညှော်မထအပ်စုဝင်ဆန်တစ်အိတ်အတွက် ၁၈,၀၀၀ ကျပ်ဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်သည်။ ထိုသို့အမြင့်ဆုံး ဖြစ်နေချိန်တွင် မြန်မာအိမ်နီးချင်း တရုတ်နိုင်ငံကလည်း ဆန်တန်ချိန် လေးသန်းဝယ်ယူမည်ဟု သတင်းထုတ်ပြန်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဆန်စပါးဈေးကွက် အခြေအနေအား သိရှိနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များထဲမှ ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**ဘာကြောင့် ဒီနှစ်မှာ ဆန်ဈေးတက်နေတာပါလဲ။**

ဆန်ဈေးတက်တာမပြောခင်မှာ အရင်ဆုံးဆန်စပါးဈေးကွက်ကို နည်းနည်းလေးရှင်းပြချင်ပါတယ်။ ဆန်စပါးဈေးကွက်ရဲ့သဘောက အရမ်းကိုထိလွယ်ရှလွယ်ဖြစ်တဲ့ဈေးကွက်ဖြစ်တဲ့အပြင်ကိုပေါ်လစီတွေရဲ့ သက်ရောက်မှုတွေကို အရမ်းခံရတဲ့ဈေးကွက်။ မြန်မာနိုင်ငံမှာ လက်ရှိလုပ်ကိုင်နေတဲ့ဆင်းရဲမွဲ တေမှုလျှော့ချရေးအဲဒါတွေနဲ့ပတ်သက်ပြီး ပေါ်လစီတွေရဲ့ပြုပြင်ပြောင်းလဲမှုကိုလည်း ခံရတယ်။ စားသုံးသူအများစုက ဆင်းရဲတဲ့သူတွေဖြစ်တယ်။ တစ်ဖက်ကထုတ်လုပ်သူတွေဘက်က ဆန်ဈေးနှုန်းကိုကောင်းကောင်းရဖို့လိုတဲ့အခါမှာ စားသုံးသူတွေ ဈေးနှုန်းများများမပေးနိုင်ဘူး။ ဈေးနှုန်းများများ မပေးနိုင်တဲ့စားသုံးသူတွေရဲ့ သဘောသဘာဝနဲ့ဈေးနှုန်းများများလိုချင်တဲ့ထုတ်လုပ်သူတွေရဲ့သဘောသဘာဝဝယ်လိုအားနဲ့ ရောင်းလိုအားနှစ်ခု အပေါ်မှာသက်ရောက်မှုရှိတဲ့ပေါ်လစီတွေရဲ့လွှမ်းမိုးမှုက ဆန်စပါးဈေးကွက်မှာဒဏ်ခံရ တယ်။မြန်မာနိုင်ငံရဲ့အနေအထားကိုပြန်ကြည့်မယ်ဆိုရင် ၂၀၀၃-၂၀၀၄ ဆန်စပါးဈေးကွက်ကို လုံးဝလွတ်လပ်ခွင့်ပေးလိုက်တယ်လို့ ကြေညာပေမဲ့လည်း တကယ်တမ်းမှာ ကုမ္ပဏီလေး၊ ငါးခုပဲလုပ်ခဲ့ပြီးတော့ ၂၀၁၀ မှာစပြီး ကုမ္ပဏီ လေးဆယ်၊ ငါးဆယ်လောက်ရှိလာမယ်။ ၂၀၁၂ မှာ ကုမ္ပဏီနှစ်ရာလောက် လုပ်လာတဲ့အနေအထားထိပြောင်းလဲလာတယ်။

ဒီကုမ္ပဏီတွေ ဆန်စပါးလုပ်ငန်းကို လုပ်လာတဲ့နေရာမှာ ပေါ်လစီဒဏ်ကို ခံရတယ်။ လတ်တလောသက်ရောက်နေတဲ့ ပေါ်လစီကို ပြောရင် လွှတ်တော်ကဆောင်ရွက်နေတဲ့တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေမူကြမ်းပေါ့။ ဒါနဲ့ပတ်သက်ပြီး ဈေးကွက်စိုးရိမ်မှုတွေရှိတယ်။ အနိမ့်ဆုံး အာမခံဈေးနှုန်း လုပ်မှာလား၊ မလုပ်ဘူးလား။ ဒါတွေက စိုးရိမ်စရာတွေရှိတယ်။ ဈေးကွက်ရဲ့ စိုးရိမ်မှုတွေရှိတယ်။ နောက်တစ်ခုက ကုန်သွယ်မှုပေါ့။ ပြီးခဲ့တဲ့နှစ်က ဆန်တန်ချိန် ၁ ဒသမ ၅ သန်းလောက် ပြည်ပတင်ပို့ခဲ့တယ်။ ဒီနှစ်တော့ ဆန်လက်ကျန်နည်းနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုကလည်း စိုးရိမ်မှုပဲ၊ စက်ပိုင်တွေကလည်း လျှပ်စစ်ဓာတ်အားလုံလုံလောက်လောက်မရဘူး။ စက်မှုဇုန်တွေမှာ မီးတွေလျှော့ပြီးရမယ်။ ဒီလို မှုတွေများလာတဲ့အခါမှာ စိုးရိမ်မှုတွေပေါင်းစုံမှုက များလာတဲ့အခါမှာ သို့လော သို့လော ဖြစ်မှုတွေ များလာပြီးတော့ ဈေးတက်သွားတဲ့ အနေအထားရှိတယ်။ ဆန်စပါးဈေးကွက်ကိုပြန်သုံးသပ်မယ်ဆိုရင် မနှစ်က ဒီအချိန်မှာ ဆန်တန်ချိန်လေးသိန်းပို့ပြီးပြီ။ ဒီနှစ်ဒီအချိန်မှာပြန်ကြည့်ရင် ပင်လယ်ရေကြောင်းက ပို့ထားတာ တစ်သိန်းတစ်သောင်းလောက်ပဲရှိတယ်။ နယ်စပ်က ပို့ထားတာ တစ်သိန်းနှစ်သောင်းကျော်လောက်ပဲရှိတယ်။ နှစ်ခုပေါင်းမှ နှစ်သိန်းလေးသောင်းလောက်ပဲ ရှိတယ်။ မနှစ်က ကာလတူနဲ့ နှိုင်းယှဉ်ရင် တန်ချိန်တစ်သိန်းခွဲလောက်လျှော့ပို့ထားတယ်။ ပြည်တွင်းမှာ ဆန်ပြတ်လပ်မှု မဖြစ်နိုင်တဲ့ အနေအထားမှာ ရှိတယ်။ ကုန်သည်တော်တော်များများမှာ လက်ကျန်ဆန်စပါးတွေရှိတယ်။ ဆန်ဈေးတက်မှုဆိုတာ ခေတ္တခဏစိုးရိမ်မှုတွေများတာက ပေါင်းစုံသွားတာ။ ဒီအထဲမှာပါဝင်တဲ့ တောင်သူ၊ စက်ပိုင်စားသုံးသူနဲ့ အစိုးရ လေးဦးလုံးရဲ့စိုးရိမ်မှုက ပေါင်းစုံသွားတာ။ တန်ချိန်တစ်သိန်းခွဲလောက်ပဲ တင်ပို့ပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့ ဒီနှစ်ရည်ရွယ်ထားတဲ့ တန်ချိန်နှစ်သိန်းခွဲအနေအထားရောက်အောင် ခက်ခဲဖို့အနေအထား ရှိနိုင်တယ်။ ဒါကြောင့် စိုးရိမ်စရာမဟုတ်ပါဘူး။ ခဏပါပဲ ဈေးကွက်မှာဖြစ်တဲ့ရှော့ခ်ပါပဲ။

**စပါးပေါ်တဲ့ အချိန်ကျရင်ကော ဈေးကျသွားနိုင်ပါသလား။**

ဒီနှစ်မှာတော့ စပါးပေါ်တဲ့အချိန်မှာ ဆိုးဆိုးရွားရွားမကျနိုင်တော့ဘူးလို့ခန့်မှန်းတယ်။ ဒီနှစ်မှာ ထူးခြားတဲ့ အနေအထားတွေက နိုင်ငံခြား ကုမ္ပဏီတွေက မြန်မာနိုင်ငံက ဆန်ကို စိတ်ဝင်စားပြီးတော့ အရည်အသွေးကောင်းတဲ့ဆန်ကို ဥရောပကိုတင်ပို့ဖို့ ဂျပန်လို့နိုင်ငံမျိုးကိုတင်ပို့ဖို့ ဒီလိုမျိုးတွေ ပြင်ဆင်နေတယ်။ EU ရဲ့ အထူးအခွန် ကင်းလွတ်ခွင့်နဲ့လက်နက်မှလွဲ၍ အခြား ကုန်ပစ္စည်းများအပေါ်မှာခွင့်ပြုပေးထားတဲ့ အစီအစဉ်တွေက ဘာပဲပြောပြော ဒီနှစ်မှာတော့ဈေးအများကြီးမကျနိုင်ဘူး။ တရုတ်ဈေးကွက်ကလဲ ပုံမှန်သွားနေမယ်ဆိုရင်တော့ ဆိုးဆိုးရွားရွားဈေးကျနိုင်ဖို့မရှိဘူးလို့တော့သုံးသပ်တယ်။ ဒါပေမဲ့ ဒါဟာ သုံးသပ်ချက်ပဲရှိသေးတယ်။ အဓိက စောင့်ကြည့်ရမှာက စက်တင်ဘာ၊အောက်တိုဘာရဲ့ရာသီဥတုပြုပြင်ပြောင်းလဲမှုက ဘယ်လိုဖြစ်လာနိုင်ဦးမလဲ စောင့်ကြည့်ရမယ့် အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီအချိန်မှာ တောင်သူတွေ ဓာတ်မြေဩဇာတွေက ဘာတွေသုံးရမယ့် အချိန်ရောက်နေပြီ။ ဓာတ်မြေဩဇာထည့်နိုင်ဖို့ တောင်သူလက်ထဲမှာငွေရှိသလား။ ဓာတ်မြေဩဇာဝယ်နိုင်မလား၊ မဝယ်နိုင်ဘူးလားဆိုတာ အထွက်နှုန်းပေါ်မှာ သက်ရောက်နိုင်တယ်ဆိုတော့ ဒီဟာတွေဟာစဉ်းစားရမယ့်အပိုင်းတွေဖြစ်နေပါတယ်။

**ထိုင်းက သူ့ဆန်ပိုတာကို ဈေးလျှော့ရောင်းဖို့လုပ်နေတယ်။ ဈေးလျှော့ရောင်းရင် မြန်မာဆန်စပါးဈေးကွက်ကိုဘယ်လိုအကျိုးသက်ရောက်မှုရှိနိုင်လဲ။**

ထိုင်းမှာ လက်ရှိရှိနေတာ ဆန်တန်ချိန် ၁၅ သန်း၊ သန်း ၂၀ ကြားမှာရှိနေတယ်။ ဒီဆန်တွေကိုသိုလှောင်ထား၊ ဆန်ထုတ်ရောင်းမယ်လို့ ပြောပေမယ့်လည်း တကယ်တမ်း ဈေးကွက်ထဲသိသိသာသာဝင်မလာသေးဘူး။ နောက်တစ်ခုက ထုတ်ရောင်းတဲ့ဈေးကို ကျဈေးနဲ့ ထုတ်ရောင်းမှာမဟုတ်ဘူး။ သိုလှောင်ထားစရိတ်တွေနဲ့ ဈေးကမြင့်နေပြီးသား။ ဈေးအနိမ့်ပိုင်းနှင့် ထုတ်ရောင်းဖို့ကခက်တယ်။ ဒါကြောင့် G to G နဲ့သွားတာများတယ်။ G to G နဲ့ထုတ်ရောင်းရင် ကြီးမားတဲ့သက်ရောက်မှုမရှိဘူး။ မြန်မာဆန်ဈေးကွက်ပိုပြီး ဂရုစိုက်ရမှာက အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ နိုင်ငံတို့ပဲ။ အိန္ဒိယ ဆန်တင်ပို့တာများရင် မြန်မာနိုင်ငံပြင်ဆင်သင့်တာ ၁၅ မှတ်၊ ၁၀ မှတ်၊ ၅ မှတ် (တန်းမြင့်ဆန်)တိုးချဲ့ထုတ်ပြီး အီးယူနိုင်ငံတွေကိုရောင်းနိုင်အောင် လုပ်နိုင်ရင် မြန်မာနိုင်ငံအတွက် အဆင်ပြေမယ်။

**တရုတ်အစိုးရက ဆန်တန်ချိန် လေးသန်းလောက် ဝယ်မယ်လို့ ကြေညာထားတာရှိပါတယ်။ အဲဒီလိုဝယ်ရင်မြန်မာဆန်ဈေးကွက်ကို ဘယ်လိုမျိုးသက်ရောက်မှုဖြစ်နိုင်ပါသလဲ။**

တရုတ်နိုင်ငံရဲ့ ဆောင်ရွက်ရမဲ့ ကိစ္စတွေက တရုတ်နိုင်ငံကဝယ်တယ်ဆိုတာက တရုတ်နိုင်ငံဝယ်သလို တစ်ဖက်ကလည်းပို့တယ်။ ဒီနှစ်တော့ ဝယ်မယ့် ပမာဏက တန်ချိန် လေးသန်း၊ ငါးသန်းလောက်ရှိမယ်ဆိုပြီး ကြေညာထားတာ မြန်မာနိုင်ငံက ဝယ်တဲ့ဟာတွေက အကုန်လုံးက နယ်စပ်ကပဲ ဝယ်နေတယ်။ မြန်မာနိုင်ငံနဲ့တရုတ်ကြားမှာတစ်ဖက်နဲ့တစ်ဖက် တရားဝင်အသိအမှတ်ပြုပြီးတော့ အရောင်းအဝယ် လုပ်တဲ့စနစ်တွေမပြီးသေးဘူး။ အထူးသဖြင့် ကွာလတီနဲ့ ပတ်သက်ရင်နှစ်ဖက်ညှိနှိုင်းလုပ်တဲ့ဟာတွေမပြီးသေးဘူး။ အပင်ပိုးများနဲ့ ပတ်သက်တာတွေမပြီးသေးဘူး။ ဒါတွေမပြီးမချင်း တရားဝင် ကုန်သွယ်မှုလုပ်ဖို့က ခက်သေးတယ်။

**နိုင်ငံတော်အရန်ဆန်ကို ဘယ်လိုရောင်းမှာလဲ။ ပမာဏဘယ်လောက်ထိရောင်းချဖို့ရှိသလဲ။**

အရန်ဆန်ရဲ့ သဘောက စပါးတွေ၊ ဆန်တွေပေါ်တဲ့အချိန်မှာ ဝယ်တယ်။ ဆန်ရှားလာပြီး ဈေးတက်လာတဲ့အချိန်မှာ ထုတ်ရောင်းတယ်။ အရန်ဆန်ထုတ်ရောင်းတဲ့အခါ အရန်ဆန်ရဲ့ အဓိကရည်ရွယ်ချက်က စားသုံးသူတွေ ဈေးနှုန်းမကြီးမြင့်ဖို့ပါ။ ဒီလိုလုပ်ရာမှာလည်း ပေါ်ဆန်းလိုတန်းမြင့်ဆန်တွေကို ဈေးကျအောင်လုပ်တာမျိုးမဟုတ်ဘဲ အခြေခံလူတန်းစားများများစားသုံးတဲ့ ညှော်မထလိုဆန်မျိုးကို တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ မှ ၁၆၀၀၀ ကြားဈေးနှင့် ရောင်းနိုင်အောင် လုပ်တယ်သဘောပဲ။ အခြေခံကျတဲ့ မိသားစုတွေ စားနိုင်တယ့် ဆန်တွေလွယ်လွယ်ကူကူနဲ့ဝယ်ယူစားသုံးနိုင်ဖို့ပါ။ ရောင်းချရာမှာတော့ ဈေးကွက်ရဲ့ လိုအပ်ချက်အတိုင်းရောင်းချတယ်။ ပမာဏများများကို ထုတ်ရောင်းရင်လည်း ဈေးကွက်ရဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်မှာမဟုတ်ဘူး။ ဈေးကွက်က ဒီနေ့အိတ် ၆၀၀ လိုရင် အိတ် ၈၀၀ ပဲရောင်းတာမျိုးပေါ့။ နောက်တစ်ခုက လက်လီဆိုင်တွေက ဝယ်တဲ့ ဆန်အိတ်အရေအတွက်လည်း လိုအပ်ရင်လိုအပ်သလိုရောင်းပေးမယ်။ အထူးသဖြင့်လက်ကားရောင်းသူတွေကို မရောင်းပေးဘူး။ သူတို့က ကုန်သွယ်မှုလုပ်မှာစိုးလို့ပါ။ လက်လီဈေးကွက်ကတော့ အခြေခံကျတဲ့လူတွေက ပြည်ချိန်နဲ့ဝယ်တာ ဆိုတော့ ဒီလူတွေအတွက် အဓိကရောင်းပေးတာပါ။

**အရန်ဆန်ကိုထုတ်ရောင်းမယ်ဆိုရင် ဘယ်နေရာ၊ ဘယ်ဒေသတွေမှာ အဓိကထုတ်ရောင်းမှာလဲ။**

အရန်ဆန်ကိုလက်ရှိcapacity (လုပ်ဆောင်နိုင်)က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်မပေးနိုင်ဘူး။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့လုပ်ဖို့လည်း တကယ်တမ်းတော့ မလိုအပ်ဘူး။ အဓိကကျတယ့်ဈေးကွက်က ရန်ကုန်ဈေးကွက်ပဲ။ ရန်ကုန်က မြန်မာနိုင်ငံရဲ့ ကုန်စည်ဖလှယ်မှုရဲ့ အဓိက ကျပြီး ဘုရင့်နောင့်နဲ့ ဝါးတန်းလမ်းမှကုန်စည်ဒိုင်နှစ်ခုရှိတယ်။ ဆန်ဝယ်မယ်ဆိုရင် မွန်၊ ကရင်၊ တနင်္သာရီတို့ကလည်း ဒီပဲလာကြတယ်။ ရောဝတီတိုင်းက ကုန်သည်တွေလည်း ဒီပဲလာတယ်။ အထက်ပိုင်းကလူတွေလာတယ်။ ဒီနေရာက တစ်ဆင့်ရောင်းပေးတယ်။ ရောင်းတဲ့နေရာမှာလည်း စည်းကမ်းသတ်မှတ်ချက်ထားပြီးလူတစ်ဦးတစ်စုက လုပ်တာမျိုးမဟုတ်ဘဲနဲ့ တကယ်ကို ထင်သာမြင်သာရှိပြီး ဘယ်သူ့ကို ရောင်းတယ်။ ဘယ်လောက်ရောင်းတယ်။ အိတ်ဘယ်လောက်ဝယ်တယ်။ ဒါကို စနစ်တကျစိစစ်ဖို့အရန်ဆန်ကော်မတီကို အကြံပြုထားတယ်။

**လက်ရှိ အရန်ဆန်ပမာဏ ဘယ်လောက်များ ရှိပါသလဲ။**

အရန်ဆန်ရည်ရွယ်ထားတဲ့ ပမာဏတန်ချိန်တစ်သိန်းပါ။ ဒီပမာဏကအချို့ကိုဆန်အနေနဲ့ဝယ်ထားပြီး အချို့ကိုတော့စပါးအနေနဲ့ပဲ ဝယ်ထားတယ်။ တန်ချိန်တစ်သိန်းပမာဏလောက်ကို ဆောင်ရွက်နိုင်တယ်ဆိုရင် အရန်ဆန်အနေနဲ့ကြည့်ရင်မြန်မာနိုင်ငံရဲ့လက်တွေ့ဖြစ်နေတဲ့အခြေအနေကို ထိန်းနိုင်ပါတယ်။ အာဆီယံရဲ့ လိုအပ်ချက်အရဆိုရင် အာဆီယံနိုင်ငံများရဲ့အရေးပေါ်ဆန်သိုလှောင်ထားရမယ့် ပမာဏဟာ မြန်မာနိုင်ငံမှာ တန်ချိန်တစ်သိန်းလေးထောင်ပဲရှိတယ်။ ပြည်တွင်းအနေနဲ့ ကြည့်မယ်ဆိုရင် တန်ချိန်တစ်သိန်းက လုံလုံလောက်လောက်ရှိပါတယ်။ ဒီထက်ပိုများရင် သိုလှောင်ရုံအခက်အခဲကလည်းရှိတယ်။ လက်ရှိအရန်ဆန်ရမှုဟာ အချို့က အစိုးရဂိုဒေါင်တွေမှာထားတယ်။ အချို့က ပုဂ္ဂလိကဂိုဒေါင်တွေမှာထားတယ်။ မီးရေးထင်းရေး စိုးရိမ်စရာတွေလည်းရှိတယ်။ အရည်အသွေးကျဆင်း ဆုံးရှုံးမှုနဲ့လေလွင့်ပမာဏကြောင့် ဆုံးရှုံးမှုတွေလည်းရှိတယ်။ အများကြီးထားဖို့ကလည်း မသင့်လျော်ဘူး။ လိုလည်းမလိုအပ်ဘူး။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ။



Photo-yeminaung facebook

# Technology

7 DAY NEWS JOURNAL

Vol.12, No.24 • AUGUST 21 , 2013





ဓာတ်ပုံ-ကျော်ဇင်သန်း

## ဆက်သွယ်ရေးအော်ပရေတာနှစ်ခု ဒေါ်လာ နှစ်ဘီလီယံ စပေါ် တင်ရမည်

**ဆွေမွန်**

**ရန်ကုန်၊ဩဂုတ်-၁၈**

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများအတွက် လိုင်စင်ရရှိရန်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုများအရ ယခုနှစ်မကုန်မီရရှိနိုင်မည်ဖြစ်ပြီး လိုင်စင်ရရှိပါက စပေါ်ငွေအဖြစ် ဒေါ်လာနှစ်ဘီလီယံတင်ထားရမည်ဖြစ်ကြောင်း လုပ်ကိုင်ခွင့်ရရှိထားသည့် Ooredoo Myanmar မှ သတင်းရရှိသည်။

"လိုင်စင်ရရင်စပေါ်အနေနဲ့ ဒေါ်လာနှစ်ဘီလီယံတင်ရမယ်။ လိုင်စင်ကလည်း အစိုးရရဲ့ Time Management အရဆိုရင် ဒီနှစ်မကုန်ခင်မှာ လိုင်စင်ရပါလိမ့်မယ်" ဟု ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် Ooredoo Myanmar ၏ အကြီးတန်းကိုယ်စားလှယ်အရာရှိ Ross Cormack က ပြောသည်။

အော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီတို့မှာ လိုင်စင်ရရှိရန် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အစိုးရအာဏာပိုင်အဖွဲ့များနှင့် နောက်ဆုံးအဆင့်ဆွေးနွေးနေသည့် အခြေအနေရောက်ရှိနေကြောင်း သတင်းရရှိသည်။

အော်ရီဒူးမြန်မာအနေဖြင့် လိုင်စင်ရရှိပြီး ခြောက်လအကြာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရန် စီစဉ်ထားပြီး လက်ရှိတွင်ပြည်တွင်းရှိအော်ပရေတာလုပ်ငန်းများအတွက် ပစ္စည်းအမိက တင်သွင်းပေးမည့် ကုမ္ပဏီများနှင့်ဆွေးနွေးမှုများ ပြုလုပ်နေသည်။ထိုကုမ္ပဏီများကို ထုတ်ပြန်ပေးခြင်းမရှိဘဲ ရွေးချယ်ပြီးသည့်အခါမှသာ တရားဝင်ကြေညာပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံတွင်း၌ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများလုပ်ကိုင်ရာတွင် လာမည့် ၁၅ နှစ်အတွင်း၌ ဒေါ်လာသန်း ၁၅,၀၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားရန်ရှိပြီး ငါးနှစ်အတွင်း တစ်နိုင်ငံလုံး၏ လူဦးရေ ၉၇ ရာခိုင်နှုန်းကို 3G ကွန်ရက်သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Ross Cormack က ဆိုသည်။

ထို့အပြင်မိုဘိုင်းဆင်းမ်ကတ်များကို ထုတ်လုပ်ရောင်းချပေးခြင်းသာမကဘဲ ဟန်းဆက်များကိုလည်းထုတ်လုပ်ရောင်းချသွားရန်ရှိပြီး ဖုန်းငွေဖြည့်သွင်းရာတွင် ငွေဖြည့်ကတ်များဖြင့်မဟုတ်ဘဲ အီလက်ထရွန်နစ် ကြိုတင်ငွေဖြည့်ကတ်များပြုလုပ်သွားမည်ဟုဆိုသည်။

လက်ရှိတွင်တယ်လီနောနှင့် အော်ရီဒူးတို့မှာဝန်ထမ်းခေါ်ယူမှုများကို စတင်ပြုလုပ်နေကြပြီး ပြည်တွင်းတွင် အခြေစိုက်လုပ်ကိုင်နိုင်မည့် နေရာများကိုမူရှာဖွေနေဆဲသာဖြစ်သည်။

## အိမ်ထောင်စုနှစ်ခုခန့်တွင် ပျမ်းမျှဖုန်းတစ်လုံးနှုန်း ဖြန့်ဖြူးပြီးဟုဆို

**ဆွေမွန်၊ ဖွဲ့မာန်**

**ရန်ကုန်၊ ဩဂုတ်-၁၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းဖုန်းများ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် မိုဘိုင်းဖုန်းစုစုပေါင်း ၅၂ သိန်းကျော် ဖြန့်ဖြူးရောင်းချပြီးဖြစ်သော်လည်း ပျမ်းမျှအိမ်ထောင်နှစ်စုခန့်တွင် မိုဘိုင်းဖုန်းတစ်လုံးသာ ရရှိနေကြောင်း သတင်းရရှိသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ လစဉ် ၁ ၅၀၀ တန်ဖုန်းများကို လေးလတိုင် တစ်လလျှင် အလုံးရေသုံးသိန်းခွဲဖြင့် ရောင်းချပေးခဲ့ရာ အဆိုပါ ဖုန်း ၁၄ သိန်း အပါအဝင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းအလုံးရေ၅ ဒသမ ၂သန်း (၅၂ သိန်း)ဖြန့်ဖြူးရောင်းချပြီးဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဖုန်းအလုံးရေ ၅၂ သိန်းမှာ အိမ်ထောင်စုပေါင်း ၈၇ သိန်းကျော်ဖြင့် အချိုးကျတွက်ကြည့်ပါက အိမ်ထောင်စု ၁ ဒသမ ၇ စုလျှင် မိုဘိုင်းဖုန်းတစ်လုံးနှုန်းသာ ရရှိနေကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ဆိုသည်။

လူဦးရေသန်း ၆၀ ဖြင့် နှိုင်းယှဉ်ပါက လူဦးရေ၏ ၈ ဒသမ ၇ ရာခိုင်နှုန်းသာလျှင် လက်ရှိမိုဘိုင်းဖုန်းသုံးစွဲနေကြခြင်း ဖြစ်သည်။

## ဖေ့စ်ဘွတ်ခ်သုံးစွဲသူများအဆက်အသွယ်မပြတ် ခံစားရသော်လည်းပျော်ရွှင်မှုမရှိကြဟုဆို



**ဝါရှင်တန်၊ဩဂုတ်-၁၆**

ဖေ့စ်ဘွတ်ခ်သုံးစွဲသူများသည် အဆက်အသွယ်မပြတ် ရှိသည်ဟု ခံစားကောင်း ခံစားရနိုင်သော်လည်း ပျော်ရွှင်မှုလျော့ပါးသည်ဟု လူမှုရေးစိတ်ပညာရှင် အီသန်ခရော့စ်၏ လေ့လာချက်တွင် တွေ့ရှိရသည်။

ဖေ့စ်ဘွတ်ခ်အသုံးပြုသူများသည် ဖေ့စ်ဘွတ်ခ်ကို ပိုအသုံးပြုလေလေ အသုံးပြုမှုနောက်ပိုင်း ပိုမိုဆိုးရွားစွာ ခံစားရလေလေဟု ယင်းလေ့လာချက်တွင်ဖော်ပြထားသည်။ ဖေ့စ်ဘွတ်ခ်သည် အပေါ်ယံတွင် လူသားများ လူမှုရေးအဆက်အသွယ်အခြေခံလိုအပ်ချက်အတွက် အလွန်အသုံးဝင်သည့် ရင်းမြစ်အဖြစ်ရှိနေသော်လည်း ဖေ့စ်ဘွတ်ခ်အသုံးပြုမှုသည် ဆန့်ကျင်ဘက်ရလဒ်များသာ ရလာနိုင်ကြောင်း ယင်းလေ့လာမှုကို ဦးဆောင်သူ မီချီဂန်တက္ကသိုလ်မှ စိတ်ပညာရှင် အီသန်ခရော့စ်က ပြောသည်။

သုတေသီများသည် စမတ်ဖုန်းများနှင့်ဖေ့စ်ဘွတ်ခ်အကောင့်ရှိပြီး နှစ်ပတ်အတွင်း တစ်နေ့လျှင် ပျမ်းမျှငါးကြိမ် စာရိုက်ဆက်သွယ်၍ ဖေ့စ်ဘွတ်ခ်အသုံးပြုနေသူအရွယ်ရောက်ပြီး လူငယ် ၈၂ဦးကို သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို မည်သို့ခံစားရကြောင်း၊ စိုးရိမ်ပူပန်မှု (သို့မဟုတ်) အထီးကျန်စွာ ခံစားရသည်လား၊ ဖေ့စ်ဘွတ်ခ်ကို မည်မျှအသုံးပြုသနည်း၊ လူအများနှင့် တိုက်ရိုက်အပြန်အလှန်ဆက်သွယ်မှု မည်မျှရှိသနည်းစသည့် မေးခွန်းများကို သုတေသနပြုလုပ်သူများက မေးမြန်းခဲ့ကြသည်။

လူအများသည် အထီးကျန်သည်ဟု ခံစားရစဉ်တွင် ဖေ့စ်ဘွတ်ခ်ကို မကြာခဏ အသုံးပြုတတ်ကြသော်လည်း စိတ်မပျော်ရွှင်ချိန်တွင် ဖေ့စ်ဘွတ်ခ်ကို ပို၍အသုံးမပြုလိုကြပေ။

*—Ref:AFP*







ဝိဘာဝတီ HOSPITAL โรงพยาบาลวิภาวดี

JCI အသိအမှတ်ပြု နိုင်ငံတကာအဆင့်မီ ဝိဘာဝတီဆေးရုံကြီး (ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့)

အသည်း ၊ အစာအိမ် နှင့် အူလမ်းကြောင်းဆိုင်ရာ ကုသမှုဌာန မှ

အသည်းရောင်အသားဝါအေပိုး၊ဘီပိုး၊စီပိုးကိုအသေးစိတ်စစ်ဆေးခြင်းနှင့် Peg Interferon ထိုးဆေးသုံးကာကုသခြင်း

▪ IBS ရောဂါ၊ အလုံးအကျိတ်များ၊ ကင်ဆာရောဂါများ ▪ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်း အနာဖြစ်ခြင်း ▪ အစာအိမ် (သို့) အူယောင်ခြင်း စသည့်ရောဂါများကို ခေတ်မီအတွင်းကြည့်မှန်ပြောင်းသုံး ရောဂါရှာဖွေခြင်း နှင့် ကုသခြင်းကို တပြိုင်နက် ပြုလုပ်ခြင်းကြောင့် နာကျင်မှု နည်းပါးခြင်း၊ ခွဲစိတ်ချိန် နှင့် အနာကျက်ချိန် မြန်ဆန်ခြင်း စသည့်အကျိုးကျေးဇူးများဖြင့် အောင်မြင်စွာကုသပေးလျက်ရှိပါသည်။ (အထူးဈေးနှုန်းကာလ - ၃၁ ဒီဇင်ဘာ ၂၀၁၃ ထိ) www.vibhavadimyanmar.com

Myanmar Medical Milestone Health Care Service
Email : vibhavadimyanmar@gmail.com

မြန်မာပြည် ရုံးချုပ် ။ အမှတ် (၂၁၄- ပထမ-ညာ)၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph / Fax : ၀၉-၇၃၁-၃၈၀၅၃
Hot line: ၀၉-၂၀၁၀-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅
မြစ်ကြီးနား ကိုယ်စားလှယ် - မနီလာကျော် - Ph : ၀၉-၂၄၀-၂၈၄၃

# Sophos ကုမ္ပဏီ Android ဖုန်းများအတွက် နောက်ဆုံးပေါ် လုံခြုံရေး Application အခမဲ့ပေးမည်

**ဆန်ဖရန်စစ္စကို၊ ဩဂုတ်-၁၆**

Sophos Mobile Security 3.0 နှင့် Anti-virus application နောက်ဆုံးပေါ် Version ကို Sophos ကုမ္ပဏီက မိတ်ဆက်လိုက်သည်။

နောက်ဆုံးပေါ် Version တွင် စကားဝှက်များဖြင့် Application များကို ကာကွယ်ခြင်းကဲ့သို့ အဆင့်မြှင့်ထားသော အသုံးချနိုင်မှုများ ပါဝင်မည်ဖြစ်ပြီး ဗိုင်းရပ်စ်များရှိသော (သို့မဟုတ်) လိမ်လည်သည့် ဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်မည့် Web ကာကွယ်ရေးလည်း ပါဝင်သည်။

မိုဘိုင်းဖုန်းများ၏ အန္တရာယ်ရှိသော ဆော့ဖ်ဝဲများကြောင့် အချက်အလက်ပျောက်ဆုံးခြင်း၊ ဖုန်းများပျောက်ဆုံးခြင်း (သို့မဟုတ်) ခိုးယူမှုများကြောင့် မမျှော်လင့်ထားသော ကုန်ကျစရိတ်များဖြစ်ပေါ် စေနိုင်သောကြောင့် သုံးစွဲသူများ၏ ပစ္စည်းကိရိယာများကို ကာကွယ်မှုပေးလိုသဖြင့် ယင်းကာကွယ်ရေး Application များကို အခမဲ့ပေးသွားမည်ဟု Sophos ကုမ္ပဏီမှ အကြီးတန်းထုတ်လုပ်ရေးမန်နေဂျာ သောမတ်စ်လီပက်ကပြောသည်။

Sophos မိုဘိုင်းကာကွယ်ရေး application များကို Google Play တွင် အခမဲ့ Download ရယူနိုင်သည်။

*—Ref: Tech Central*

# ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသား ၅၀ တိုးမြှင့်ခေါ်ယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၁၇**



ယခင်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားများ၏ စိတ်ဝင်စားမှု အများဆုံးရရှိခဲ့သော ရန်ကုန်နည်းပညာတက္ကသိုလ်သည် ကျောင်းသား ၅၀ ဦး တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်အရ သိရသည်။

ယခင်နှစ်က ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်မန္တလေးနည်းပညာတက္ကသိုလ်တွင် ကျောင်းသား ၂၅၀ ဦးစီကို ဝင်ခွင့်လက်ခံခဲ့ပြီး လာမည့်ပညာသင်နှစ်အတွက် ရန်ကုန်နည်းပညာတက္ကသိုလ်က ကျောင်းသား ၃၀၀ ဦး လက်ခံ၍ မန္တလေးနည်းပညာ တက္ကသိုလ်က ကျောင်းသား ၂၅၀ ဦး လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

ထို့ပြင် ယခင်နှစ်က ယင်းတက္ကသိုလ်နှစ်ခုတွင် ဝင်ခွင့်လျှောက်ထားရန် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်အနည်းဆုံး ၄၅၀ သတ်မှတ်ခဲ့သော်လည်း လာမည့် ဝင်ခွင့်အတွက် အနည်းဆုံး ၄၈၀ မှတ်ရရှိထားရန် တိုးမြှင့်သတ်မှတ်လိုက်သည်။

ရန်ကုန်နည်းပညာတက္ကသိုလ်သည် ကျောင်းသားများ စိတ်ဝင်စားမှုရရှိထားပြီး ယခင်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲ အနည်းဆုံးရမှတ် (ကျား)၅၀၀ နှင့် (မ) ၅၀၄မှတ်ရရှိသူများသာ ဝင်ခွင့်ရရှိခဲ့သည်။ မန္တလေးနည်းပညာတက္ကသိုလ်တွင် ယခင်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲ အနည်းဆုံးရမှတ်(ကျား)၄၈၅ နှင့်(မ) ၄၉၇မှတ်ရရှိသူ များဝင်ခွင့်ရရှိခဲ့သည်။

ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် အမျိုးသား၊ အမျိုးသမီးဦးရေ ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်လက်ခံနေပြီး သင်တန်းကာလ ခြောက်နှစ်အောင်မြင်ပါက အင်ဂျင်နီယာနှင့် ဗိသုကာ ဘွဲ့များတိုက်ရိုက်ပေးအပ်နေခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဝင်စားမှုရရှိနေခြင်း ဖြစ်သည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် တက္ကသိုလ် ၅၈ ခုတည်ထောင်ထားပြီး ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်အပါအဝင် တက္ကသိုလ် ခြောက်ခုကို ရွေးချယ်၍ နိုင်ငံတကာအဆင့်မီလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးကပြောထားသည်။

# CDMA ဖုန်းများတွင် ဖုန်းမက်ဆေ့ချ်ဖြင့် အင်တာနက်လျှောက်သည့်ဝန်ဆောင်မှု ပေးရန် အစီအစဉ်မရှိသေး

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ဖုန်းဖြင့်မက်ဆေ့ချ်ပို့အင်တာနက်လျှောက်ထားမှုကို CDMA ဖုန်းအမျိုးအစားများ လျှောက်ထား၍ မရဘဲ လုပ်ဆောင်ပေးရန်အတွက် အစီအစဉ်မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ဩဂုတ် ၁ ရက်မှစတင်ပြီး ဖုန်းမှတစ်ဆင့် မက်ဆေ့ချ်ပို့၍ အင်တာနက်လျှောက်ထားခြင်းကို GSM နှင့် WCDMA ဖုန်းများအတွက် စတင်လုပ်ဆောင်နိုင်ပြီး CDMA ဖုန်းများ လျှောက်ထား၍ မရရှိခဲ့ပေ။

"နောက်ရောင်းတဲ့ ၁,၅၀၀ တန် GSM ဖုန်းတွေကျတော့ မက်ဆေ့ချ်ပို့ပြီး အင်တာနက်လျှောက်လို့ ရတယ်။ CDMA ၁,၅၀၀ တန် ဖုန်းတွေကျတော့ အဲဒီလိုလွယ်လွယ်ကူကူလျှောက်လို့မရဘူး" ဟု ၁,၅၀၀ တန် CDMA 800 MHz ဖုန်းဝယ်ယူထားသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ထို့ပြင် လက်ရှိတွင် အဆိုပါ ၁,၅၀၀ တန် CDMA 800 MHz ဖုန်းများအပါအဝင် CDMA ဖုန်းအမျိုးအစားများအားလုံး မက်ဆေ့ချ်ဖြင့် အင်တာနက်လျှောက်ထားရန်အတွက် ညွှန်ကြားချက်တစ်စုံတစ်ရာ မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးမှ CDMA မိုဘိုင်းလ်အင်ဂျင်နီယာတစ်ဦးက ပြောသည်။

"မက်ဆေ့ချ်နဲ့ ဖုန်းလျှောက်တာက GSM တွေအတွက်က အခုကလုပ်ထားတာပေါ့။ အခုထိလည်း CDMA တွေအတွက်က လုပ်ပေးဖို့အတွက် ဘာမှညွှန်ကြားချက်မရောက်သေးဘူး။ အခုထိတော့ အစီအစဉ်မရှိသေးဘူး" ဟု ၎င်းကပြောသည်။

မက်ဆေ့ချ်ပို့၍အင်တာနက်လျှောက်ထားမှုကို ဩဂုတ် ၁ ရက်တွင် GSM နှင့် WCDMA ဖုန်းများအားလုံး လျှောက်ထားနိုင်ခဲ့သည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013





# စစ်မှုထမ်းဟောင်းရွာကလေးဆီသို့

■ မယ်ငွေဥ

၂၀၁၃ ခုနှစ် ဩဂုတ် ၁၄ ရက်။ ရန်ကုန်မိုးက တဖြိုးဖြောက်ဖြောက်။

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ Light truck ကားငယ်သည် ပြည်လမ်းမတစ်လျှောက် မောင်းနှင်လျက်ရှိသည်။ မကြာမီထောက်ကြံ့လမ်းဆုံကို ကျော်မည်။ ထို့နောက် ပဲခူးဘက်ဆီ။ ထိုမှ ဖောင်ကြီးလမ်းခွဲ။ ထိုမှသည် လှည်းကူးမြို့နယ် အမှတ်(၃)စစ်မှုထမ်းဟောင်းစံပြကျေးရွာကလေးဆီသို့။

ကျွန်မတို့အဖွဲ့မှာ မသန်စွမ်းသူများကိုတတ်အားသမျှ ကျန်းမာရေးဝန်ဆောင်မှုပေးဝေနေသော အဖွဲ့ငယ်ကလေးဖြစ်သည်။ အဖွဲ့မှာ အထူးကုသမားတော်ကြီးတစ်ဦး၊ မသန်စွမ်းသူများစောင့်ရှောက်မှု အထူးကျွမ်းကျင်သူ သူနာပြုဆရာမကြီးတစ်ဦး၊ မသန်စွမ်းအသင်းအလုပ်အမှုဆောင်များ စသည့်အားလုံးကိုးဦးပါဝင်သည်။ ကျွန်မကမူ ရောဂါရှာဖွေရေးကျွမ်းကျင်သူအဖြစ် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

ကျွန်မတို့အဖွဲ့သည် အဖွဲ့ငယ်ကလေးဖြစ်သော်လည်း မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းအသင်း၏ အစီအစဉ်ဖြင့် မသန်စွမ်းသူများကို ရန်ကုန်မြို့အနီးတစ်ဝိုက်ရှိမြို့နယ်အတော်များများသို့ ကျန်းမာရေးဝန်ဆောင်မှုများ လှည့်လည်ပေးနေခဲ့သည်မှာ အတော်လေးခရီးရောက်နေခဲ့ချေပြီ။ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ဟသ်ာတ၊ သဃ်န်းကျွန်း၊ ကွမ်းခြံကုန်းစသည်။ ယခုခရီးစဉ်ကား လှည်းကူးမြို့နယ်တွင်းရှိစစ်မှုထမ်းဟောင်းစံပြကျေးရွာကလေးဆီသို့သွားနေခြင်းဖြစ်သည်။

ကျွန်မအတွက်တော့ စိတ်ဝင်စားဖွယ်ရာခရီးစဉ်တစ်ခု။ စစ်မှုထမ်းဟောင်းဟုဆိုသော်လည်း အားလုံးမှာကိုယ်လက်အင်္ဂါမသန်စွမ်းသူတွေချည်းဖြစ်သည်။ အများစုမှာခြေတစ်ဖက်ပြတ်ထားသူ။ ခြေနှစ်ဖက်လုံးပြတ်သွားခဲ့ သူတွေ။ ပြည်တွင်းစစ်ပွဲများ၏ ဒဏ်ရာဒဏ်ချက်များဟုသာ ဆိုပါတော့။

သူတို့ကို ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သောဆေးကုသမှုတွေပေးမည်။ ကျွန်မ၏ တာဝန်က သမားတော်ကြီးဖြစ်သူ ဒေါက်တာဒေါ်ခင်ဝင်းဝင်းမြင့်၏ ကုသမှုများအတွက် ကူညီနိုင်ရန် ပထမအဆင့် သွေးချိုတိုင်းပေးရမည်။ သွေးချိုမြင့်တက်နေ၍ လိုအပ်ပါက ကျောက်ကပ်အခြေအနေနှင့် ဆီးချိုအခြေအနေကို သိနိုင်ရန် ဆီးကိုပါစစ်ပေးမည်။ ကျွန်မအတွက် သိပ်ခက်ခဲသော အလုပ်များမဟုတ်ကြပါ။

စံပြကျေးရွာကလေးရှိ စစ်မှုထမ်းဟောင်းကိုယ်လက်အင်္ဂါမသန်စွမ်းသူများမှာ အသက်အငယ်ဆုံး(၂၄)နှစ်။ အသက်အကြီးဆုံးမှာ (၆၅)နှစ်။ ရာထူးအားဖြင့် အနိမ့်ဆုံး ဒုတပ်ကြပ်။ ရာထူးအမြင့်ဆုံးက အရာခံဗိုလ်အဆင့်။ ကျွန်မက နာမည်ခေါ်လျှင် သူတို့က (ရှိ)ဟု တစ်လုံးတည်းသာထူးသည်။ ကျွန်မအတွက် အသစ်အဆန်း။ အရပ်သူကျွန်မအဖို့(ရှိ)ဟုဆိုသော သူတို့အသံက ရိုသေလွန်းနေသည်ဟု ခံစားရသည်။

မိမိကိုယ်တိုင်ကလည်း ငါးဆယ်ပတ်လည်အရွယ်မို့ အားလုံးမှာ မောင်နှမအရွယ်၊ တူသားနောင်မယ်အရွယ်တွေဖြစ်သည်။ ကျွန်မအဖို့မိမိ၏တပည့်သားမြေးများနှင့်ပင် ရိုသေမှုထက် ချစ်ခင်မှုကိုသာရရှိလိုသူဖြစ်ရာ (ရှိ)ဟု ဖြေခြင်းက ကျွန်မကို အနေခက်စေသည်။ မျက်နှာအားလုံးကို ကြည့်မိပြန်တော့ ယခုမှ တွေ့ဖူး၊ မြင်ဖူးသူတွေပေမယ့် ကျွန်မစိတ်မှာ ဆွေမျိုးရင်းချာတွေလိုပါပဲ။

ကျွန်မ ရှင်တို့အရာရှိမဟုတ်ပါဘူး။ သိပ်ပြီး မရိုသေပါနဲ့။ ရှိရင်ခံမှာလာထိုင်လိုက်ပါ။ လက်ကလေးပေးပါ။ ကျွန်မသွေးချိုစမ်းပေးမယ်။ သက်သောင့်သက်သာနေကြပါဆိုတော့ သူတို့အပြုံးကို မြင်ရသည်။ အနားမှာကူညီလျက်၊ သွေးပေါင်ချိန်ပေးနေသူ တပ်မတော်မှ သားဖွားဆရာမလေးဒေါ်လတ်လတ်က (အပိုးကျိုးနေတာ။ တပ်ထဲက လေသံပဲမမရဲ့)ဟု ဆိုသည်။

လူသုံးယောက် မော်တော်ဆိုင်ကယ်နှင့်လာ၍ ဆေးကုသမှုခံယူကြသည်။ လူသုံးယောက်မှာ ခြေထောက်နှစ်ချောင်းသာပါသည်။ တစ်ယောက်က ညာခြေမရှိ။ တစ်ယောက်က ဘယ်ခြေထောက်မရှိ။ နောက်တစ်ယောက်က ခြေနှစ်ဖက်လုံးမရှိတော့။ လူသုံးယောက်အတွက် ခြေခြောက်ချောင်းမှာ လေးချောင်းလျော့နေသောအဖြစ်သည် ပြည်တွင်းစစ်ဘေးစစ်ဒဏ်ကြောင့်ဟု ကျွန်မတွေးမိသောအခါ ရင်နာရပါသည်။ နှစ်ပေါင်း ၆၃ နှစ်ကြာခဲ့ပြီဖြစ်သောပြည်တွင်းစစ်သည်တိုင်းသူပြည်သားမည်ရွေ့မည်မျှ၏အသက်ကိုသေကျေစေခဲ့ပြီနည်း။ လူပေါင်းမည်မျှကို ကိုယ်လက်အင်္ဂါဖျက်ဆီးပျက်စီးစေခဲ့ပြီနည်း။

ကျွန်မ မတွေးလိုသေးပါ။ လက်ရှိ တိုင်းသူပြည်သားတစ်ယောက်အနေနှင့် စစ်ဘေးကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းခဲ့သူ တပ်မတော်သားစစ်သည်ဟောင်းတွေအတွက် ကျန်းမာရေးတာဝန်ကို ထမ်းဆောင်ရဦးမည်။ စိတ်ညစ်စရာ၊ စိတ်ပျက်စရာပြည်တွင်းစစ်ဘေးစစ်ဒဏ်တွေကိုတွေးနေမိနေလျှင် ကျွန်မအလုပ်ဆက်လုပ်နိုင်တော့မည်မထင်။ ပြည်တွင်းစစ်၏ ဒဏ်ရာဒဏ်ချက်တို့သည် မြန်မာ့တပ်မတော်ဘက်မှသာမက။ သူပုန်ဟုသတ်မှတ်ထားသူများဘက်မှာလည်း ရှိနေမည်မှာ အသေအချာဖြစ်သည်။

စပ်စပ်စုစု မေးတတ်သော ကျွန်မဝါသနာကြောင့် သူတို့၏ စားဝတ်နေရေးကိုမေးမြန်းမိသောအခါ မည်သူကမျှ ပြေလည်သည်ဟုမဆို။ တချို့က ထင်းခုတ်ရောင်းစားကြသည်။ တချို့က ကြက်ကလေး-ဝက်ကလေးမွေးမြူစားသောက်သည်။ သားကြီး၊ သမီးကြီးရှိသူများကတော့ အနီးအနားရှိ ကြက်မွေးမြူရေးလုပ်ငန်းမှာ လုပ်ကိုင်ကြသည်တဲ့။

“ထင်းခုတ်ရတာ အရင်ကတော့နီးတယ်။ အခုတော့ကြာလေလေ ဝေးလေလေဖြစ်လာနေပြီ ဆရာမ”ဟု ဆိုသည်။ ခြေတစ်ဖက်မပါဘဲ တောင်တက်၍ ထင်းခုတ်စားရသူတပ်ကြပ်ကြီးဟောင်းတစ်ဦးက ဆိုသည်။

“ကြက်ကလေး၊ ဝက်ကလေးမွေးတာက ကြက်နာ၊ ဝက်နာမကျရင်တော့ မဆိုးပါဘူး။ ကြက်နာ-ဝက်နာရှိရင်တော့သိပ်ဒုက္ခရောက်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဝက်တွေအားလုံး ဝက်နာကျသေတယ်။ စီးပွားပျက်ပါပဲ”တဲ့။

စိတ်ညစ်၊ စိတ်ပျက်စရာများအကြားမှ ဝမ်းသာကြည်နူးစရာကောင်းလှသည်က စစ်မှုထမ်းဟောင်း မသန်စွမ်းစစ်သည်ဟောင်းများမှာ အများစုက မိသားစုကိုယ်စီရှိကြသည်။ ချစ်ဇနီးကိုယ်စီရှိကြသည်။ ကျန်းမာရေးဝန်ဆောင်မှုမှာ မိသားစုဝင်များပါပြသနိုင်လို့ သူတို့၏ ချစ်ဇနီးတွေကိုပါ တွေ့မြင်ခဲ့ရသည်။ ကိုယ်လက်အင်္ဂါမပြည့်မစုံသူ အမျိုးသားများကိုလက်ထပ်ပေါင်းသင်းနေကြသူအမျိုးသမီးများကို အချစ်သူရဲကောင်းဘွဲ့ပေးချင်မိပါသည်။

“သနားချစ်ကလေးချစ်သွားတာ။ သနားချစ်လေး ချစ်သွားတာ”ဟု ခြေတစ်ဖက်ပြတ်ထားသူ တပ်ကြပ်ကြီးတစ်ဦးနှင့် လက်ထပ်ထားသည့် အမျိုးသမီးကြီးက ဆိုသည်။ ကျွန်မ မအံ့ကြမိပါ။ မိခင်စိတ်ဖြင့် သနားကြင်နာတတ်သော အမျိုးသမီးများ၏ မေတ္တာ၊ ကရုဏာတရားနှင့် ချစ်ခြင်းမေတ္တာကို ကျွန်မယုံကြည်မိပါသည်။

“ဘယ်လိုလဲ အတွင်းရေးမှူးကြီး။ မသန်စွမ်းသူအမျိုးသားတွေကို လူကောင်းအမျိုးသမီးတွေဟာ အနစ်နာခံပြီး စွန့်စွန့်စားစား ပေါင်းသင်းလက်ထပ်နေထိုင်ကြတယ်။ အဲဒီလိုမျိုး ကိုယ်အင်္ဂါချို့တဲ့သူ အမျိုးသမီးတစ်ယောက်ကို ကိုယ်လက်အင်္ဂါပြည့်စုံသူ အမျိုးသားတစ်ယောက်က စွန့်လွှတ် အနစ်နာခံ လက်ထပ်တာများ ဘယ်လောက်များများရှိမလဲရှင်” ဟု မသန်စွမ်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်ကို မေးမိတော့----

“မရှိသလောက်ပါပဲ။ မသန်စွမ်းသူချင်း လက်ထပ်တာတော့ရှိတယ်။ မသန်စွမ်းသူ အမျိုးသမီးကိုသန်စွမ်းသူအမျိုးသားက လက်ထပ်တာမရှိသလောက်ပါပဲ”တဲ့။

ကျွန်မက “ဒါပဲရှင့်။ လောကကြီးမှာ ကျွန်မတို့ အမျိုးသမီးတွေရဲ့ မေတ္တာ၊ ကရုဏာဟာ ဘယ်လောက်ယုံကြည်ကိုးစားထိုက်သလဲ။ အမျိုးသားတွေ ဒီလိုလုပ်နိုင်ဖို့ခက်ခဲမယ်ထင်မိပါတယ်”ဟု ပြန်လည်ပြောဆိုမိသောအခါ တွဲဖက်အတွင်းရေးမှူးမှာခေါင်းတညိတ်ညိတ်နှင့် “ဟုတ်ပါတယ်။ ဟုတ်ပါတယ်”ဟုသာ ပြန်ပြောနိုင်သည်။

ဟုတ်ပါသည်။ ဤစစ်မှုထမ်းဟောင်းရွာကလေးတွင် ကျွန်မတို့တွေ့မြင်ခဲ့ရသော စစ်မှုထမ်းဟောင်း လူတစ်ရာဝန်းကျင်ကို မေတ္တာ၊ ကရုဏာတရားကြီးမားစွာဖြင့် လက်ထပ်ပေါင်းသင်းခဲ့သူ ဇနီးတစ်ရာဝန်းကျင်တို့ကိုလည်း တွေ့မြင်ခဲ့ရသည်။ အချို့က ဝမ်းရေးဟုဆိုချင်ဆိုကြမည်။ ဝမ်းရေးတစ်ခုတည်းဖြင့်တော့ သည်သို့ဘဝတစ်သက်တာ အတူနေထိုင်ရန် စဉ်းစားတွေးခေါ်မည်ဟု ကျွန်မမထင်မိပါ။ မေတ္တာ၊ ကရုဏာကိုသာ အခြေခံကြမည်ဟု ထင်မိပါသည်။

“ကျွန်မရဲ့ အမျိုးသားက ဆီးချိုရောဂါရှိ၊ မရှိဆိုတာ အစစ်ဆေးခံချင်တယ်ဆရာမရယ်။ သူရဲ့ ခြေတုက ဟောင်းနေပြီး ဒူးနေရာက ဝက်အူပြုတ်နေလို့ အမြန်လာဖို့ခက်နေတယ်။ ဖြည်းဖြည်းမှလာရင် ဆရာမတို့ကို မီပါသေးတယ်နော်”

“ဩော်. . စိတ်မကောင်းစရာပါပဲ။ ခြေတုမကောင်းလို့ မလာနိုင်သေးရင် ဖြည်းဖြည်းလာပါ။ စောင့်ပေးပါမယ်”

ကျွန်မတို့ စောင့်ပေးခဲ့ပါသည်။

သူတို့အားလုံးရဲ့ ခြေတုရရှိနိုင်မှု အခြေအနေကို စုံစမ်းကြည့်မိတော့ ခြေပြတ်စဉ်အစ ပထမဆုံးအကြိမ်သာ ခြေတုရနိုင်သည်။ စစ်ဆေးရုံက လုပ်ပေးသည်။ ခြေတုက ဟောင်းနွမ်းသွားလျှင် နောက်ထပ် မရနိုင်တော့။ တစ်ကြိမ်သာ ထောက်ပံ့ပေးသည်တဲ့။

ဩော်. . . ဖြစ်မှဖြစ်ရပလေ။ စစ်ပွဲတွေထဲက ဒဏ်ရာရရှိခဲ့သူ အောက်ခြေအရာရှိအရာခံအကြပ်တပ်သားများဘဝကား မလွယ်လှပါကလား။ တစ်ဘဝစာမှာ တစ်ခါသာထောက်ပံ့။

ကျွန်မသတိရမိသည်က ၂၀၀၈ ခု ဖွဲ့စည်းပုံ၏ အခန်း(၇) ပုဒ်မ(၃၄၄)ကဆိုသော မသန်စွမ်းဖြစ်သွားသူ တပ်မတော်သားများအား စောင့်ရှောက်ပါမည်ဆိုသည့်အချက်။ စာမျက်နှာ(၃၂)သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# မင်းဒင်ရဲ့ သက်ခိုင် (၂)

မင်းဒင်




(ယခင်အပတ်မှ အဆက်)

**အခန်း(၃)**
**ရန်သူ့မြေဝယ်**

၂၀၁၃ ခုနှစ်၊ ဩဂုတ် (၄)ရက်၊ ဖူးခက်။

ဤရက်ပိုင်းများအတွင်း ဖူးခက်မှာ မိုးရွာရက်စိပ်သည်။ ဖူးခက်တွင် နွေနှင့် မိုးသာရှိ၍ ဆောင်းမည်သော ဥတုသည် ကွယ်ပျောက်နေဟန်ရှိ၏။ ပင်လယ်ပြင်တွင်းက ကျွန်းဖြစ်၍ ရာသီမိုးအပြင် ပြန်ကျမိုးသာ တစ်နှစ်ပတ်လုံး ပြောက်ကျား ရွာသွန်းနေတတ်သည်။ ဖူးခက်သည် လတ္တီတွဒ်အားဖြင့် မြန်မာပြည်တနင်္သာရီဒေသနှင့် တစ်တန်းတည်းနီးပါးရှိမည်ဟု ထင်မိသည်။ ရန်ကုန်နှင့် နှိုင်းယှဉ်လျှင် ရက်ပေါင်းသုံးဆယ်ခန့်စော၍ မုတ်သုံလေဝင်ရောက်သည်။ ရန်ကုန်မှာဇွန်လအတွင်း မိုးဖြိုင်ဖြိုင်ရွာသော်ငြားဖူးခက်တွင်မူ မေလတွင်မိုးစရွာ၏။

တောင်များ ဝန်းရံလျက်ရှိသည့်မြို့ဖြစ်၍ မိုးသည်းထန်သည့်အခါ တောင်ကျရေများကြောင့် အချို့နေရာများတွင် ရေလျှံသည်။ လမ်းမတွေ ရေမြုပ်သည်။ သို့သော် ခေတ်မီ နည်းပညာများဖြင့် အမြဲတစေ တည်ဆောက်မွမ်းမံနေသောကြောင့် နာရီပိုင်းအတွင်း ပုံမှန်အခြေအနေပြန်ရောက်သည်။ ဆူနာမီကဲ့သို့ ကြီးမားပြင်းထန်လှသည့် သဘာဝဘေးကို ရင်ဆိုင်ခဲ့ရသော်ငြား ဖူးခက်သည်ပုံမှန်အရှိန်ဖြင့် ဖွံ့ဖြိုးစည်ပင်ကာ ပန်းပန်လျက်ပင်တည်း။

ပြီးခဲ့သည့် မိုးရွာသောတစ်နေ့တွင် ကိုသက်ခိုင်တစ်ယောက် ကျွန်တော့်အိမ်သို့ မမျှော်လင့်ဘဲ ပေါက်ချလာသည်။ "မိုးရက်တွေမှာတော့ ခင်ဗျားအိမ်မှာပဲ စတည်းချလိုက်ဦးမဗျာ" ဟု သူ့သဘောနှင့် သူပြောဆိုအတည်ပြုပြီး ကျွန်တော့်အိမ်တွင် သူရှိနေစဉ်ရက်များ၌ သူ့ဘဝ သူ့အကြောင်းတရားရှည်ကြီးတို့ကို ကျွန်တော်နာရလေ့ရှိသည်။ ရံဖန်ရံခါအချေအတင် စကားလက်ဆုံကျလေ့ရှိသည်။

"ခင်ဗျားနဲ့ကျွန်တော်ရေစက်ကလည်း ဆန်းချက်ဗျာ။ ဒီဘဝတင်မဟုတ်။ အရင်ဘဝကပါ ခင်ဗျားနဲ့ ကျွန်တော်ဖူးခက်မှာ ဆုံခဲ့ကြဖူးလေရော့သလား"

"ဟာ၊ ဖူးခက်ကမ်းခြေဆိုတာ ဒွေးနဲ့ထက်ထက်မိုးဦး စူပါကော်ဖီမစ်ကြော်ငြာရိုက်မှ ကျွန်တော်အပါအဝင် ဗမာတစ်ပြည်လုံးသိကြတာလေ။ ဘယ်နှယ့်၊ အရင်ဘဝက ကျွန်တော်နဲ့ခင်ဗျား ဖူးခက်မှာဆုံနိုင်မတုံး"

အင်း၊ ဟုတ်ပါပြီ။ ကျွန်တော်လည်း ဖူးခက်ဆိုတာ ဗမာပြည်နဲ့ အလှမ်းကွာပြီး ချောင်ကျသလိုဖြစ်နေတဲ့နေရာမို့ ခင်ဗျားတွေးသလို တွေးခဲ့ဖူးပါရဲ့။ သေချာလေ့လာမိတော့မှ လားလား၊ ဖူးခက်ဟာ မြန်မာတွေနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီကတည်းက ဧရာမဇာတ်လမ်းတွေရှိခဲ့ကြတာကိုး"

"ဘယ်လို ဧရာမဇာတ်လမ်းလဲဗျာ။ အများသိသလို ဗမာတပ်ဖွဲ့တစ်ခု ဖူးခက်မြို့ကိုရောက်လာဖူးတယ်။ အခုအနုစာဝါရီ၊ ဗမာတွေ အရုပ်နှစ်ကောင်လို့ခေါ်ကြတဲ့ထိုင်းညီအစ်မက ခုခံတိုက်ထုတ်လိုက်လို့ ပြန်ဆုတ်သွားရတယ်။ ဒီလောက်တော့ ကျွန်တော်လည်း သိတယ်လေ။ သိပ်ကြီးကျယ်တာမှ မဟုတ်တာ"

"မဟုတ်ဘူး။ တကယ်ကို ကြီးကျယ်တဲ့ ဗမာသမိုင်းတစ်ခုဟာ ဖူးခက်မှာရှိခဲ့တယ်။ ဒီအဖြစ်အသေးစိတ်ကို ခင်ဗျားမသိတာ အပြစ်မတင်ဘူး။ ဖူးခက်သားတွေ၊ အခုဖူးခက်မှာ လက်ရှိ တာဝန်ထမ်းနေတဲ့ ထိုင်းလူမျိုးအဆင့်မြင့်အရာရှိတွေတောင် မသိကြဘူး"

"ခင်ဗျားကတော့ လုပ်ပြီ။ သေချာရဲ့လား"

"ခင်ဗျားတော်တော်ခက်ပါလား။ သေချာတယ်၊ မသေချာဘူးဆိုတာ ဆုံးဖြတ်ရမှာက ခင်ဗျားအလုပ်၊ ကျွန်တော်မေးမြန်းဖတ်ရှု လေ့လာထားသမျှ ကိုးကားပြီး ပြောရမှာက ကျွန်တော့်တာဝန်လေ။ ဒါနဲ့နေပါဦး။ ဖူးခက်သမိုင်းကို ခင်ဗျား အသာထားလိုက်ပါဦး။ ပါတောင်က အာရှမှာ အကြီးဆုံးကုန်တိုက်လိုလို ပြောနေကြတဲ့ ပါတောင်က (Jungceylon) ကုန်တိုက်နာမည်ရဲ့ အဓိပ္ပာယ်ကိုတောင် ခင်ဗျားသိရဲ့လားဗျ"

"အေးဗျ။ ဒီကုန်တိုက် နာမည်က အဆန်းပဲ။ ကုန်တိုက်လိုဂိုကလည်း ရွက်လှေပုံ၊ ကုန်တိုက်ထဲမှာလည်း ရှေးလက်ရာအတိုင်း ဧရာမလှေကြီးတစ်စင်း၊ မူလအရွယ်အတိုင်းဆောက်ပြထားတာကြောင့် ကျွန်တော့်စိတ်ထင်၊ သမ္မာကျမ်းစာထဲမှာပါတဲ့ ကမ္ဘာမပျက်ခင်၊ နောဧကတည်ဆောက်ခဲ့တဲ့ လှေကြီးနာမည်များလား စဉ်းစားနေမိတာ"

"လွဲချက်ကတော့ ကမ်းကုန်ပဲဗျာ။ လာ၊ ကျွန်တော်ပြမယ်။ ကိုယ်တိုင်ဖတ်ကြည့်ပေတော့။ တော်ကြာ ကျွန်တော့်ပါးစပ်ကပြောသမျှကို ခင်ဗျားပြန်ပြန်ရေးနေတယ်ဆိုပြီး ကောင်းချီးအပေးခံရမယ်"

ပြောပြောဆိုဆိုကိုသက်ခိုင်သည် အနီးရှိကွန်ပျူတာကို ကျွမ်းကျင်လျှင်မြန်စွာဖွင့်လိုက်ပြီး တစ်ခုသော ဖေ့စ်ဘွတ်ခ်မျက်နှာကို ကျွန်တော့်အား ဖတ်စေရာ အဆိုပါဖေ့စ်ဘွတ်ခ်အကောင့်ပိုင်ရှင်မှာ ကိုတင်မောင်ညွန့်အမည်ရှိသူဖြစ်၍ သူ၏လင့်ခ်မှာ htts:/www.facebook.com/tinmaung.nyunt.71 ဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်းက သူရေးတင်ခဲ့သော စတေးတပ်မှာ အောက်ပါအတိုင်းဖြစ်၏။

"သလင်းကြေသို့တစ်ခေါက် . . . သလင်းကြေဆိုတာက ပုဂံခမ္မရာဇကကျောက်စာမှာပါတဲ့ ဒေသအမည်တစ်ခုပါ။ အဲဒီတုန်းက ဗမာတွေပိုင်ခဲ့တဲ့နယ်မြေရဲ့ တောင်ဘက်အစွန်ဆုံးမှာရှိပါတယ်။ အကြေအရပ်မှာရှိတဲ့ "သလင်း" ဒေသလို့ ဆိုလိုပါတယ်။ အင်္ဂလိပ်လိုတော့ Cape Salang "ဆလင်းအငူ" လို့ ခေါ်ပါတယ်။ Junk Ceylon လို့လည်းခေါ်တယ်။ အဲဒီကနေ အနောက်စူးစူးကို ရွက်လွှင့်လိုက်ရင် သီဟိုဠ်(Ceylon) ကို တန်းရောက်တာကြောင့် ဒီလိုခေါ်တာလို့ဆိုတယ်။ အခုတော့ အဲဒီဒေသကို ဗမာတွေ မပိုင်တော့ပါဘူး။ မလေးလက်ကနေ ယိုးဒယားလက်ထဲရောက်နေတာ ၁၆ ရာစုကတည်းကပါ။ မလေးနာမည်က "ဘုကစ်"ကနေ ယိုးဒယားနာမည် "ဖူးခက်" လို့တောင် ခေါ်နေကြပါပြီ။

ပုဂံမတိုင်မီက ပျူလို့လူတွေခေါ်နေကြတဲ့ "ရှေးဟောင်းဗမာကြီးတွေ လက်ထက်ကတည်းက ကုလားပြည်နဲ့ တရုတ်ပြည်ကိုကူးတဲ့ ကုန်သွယ်ရေးလမ်းမကြီးဟာ အဲဒီဒေသကို ဖြတ်သွားတာပါ။ ကုလားပြည်သီဟိုဠ်ကနေ အရှေ့စူးစူးရွက်လွှင့်လာလိုက်၊ ဒီနေရာကို ဒုတ်ဒုတ်ထိရောက်ကရော။ ဒီမှာ ကုန်တွေချချင်ချမယ်။ ဖလှယ်တန်တာ ဖလှယ်မယ်။ ပြီးရင် အပြန်ကုန်တွေတင်ပြီး အနောက်စူးစူးကိုရွက်လွှင့်သီဟိုဠ်ကိုရောက်ကရောပေ့ါ။ ဒီမှာချတဲ့ ကုန်တွေကိုလည်း ကရာကျွန်းဆက်ကိုဖြတ်ပြီး ကုန်းလမ်းက သယ်မယ်။ ပြီးရင် ယိုးဒယားကွေ့ ကိုကူးပြီး ကမ္ဘောဇတို့ အာနမ် (အခု ဗီယက်နမ်) တို့ကို ဆက်သယ်မယ်။ အဲဒီကမှ တရုတ်ကို ဆက်သယ်မယ်ပေ့ါ။ မဟုတ်ရင်လည်း ကုန်းလမ်းကနေ ယိုးဒယားကိုဖြတ်ပြီး တရုတ်ကို ဆက်ပို့မယ်ပေ့ါ။ ဒီလို အသွားအပြန်ပို့ ကြရောင်းကြတာကို ရှေးဗမာကြီးတွေက ချုပ်ကိုင်ထားခဲ့ကြတယ်။ ဒါကြောင့် ဒီကုန်သွယ်ရေးလမ်း တစ်လျှောက်မှာ ပျူဒင်္ဂါးလို့ခေါ်တဲ့ ငွေပြားတွေကို တွေ့ရတယ်။ နောက်တော့ ပျူတွေလက်က ခမာတွေဆီ ဒီနယ်မြေရောက်သွားတယ်။ သိပ်မကြာပါဘူး။ လက်ကျန်ပျူတွေ ထူထောင်လိုက်တဲ့ "ပုဂံ"နိုင်ငံတော် ပြန်ပေါ်လာတော့ အနော်ရထာမင်းစောက တနင်္သာရီတလျှောက် ဆင်းလာပြီး ပြန်သိမ်းတယ်။ သူကတော့ သလင်းကြေ အထက်က "ကရာကျွန်းဆက်" (Isthmus of Kra)ထိပဲ ရခဲ့တယ်။ သူ့နောက်က သူ့မြေးလို့ဆိုတဲ့ အလောင်းစည်သူတို့လက်ထက်ကျမှ သလင်းကြေကိုပြန်ရပါတယ်။ ရာဇဝင်မှာ အလောင်းစည်သူ မာလာယုကျွန်းကို သွားခဲ့ရောက်ခဲ့တယ် ဆိုတာ သက်သက်ကြွားထားတာ မဟုတ်ဘူး။ တကယ့်ဖြစ်စဉ်ဖြစ်ရပ်ကို မှတ်တမ်းတင်ထားတာပါ။ မာလာယုကျွန်းကနေ သရက္ခန် နံ့သာတွေရလာတယ်ဆိုဆိုတာကလည်း မလေးတို့၊ တနင်္သာရီတို့က ထွက်တဲ့ ကရမက်တို့၊ တောင်တန်းကြီးတို့ပဲဖြစ်မှာပါ။ အဲဒီနံ့သာတွေနဲ့ ထုထားတဲ့ ရုပ်ပွားတော်တွေကို ပခုက္ကူ တစ်ရိုးမှာ ဖူးနိုင်ပါတယ်။ ပုဂံမှာ ဘုရားတွေ အများကြီးတည်နိုင်တာ ဒီကုန်သွယ်ရေးလမ်းမကြီးကို ဗမာတွေ ကိုင်ထားနိုင်လို့ပါပဲ။ ခုတော့ကော။ ခုလည်း ဖူးခက်မှာ ဗမာတွေမှ ပြေးမလွတ်၊ ရှောင်မလွတ်အောင် ရှိနေပါတယ်။

ဒါပေမဲ့ဖူးခက်က သလင်းကြေမဟုတ်တော့သလို ဒီမှာရှိနေတဲ့ဗမာတွေကလည်း ပုဂံခေတ်က ဗမာကြီးတွေလို အကောက်ခွန်အရာရှိတွေ၊ နယ်ခြားစောင့်တပ်ကစစ်သည်တွေ အရာရှိတွေ၊ ကုန်သည်ကြီးတွေ မဟုတ်ကြပါဘူး။ စားပွဲထိုးအလုပ်လောက်ကိုပဲ အမြင်ဆုံးထားပြီး လုပ်နေကြတာတွေ့ခဲ့ရပါတယ်။ ကိုတင်မောင်ညွန့်၏ ပျူခေတ်မှ စတင်သော ဖူးခက်သမိုင်းကောက်ကြောင်းကို ကျွန်တော်ဖတ်ရှုပြီးသည့်အခါ အံ့ဩခြင်းကြီးစွာဖြစ်ရသည်။ ကျွန်တော့်အမူအရာကို ကိုသက်ခိုင် ရိပ်မိဟန်ရှိ၏။

"ကိုယ့်ဆရာ သိပ်အံ့ဩမနေလေနဲ့။ ဒီထက်ဆန်းတာတွေအများကြီးရှိသေးဗျာ"

"လက်စသတ်တော့ ဖူးခက်ဟာ ပျူခေတ်ကတည်းက မြန်မာပိုင်ခဲ့တဲ့အရပ်ကိုး။ မြန်မာ့အင်ပါယာရဲ့ တောင်ဖက်စွန်းတဲ့ဗျာ။ နေပါဦးဗျ။ ဒီသမိုင်းမြေကို ကိုတင်မောင်ညွန့် ဘယ်လိုများ ကောက်မိပါလိမ့်""အေးဗျ၊ တော်တော်လေ့လာအားကောင်းတဲ့ သူပဲ။

စာမျက်နှာ(၂၅) သို့

7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013



# နှမ်းတစ်စေ့ စပါးတစ်နှံကိုပင် ယောင်များ၍ ဝင်မလာစေရ

မောင်သာချို

(တစ်)

ပြည်ပဆိုက်ရောက်ကောင်တာကိုဖြတ်သန်းကာ လေဆိပ်ထဲသို့ဝင်ရောက်မိသည်နှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့်အတူ အထူးလေ့ကျင့်ပေးထားသောခွေးကြီးတွေက ထိုခရီးသည်တစ်ယောက်ချင်းကို လှမ်း၍ကြည့်နေကြပါသည်။ သာမန်အခြေအနေများ၌ ဘာမှ သိပ်ပြီးထူးထူးခြားခြားမရှိလှသောထိုခွေးကြီးတွေက မယုံသင်္ကာဖြစ်စရာအနံ့အသက်တစ်ခုခုကိုရလိုက်သည်နှင့် ခေါင်းကိုဆတ်ခနဲထောင်လိုက်ကာ နှာခေါင်းကိုစူပွစူပွလုပ်လျက်က ထိုခရီးသွားသည့်သည်ရှိရာဆီသို့သွားရန် ဟန်ပြင်လိုက်ပြီဖြစ်ပါသည်။

ကြည့်စမ်း။ လူသာမန်တို့ဘယ်လိုမှ မခံစားနိုင်သည့် အနံ့အသက်ကို သူတို့ရယူနေလိုက်ကြတာ။ တစ်ရှူးထိုးလွတ်ထွက်သွားပြီး ခရီးသည်ကိုအန္တရာယ်မပြုစေနိုင်ရန်အတွက် လုံခြုံရေးအရာရှိကတင်းနေသည့်ကြိုးကိုအသာဆွဲ၍လိုက်သွားရင်းက အတူလိုက်ပါလာသည့်ဝန်ထမ်းများနှင့်အတူ ခရီးသွားပုဂ္ဂိုလ်၏ ခရီးဆောင်အိတ်တို့ကို ဖွင့်လှစ်ရှာဖွေပါလေပြီ။ ဘိန်းမဟုတ်။ လက်နက် မဟုတ်။ မူးယစ်ဆေးဝါးမဟုတ်။ ဆင်စွယ်မဟုတ်။ ရှေးဟောင်းပစ္စည်းမဟုတ်။ သဘာဝတောရိုင်းတိရစ္ဆာန်မဟုတ်။

မျိုးစေ့တဲ့။ ဟုတ်ပါသည်. . မျိုးစေ့။ စပါးမျိုးစေ့။ နှမ်းမျိုးစေ့။ ပန်းမျိုးစေ့။ ဂျုံမျိုးစေ့။ ပဲမျိုးစေ့။ သရက်မျိုးစေ့၊ လိမ္မော်မျိုးစေ့။ အို . . . မည်သည့် မျိုးစေ့မဆို ပြန်စိုက်လျှင်ပြန်ပေါက်ကာ ရှင်သန်ပွားများနိုင်သည့်မည်သည့်မျိုးစေ့မဆို၊ အဲသည်မျိုးစေ့ကိုရှာဖွေကြတာဆိုပဲ့လား။

ဂျပန်နိုင်ငံ၏ လေဆိပ်ထဲသို့ရောက်ရှိနေသူ နိုင်ငံကျော်ကာတွန်းဆရာက ယင်းကို ကျွန်တော့်အားရင်ဖွင့်ပါသည်။ ယခုအခါ ဆရာဝန်မလုပ်တော့ဘဲ ဂျာနယ်အယ်ဒီတာ လုပ်နေသူ တိုင်းသိပြည်သိစာရေးဆရာကတော့ဩစတြေးလျလေဆိပ်များတွင်လည်း ဤသို့ဤနှယ်ဟု ကျွန်တော့်ကိုပြောပါသည်။

ဩော်. . . သူတို့နိုင်ငံကိုသူတို့ချစ်ပုံ၊ သူတို့နိုင်ငံကို သူတို့ကာကွယ်စောင့်ရှောက်ထားပုံတွေက ကြက်သီးဖြန်းဖြန်းထဖွယ်ပါလားဟု ကျွန်တော်ခံစားမိပါသည်။ စိုက်လျှင်ပြန်ပေါက်မည့်သီးနှံမျိုးစေ့များကို လွှတ်ပေးလိုက်ခြင်းဖြင့် ကိုယ့်မြေကိုယ့်ရေ၌ အပင်ပေါက်လာကြကာ ကြာသော်မျိုးရိုးဗီဇများ ထွေးရောယှက်တင်ဖြစ်လျက် ကိုယ့်အပင်၊ ကိုယ့်အသီး၊ ကိုယ့်အဖူး၊ ကိုယ့်အပွင့်၊ ကိုယ့်အရွက်၊ ကိုယ့်အခက်တို့၏ ဥပမိရုပ်များ (identity) ယိုယွင်းသွားမည်ကိုစိုးသောကြောင့်တဲ့။

စာဖတ်သူမည်သို့များခံစားမိပါလိမ့်။ မျိုးစေ့၏အနံ့ကိုရရုံနှင့်တပ်လှန့်ပြီးဖြစ်နေသည့်ခွေးကြီးတွေကို ကျွန်တော်ချစ်လိုက်တာ။

(နှစ်)

ကမ္ဘာကျော် အာရပ်ပုံပြင်တစ်ပုဒ်ကလူသိတော်တော်များပါသည်။




သဲကန္တာရကြီးက တစ်ခု၊ တဲ ကတစ်လုံး၊ တဲပိုင်ရှင်ကတစ်ယောက်။ တစ်ညနေခင်း မှောင်ရီဝိုးဝါး၌ သစ်ကုလားအုပ် တစ်ကောင် တဲနားသို့ ရောက်လာပါသည်။ အမှောင်ထုကြီးစိုးကာလေပြင်းတွေတိုက်ခတ်စပြုလာ၍ တဲအတွင်းသို့ အမြီးကလေးသွင်းထားပါရစေတဲ့။ ထို့နောက်ဖင်ပိုင်းကလေး သွင်းထားပါရစေ။ ၎င်းနောက် ကိုယ်လုံးကလေး သွင်းထားပါရစေ။ ယင်းနောက် လည်ပင်းကလေး သွင်းထားပါရစေ။ သည့်နောက် ဦးခေါင်းကလေးသွင်းထားပါရစေ။ နောက်ဆုံးတွင် တဲရှင်ကတဲပြင်သို့ထွက်ပေးလိုက်ရသော ဇာတ်ပုံပြင်ထဲ၌ဖတ်ခဲ့ကြရဖူးပါသည်။

(သုံး)

နိုင်ငံတိုင်း နိုင်ငံတိုင်း၌ သူ့ရေမြေဒေသ၊သမိုင်းနောက်ခံ၊ယဉ်ကျေးမှုနောက်ခံများအရ ပြဋ္ဌာန်းထားသောဥပဒေများရှိကြရာတစ်နိုင်ငံနှင့်တစ်နိုင်ငံ မည်သို့မှထပ်တူမကျနိုင်ပါ။

ပြည်ဝင်ခွင့်ဗီဇာ (Visa) ပေးရာ၌ပင် နိုင်ငံအလိုက် တစ်ပတ်ပေး သူကပေး၊ တစ်လပေးသူကပေး၊ သုံးလပေးသူကပေးနှင့် အခွင့်အရေး မတူညီကြပါ။ ထို့အတူ တရားဝင်နေထိုင်ခွင့်ခေါ် PR (Permanent Residence) ပေးရာ၌လည်း နိုင်ငံတွင်း၌ သုံးနှစ်ဆက်တိုက်နေသူ၊ ငါးနှစ်ဆက်တိုက်နေသူ စသည် စသည်ဖြင့် နိုင်ငံအလိုက် PR ပေးပုံချင်းမတူညီကြပါ။ နိုင်ငံသားဖြစ်မှု (citizenship) ကတဲ့ရော။ မည်သို့သောအခါတွင်မှ ထပ်တူမကျနိုင်သောကိစ္စ။

ဥပမာ . . . အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ပြင်သစ် စသည့် နိုင်ငံများ၌ မိမိနေထိုင်ရာ တိုင်းနှင့်ပြည်နယ်အတွင်းက တိုင်းရင်းသား ဘာသာစကား(သို့မဟုတ်)ရုံးသုံးဘာသာစကားကို ကောင်းမွန်စွာ ရေးတတ်၊ ဖတ်တတ်ပြောတတ်ရမည်ဟု သတ်မှတ် ပုံမျိုးကို ကမ္ဘာ့နိုင်ငံတိုင်းက ကျင့်သုံးနေကြသည်မဟုတ်ပါ။

မြန်မာနိုင်ငံတွင် ၁၉၄၇ က ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ "ဗြိတိသျှဘုရင်မင်းမြတ်၏ အာဏာပျံ့နှံ့ရာနယ်မြေတစ်ခုခုတွင် မွေးဖွားခဲ့ပြီး၄. ၁. ၁၉၄၈ နေ့မတိုင်မီ မြန်မာနိုင်ငံအတွင်း၌ ရှစ်နှစ် နေဖူးရမည်" ဟု ပြဋ္ဌာန်းထားရာလွတ်လပ်ရေးမရမီရှစ်နှစ်မြန်မာနိုင်ငံ၌ နေသူဖြစ်ရမည်ဟုဆိုထားပါသည်။

၁၉၈၂ အောက်တိုဘာ ၁၅ တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေကမူ ထိုနေ့မတိုင်မီ နိုင်ငံသားဖြစ်ပြီးသူများကိုနိုင်ငံသားအဖြစ်လက်ခံသည်။ ဘကြီးတော် လက်ထက် အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲ(၁၈၂၄)မတိုင်မီ ၁၈၂၃ ကတည်းက နေသူများကို မွေးရာပါနိုင်ငံသားဟု သတ်မှတ်သည်။ ကျန်သူများသည် နိုင်ငံသားမဟုတ်။ ဧည့်နိုင်ငံသားဖြစ်ရန်လျှောက်ထားနိုင်သည်တဲ့။ ယင်းသည်ကျွန်တော်တို့နိုင်ငံ၏ နိုင်ငံသားဖြစ်မှုဥပဒေ။

မြန်မာနိုင်ငံတွင်း၌တိုင်းရင်းသားပေါင်းစုံတို့ယှဉ်တွဲနေထိုင်ကြကာ ကြိုက်ရာဘာသာကို ကြိုက်သလိုရွေးချယ်ကိုးကွယ်ခွင့်ရှိကြပြီးနိုင်ငံသားဥပဒေနှင့်ညီညွတ်သူမှန်သမျှ နိုင်ငံသားဖြစ်ကြသည်သာဖြစ်ပါသည်။ ဥပဒေနှင့်ညီညွတ်လျှင် ဗုဒ္ဓဘာသာဝင်လည်းနိုင်ငံသား၊ အစ္စလာမ်ဘာသာဝင်လည်းနိုင်ငံသား၊ဟိန္ဒူလည်းနိုင်ငံသား၊ ခရစ်ယာန်လည်းနိုင်ငံသားဖြစ်ပါသည်။ ကချင်၊ ကယား၊ မွန်၊ ရခိုင်၊ ကရင်၊ ချင်း၊ ရှမ်းအားလုံးနိုင်ငံသားဖြစ်ပါသည်။

သို့သော် ဥပဒေပြင်ပကလူကိုဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးရန် ယုတ္တိမတန်လှဘူးဟုထင်ပါသည်။ လူတစ်ယောက်နိုင်ငံသားဖြစ်ရေးအတွက် ဥပဒေပြင်ပေးရမည်ဆိုသည်ကလည်း ထင်သလောက်မလွယ်ကူလှပါ။

ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မဆို သည်အတိုင်းပဲဖြစ်ပါသည်။ ထိုင်းကိုသွားသွား၊ မလေးရှားကိုသွားသွား၊ အမေရိကကိုသွားသွား ကျုပ်ကိုခင်ဗျားတို့နိုင်ငံသားပေးဟု ဇွတ်တောင်းဆိုလျှင်မရနိုင်ပါ။

ဧည့်သည်လာလျှင် ပျော်၍ဧည့်သည်ပြန်လျှင် လွမ်းကျန်တတ်သော မြန်မာနိုင်ငံ၌ နားလိုကနား၊ သွားလိုက သွားနိုင်ပါသည်။ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှုကမူ သူ့ဥပဒေအတိုင်းဟုယူဆပါ၏။

(လေး)

ကြည့်စမ်းပါဦး။ သူတို့သူတို့များကျတော့ လူတစ်ယောက်မဆိုထားနဲ့။ နှမ်းတစ်စေ့၊ စပါးတစ်စေ့သွားပေါက်ဖို့တောင် ခက်ခဲလှပါဘိ။ လေဆိပ်ထဲမှာ မျိုးချစ်ခွေးကြီးတွေက အစွယ်ကြီးတွေ အဖွေးသားနဲ့။ ။

---

စာမျက်နှာ (၂၄) မှ

## မင်းဒင်ရဲ့ သက်ခိုင် (၂)

ကျွန်တော် သိသလောက်တော့ အစိုးရ ဝန်ထမ်းဟောင်းတဲ့ဗျ။ သူရှင်းပြတာကတော့ ဗမာတွေ သလင်းကြေထိအာဏာစက်သက်ရောက်ခဲ့တယ်ဆိုတာကို ဆရာကြီး ဒေါက်တာ သန်းထွန်းရဲ့ "ခေတ်ဟောင်း မြန်မာရာဇဝင်" က နေရသတဲ့ဗျ။ ဓမ္မရာဇကကျောက်စာကောက်နုတ်ချက် ကိုတော့ ဆရာဦးမွန်ဗိုကေရေးတဲ့ "ပုဂံသုတေသနလမ်းညွှန်"စာအုပ်မှာတွေ့နိုင်ပါတယ်။ ပျူလို့ခေါ်တဲ့ ရှေးဗမာကြီးတွေ အကြောင်းကိုတော့ ချင်ယီစိန်(ခေါ်)ဦးရည်စိန်ရဲ့ သုတေသနဆောင်းပါးတွေမှာ ဖတ်ခဲ့ရတာတော်တော်ကြာပြီလို့ ဆိုတယ်။ သူဆက်ပြီး ရှင်းပြထားတာတွေက ပုဂံဆိုတာ "ပုဂါမ=ပျူဂါမ=ပျူတို့ရဲ့ရွာ" လို့ အဓိပ္ပာယ်ဖော်ခဲ့တာ ဒီသုတေသီကြီးပါ။ သီရိခေတ္တာရာပျက်တော့ပျူတစ်စုက ပုဂံဖြစ်လာမယ့်နေရာကို ပြောင်းလာပြီး မြို့သစ်တည်တယ်။ ပျူစစ်ရင် မြန်မာဆိုတဲ့ အယူအဆကိုတော့ ဆရာဘုန်းတင့်ကျော်ကစပြီး ကျယ်ကျယ်ပြန့်ပြန့်ပြောခဲ့တာလို့မှတ်မိပါတယ်။ ဝီကီပီးဒီးယားက ဆောင်းပါးတွေမှာလည်း နောက်ဆုံးတွေ့ရှိချက်တွေ တော်တော်ပါပါတယ်။ ပုဂံအကြောင်း ဆောင်းပါးမှာဆိုယင် ပုဂံခေတ်မှာ ဘယ်နှစ်အပိုင်းအခြားတွေမှာ ဘုရားတည်၊ ကျောင်းဆောက်၊ မြေလှူ၊ကျွန်လှူတာအများဆုံး ဆိုတာကို ဂရပ်ဖ်နဲ့ပြထားတာတွေ့ရမှာပါ။

အလောင်းစည်သူရဲ့ တိုင်းခန်းလှည့်တာတွေကတော့ မှန်နန်းရာဇဝင်မှာ အထင်အရှားပါပါတယ်။ ရာဇဝင်ဆိုလို့ အရမ်းပယ်လိုက်ဖို့ မသင့်သလို၊ အရမ်းတော့လည်း လက်ခံလို့ မဖြစ်တာသိကြမှာပါ။ အနော်ရထာ သွားတိုက်တဲ့ သုဝဏ္ဏဘူမိဆိုတာ သထုံမဟုတ်ဘူး။ဘန်ကောက်အနောက်ကနခုံပထုံဖြစ်တယ်လို့ရေးထားတဲ့ ရှေးယိုးဒယားရာဇဝင်ရှိတယ်လို့ ဒေါက်တာထင်အောင်ရေးထားတာ ဖတ်ဖူးတယ်။ ဒါကြောင့် ပုဂံရာဇဝင်ကို တုတ်ထမ်းပြောရတယ်။ အယူအဆ၊ အဆိုအမိန့်တွေက ထွေပြားလွန်းလို့ ငြင်းရင်းက ရန်ဖြစ်ရင်ကိုယ်က ဦးအောင်ဆော်ဖို့တဲ့။ ဒါကြောင့် ဆရာကြီး ဦးဖေမောင်တင်က "တုတ်မထမ်းနဲ့ တူးရွင်းထမ်းပြောကြ" လို့ပြောဖူးတယ်။ လက်တွေ့တူးဖော်ကြည့်ပြီးမှ ပြောလို့ဆိုလိုတာပါ။ ဘာပြောပြော ၁၂ ရာစုလောက်မှာ ဗမာတွေဟာ အရှေ့တောင်အာရှမှာ အစွာဆုံးဖြစ်ခဲ့တာအမှန်ပါ။ အဲဒါကို သက်သေခံနေတာက ယိုးဒယားတို့၊လောတို့၊ ကမ္ဘောဇတို့မှာ နှစ်သစ်ကူးတဲ့အချိန်ဟာ ဗမာပြည်မှာ သင်္ကြန်ကျတာနဲ့ ထပ်တူကျနေတာကိုပဲ ကြည့်ပါတော့။ ဗမာတွေ သလင်းကြေကိုပိုင်တုန်းက ဒီမြေမှာ ယိုးဒယားရှမ်းတွေ မရောက်သေးပါဘူး။ သူတို့ရဲ့ ပထမမြို့တော် သုခေါဒယ"(ဆူခိုးထိုင်) ကိုတောင် မတည်သေးဘူးလေ။ ဒီတော့ သူတို့ပြောတာလည်း မမှားဘူးဆိုပါတော့ဗျာ"တဲ့။

"အင်း၊ ဘိုးဘေးတွေ သိမ်းပိုက်စိုးမိုးနိုင်ခဲ့တဲ့ အရပ်မှာ သားစဉ်မြေးဆက်ကျွန်လာဖြစ်နေကြတဲ့ ခေတ်ကို သူလည်း ရင်ထုမနာဖြစ်ဟန်တူပါရဲ့၊ အခုဖူးခက်မှာ သူတွေ့ခဲ့ရတဲ့ မြန်မာတွေထဲမှာ အမြင့်ဆုံးက စားပွဲထိုးတဲ့ခင်ဗျာ။ ဟိုးတုန်းကတော့ နယ်ခြားစောင့်စစ်သည်တွေ၊ အရာရှိတွေ၊ ကုန်သည်ကြီးတွေတဲ့"

"ဟုတ်ပဲ့ဗျာ။ ဖူးခက်မှာရှိတဲ့ ထိုင်းတချို့က ဗမာအလုပ်သမားတွေကို မင်းတို့နိုင်ငံမှာ လေယာဉ်ပျံရှိသလားလို့တောင် အမေးခံရဖူးသတဲ့။ ကဲ. . . ထားပါတော့ဗျာ။ ခင်ဗျားပြောမယ့် ဖူးခက်သမိုင်းကကော ခင်ဗျား ဟိုလျှောက်ဖတ်၊ ဒီလျှောက်ဖတ်နဲ့ပြောမှာပဲလားဗျ။

(ဆက်လက်ဖော်ပြပါမည်)

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

အယ်ဒီတာချုပ် - သောင်းစုငြိမ်း
အမှုဆောင်အယ်ဒီတာ - အားမာန်၊ ငြိမ်းငြိမ်းနိုင်
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး
သတင်းအယ်ဒီတာ - အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန်
ဘာသာပြန် - ရဲမင်း၊ ကျော်မျိုးဦး
စာပြင်အယ်ဒီတာ - ချမ်းငြိမ်း
သတင်းထောက်ချုပ် - အောင်သူရ
ဒု-သတင်းထောက်ချုပ် - နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း
အကြီးတန်းသတင်းထောက် - အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး
သတင်းထောက် - အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ်
အငယ်တန်းသတင်းထောက် - ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညာဏ်၊ အိမွန်ကျော်
ဓာတ်ပုံသတင်းထောက် - ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း
မန္တလေးသတင်းထောက် - စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ
နယ်သတင်းထောက် - မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ
စာပြင် - တင်ဇာဦး၊ ထွန်းသိန်းမြင့်
စီနီယာဒီဇိုင်နာ - ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်
ဒီဇိုင်နာ - နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ
ကွန်ပျူတာစာစီ - စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း
သရုပ်ဖော် - စိုးသော်တာ
လိုဂိုဒီဇိုင်း - ကျောက်ဆည်
ဘဏ္ဍာရေး - ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး
ကြော်ငြာတာဝန်ခံ - မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင်
ထုတ်ဝေသူ - ဦးမျိုးလှိုင်အောင်
ပုံနှိပ်စက် - သုဝဏ္ဏသိဂီပုံနှိပ်တိုက်
ဖလင် - Sunn Colour Separation
စောင်ရေ - ၃၅,၀၀၀
ရောင်းဈေး - ၄၅၀ ကျပ်

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ပြောစရာရှိတာ ပြောကြပါ

**ရွှေဖြိုးမောင်**

စာရေးသူတို့မြန်မာနိုင်ငံတွင် သမိုင်းကြောင်းဆိုင်ရာများကိုလည်းကောင်း၊ နိုင်ငံရေးဆိုင်ရာများကိုလည်းကောင်း၊ ပညာရပ်ပိုင်း ဆိုင်ရာများကိုလည်းကောင်း စသည့် ကဏ္ဍ အသီးသီးအတွက် ကျွမ်းကျင်နှံ့စပ်သူ အများအပြားရှိသည်ဟု ယုံကြည်ပါသည်။ ထိုသူများတွင် ပြောပြစရာ အကြောင်းအရာများစွာ ရှိလိမ့်မည်ဟု ထင်ပါသည်။ ပြောခွင့်မသာ၍ မပြောခြင်းလော။ မပြောလို၍ မပြောကြခြင်းလော။ ပြောပြလျှင်လည်း ဘာမျှထူးမည်မဟုတ်သဖြင့် မပြောကြခြင်းပေလော။ ပြောလျှင် ပြောသောသူက အာဏာပိုင်အုပ်ချုပ်သူ အသီးသီး၏ အပြစ်တင်၊ အပြစ်ပေးမှုကို ခံရနိုင်သောကြောင့် မပြောကြခြင်းလည်း ဖြစ်နိုင်ပါသည်။

နာမဝိသေသန များစွာဖြင့် အထူးပြုသုံးနှုန်းခဲ့သော စာရေးသူတို့မြန်မာနိုင်ငံသည်လက်ရှိအချိန်တွင်လည်း နောက်ထပ်အသစ်အသစ်သော နာမဝိသေသနများကို ပိုင်ဆိုင်လျက်ရှိနေပါသည်။ သဘာဝအလှအပတွေ အများအပြားတည်ရှိသော၊ အဖိုးတန်သယံဇာတတွေ အစုံအလင် ကြွယ်ဝသော၊ ကောက်ပဲသီးနှံ၊ ဆန်ရေစပါးဖြစ်ထွန်းသော၊ တိုင်းရင်းသားလူမျိုးစုအသီးသီး၏ အဆန်းကြယ်စွဲမက်ဖွယ်ဖြစ်သော ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ ရှိနေသော၊ သမိုင်းဝင် နှစ်ရှည်ယဉ်ကျေးမှုအမွေအနှစ်များကို အခိုင်အမာမြင်တွေ့နိုင်သော၊ ရှေးခေတ်အဆက်ဆက် ရဲရင့်ထက်မြက်သည့် မျိုးချစ်သူရဲကောင်းများပေါ်ထွန်းခဲ့သော ရိုးသားအေးချမ်းရောင့်ရဲပြီး ဘာသာတရားကိုင်းရှိုင်းသည့် ကျေးလက်နေပြည်သူအများစုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ စသည်ဖြင့် ကောင်းခြင်း နာမဝိသေသနများက စာရေးသူတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာ အနေအထား ဖြစ်ပါသည်။

နောက်ပိုင်းခေတ်သို့ရောက်သောအခါ အများပြည်သူအားလုံးနှင့်ဆိုင်သော သဘာဝအလှအပတွေ၊ သယံဇာတတွေကိုလက်ဝါးချင်းရိုက်ကာ မောင်ပိုင်စီးမှုတွေ လုပ်ခဲ့ကြသည်။ ကိုယ်ကျိုးစီးပွားအတွက် အသုံးချကြသည်။ ထိုအတွက် ပြည်သူတွေ နစ်နာရသလို နိုင်ငံလည်း နစ်နာဆုံးရှုံးမှုများ ရှိခဲ့ရသည်။ အကျိုးဆက်အဖြစ် စိုက်ပျိုးရေးကို အဓိကအားထားမှီခိုနေရသည့် အမိမြန်မာနိုင်ငံ အဖို့ ရာသီဥတုဆိုးရွားစွာပြောင်းလဲမှုတွေ ကြုံတွေ့ခဲ့ကြရပြီး တောင်သူလယ်သမားများမှာ ခက်ခဲပင်ပန်းစွာ ဘဝကို ရပ်တည်နေကြရသည်။ “ဆီကိုလည်း ရေမချိုးနိုင်၊ ဆေးရိုးလည်း မီးမလှုံကြရ၊ စပါးလည်း တောင်လိုမပုံနိုင်”ကြသည်မှာ ကြာပြီဖြစ်ပါသည်။

ယဉ်ကျေးမှု၊ ယဉ်ကျေးမှုဟု တစာစာအော်ခဲ့သော်လည်း အသိအမြင်အလှမ်းဝေးမှု၊ လမ်းပန်းဆက်သွယ်ရေးစနစ်များ ညံ့ဖျင်းခဲ့မှု၊ အလွယ်တကူလက်ခံအတုခိုးမှု၊ တစ်ဖက်မှ အရှိန်ကောင်းကောင်းဖြင့် ထိုးဖောက်ဝင်ရောက်လာမှုများကြောင့် မြန်မာ့မြေမှ ရိုးရာစစ်စစ်များသည် အချို့လည်းပျောက်ကွယ်ခဲ့ရသည်။ အချို့ရောယှက်ကာ ဟိုမဟုတ်၊ ဒီမဟုတ်ဖက်စပ်တွေဖြစ်ကုန်ကြသည်။ အချို့ပြန်လည် ရှာဖွေတူးဆွကာ မှန်းဆဆန်းသစ်နေကြရသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အထင်အရှားတည်ရှိခဲ့သော ကမ္ဘာ့တန်းမီ ရှေးဟောင်းအမွေအနှစ်များသည် စနစ်တကျနည်းမှန်၊ လမ်းမှန်ဖြင့် လုံလောက်သော ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခဲ့ကြသောကြောင့် ကမ္ဘာက အသိအမှတ်ပြုလက်ခံဖို့ ယခုအချိန်အထိ ကြိုးစားနေကြရဆဲဖြစ်ပါသည်။

သက်ဦးဆံပိုင် ဘုရင်စနစ်တွင် လည်းကောင်း၊နယ်ချဲ့ကိုလိုနီလက်အောက်ခံဘဝတွင်လည်းကောင်း၊ လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ရသည့်ဖြစ်စဉ်တစ်လျှောက်တွင်လည်းကောင်းထက်မြက်ထူးချွန်၍ စွန့်လွှတ်စွန့်စားဝံ့သော တိုင်းရင်းသားသူရဲကောင်းများစွာ ပေါ်ထွက်ခဲ့ပါသည်။ ကိုယ်ကျိုးစွန့်လှုပ်ရှား လုပ်ဆောင်ခဲ့သည့် အာဇာနည်များလည်း ရှိခဲ့ပါသည်။ သူတို့၏ အနစ်နာခံခဲ့မှု၊ အားထုတ်ရွက်ဆောင်ခဲ့မှု လွန်စွာ များပြားခဲ့သော်လည်း ၁၉၆၀ ကျော်နောက်ပိုင်း နှစ်ပေါင်း ငါးဆယ်ကျော်မျှ နိုင်ငံတော်ပိုင်းဆိုင်ရာများ၏ လျစ်လျူရှုပစ်ပယ်ခြင်း ခံခဲ့ရပါသည်။ နောက်ပိုင်းခေတ်တွင် ထွန်းပေါက်လာနိုင်သည့် အာဇာနည်သူရဲကောင်းအလောင်းအလျာများကိုလည်း တားဆီးနှိပ်ကွပ်ချုပ်ချယ်မှုများ ပြင်းထန်စွာ စိုးမိုးခဲ့ခြင်းဖြင့် အနိုင်ကျင့်ခဲ့ကြပါသည်။

“ခေါင်းမှမိုးမလုံ”သောအခါ ပြည်သူအများစုသည်လည်း ရိုးသားမှုကို ရှေ့တန်းမတင်နိုင်ကြတော့။ ဘာမျှအစိုးမရသည့်အခြေအနေများကိုလက်တွေ့ရင်ဆိုင်ခဲ့ကြရသည့်အနက် “သူဦးသူစား၊ ကိုယ်ဦးကိုယ်စား” ဘဝတိုက်ပွဲဆင်နွှဲကြရသဖြင့် အေးချမ်းပျော်ရွှင်မှုများနှင့် အလှမ်းကွာခဲ့ကြရသည်။ ရောင့်ရဲတတ်မှု စိတ်စွမ်းအင်များ လျော့ကျခဲ့ရသည်။ မမျှတမှုများ၊ အပေးအယူ ကိစ္စများ လွှမ်းခြုံလာခဲ့ရသည်။ လတ်တလောအလွယ်လမ်းလိုက်သူ၊ ရေတိုကြည့်သူပေါ်များကာ ထိုသူများသာ နေ့ချင်းညချင်း ကြီးပွားခဲ့ကြသည်။ ကျေးလက်နေပြည်သူ စစ်စစ်များသည် နယ်ပယ်ကဏ္ဍတိုင်းလိုလိုတွင် နောက်ဆုံးမှာ အောက်ဆုံးက ရောက်နေခဲ့ကြရသည်။ “ဖောင်စီးရင်း ရေငတ်” ခဲ့ကြရသည်။ “မြေကြီးက ရွှေသီး”သော်လည်း ထိုရွှေသီးကို တောင်သူများ မမြင်လိုက်ကြရသည့်ကိန်းဆိုက်ခဲ့သည်။

ဒီမိုကရေစီကို ဖော်ဆောင်မည်ဟု ကြွေးကြော်သံများဖြင့် ချီတက်လာသည့် အစိုးရသစ် လက်ထက်တွင် အားလုံးက မျှော်လင့်မှုများစွာဖြင့် ကြည်နူးဝမ်းသာပီတိများကို ပိုင်ဆိုင်ခံစားကြရရန် စောင့်စားနေကြသည်။ ပြည်သူကို ဗဟိုပြုသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရဆိုသည်များကိုပြည်သူတွေ သဘာကျနှစ်ခြိုက်ခဲ့ကြသည်။ “ပြောင်းလဲမှုတွေပြုလုပ်နေသည်” ဆိုသည့် ဆိုင်ရာဆိုင်ရာများ၏ စကားသံများကို အားလုံးနီးပါးက ကြိုဆိုခဲ့ကြသည်။ မျိုးဆက်တစ်ဆက်နှစ်ဆက်မျှ ကာလအတွင်း အစိုးရအပေါ် အကောင်းမြင်မှုတွေ၊ ချီးကျူးအသိအမှတ်ပြုမှုတွေ ကြားကြရ၊ မြင်တွေ့ကြရသည်။

ကမ္ဘာသည် ရွာကြီးတစ်ရွာဖြစ်နေချိန်တွင် မိမိတို့သည် ထိုရွာကြီးနှင့် အလှမ်းဝေးနေသော အိမ်တစ်လုံးမဖြစ်လိုကြပါ။ ထိုရွာကြီး၏ စည်းရိုးဘောင်အတွင်း ဝင်သော၊ ရွာသူရွာသားအားလုံးက လက်ခံအသိအမှတ်ပြုသော အိမ်တစ်လုံးသာ ဖြစ်လိုကြပါသည်။ အဆင်မပြေမှုများ အထိုက်အလျောက် ရှိနေသေးသော်လည်း အားမာန်အပြည့်၊ ယုံကြည်ချက်အပြည့်ဖြင့် ရွှေပြည်တော်သို့ အမြန်ဆုံးလျှောက်လှမ်းရောက်ရှိလိုသည်မှာ ပြည်သူအများ၏ ဆန္ဒဟုဆိုချင်ပါသည်။ ရွှေပြည်တော်ခရီးကားပြည်သူချည်း သက်သက်အပြေးသွား၍ မရနိုင်သည်မှာ သေချာပါသည်။ အစိုးရအဖွဲ့အစည်းတစ်ခုတည်း ကြွချီစံမြန်းနေလို့လည်း မသင့်လျော်သည့် လမ်းစဉ်ဖြစ်ပါသည်။ ပြိုင်တူ ရွှေ့ကြရပါမည်။

ထပ်ခါထပ်ခါပြောနေကြရသည့် ပွင့်လင်းမြင်သာရှိမှု၊ လက်တွေ့ကျမှု၊ တာဝန်ယူစောင့်ရှောက်ဖြည့်ဆည်းပေးမှုများကို သက်ဆိုင်ရာများမှ ထိရောက်စွာ ကျင့်သုံးဖော်ဆောင်ပံ့ပိုးပေးကြရမှာ ဖြစ်ပါသည်။ နုနယ်လှသော ဒီမိုကရေစီခရီးလမ်းအစမှာ အကြမ်းဖက်မှုများ၊ မူဝါဒများ၊ လက်လွတ်စပယ်ဖြေရှင်းမှုများက တိုင်းပြည်အတွက် အကျည်းတန်သလိုပြည်သူများကိုလည်း စိတ်မချမ်းမသာဖြစ်စေပါသည်။ ထိုမျှ သာမကဘဲ အစပျိုးအားယူနေပြီဖြစ်သော ယုံကြည်မှုများကို ကျဆင်းစေနိုင်ပါသည်။ ဤနေရာတွင် တိုင်းပြည်၏ အချမ်းသာဆုံး ပုဂ္ဂိုလ်များဖြစ်သော ကမ္ဘာထိတိုင်အောင် ကျော်ကြားသော လုပ်ငန်းရှင်ကြီးများသည်လည်း လွန်စွာအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးများမှာပင် ပိုင်ဆိုင်မှုများကို ရယူတည်ဆောက်ထိုးဖောက်နိုင်သည့် မြန်မာပြည်မှ သူဌေးကြီးများသည် ကိုယ့်နိုင်ငံအတွက်လည်း စွမ်းဆောင်လုံးပန်းကူညီနိုင်လိမ့်မည်ဟု ထင်ပါသည်။ အလိုအပ်ဆုံးအချိန်တွင် အကောင်းဆုံးသော ဆုံးဖြတ်ချက်များကို ချမှတ်ပြီး အမွန်မြတ်ဆုံးသော လုပ်ရပ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကို မြှင့်တင်ပေးနိုင်ပါသည်။

ဤအနေအထား အားလုံးကို ရင်ဆိုင်ကျော်လွှားဖြေရှင်းဖို့အတွက် ပြောစရာရှိတာ ပြောကြရပါလိမ့်မည်။ လုပ်စရာရှိတာ လုပ်ကြရပါမည်။ လမ်းပြစရာရှိသည်များကို လမ်းပြကြရပါမည်။ မေ့လိုက်ဖို့၊ ငြိမ်နေဖို့ မသင့်လျော်သည့် အချိန်သို့ရောက်နေပါပြီ။ ပြောခွင့်၊လုပ်ခွင့်၊လမ်းပြခွင့်လည်း လွတ်လပ်စွာခွင့်ပြုကြရပါမည်။ ရပ်ရေးရွာရေးနှင့် လူမှုအဖွဲ့အစည်းဦးဆောင်သူများ၊ ဌာနဆိုင်ရာများတွင် ကြီးကြီးငယ်ငယ် အရာရှိများ အနေဖြင့်လည်း ပြည်သူ့အကျိုး၊ လောကအကျိုး၊အနာဂတ်အကျိုးကို ရည်သန်လျက် ရဲရဲဝံ့ဝံ့ ပြောဆိုလုပ်ကိုင် လမ်းပြပေးကြပါဟု ပန်ကြားလိုက်ရပါသည်။

# Business

7DAY NEWS JOURNAL

Vol.12, No.24 • AUGUST 21 , 2013




ရွှေတောင်ကုမ္ပဏီကလုပ်ကိုင်နေသော ရန်ကုန်မြို့ ဈေးဝယ်စင်တာများတွင် နာမည်အကြီးဆုံး Junction Square — ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရွှေတောင်ကုမ္ပဏီ ကာကွယ်ရေးတက္ကသိုလ် နေရာဟောင်းတွင် ဟိုတယ်၊ဈေးဝယ်စင်တာနှင့် အဆင့်မြင့်လူနေတိုက်များ ဆောက်လုပ်ခွင့်ရ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၈**

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နေရာဟောင်းနယ်မြေ(၂)တွင်ရှိသောမြေရှစ်ဧကကျော်ပေါ်၌စီးပွားရေး အဆောက်အအုံများဆောက်လုပ်ခွင့်ကို ရွှေတောင်ကုမ္ပဏီက BOT စနစ်ဖြင့်ငှားရမ်းလုပ်ကိုင်ခွင့်ထပ်မံရရှိသွားကြောင်း သတင်းရရှိသည်။

ယင်းမြေကိုငှားရမ်း၍နိုင်ငံတကာအဆင့်မီဟိုတယ်၊ဈေးဝယ်စင်တာနှင့် အဆင့်မြင့်လူနေတိုက်များ တည်ဆောက်ခြင်းလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းလုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဩဂုတ် ၁၅ရက်က ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ယခုနှစ်အတွင်း ပြည်တွင်းလုပ်ငန်းရှင်များကို ချပေးသောလုပ်ငန်း၅၆ခုတွင် ရွှေတောင်ကုမ္ပဏီက ယခုတစ်ကြိမ်နှင့်ဆိုလျှင် လုပ်ကိုင်ခွင့်နှစ်ခုရရှိထားပြီး ဖက်စပ်လုပ်ငန်းများလည်း ရရှိထားသည်။

ရွှေတောင်ကုမ္ပဏီသည် ပြီးခဲ့သည့် မေ ၁၀ ရက်ကလည်း စက်သုံးဆီတင်/ချဆိပ်ခံတံတားနှင့်ဆီသိုလှောင်ကန်များတည်ဆောက်ပြီး စက်သုံးဆီသိုလှောင်ဖြန့်ဖြူးသည့် ဝန်ဆောင်မှုလုပ်ငန်းကို BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့် ရရှိထားသည်။

ယင်းလုပ်ငန်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မြေ(၂၄)ဧကကျော်တွင်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

စက်သုံးဆီသိုလှောင်ဖြန့်ဖြူးသည့်ဝန်ဆောင်မှုလုပ်ငန်းကို သီလဝါဆိပ်ကမ်းဒေသ၊ သန်လျင်-ကျောက်တန်းနယ်မြေမှာတွင်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင်ရွှေတောင်ကုမ္ပဏီသည်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နေရာဟောင်းတွင်ပင် စင်ကာပူကုမ္ပဏီဖြစ်သော Hyday Investmentနှင့်ပူးပေါင်း၍ Office Building/ Commercial Com-plex/ Service Apartmentတည်ဆောက်ငှားရမ်းခြင်းလုပ်ငန်းဖက်စပ်လုပ်ပိုင်ခွင့်ရရှိထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၃ခုနှစ် ဇန်နဝါရီ၁ရက်မှ ဩဂုတ် ၁၅ရက်အထိ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၅၆ခုခွင့်ပြုထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၇၃ ခုခွင့်ပြုပြီးဖြစ်ကာ အများစုမှာ CMP စနစ်လုပ်ငန်းများဖြစ်ကြောင်း ကော်မရှင်၏ ထုတ်ပြန်ချက်များအရသိရသည်။

ရန်ကုန်မြို့တွင်းပိုင်းရှိ အစိုးရပိုင်အဆောက်အအုံများနှင့် စီမံကိန်းအများစုကို ရွှေတောင်ကုမ္ပဏီကရရှိနေခြင်းမှာ မှန်ကန်သောယှဉ်ပြိုင်မှုဖြင့် အမြင့်ဆုံးနှုန်းထားများပေးပြီး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် ရရှိနေခြင်းသာဖြစ်ကြောင်း ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌဦးအိုက်ထွန်းက မေ ၁၅ရက်တွင် ပြောကြားသည်။

လက်ရှိတွင် စီးပွားရေးလုပ်ငန်းရှင်အများစုကမူ ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်အနေဖြင့် အစိုးရနှင့် နီးစပ်မှုရှိသောကြောင့် ယခုကဲ့သို့ အိတ်ဖွင့်တင်ဒါများတွင် မကြာခဏရရှိနေခြင်းဖြစ်ကြောင်း ပြင်ပတွင်ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။

“ကျွန်တော်တို့ကမျှတတဲ့ ယှဉ်ပြိုင်မှုတွေကြားမှာ ဝင်ပြိုင်တာပါ။အရည်အသွေးနဲ့ ဘယ်လိုကောင်းအောင်ဆောင်ရွက်မယ်ဆိုတာတွေကြောင့် အခုလိုတင်ဒါတွေရရှိခြင်းလည်းဖြစ်ပါတယ်”ဟု ဦးအိုက်ထွန်းက 7Day နှင့် သီးသန့်အင်တာဗျူးတွင် ဆက်လက် ပြောကြားခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၀ | ၉၇၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၁ | ၇၇၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၉၁ | ၁၃၀၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၃ | ၃၁. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၇ | ၁၅၉ | ကျပ် |

၂၀၁၃ ဩဂုတ် ၁၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၉၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၀၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၇. ၅၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၁၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၆၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၀၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၄. ၀၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၇၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀,၃၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၆၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၈၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၃၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၉၁၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၇၆. ၇၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၇၀ |
| ငွေ | အောင်စ | ၂၃. ၂၁ |
| ကြေးနီ | ပေါင် | ၃. ၃၇ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဩဂုတ် ၁၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# နစ်ဆန်းမော်တော်ယာဉ်အမျိုးအစားသုံးမျိုး မြန်မာနိုင်ငံတွင် ထုတ်လုပ်ရန် မလေးရှားကုမ္ပဏီ ခွင့်ပြုချက်ရ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၉**

မလေးရှားအခြေစိုက် ကုမ္ပဏီ Tan Chong Motorက နစ်ဆန်းမော်တော်ယာဉ်များကို ၂၀၁၅တွင် မြန်မာပြည်တွင်း၌ စတင်ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နစ်ဆန်း မော်တော်ယာဉ် အမျိုးအစားမှာ ၆၄ မျိုးထိ ရှိသော်လည်း မြန်မာနိုင်ငံတွင် သုံးမျိုးခန့်သာ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

Tan Chong Motor ကုမ္ပဏီသည် အဆိုပါ ကားထုတ်လုပ်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ဩဂုတ် ၁၅ ရက်တွင် ခွင့်ပြုချက်ရထားပြီး ဖြစ်သည်။ ကားထုတ်လုပ်မှုကို ပဲခူးတိုင်း ဒေသကြီး ပဲခူးမြို့အဝင်ရှိ စက်မှုပိုင်မြေရထားပြီး မကြာမီတွင် စက်ရုံတည်ဆောက်ခြင်းနှင့် စက်ကိရိယာများတပ်ဆင်ခြင်းကို ပြုလုပ်ဖြစ်ကာ Tan Chang ကုမ္ပဏီက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သွားမည် ဖြစ်သည်။

"ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ကားတွေကအပြင်က သွင်းတာထက်ဈေးတွေ သက်သာသွားမယ်။ တခြားကားတွေကတော့ ဈေးမပြောင်းဘူးပေါ့။ ပြည်တွင်းမှာ ထုတ်လုပ်လိုက်တော့ ကောင်းတာပေါ့"ဟု နစ်ဆန်းကားဝန်ဆောင်မှုနှင့် အရောင်းကိုယ်စားလှယ်ရရှိထားသော ဦးအေးထွန်းက ပြောသည်။

ပြည်တွင်း၌ ထုတ်လုပ်မည့် နစ်ဆန်းကားများကို တစ်ဦးတည်း ကိုယ်စားလှယ်ရရှိထားသူက ပြန်လည် ရောင်းချသွားမည် ဖြစ်ကြောင်း ဦးအေးထွန်းက ပြောသည်။ ပြည်တွင်းလုပ်ငန်းရှင်ရရှိထားသော နစ်ဆန်းကား ဝန်ဆောင်မှုနှင့် အရောင်းပြခန်းကို ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ ပြည်လမ်းတွင် စတင်ဖြင့်ဆင်နေပြီ ဖြစ်သည်။

ထို့အပြင် မလေးရှားအခြေစိုက်ကုမ္ပဏီ APM Auto Components Myanmar ကလည်း မြန်မာနိုင်ငံတွင် မော်တော်ကား အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ရာနှုန်းပြည့် လုပ်ပိုင်ခွင့်ရရှိထားသည်။

APM Auto Components Myanmar ကလည်း အဆိုပါ လုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး၌ပင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။




စာမျက်နှာ(၂)မှ

# ပြည်ထောင်စုလွှတ်တော် ဥပဒေပေါင်း ၆၃ ခုကို ပြဋ္ဌာန်းပြီး

လွှတ်တော်က အတည်ပြုနိုင်သည့် ဥပဒေအများစုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကတင်သွင်းသည့် ဥပဒေများသာဖြစ်နေပြီး လွှတ်တော်အစည်းအဝေးများ စတင်ကျင်းပခါစအချိန်က အတည်ပြုလိုက်သည့် ဥပဒေအများစုတွင်မူ အချို့ဥပဒေများသည် ပြည်သူ့ဆန္ဒနှင့်ကွဲလွဲမှုများ၊ မပြည့်စုံမှုများရှိသည်ဟုလည်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

လွှတ်တော်တွင်းရှိ ကိုယ်စားလှယ်အများစုမှာ အာဏာရပါတီဖြစ်သော ပြည်ခိုင်ဖြိုးပါတီမှသာဖြစ်သဖြင့် အစိုးရအဖွဲ့ကတင်သွင်းသည့် ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုရာတွင် အာဏာရပါတီဘက်မှသာ အနိုင်ရရှိသဖြင့် ယင်းသို့အစောပိုင်းကာလ ပြဋ္ဌာန်းသည့် ဥပဒေများသည် ပြည်သူနှင့်တစ်သားတည်းမကျခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားသည်။

"ဥပမာအနေနဲ့ဆိုရင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေဆိုရင်ပြည်သူတွေရဲ့ဆန္ဒထုတ်ဖော်ခွင့်မှာ ပုဒ်မ ၁၈ တို့ဘာတို့နဲ့ ကန့်သတ်ချက်တွေ အများကြီးရှိနေတယ်။ ဒါကို ဒီမိုကရေစီအင်အားစုဘက်က မပြင်နိုင်ဘူး။ အများစုဖြစ်တဲ့ အာဏာရပါတီက ခွင့်ပြုသလောက်ပဲ ပြင်နိုင်တဲ့အတွက်ကြောင့် ဒီမှာကန့်သတ်ချက်တွေများသွားတယ်လေ"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကပြောသည်။

လွှတ်တော်တတိယအစည်းအဝေးများတွင်မူ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင်းလုပ်ငန်းများနှင့် အသားကျလာခြင်း၊ ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်များအပါအဝင် တပ်မတော်သားကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုကိုယ်စားလှယ်များဆက်ဆံရေးပိုမိုအဆင်ပြေလာသောကြောင့် အတူလုပ်ဆောင်ရသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်လာကြောင်း ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များကလည်းပြောသည်။ အာဏာရပါတီ အစိုးရ၏ မူဝါဒနှင့် တိုက်ရိုက်သက်ဆိုင်သည်ဟုပြောနိုင်သော အရေးကြီးသည့်ဥပဒေပါအချက်များမှလွဲ၍ ကျန်သည့်ဥပဒေပြုရေးဖြစ်စဉ်၊ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များတွင် ကိုယ်စားလှယ်အများစု အတူတကွပူးပေါင်းဆောင်ရွက်နေပြီဖြစ်သည်ဟုလည်း လွှတ်တော်ကိုယ်စားလှယ်များကပြောသည်။

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု၍ နိုင်ငံတော်သမ္မတအမိန့်ဖြင့် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ဗဟိုဘဏ်ဥပဒေ၊ လယ်ယာမြေဥပဒေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေစသည့်ဥပဒေများပါဝင်သည်။

အဆိုပါဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် နိုင်ငံခြားနှင့်ငွေကြေးအပေးအယူဆက်ဆံရသည့် လုပ်ငန်းများအားလုံးတွင် ယခင်နှင့်ယှဉ်ပါက အဆင်ပြေစွာလည်ပတ်လာနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

လူမှုရေးကဏ္ဍပိုင်းတွင် ရပ်ကျေးအုပ်ချုပ်ရေးဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ အနည်းဆုံးအခကြေးငွေဥပဒေ စသည့် ဥပဒေတို့သည် အောက်ခြေလူထုအထိ တိုက်ရိုက်သက်ရောက်သော ဥပဒေများဖြစ်ခဲ့သည်။

မူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲများအဖြစ် ပညာရေးအတွက်ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ စသည့်ဥပဒေများရှိလာခဲ့သည့်အတွက် ယင်းကဏ္ဍများအတွက် သက်ရောက်မှုများရှိလာသကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းနိုင်ခြင်းကြောင့်လည်း အစိုးရအဖွဲ့အပါအဝင်အဖွဲ့အစည်းအသီးသီး၏ အဂတိလိုက်စားမှုကို အရေးယူလာနိုင်တော့မည်ဖြစ်သည်။

သို့ရာတွင် ဥပဒေပြဋ္ဌာန်းပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းဥပဒေကို ရေးဆွဲရာတွင် နည်းဥပဒေတွင်လိုအပ်ချက်များ၊ ပင်မဥပဒေများ၏လိုအပ်ချက်များကြောင့် ဥပဒေချင်းကွဲလွဲမှုများနှင့် အားနည်းချက်များလည်းရှိသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကလည်းဆိုသည်။ မကြာမီရက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ရပ်နားတော့မည်ဖြစ်ရာ ယခုအစည်းအဝေးတွင် ဆွေးနွေးဆဲဖြစ်နေပြီး မပြီးပြတ်သေးသည့်ဥပဒေအချို့ကျန်နေနိုင်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း ၁၄၁၇ ခုရှိပြီး ယင်းတို့အနက် ၅၉၀ ကို ရုပ်သိမ်းလိုက်ပြီးဖြစ်၍ ဥပဒေပေါင်း ၈၂၇ ခုကျန်ရှိကြောင်းသိရှိရသည်။

7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013



MOHAMAD TOROKMAN/REUTERS

# နိုင်ငံရေးတိုက်ပွဲများထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရွေးချယ်ခြင်း

ကြည်နေဝင်းမင်း

အစ္စရေးနှင့်ပါလက်စတိုင်းမှာ ၎င်းတို့နေထိုင်သော နယ်မြေကို ခွဲခြမ်းရေး လွန်ခဲ့သောသုံးနှစ်က ကြိုးစားပြီး မအောင်မြင်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများအပြီး သုံးနှစ်တာကာလအတွင်း ပါလက်စတိုင်းခေါင်းဆောင်များမှာ ၎င်းတို့ပြည်သူများအတွက် အကျိုးကျေးဇူးရရှိစေရန် မစွမ်းဆောင်နိုင်သလောက်ပင်ဖြစ်သည်။

လုပ်ငန်းကိုင်ငန်းများ ပြိုလဲပြီး အလုပ်နေရာများ ပျောက်ဆုံးကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုသော အိပ်မက်မှာ အစ္စရေးသိမ်းပိုက်မှု အရှိတရားများနှင့်သာ ရင်ဆိုင်နေရသည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကြီးများသည် ဖုန်တထောင်းထောင်းနှင့် အနောက်ဘက်ကမ်းခြေဒေသ တောင်ကုန်းများကို ဖွဲ့ချနေကြပြီး ယင်းနေရာများတွင် ဂျူးလူမျိုး အခြေချနေထိုင်သူများအတွက် ဆောက်လုပ်သော ခေါင်မိုးနီအိမ်ရာများဖြင့် ဖြည့်တင်းလိုက်ကြသည်။ အနာဂတ်နိုင်ငံတော်အတွက် ပါလက်စတိုင်းတို့အလိုရှိသောမြေကို အစ္စရေးချုပ်ကိုင်မှု ပိုမိုတင်းကျပ်လာခြင်းဖြစ်သည်။

ယင်းနောက်ခံနှင့်အတူ ပိုမိုဆိုးရွားသောစီးပွားရေးအထီးကျန်မှုမှနေ၍ ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်တစ်ယောက် အဘယ်ကြောင့် ၎င်း၏ပါတီအတွင်းလူများပင် မနှစ်သက်သော လူကြိုက်မများသည့် လမ်းကြောင်းကိုလိုက်ခဲ့သနည်းဆိုသည်ကို ရှင်းပြနေသည်။ အမေရိကန်ကြားဝင်ညှိနှိုင်းသော ဒုတိယအကြိမ် ပါလက်စတိုင်း-အစ္စရေးငြိမ်းချမ်းရေးဆွေးနွေးပွဲများ မကြာမီကပင် ဂျေရုဆလင်မြို့၌ ပြန်လည်စတင်ခဲ့ပါသည်။

ပါလက်စတိုင်းများကြားတွင်မူ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု အစိုးရကို အိမ်ရာဆောက်လုပ်မှုအစီအစဉ် စွန့်လွှတ်ရေးနှင့် ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်း ၎င်းတို့သိမ်းပိုက်ခဲ့သော နယ်မြေပြန်လည်ပေးအပ်ရေး ဆွဲဆောင်နိုင်ရန် မစ္စတာအဘတ်စ်၏ အခွင့်အလမ်းအပေါ် အဆိုးမြင်ဝါဒသာ ပျံ့နှံ့နေသည်။

မစ္စတာအဘတ်စ်တွင် အခြားရွေးချယ်စရာလမ်းတစ်ခု ရှိပါသည်။ ယင်းမှာ ပြီးခဲ့သည့်နှစ်က ကုလသမဂ္ဂတွင်ပါလက်စတိုင်းတို့က အဖွဲ့ဝင်မဟုတ်သော နိုင်ငံအဖြစ် အတင်းအကျပ်ဝင်ရောက်ခဲ့ခြင်းကို အသုံးချ၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံး၌ အစ္စရေးနှင့်ထိပ်တိုက်ရင်ဆိုင်ခြင်းဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင်မူ မစ္စတာအဘတ်စ်က ယင်းလမ်းကြောင်းကို အရန်အဖြစ်ထားရှိပါသည်။ ထိုလမ်းကြောင်းလိုက်ခြင်းမှာ အမေရိကန်နှင့် အစ္စရေးတို့၏ အမျက်ဒေါသ ၎င်းတို့အစိုးရအပေါ် စုပြုံကျရောက်လာပြီး အစ္စရေးက ၎င်းတို့အတွက် အသက်တမျှ အရေးကြီးသော အကောက်ခွန်ဝင်ငွေကို ဖြတ်တောက်ခြင်းနှင့် အမေရိကန်က အကူအညီငွေရပ်ဆိုင်းခြင်းများ ရှိလာနိုင်သည်ကို သတိပြုမိခြင်းလည်း ပါဝင်သည်။

"ခင်ဗျားတို့ ကျွန်တော်မှားတယ်ဆိုပြီး ဆောင်းပါးတစ်ပုဒ်ရေးနိုင်တယ်။ အဲဒီအစား ကုလသမဂ္ဂဆီ သွားသင့်တယ်လို့လည်း ခင်ဗျားတို့ ပြောနိုင်တယ်"ဟု ပြီးခဲ့သည့်လအတွင်း ၎င်းအပေါ် မယုံကြည်သော ဒေသခံဂျာနယ်လစ်အဖွဲ့ကိုမစ္စတာအဘတ်စ်က လက်ချာရိုက်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆီ ပြန်သွားရေး ရွေးချယ်မှုကို ရှင်းပြရင်း "ဒါပေမဲ့လည်း သမ္မတတစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တာဝန်ဝတ္တရားတွေရှိတယ်။ ကျွန်တော့်အနေနဲ့ လစာတွေပေးဖို့၊ စီးပွားရေးချုပ်ကိုင်ခံထားရမှုတွေအကြောင်း စဉ်းစားရပါတယ်"ဟု မစ္စတာအဘတ်စ်က ပြောပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကလည်း ပြီးခဲ့သောလပိုင်း နှစ်နိုင်ငံကြား လူးလားခေါက်တုံ့ လွန်းပျံသံတမန်ရေးအတွင်း ဆွေးနွေးပွဲကို ငြင်းဆန်ပါက မစ္စတာအဘတ်စ်အနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအထီးကျန်မှု ရင်ဆိုင်ရမည်ဟု ရှင်းရှင်းလင်းလင်းပြောကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ဆိုသည်။

မစ္စတာ အဘတ်စ်၏ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့မှာ နိုင်ငံခြားမှ ပေးကမ်းလှူဒါန်းမှုများအပေါ် အကြီးအကျယ်မှီခိုနေရပြီး ၎င်းတို့အဖွဲ့၏ဝင်ငွေ သုံးပုံတစ်ပုံအထိရှိသော ကန်ဒေါ်လာသန်း ၁၀၀ ကို ၎င်းတို့ကိုယ်စား အစ္စရေးတို့က ကောက်ယူပေးသော အကောက်ခွန်ဝင်ငွေအပေါ်လည်း အားကိုးနေရသည်။ အမေရိကန်နိုင်ငံက နှစ်စဉ်ကန်ဒေါ်လာသန်း ၆၀၀ ပါဝင်ကူညီပြီး ယင်းတွင် မစ္စတာအဘတ်စ်၏ လုံခြုံရေးတပ်ဖွဲ့များနှင့် လိုအပ်သည်ထက် ကြီးမားသော အစိုးရဝန်ထမ်းကဏ္ဍအတွက် ဘတ်ဂျက်များ ပါဝင်သည်။

ပါလက်စတိုင်းနိုင်ငံရေးအဖွဲ့များကြား သဘောထားကွဲပြားမှုများ ရှိနေခြင်းကလည်း ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ပြန်လည်သွားရောက်ရေးလမ်းကြောင်းကို တစ်နည်းအားဖြင့် လွယ်ကူသွားစေခဲ့သည်။

၂၀၀၆ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် မစ္စတာအဘတ်စ်တို့၏ ဖာတာအဖွဲ့အပေါ် အနိုင်ရရှိပြီး တိုတောင်းသော ပြည်တွင်းစစ်လည်း ဆင်နွှဲခဲ့သော ဟားမားစ်အစ္စလာမ်မစ်အုပ်စုမှာ ၂၀၀၇ ခုနှစ်မှစ၍ ဂါဇာကမ်းမြောင်ဒေသ၌ အာဏာရရှိနေခဲ့သည်။ ဟားမားစ်တို့က အစ္စရေးနိုင်ငံ တည်ရှိပိုင်ခွင့်ကိုလည်း အသိအမှတ်မပြုပေ။

ယင်းသို့ နှစ်ခြမ်းကွဲနေမှုက တစ်မျိုးသားလုံးရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို ချည့်နဲ့နေစေပြီး အာဏာပိုင်များအနေဖြင့် ပြည်သူများ၏ဆန္ဒကို တုံ့ပြန်နိုင်မှုလျော့နည်းသွားစေပါသည်။ မစ္စတာအဘတ်စ်ကိုယ်တိုင်မှာလည်း ၎င်း၏ သက်တမ်းထက် ငါးနှစ်ကျော်လွန်နေပြီဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်မစတင်မီ တစ်လအလိုဇွန်လအတွင်း ပါလက်စတိုင်းမူဝါဒနှင့် စစ်တမ်းကောက်ယူရေး သုတေသနစင်တာ လူထုစစ်တမ်းအရ အမေရိကန်ကြားဝင် ညှိနှိုင်းသော ကြိုတင်သတ်မှတ်ချက် မရှိသည့် ဆွေးနွေးပွဲများ ပြန်စရေး ပါလက်စတိုင်း သုံးပုံတစ်ပုံကသာ ထောက်ခံခဲ့ကြပြီး ထက်ဝက်ကျော်က ဆန့်ကျင်ခဲ့ကြသည်။

ထိုနောက်ပိုင်းမှစ၍ ဆွေးနွေးညှိနှိုင်းမှုများ မစတင်မီ အစ္စရေးက အိမ်ရာဆောက်လုပ်မှုများကို ရပ်တန့်ရေးနှင့် အနာဂတ်တွင် မြေနှင့် ငြိမ်းချမ်းရေးလဲလှယ်မှုအတွက် ၁၉၆၇ ခုနှစ် စစ်ပွဲမတိုင်မီ ရှိခဲ့သော နယ်စပ်မျဉ်းများကို အသိအမှတ်ပြုရေး တောင်းဆိုမှုများကို မစ္စတာအဘတ်စ်က ဖယ်ရှားထားခဲ့သည်။

အထက်ပါစစ်တမ်းကပင် အစ္စရေးနိုင်ငံအား ၎င်း၏လုပ်ရပ်များနှင့် သိမ်းပိုက်နယ်မြေများတွင် (အိမ်ရာဆောက်လုပ်မှု) မူဝါဒများနှင့်ပတ်သက်၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ ခုံရုံးတွင် အရေးယူရန် ကိစ္စကို ပါလက်စတိုင်း ၇၂ ရာခိုင်နှုန်းက ထောက်ခံပြီး ၂၄ ရာခိုင်နှုန်းက ဆန့်ကျင်ကြသည်။ သို့သော် ယင်းသို့လုပ်ဆောင်မှုများကြောင့် ဘဏ္ဍာရေးပိတ်ဆို့တားဆီးမှုများ ဆီဦးတည်ပြီး အဘတ်စ်၏ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ကို ပြိုလဲသွားစေနိုင်သည်ဟု အစီရင်ခံစာတွင် မှတ်ချက်ပြုထားသည်။

မစ္စတာအဘတ်စ်တို့နှင့် ပူးပေါင်းထားသော ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (PLO)တွင်းမှာပင် ထိပ်တန်းခေါင်းဆောင်များက အစ္စရေးနှင့် ဆွေးနွေးပွဲများကို ထောက်ခံသူမရှိသလောက်ဖြစ်သည်။ မစ္စတာအဘတ်စ်ကလည်း ဆွေးနွေးပွဲများ ပြန်စရေးလုပ်ဆောင်ရာတွင် ယင်းခေါင်းဆောင်များ၏ အတည်ပြုမှုကို မရယူခဲ့ပေ။

ကုလသမဂ္ဂတွင် သံတမန်ရေးတိုက်ပွဲများ ဆင်နွှဲခြင်းထက် ငြိမ်းချမ်းရေးအစီအစဉ်ကို ပွင့်လင်းစွာ ထောက်ခံခဲ့သော လက်တစ်ဆုပ်စာ ပါလက်စတိုင်းဝါရင့်နိုင်ငံရေးခေါင်းဆောင်များကြားတွင်လည်း ဆွေးနွေးပွဲအသစ်များ စတင်ရေး နီးကပ်နေချိန်မှာပင် လူနေအိမ်ရာ ၃,၁၀၀ ဆောက်လုပ်ရေး အစ္စရေးအစိုးရက ကြေညာခဲ့ခြင်းအတွက် အမျက်ဒေါသဖြစ်ခဲ့ကြသည်။

"မြေခိုးနေတာနဲ့ ဆွေးနွေးမှုလုပ်တာ တစ်ပြိုင်နက်တည်း လုပ်လို့မရဘူး"ဟု အဘတ်စ်၏လက်အောက်မှ ပီအယ်လ်အို ဒုတိယခေါင်းဆောင် ယာဆာအဘက်ရက်ဘိုက ပါလက်စတိုင်းရေဒီယိုအား ပြောကြားသည်။

အနောက်ဘက်ကမ်းခြေ၊ရာမာလာမြို့ရှိ အခိုင်အမာတည်ဆောက်ထားသော သမ္မတနန်းတော်နှင့် လမ်းများပေါ်တွင် ဆွေးနွေးပွဲများ အောင်မြင်ပါက စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှု အလုံးအရင်း လုပ်ဆောင်မည်ဟူသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ ကတိစကားကို ယုံကြည်သူအနည်းအကျဉ်းသာ ရှိပါသည်။ အလားတူပင် ပါလက်စတိုင်းတို့က ကုလသမဂ္ဂတွင် အစ္စရေးကို ဖိအားမပေးနိုင်သရွေ့ အစ္စရေးတို့ဘက်က အလျှော့ပေးလိုက်လျောမှုများ ရှိလိမ့်မည်ဟုလည်း ၎င်းတို့က မယုံကြည်ကြပါပေ။ *—Ref: Abbas Choose unpopular peace talks over bruising - U.N battles*

7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

7DAY BOOK REVIEW

## ချစ်တတ်မှကလေးရနှင့် သားသမီးရတနာရစေကြောင်း နည်းလမ်းကောင်းများ

(ဒေါက်တာစိုးလွင်)



သားသမီးဆိုတာ အိမ်ရဲ့ ဆည်းလည်းပဲဟု သတ်မှတ်တတ်ကြသည့် မြန်မာ့လူ့အဖွဲ့အစည်းကြားတွင် မိသားစု၌ သားသမီးရှိ၊ မရှိ၊ သားသမီးရ၊ မရဆိုသည်မှာ အိမ်ထောင်တစ်ခုအတွက် အရေးကြီးသောအရာတစ်ခုဖြစ်သည်။ သားသမီးရှိသော မိသားစုများက ပျော်ဟယ်ရွှင်ဟယ်၊ ဆူဟယ် ပူဟယ်နှင့်ပဲ ခိုင်မာသောမိသားစု အဖွဲ့အစည်းအဖြစ် သံယောဇဉ်ငြိတွယ်မိချိန်တွင် သားသမီးမရှိသော အိမ်ထောင်စုတို့ကား ခြောက်သွေ့တိတ်ဆိတ်စွာဖြင့်သာ ရှိမြဲဖြစ်သည်။ ထို့ကြောင့်လည်း အိမ်ထောင်စုတစ်စုအဖြစ် လက်တွဲတည်ဆောက်ပြီးသော အိမ်ထောင်ရှင်တိုင်းအတွက် သားသမီးရရှိရန်မှာ အရေးတကြီးလိုအပ်သောအရာတစ်ခုဖြစ်သည်။ သို့သော်လည်း မနုသတ္တဘာဝေါ ဒုလ္လဘောဟူသောစကား၊ လူ့ပြည်က အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်က အပ်တစ်စင်းဟူသော ဆိုရိုးတို့က လူ့ဘဝရရန်ခဲယဉ်းလွန်းသော အခြေအနေကိုပြနေကြသည်ဖြစ်ရာ တစ်ခါတစ်ရံက လေးချစ်တတ်လှသော အိမ်ထောင်ရှင်စုံတွဲတို့မှာ သားသမီးမရနိုင်ဘဲ နှစ်ပေါင်းများစွာ အထူးကုဆေးခန်းအမျိုးမျိုးတို့၌ လှည့်ပတ်လျက် သားသမီးရအောင်ကြိုးစားနေကြချိန်၊ ဆင်းရဲ၍ ဈေးတောင်းခေါင်းပေါ်တင်နေရသော မိသားစုများတွင် သားသမီးကံပွင့်ပုံက အံ့သြဖွယ်ဖြစ်နေတတ်သည်။

ဗြိတိန်နိုင်ငံမှ M.R.C.O (UK) ဘွဲ့ရရှိခဲ့ပြီး ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာစိုးလွင်၏ နှစ်ပေါင်းများစွာ ဆေးကုသမှုအတွေ့အကြုံများကိုစာဖတ်သူများအားပြန်လည်ဝေမျှထားသော "ချစ်တတ်မှ ကလေးရနှင့် သားသမီးရတနာရစေကြောင်းနည်းလမ်းကောင်းများ" စာအုပ်ထွက်လာသည်။ ညီမလေး နန်းရေ. . . အစချီသောသွက်လက်သောစကားပြောဟန်၊ ဟာသဉာဏ်ရှိသော အရေးအဖွဲ့တို့ကပင် နက်နဲသောကျန်းမာရေးဗဟုသုတနှင့် ဆေးလောက အတွေ့အကြုံတို့ကို အလွယ်တကူ နားလည်သဘောပေါက်စေရန် ရေးသားထားသည်ဖြစ်ရာ သားသမီးရတနာလိုချင်သူဇနီးမောင်နှံနှစ်ဦးရယ်ကာမောကာ ဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။

"ကလေးရလို၍ ဆရာဝန်ထံ အားကိုးတကြီးလာကြသည်။ သူတို့သိချင်သည့် မေးခွန်းတွေက တောင်ပုံယာပုံ၊ ဆရာဝန်တွေကို ကြည့်ရသည်ကလည်း ဘဲအုပ်က တစ်ရာ နှစ်ရာ မဗေဒါက တစ်ပင်တည်းဆိုသည့်စကားသဖွယ်။ မေးခွန်းတွေမေးဖို့၊ အခွင့်အရေးရရှိဖို့က မလွယ်။ သားသမီးရတနာလိုချင်သူများအတွက် သိသင့်သိထိုက်သော ဗဟုသုတများ၊ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများ၊ ထားရှိရမည့် စိတ်ထားသဘောထား၊ ပြီးတော့ မှန်ကန်ထိရောက်စွာ ချစ်ပုံချစ်နည်းများ စသည့်သားသမီး ရတနာရစေကြောင်းနည်းလမ်းကောင်းများအား သူတတ်သည့် ဆေးပညာကိုအခြေခံကာ ကိုယ်ချင်းစာနာသော ခံစားချက်များ၊ မိမိကဲ့သို့ ကံဆိုးသူမောင်ရှင် မဟုတ်ဘဲ ကံထူးရှင်များဖြစ်စေလိုသည့်စေတနာများပေါင်းစပ်ကာ သူကြိုးစားပမ်းစားရေးသား သီကုံးထားပါသည်"ဟု ဒေါက်တာစိုးလွင်၏အမှာစာတွင် စေတနာကိုလှစ်ပြထားသည်။

သားသားမီးမီးရတနာ လိုချင်သည့်မိဘများအတွက် စိုးဇင်စာပေက ထပ်မံဖြည့်စွက်ချက်များနှင့် ဒုတိယအကြိမ် တန်ဖိုး ၆,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### ရေအိမ်သုံးစက္ကူတွေ ဘယ်အချိန်က စတင်အသုံးပြုခဲ့ကြလဲ

ရေအိမ်သုံးစက္ကူများကို ယနေ့ခေတ်ကာလတွင်မှ အသုံးပြုကြသည်ဟု အများကထင်ကြသည်။ သို့သော် ယင်းစက္ကူများကို အသုံးပြုမှုမှာ စက္ကူကို စတင်တီထွင်အသုံးပြုသည့် တရုတ်နိုင်ငံမှ စတင်သည်ဟု ခြေရာကောက်ကြသည်။ စာပေအထောက်အထားအရ တရုတ်နိုင်ငံတွင် ၆ ရာစုမှစ၍ အသုံးပြုနေသည်ဟု ခန့်မှန်းသည်။

အေဒီ ၅၈၉ ခုနှစ်တွင် နန်းတော်အရာရှိ ပညာရှင်တစ်ဦးဖြစ်သူ ယန်ကျီတွေက ရေအိမ်သုံးစက္ကူအသုံးပြုမှုနှင့် ပတ်သက်၍ ဤသို့ရေးခဲ့သည်။ "ဂန္ထဝင်ငါးကျမ်း (သို့မဟုတ်) ပညာရှိတို့၏အမည်များပါဝင်သော မှတ်စုစာများ၊ အကိုးအကားများပါဝင်သော စာရွက်မျိုးကိုဖြင့် ကျွန်ုပ်သည် ရေအိမ်သုံးစက္ကူအဖြစ် မသုံးရဲပါချေ"ဟု ရေးခဲ့သည်။ ထို့ကြောင့် တရုတ်တွင် ရေအိမ်သုံးစက္ကူများ သုံးသည့်ဓလေ့မှာ ထိုစဉ်ကပင်ရှိနေကြောင်း အခိုင်အမာသိရှိနိုင်ပြီး ကမ္ဘာတွင် စာပေနှင့် အတိအကျ အစောဆုံးတွေ့ရသည့် ရေအိမ်သုံးစက္ကူအသုံးပြုမှု ခိုင်လုံသည့် အချက်အလက်ဖြစ်သည်။

*—Ref: Wiki*

## တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၂၁ ရက်မှ ဩဂုတ် ၂၇ ရက် အထိ

စံဇာဂါဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ထူးထူးခြားခြား အောင်မြင်မှုများကို ဖန်တီးဆောင်ရွက်နိုင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အတားအဆီးအခက်အခဲများကိုကျော်လွှားနိုင်မည်။ မိတ်ဆွေအကြီးအကဲထံမှ အထောက်အကူရမည်။ အညံ့ရက်မရှိ။ ကျန်းမာရေးအနည်းငယ်ချူချာသည်မှအပ အလုံးစုံကောင်းသောရက်ကိုဖြတ်သန်းရမည်။ထူးခြားသောကံကောင်းခြင်း၊ တိုးတက်ခြင်းရှိမည်။ အလုပ်ငွေကြေးကိစ္စစကားပြောပါ။ ပြဿနာများဖြေရှင်းပါ။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အခက်အခဲကြားမှ အောင်မြင်ခြင်းရှိမည်။ ရန်အနှောင့်အယှက်များကိုကျော်လွှားနိုင်မည်။ ငွေကြေးစုဆောင်းရန်ခက်ခဲမည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးအတွက်အလုပ်လုပ်နေရမည်။အရွေးရခက်သောအခွင့်အရေးနှစ်မျိုးတစ်ပြိုင်တည်းကြုံမည်။ ပေါ်လာသောပြဿနာများချက်ချင်းဖြေရှင်းပါ။ အသေးအဖွဲကိစ္စမှ ကြီးမားသောပြဿနာအထိ ဖြစ်လာတတ်သည်။ စကားရှုပ်ထွေးတတ်၏။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဆန့်ကျင်ဝေဖန်သူများနှင့်ထိပ်တိုက်တွေ့မည်။ ဆန္ဒရှိသည်များကို လက်တွေ့ဆောင်ရွက်ရန်နှောင့်နှေးခက်ခဲခြင်းများရှိနေမည်။ အလိုက်မသိ၊ အပြောအဆိုရိုင်းစိုင်းမောက်မာသူများနှင့်တွေ့တတ်သည်။ စိတ်ရှည်သည်းခံ၍ မိမိစိတ်ဓာတ်မြင့်မြတ်ကြောင်းပြရန် အခါကောင်းဖြစ်သည်။ ပေါ်လာသောအခြေအနေကိုသုံးသပ်ပြီး လိုရာဆောင်ရွက်ပါ။အရာရာသတိနှင့်ဆောင်ရွက်၍ အောင်မြင်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရန်အနှောင့်အယှက်များမည်။ အရာရာကိုယ့်ခြေကိုယ့်လက်နှင့်ဆောင်ရွက်ပါ။ သူတစ်ပါးယုံကြည်၍မရ။ အမှားအမှန်မချင့်ချိန်ဘဲ စိတ်လိုက်မာန်ပါလုပ်လိုစိတ်ပြင်းထန်နေမည်။ ငွေကြေးများစွာမြှုပ်နှံပြီးလုပ်သောကိစ္စများရှောင်ပါ။ လုပ်ချင်ရာမလုပ်ရ၍ စိတ်တိုမည်။ မိသားစုတွင်း၌ အသုံးကြီးလက်ဖွာအကျိုးမဲ့ငွေဖြုန်းသောသူကြောင့်စိတ်ရှုပ်ရမည်။ ကျန်းမာရေးမပေါ့အပ်။ အခက်အခဲများကျော်လွှားနိုင်ခြင်းရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အရာရာတလွဲတချော်ဖြစ်ပြီး နောက်အလုံးစုံအဆင်ပြေမည်။ ရုတ်ချည်းဆုံးဖြတ်ပြီး ချက်ချင်းလုပ်၍ အဆင်ချောမည်။ အပြောင်းအလဲကောင်းများဖြစ်မည်။ မိသားစုတွင် မူလလုပ်ငန်းအပြင် အလုပ်သစ်များ စတင်မည်။ နေအိမ်နေရာထိုင်ခင်းပြုပြင်ပြောင်းလဲခြင်းအတွက်ဆောင်ရွက်နိုင်မည်။ အတွေ့အကြုံသစ်များရနိုင်သောကာလဖြစ်သည်။ ငွေကြေးကံ၊ အလုပ်ကံကောင်းမည်။ စိတ်အနှောင့်အယှက်များတတ်သည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မှုရှိမည်။ ရည်ရွယ်စိတ်ကူးထားသည်များဆောင်ရွက်ရန်အခါကောင်းသည်။ လူမျိုးကွဲအကျိုးပေးသည်။ အခြေအနေအားလုံးသည် အလွယ်တကူတွက်ဆ၍မရ။ ပြိုင်လာသောသူအားလုံးအား အနိုင်ရမည့်ကာလဖြစ်သည်။ အခက်အခဲများအနှောင့်အယှက်မည်မျှရှိစေ တည်တည်ငြိမ်ငြိမ်နှင့် ဖွဲကြိုးစွာဆောင်ရွက်က အထူးအောင်မြင်မည့်ကာလဖြစ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရွေးချယ်ရန်လမ်းကြောင်းနှစ်မျိုးနှစ်ခွပေါ်မည်။ ကိုယ်တိုင်လည်း အရာရာချီတုံချတုံဖြစ်နေမည်။ အလွယ်တကူရခြင်းမရှိ။ ကြန့်ကြာနေသည်များပြန်ရမည်။ ခရီးကိစ္စအဆင်ပြေမည်။ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး စိတ်အမျိုးမျိုးပြောင်းလဲလှုပ်ရှားလွယ်မည်။ မိသားစုတွင်း မကြာခဏစကားအတိုက်အခံများပြောဆိုရတတ်သည်။ လက်လွှန်ထားသည်များ ပြန်ရမည်။ ခိုက်ရန်ဒေါသဖြစ်တတ်သည်။ တိုးတက်ခြင်းများကြုံမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်းများနှင့်အဆင်ပြေမှုတစ်ခုပြီးတစ်ခုကြုံမည်။ သူတစ်ပါးမနိုင်နင်းသောကိစ္စများ လုပ်ရန်မဖြစ်နိုင်သည့်ကိစ္စများ မိမိဆောင်ရွက်ပါက အလွယ်တကူအဆင်ပြေမည်။ သံယောဇဉ်အရှိဆုံးသူ၏အထင်လွဲမှုကို ဖြေရှင်းအဆင်ပြေမည်။ စေတနာထက်သန်ခြင်း၊ ကူညီလိုခြင်းတို့သည် မိမိအားကောင်းသောစေတနာရောင်ပြန်ဟပ်စေမည့်အနေအထားရှိသည်။ ပဋိပက္ခဟောင်းများဖြေရှင်းအဆင်ပြေမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလုံးစုံအဆင်ပြေမည်။ ဘဝတိုးတက်မည်။ ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့်ဖြစ်သောပြဿနာများဖြေရှင်းအဆင်ပြေမည်။ အိမ်တွင်းလုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ ပညာနှင့်လုပ်ငန်းပူးတွဲ၍ အကျိုးပေးသောကံပေါ် ထွန်းမည်။ မိတ်ဆွေအကြီးအကဲတစ်ဦးထံမှ အထောက်အကူရမည်။ ခရီးနှင့်ပတ်သက်သည်များအဆင်ပြေမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လိုရာပြည့်စုံ၍ အောင်မြင်တိုးတက်မှုကိုဖန်တီးနိုင်သည်။ ခက်ခဲသောပြဿနာများကိုဖြေရှင်းနိုင်မည်။ ခရီးကိစ္စအဆင်ပြေမည်။ အလုပ်အကြံအစည်အောင်မြင်မည်။ ပစ္စည်းပျောက်တတ်သည်။ မတော်တဆထိရှမှုဂရုစိုက်ပါ။ ခြံ၊ ကား၊ အခန်းဟောင်းထွက်၍ အသစ်ဝင်မည်။ သီးသန့်အသစ်ရမည်။ ရန်အတိုက်အခံများတတ်သည်။ လိုလားချက်အောင်မြင်ခြင်း၊ ဘဝတိုးတက်ခြင်းများဖြစ်ပေါ်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အရာရာကောင်းသောတိုးတက်မှုဘက်သို့ဦးတည်လာသည်။ ရည်ရွယ်ထားသည်များအောင်မြင်အောင်စွမ်းဆောင်နိုင်မည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စဆိုင်ရာပြောရေးဆိုရေးအောင်မြင်မည်။ နေရာဝန်းကျင်အတွင်း အပြောင်းအလဲများရှိမည်။ ပညာနှင့်ပတ်သက်၍ ထွန်းကားအောင်မြင်မည်။ ခရီးနှင့်ပတ်သက်သည်များဆောင်ရွက်ရန်အထူးကောင်းသည်။ သူတစ်ပါးကြောင့် မိမိစိတ်အနှောင့်အယှက်ဖြစ်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)


စိတ်ချမ်းမြေ့ဖွယ်ရက်များဖြစ်သည်။ ခရီးကိစ္စဆောင်ရွက်အဆင်ပြေမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်း၊ တတ်အားသမျှရှောင်ပါ။ လူမှုရေးတွင်အတိုက်အခံများမည်။ ရန်များမည်။ အထင်အမြင်လွဲမှားမှု ဖြေရှင်းရတတ်သည်။ မိသားစုနှင့်ပတ်သက်သည့်အလုပ်၊ အကြံအစည်များဆောင်ရွက်အောင်မြင်မည်။ ခရီးကိစ္စအဆင်ပြေမည်။ အသွားအလာ၊ အပြောအဆိုသတိရှိပါ။

7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013



# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၄၇)



## အလျားလိုက်

၄။ ၂၂ ကောင်သာ ကျန်ရှိတော့သော သတ္တဝါ
၅။ အစ္စရေးနိုင်ငံ၏ စစ်ဘက်ခေါင်းဆောင်ဟောင်းတစ်ဦး
၇။ နှစ်ဦးလျှင် တစ်ဦး သွေးအားနည်းရောဂါ ခံစားနေရသူများ
၉။ ဂျာမနီတက္ကသိုလ်များနှင့် ပူးပေါင်းလုပ်ကိုင်မည့် တက္ကသိုလ်တစ်ခု
၁၀။ နာဂဒေသမြို့နယ်ခွဲတစ်ခု
၁၁။ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုကို ကန့်ကွက်ခဲ့သော သမဂ္ဂတစ်မျိုး

## ဒေါင်လိုက်

၁။ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီတစ်ခု
၂။ မြောင်းအဖုံးအသေပိတ်ထားလျှင် အရေးယူခံရမည့်နေရာ
၃။ ဘုန်းကြီးကျောင်း ဩဇာကျဆင်းလာသောနိုင်ငံ
၄။ အပစ်အခတ်ရပ်ဒေသများတွင် ဆက်လက်ထုတ်ပေးမည့်အရာ
၆။ ဆရာမောင်ဝံသ ကျင်လည်ခဲ့သော နယ်ပယ်တစ်ခု
၈။ မြန်မာတွင်ထွက်ရှိသော သတ္တုတစ်မျိုး


**Smart Dictionary ကံထူးသူ**

၁။ မင်းထက်ကျော်၊ ၁၂/ရပသ(နိုင်)၀၆၇၀၉၅ ၁၆(ခ)၊ မိုလ်ချုပ်လမ်း၊ ရွှေပြည်သာ။

**ကျန်အဖြေမှန်သူများ**

၂။ မစုယမင်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၄၆
၃။ အိမွန်အောင်၊ ၈/အလန(နိုင်)၁၃၂၈၃၂

**ပဟေဠိ အမှတ်စဉ်(၂၄၆)အဖြေမှန်**




**အမည်** ............................................ **မှတ်ပုံတင်အမှတ်** ............................................
**နေရပ်လိပ်စာ** ....................................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၃-၈-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ကံထူးသူ


**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များကို ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ဖို့ သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ထွန်းနိုင်လင်းစာကျက်ဝိုင်း**

သူငယ်တန်းမှ သတ္တမတန်းအထိ ဘာသာစုံ သင်ကြားပေးသည်။ သင်တန်းကြေး တစ်လ-၅၀၀၀ ကျပ်ပေးသွင်းရပါမည်။(မန္တလေး)
ဖုန်း-၀၉ ၄၄၄၀၄၄၆၈၅

**Teacher Candy**

International School,Primary 1-6 အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းသားများ ၅ တန်းမှ ၁၀ တန်း အထူးသီးသန့်သင်သည်။
ဖုန်း-၀၉ ၂၅၀၀၁၂၁၉၄

**တီချယ်သီတာ**

၈၊ ၉၊ ၁၀တန်း English (Text,Grammar, Essay & Letter)
ဖုန်း-၀၉ ၅၁၇၆၄၅၃

**သင်ကြားပေးသည်**

အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် International ကျောင်းများမှ Pre School, Young Learners ကျောင်းသား/သူများကို English စာ သီးသန့်သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၁၀၄၈၂၆၉

**သင်ကြားပေးသည်**

For Grade X&IX Maths,Chemistry & Physics ထူးချွန်လိုသော တပည့်များအတွက် Tr.Kaung Myat (Special For Maths)
ဖုန်း- ၀၉ ၇၃၁၄၂၀၂၀

**ငွေအထပ်သားလုပ်ငန်း**

ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
ဖုန်း- ၀၉ ၄၂၅၂၉၅၆၁

**သင်တန်း**

Super Magnetic အနုပညာသင်တန်းကျောင်းမှ မော်ဒယ်သင်တန်း၊ Dancer သင်တန်း၊ Vocal သင်တန်း၊ Presenter သင်တန်းများ လက်ခံသင်ကြားနေပါသည်။
ဖုန်း- ၀၉ ၂၂၈၃၈၀

**ဇော်ရဲနိုင်ဘုရားဖူးပို့ဆောင်ရေး**

တောင်ပြုန်းပွဲ ၂ညအိပ်၊မန္တလေး၊စစ်ကိုင်း၊မင်းကွန်း၊ပြင်ဦးလွင် ၄ရက်။ ထမင်းကျွေး၊ Air Con Express-လေးသောင်းခွဲ ဩဂုတ် ၁၅ ည၊ အိမ်အရောက်လက်မှတ်ပို့။
Facebook-Zawyenaing Travels
ဖုန်း-၀၉ ၇၃၀၅၆၆၈၂

**ကားမောင်းသင်သည်(အိမ်စီးကား)**

ကားမောင်းသင်ပေးသည်။အချိန်ပိုင်းအမျိုးသမီး ယာဉ်မောင်း လိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။
ဖုန်း- ၀၉ ၅၁၈၆၂၈၄

**PROMISE**

အင်္ဂလိပ်စာ သင်ကြားရေးနှင့် ဘာသာပြန်ဝန်ဆောင်မှုပေးသည်။
ဖုန်း-၀၉ ၄၀၁၅၄၀၄၅၂

**ရေးဆွဲသည်**

MWP,Web Development Servicesမှ ကုမ္ပဏီလုပ်ငန်း၊ ခရီးသွားလုပ်ငန်းအစရှိသော လုပ်ငန်းများအတွက် Web Site များကိုရေးဆွဲပေးလျက်ရှိပါသည်။
ဖုန်း- ၀၉ ၇၃၂၁၈၀၂၁

**ကားမောင်းသင်သည်**

မန္တလေးမြို့မှ လူကြီးမင်းတို့၏ အိမ်စီးကားဖြင့် သင်ပေးသည်။ အချိန်ပိုင်းအမျိုးသမီး ယာဉ်မောင်းလိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။
ဖုန်း- ၀၉ ၃၃၀၁၄၇၈၀

**ရောင်းမည်**

အင်းစိန်မြို့နယ်၊ ဘိုးဘွားပိုင်မြေ ပေ ၂၀×၆၀၊ ဖော့ကန်ဈေး၊ ဂျပန်လမ်းတို့နှင့်နီးသည်။ (သိန်း-၁၂၀၀)ညှိနှိုင်း။
ဖုန်း- ၀၉ ၄၂၀၁၄၂၁၅၆

**ရောင်းမည်**

လှိုင်သာယာမီးခွက်ဈေး၊ ပေ ၂၇×၆၀ရှိ၊ ဈေးနီးထောင့်ကွက်၊ ရေမီးစုံ၊ ဂရန်ပါအိမ်ခြံမြေ။(၂၉/ခ)ဘိုးရာဇာလမ်း(၇) ရပ်ကွက်။
ဖုန်း- ၀၁ ၆၄၅၃၁၂

**ရောင်းမည်**

စမ်းချောင်း၊ မကြီးကြီးကွန်ဒို၊ ၆ လွှာ၊ 2110qft,2MBR,2BRပြင်ဆင်ပြီး။ ဈေးနှုန်း-သိန်း ၃၂၀၀

**ငှားမည်**

စမ်းချောင်း၊မကြီးကြီးကွန်ဒို၊ ၃ လွှာ၊ 2110sqft,2MBR,2BRပြင်ဆင်ပြီး၊ Furniture ပါငှားမည်။ ကားပါကင်ပါသည်။ ဈေးနှုန်း-၂၅၀ သိန်း
ဖုန်း- ၀၉ ၄၂၀၁၃၉၃၂၆

**ငှားမည်**

ပုဇွန်တောင်၊ ရေကျော်လမ်းမ၊ ပေ ၁၅×၆၀၊ မြေညီထပ်ငှားမည်။
ဈေးနှုန်း- ခြောက်သိန်း။
ဖုန်း- ၀၉ ၄၂၀၁၃၉၃၂၆

**ရောင်းမည်**

သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားအနီးရှိ မြေညီထပ်တိုက်ခန်းရောင်းမည်။ ကျပ် သိန်း(၁၉၅)၊ ဆက်သွယ်ရန်-
ဖုန်း- ၀၉ ၄၄၈၀၀၈၆၇၈

**ဝန်ဆောင်မှု**

APPLIED ENGINEERING Group မှ လေအေးပေးစက်များကို ဝန်ဆောင်မှုပုံစံ အမျိုးမျိုးဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
ဖုန်း- ၀၉ ၇၃၀၅၆၄၄၁

**Living Real Estate Services**

ရှင်သန်ခြင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင် အိမ်ခြံမြေနှင့်ပတ်သက်၍ ဝယ်/ရောင်း/ငှားခြင်း အကျိုးဆောင်နှင့် ဆက်သွယ်ပေးပါသည်။ ဖုန်း- ၀၉ ၃၃၂၇၀၂၇၇

**ယာဉ်မောင်းဝန်ဆောင်မှု**

ယာဉ်မောင်းလိုအပ်သူများ၊ ယာဉ်မောင်းလုပ်ကိုင်လိုသူများ ဆက်သွယ်ပါ။
ဖုန်း- ၀၁ ၅၂၄၄၄၆

**Royal Tun service**

မိုးရာသီအထူးလျှော့ဈေး-Air-con (1& 1.5H.P)service Price-6000Ks. ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြုပြင်၊ တပ်ဆင်ခြင်းနှင့် Servicing .
ဖုန်း- ၀၉ ၃၁၀၆၈၇၄၉

**ရောင်းမည်**

P4 Desktop Computer with LCD 15 inches များရောင်းရန်။
တစ်စုံ- ၆၅,၀၀၀ ကျပ်
ဖုန်း- ၀၉ ၄၂၁၁၅၂၇၃၅

**ဝယ်လိုသည်**

ဗဟန်းမြို့နယ်တွင်အသုံးပြုရန် လိုင်းဖုန်းတစ်လုံးအမြန်လိုချင်သည်။
ဖုန်း- ၀၉ ၅၀၈၄၇၂၇

**ရောင်းမည်**

Nissan 12 ဘီးကားကြီး၊ လက်တင်မောင်းရှုံ၊ ရဃ. ခ. . . ။
ဈေးနှုန်း-သိန်း(၄၀၅) သိန်း
ဖုန်း- ၀၉ ၅၆၈၀၅၉၉

**ရောင်းမည်**

ASUS A42J
Intel Core i7 Ram 4GB
H.D.D 500GB Graphic 2GB
Price:480000
PH: 09 5016694

**ငှားမည်**

စာသင်ခန်းမငှားမည်(သို့) အချိန်ပိုင်းငှားမည်။ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။
ဖုန်း- ၀၉ ၅၀၉၆၇၉၄

**ရောင်းလိုသည်**

ဘုန်းကြီးကျောင်းတွင် တရားစခန်းပွဲအမိကုဋ္ဌိ သုံးလုံးအား အမိုးမိုးရန်အတွက် Porta-ble စက်နှင့် ဘောက် ၃ လုံးအား ရောင်းလိုပါသည်။
ဖုန်း- ၀၉ ၃၁၀၆၁၁၃၄

**အောင်ဘာသာပြန်အဖွဲ့**

စီးပွားရေးလုပ်ငန်းသုံး၊ ဥပဒေ၊ စာပေအနုပညာ၊ ကြော်ငြာစာနှင့် ရုပ်ရှင်ဗီဒီယိုဖိုင်များ၊ အသံသွင်းတိတ်ခွေများစသည် ဘာသာပြန်ခြင်းအမျိုးမျိုးကို တိကျစွာဘာသာပြန်ဆိုပေးပါသည်။
ဖုန်း- ၀၉ ၇၃၂၁၁၉၀၇

**DREAM FUTURE**

-Window Installation, Software Insta -llation,Virus Cleaning,Game Insta- llation,Server Installation (DHCP,AD, ISA,Handy Cafe)
PH: 09 420110247

**OIEC (LMD)**

Sec 2,3&4/grade 8,9&10 ကျောင်းသားများ OIEC တစ်ခုတည်းတွင် IGCSE ကို 1yr တက်ပြီး ဘာသာစုံဂုဏ်ထူးနှင့် ထူးချွန်စွာ နှစ်ချင်းပေါက်ခဲ့ပါသည်။
ဖုန်း- ၀၉ ၇၃၂၅၅၂၈၁

**Teaching and Guide**

သူငယ်တန်းမှ ၈ တန်းထိဘာသာစုံ၊ ၉၊ ၁၀တန်း Myan, Eng,Bio သင်ကြားပေးသည်။ Guide လုပ်သည်။
ဖုန်း- ၀၉ ၄၂၀၁၇၉၃၃၂

**ဂျပန်ဘာသာစကားသင်တန်း**

အခြေခံ 4 skills သင်တန်းများ၊ စကားပြောသင်တန်းများ၊ kanjiသီးသန့်သင်တန်းများ၊JILT & NAT-TEST Exam Practise တန်းခွဲများ။ ဖုန်း- ၀၉ ၄၂၁၀၂၄၈၆၁

**ရောင်းမည်**

ပေ ၄၇×၇၄ ရေမီးစုံ။ ချောင်းသာ
ဖုန်း- ၀၉ ၅၀၂၇၀၁၀

**ငှားမည်**

နှစ်ထပ်တိုက် ကားဂိုဒေါင်၊ဖုန်း၊ပရိဘောဂ၊ မီတာ နှစ်လုံး၊ ရိုးရိုး+ဘိုထိုင်ပါ(ငှားမည်)ကုမ္ပဏီများအတွက် အများဆုံးတစ်လ (သုံးသိန်းခွဲ)
ဖုန်း- ၀၉ ၇၃၅၅၁၅၂၀

**ရောင်းမည်**

မရမ်းကုန်း၊ အောင်သိဒ္ဓိလမ်းမ(ထောင့်လွတ်) ပေ (၁၀၀×၈၅) ဂရန်မြေ၊
ရောင်းဈေး-15000L
ဖုန်း- ၀၉ ၇၃၀၄၇၇၉၃

စာမျက်နှာ -(၇)မှ

## သူလိုမိခင်

မိမိကျောင်းမှ ဘဝတူဆရာ၊ ဆရာမများကလည်း အားပေးကြသည်။ သည်ကလေးလေးယောက်၏ စားစရိတ်၊ ဝတ်စရိတ်၊ ပညာသင်စရိတ်တွေကမိမိ၏ အလယ်တန်းပြလစာလေးကို သရော်လှောင်ပြောင်လာသည်။ ဟိုကငှား၊ သည်ကချေးနှင့် အကြွေးလေးတွေ တင်စပြုလာသည်။ သည်အချိန်ကျောင်းမှ ဆရာမတစ်ယောက်၏ ဆက်သွယ်ပေးမှုဖြင့် စျေးထဲက အထည်ဆိုင်တွေမှာ သိုးမွေးဦးထုပ်ကလေးတွေ၊ သိုးမွေးတဘက်ကလေးတွေ ဖောက်သည်ပေးခွင့်ရလာသည်။ ကျောင်းအားချိန်တွေမှာ လက်တွေညောင်း၊ မျက်လုံးတွေညောင်းလာသည်အထိ မနားမနေထိုးသည်။ ကျောင်းကလုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမတွေကလည်း ဖောက်သည်ရှာပေးကြသည်။ နောက်တော့သိုးမွေးဆွယ်တာလေးတွေအထိ အော်ဒါအပ်သူရှိလျှင် ထိုးပေးသည်။ သမီးကြီး မေကြူကလည်း မိခင်ကိုသိတတ်စွာ ကူညီပေးပါသည်။ ထိုစဉ်က ဒေါ်အေးအေးကြူ၏ အသက် (၃၃) နှစ်မျှသာရှိသေး၏။ နောက်ထပ် အိမ်ထောင်ပြုလိုလျှင် အရွယ်ကောင်းဖြစ်သော်လည်း သူ့ခေါင်းထဲမှာ သားသမီးများ၏ ဘဝကို ပြုစုပျိုးထောင်ဖို့ကလွဲလျှင် အခြားဘာမျှမရှိပါချေ။

သည်လိုနှင့် ကလေးတွေအတန်းကြီးလာတော့ သိုးမွေး ထိုးသည့်ဝင်ငွေနှင့်လည်း မလောက်တော့ချေ။ ငွေကြေးပြေလည်ပြီး ဒေါ်အေးအေးကြူအပေါ် စေတနာရှိသည့် လုပ်ဖော်ကိုင်ဖက်ဆရာမတစ်ဦးက အရင်းအနှီးထုတ်ပေးသဖြင့် အိမ်ဆိုင်ကလေးဖွင့်ဖြစ်သည်။ ဆန်၊ဆီ၊ငရုတ်၊ ကြက်သွန်ကစလို့ ထင်းပါမကျန်တင်ရောင်းသည်။ ရပ်ကွက် အတွင်း ဖြစ်၍ လက်လီရောင်းလို့အတော် ကောင်းသည်။ ဆယ်နှစ်ပတ်ဝန်းကျင်ဖြစ်လာသည့် သားနှစ်ယောက်က ထင်းသမ္မန်ကြီးတွေအထိလိုက်ပြီး ထင်းစည်းကြီးတွေမနိုင့်တနိုင် ထမ်းကြသည်။ သမီးနှစ်ယောက်ကလည်း စျေးရောင်းရင်း စာကျက်ကြသည်။ ဝန်ထမ်းဆန်တွေထုတ်ပေးသည့်အချိန်မို့ ဝန်ထမ်းတွေဆီက ပြန်ကောက်ပြီး ရပ်ကွက်ထဲမှာ လက်လီပြန်ရောင်းသည်။ နေ့လယ်ခင်းသူတို့သားအမိတွေကျောင်းသွားချိန်မှာတော့ ဒေါ်အေးအေးကြူ ၏မိခင်ကြီးကရောင်းပေးသည်။ မိခင်ကြီးကအသက်( ၈၄) နှစ်ရှိသည်။ ယခုတိုင် ကျန်းမာရေးကောင်းဆဲ။ မုဆိုးမဘဝနှင့် ရှန်းကန်နေရချိန်၌ပင် မိခင်၊ ဖခင်တို့ကို မပြိုမပြင်ကျွေးမွေးစောင့်ရှောက်နေ၍လားမသိ။ ဒေါ်အေးအေးကြူမှာ ကူညီမည့်မိတ်ကောင်းဆွေကောင်းတွေများ လှသည်။

သမီးကြီးမေကြူမောင်ဆယ်တန်းအောင်တော့ တက္ကသိုလ်ထားမည်ဆို၍ ဆွေမျိုးသားချင်းအချို့ စကားတင်းဆိုကြသေးသည်။ ‘ဝ’မရှိဘဲ ‘ဝိ’လုပ်ချင်ရသလားပေါ့။ သို့သော် ဘယ်သူ့အပြောကိုမျှ ဂရုမစိုက်ခဲ့။ ဒေါ်အေးအေးကြူခံယူထားသည်က သားသမီးတွေအားလုံးငါ့ဘဝထက်သာရမည်ဟူ၍သာ။ အမှတ်စာရင်းထွက်လာတော့ ပညာရေးကောလိပ်အမှတ်မီသည်။ သမီးကလည်း ကျောင်းဆရာမလုပ်ရန် ဆန္ဒရှိသဖြင့် ပို့လိုက်သည်။ ဘဝနာခဲ့သူ၊ မိခင်၏ သွန်သင်ဆုံးမမှုအောက်မှာ ဘယ်အရာမဆို ပေါ့ပေါ့မတွေးဘဲ လုံ့လဝီရိယစိုက်ခဲ့သူဆိုတော့ ပညာရေးကောလိပ်မှ ဘီအီးဒီပေါင်းကူးရကာ B.Ed ဘွဲ့ရအောင်ယူနိုင်ခဲ့သည်။ ယခုဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အ. ထ. က (၄) တွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်နေပေသည်။

သမီးကြီးပညာရေးတက္ကသိုလ်ရောက်သည့်နှစ်မှာပဲ ပထမသား စီကြူမောင်က ဆယ်တန်းအောင်သည်။ တပ်မတော်သူနာပြုတက္ကသိုလ်တက်ချင်သည်ဟုဆိုသည်။ အာဂအမေပဲလေ။ သားသာဝင်ခွင့်ရအောင် ကြိုးစား၊ အမေမဖြစ်ဖြစ်အောင် ထောက်ပေးမည်ဟု သားကိုကတိပြုလိုက်သည်။ သားသမီးများကလည်း တော်ကြသည်။ ရည်မှန်းချက်ရောက်အောင်ကြိုးစားနိုင်ကြသည်။ ယခုဆိုလျှင် စီကြူမောင်က သူနာပြုအရာရှိအဖြစ် မိတ္ထီလာမြို့၌ တာဝန်ကျနေသည်။

အလယ်အလတ်ဆိုသည့်အတိုင်း အလယ်မှာ လပ်ဟာခဲ့သည်က ဒုတိယသား ဝေကြူမောင်ဖြစ်သည်။ ဝေကြူဆယ်တန်းတက်သည့်နှစ်မှာ သမီးကြီး မေကြူမောင်ကလည်း B.Ed မပြီးသေး၊ သားကြီး စီကြူမောင်ကလည်း စစ်သူနာပြုတက်ဆဲ။ ဆိုတော့ ဒေါ် အေးအေးကြူမှာ တက္ကသိုလ် ကျောင်းသားနှစ်ယောက်အတွက် ကျောင်းစရိတ်ကို ပြုံးပြဲနေအောင်ရှာရသည်။ သားအငယ်ကလည်း ဆယ်တန်းဆိုတော့ ကျူရှင်စရိတ်၊ ကျောင်းစရိတ်တွေနှင့် ချာလပတ်လည်ရမ်းနေတော့သည်။ သည်အထဲဝန်ထမ်းဆန်များလည်း မပေးတော့သဖြင့် ဝန်ထမ်းဆန်ဝယ်ရောင်းလုပ်ငန်းကရသည့်ဝင်ငွေလည်း မရှိတော့ပေ။ ဟိုချေးသည်ငှားနှင့် ကြွေးပတ်လည် ဝိုင်းစပြုလာသည်။ တစ်ခါမှာကြွေးလာတောင်းသည့် ကြွေးရှင်က နင်ပဲငဆပြောသည်ကို အိမ်ခန်းထဲမှ သားဝေကြူကကြားသွားပြီး ကျောင်းထွက်အလုပ်လုပ်ပါမည်လုပ်၍မနည်းချော့မော့ထားရသည်။

သားသမီး လေးယောက်မှာ ဝေကြူမောင်ကအပင်ပန်းခဲ့ဆုံးဖြစ်၏။ ဆယ်တန်းဖြေပြီးသည့်နေ့မှာပဲ စားသောက်ဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်သည်။ ဒေါ်အေးအေးကြူတင်ခဲ့သည့်ကြွေးတွေကိုဝေကြူကအလုပ်လုပ်ပြီးဆပ်ပေး သည်။ အောင်စာရင်းထွက်တော့လည်း အလုပ်လုပ်ရင်းအဝေးသင်တက်မည်ဟုဆိုသည်။ ကြုံရာကျပန်းအလုပ်မျိုးစုံလုပ်သည်။ မုန့်ဟင်းခါးဖိုမှာ မုန့်တောင်းထမ်းသည့် အလုပ်ပင်လုပ်လိုက်သေးသည်။ သည်လိုနှင့်အဝေးသင်တက္ကသိုလ်ကနေ မြန်မာစာနှင့် ဘွဲ့ရတော့ ဝန်ထမ်းလုပ်မည်ဟုဆိုကာ ရဲထဲဝင်သွားသည်။ ယခုအခါမှာတော့ ဒုရဲအုပ် ဝေကြူမောင်အဖြစ် ရန်ကုန်လေဆိပ်လုံခြုံရေးတာဝန်ထမ်းနေသည်။

အငယ်ဆုံးသမီးဝင့်ကြူမောင်က သားသမီး လေးယောက်ထဲမှာ ကံအကောင်းဆုံးဟုဆိုရမည်။ သူဆယ်တန်းအောင်တော့ အကြီးနှစ်ယောက်ကလည်း အလုပ်ကိုယ်စီရှိကြပြီ။ ဝေကြူကလည်း ကျောင်းမပြီးသေးပေမယ့် အပြင်မှာ ဝင်ငွေရနေပြီ။ အကြီးသုံးယောက်က ဝိုင်းထောက်ကြတော့ ဒေါ်အေးအေးကြူအသက်ရှူချောင်သွားရသည်။ ခုတော့ သမီးအငယ်လည်း B.E(civil)နှင့် ကျောင်းပြီးကာ မအူပင်ဂျီတီစီမှာ နည်းပြဆရာမဖြစ်နေလေပြီ။

အကြီးဆုံးသမီး ၈ နှစ်အရွယ်တွင် အသက် (၃၃)နှစ်မျှနှင့် မုဆိုးမဘဝရောက်ခဲ့ရသည့် ဆရာမဒေါ်အေးအေးကြူတစ်ယောက် ယခုမှပင် ဘဝအမောတွေပြေတော့၏။ သားသမီးအားလုံးက မိမိရည်မှန်းထားသလို မိမိထက်မြင့်သော ဘဝများဆီ ရောက်သွားကြပြီ။ ‘ဝ’မရှိဘဲ ‘ဝိ’လုပ်ချင်သည်ဟု စကားတင်းဆိုချင်ကြသည့် ဆွေမျိုးအသိုင်းအဝိုင်း၏ ပါးစပ်များလည်း ပိတ်သွားကြပြီ။ သားသမီးများ၏ ဘဝစိတ်ချရပြီဆိုမှ မိမိဘဝတိုးတက်ရာလမ်းပေါ်သို့ ခြေဦးပြန်လှည့်ရသည်။ လုပ်ငန်းခွင်အတွင်းမှပင် စာပေးစာယူဖြင့် B.Ed ဘွဲ့ရယူရန်ကြိုးစားနေသည်။ သူ့အသက်က (၅၅) နှစ်ရှိခဲ့ပြီဖြစ်သည်။

မုဆိုးမဘဝဖြင့် သားသမီးတွေကို ထွန်းပေါက်အောင်ပြုစုပျိုးထောင်ခဲ့သည့် ဆရာမဒေါ်အေးအေးကြူက သူ၏ ဘဝပြဇာတ်ရှည်ကြီးကို နိဂုံးချုပ်ရင်း စကားတစ်ခွန်းပြောသည်။ “မိခင်တိုင်း မိခင်တိုင်းက ကိုယ်သားသမီးကိုကိုယ့်ထက်မြင့်တဲ့ဘဝရောက်အောင်ကြိုးစားမယ်ဆိုတဲ့ ကိုယ်တိုင်အသိတရားရှိဖို့နဲ့ နှုတ်နဲ့ပဲဖြစ်ဖြစ် အားပေးကူညီမယ့် ပတ်ဝန်းကျင်ကောင်းရှိရင် ရည်မှန်းတဲ့အတိုင်း ဖြစ်နိုင်ပါတယ်”ဟုဆိုပါသည်။

ဩော်၊ ကျွန်တော်တို့ မြန်မာပြည်မှာ သူလိုမိခင်တွေ များများရှိချင်စမ်းပါဘိ။

## JOKE

### ရှေးတန်ဖိုး

ကုမ္ပဏီကစီစဉ်ပေးသောပွဲတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ချိန်းတွေ့ကြရင်း အမျိုးသမီးက “ကျွန်မက ဟိုးအရင်ရှေးပုံစံတန်ဖိုးတွေ အလေးထားတဲ့ ယောကျ်ားမျိုးကိုစိတ်ဝင်စားတယ်” ဟုပြောသည်။ အမျိုး သားကလည်း “ဒါဆို ကိုယ်ဟာမင်းကြိုက်တဲ့လူမျိုးပါပဲ”ဟုဆိုသည်။ အမျိုးသမီးက မပွင့်တပွင့်ရယ်သွမ်းသွေးရင်း “အဲဒါဆို ရှင်က ကျွန်မကို ထီးမိုးပေးတာ၊ ကားတံခါးဖွင့်ပေးတာ အမြဲလုပ်ပေးမှာပေါ့”ဟု ပြောရာ အမျိုးသားက “ဟုတ်တယ်။ လုပ်ပေးမယ်။ ဒါပေမဲ့ငါ့အတွက်ညနေစာ ချက်တာတူးသွားခဲ့ရင်တော့ လက်သီးစာမိမယ်”ဟု ပြန်ပြောပါသည်။

### ရှင့်အတွက်

ဆူဆန်တစ်ယေက်အလုပ်မှ နောက်ကျပြီး အိမ်သို့ပြန်လာချိန်တွင် ရောက်နှင့်နေသော ယောကျ်ားဖြစ်သူ ဖရက်ဒ်က ယမန်နေ့က သူမဝယ်ယူလာသောအရောင်နုနုဘရာစီယာနှင့် တစ်တွဲတည်း အောက်ခံဘောင်းဘီကိုဝတ်ဆင်ထားသည်ကို တွေ့လိုက်ရသည်။ “ဖရက်ဒ်၊ ရှင် ဘယ်လိုများဖြစ်သွားတာလဲ” ဟု ဆူဆန်က တအံ့တသြမေးမြန်းရာ ဖရက်ဒ်က “ဟာမင်းပဲ၊ ဒီ အဝတ်အစားတွေကို ငါ့အတွက်သက်သက် ဝယ်လာတာဆို”ဟု ပြန်လည် မေးမြန်းပါတော့သည်။

စာမျက်နှာ -(၂၃)မှ

## စစ်မှုထမ်းဟောင်းရွာကလေးဆီသို့

အမှန်စင်စစ် မသန်စွမ်းဖြစ်သွားသူ တပ်မတော်သားတစ်ဦး၏ခြေအတုတစ်ချောင်း၏တန်ဖိုးသည် ဗိုလ်ချုပ်ကြီးကတော်တို့၏ ပိုးချိတ်ထဘီတစ်ထည်ဖိုးမျှရှိမည်ဟု မထင်မိပါ။

ကျွန်မ၏ အတွေးများ ဟိုဟိုဒီဒီရောက်ရှိနေစဉ်တွင် ခြေတုဟောင်းတဂွပ်ဂွပ်နှင့် တပ်ကြပ်တစ်ဦးက လူနာထိုင်ခုံမှာလာထိုင်သည်။ သူ၏ ခြေတုကလည်း ကွဲအက်နေပြီ။ ရင်မောမိပါသည်။

ပြည်တွင်းစစ်မှာ ဒဏ်ရာရရှိ၍ ကိုယ်အင်္ဂါမသန်စွမ်းသူတွေကို ကူညီနေသူ မဲဆောက်မယ်တော်ဆေးခန်းမှ ဒေါက်တာ ဒေါ်စင်သီယာမောင်ကော ကျွန်မလိုပဲ ရင်မောနေမည်လား။ ကျွန်မတို့ကား မိတ်ဆွေ၊ ရန်သူမရှိ။ ကျန်းမာရေးကို စောင့်ရှောက်ပေးမည်ဟု သန္နိဋ္ဌာန်ပြုထားသူ ကျန်းမာရေးဝန်ထမ်းတွေ။

ပြည်တွင်းစစ်ကိုဆင်နွှဲနေသူနှစ်ဖက်လုံးက မြေမြှုပ်မိုင်းများထောင်နေကြသည့် သတင်းတွေကြားသိနေရသည်။ မြေမြှုပ်မိုင်းများကြောင့် နှစ်ဖက်ဒဏ်ရာရအောက်ခြေအရာခံ အကြပ်တပ်သားတွေမှာကား ဘဝလုံခြုံမှုမရှိနိုင်ကြဟုသာ ထင်မြင်ယူဆမိသည်။

အကျိုးစီးပွား မည်သူတွေမှာရှိနေသနည်း။ ဤမေးခွန်းကလည်း မဖြစ်မနေ မေးမြန်းရမည့် မေးခွန်းတစ်ခုဟုသာ ဆိုချင်သည်။ ပြည်သူလူထုဘဝတွေကတော့မည်သည့်နေရာဌာနတွင်မှ အထူးတလည်တိုးတက်မလာခဲ့ပါချေ။ အမှန်တရားကိုပြောဆိုလျှင် ကြိုက်နှစ်သက်ကြမည်မထင်။ ကိုယ်ကျိုး စီးပွားတွေကာကွယ်ရင်း နှစ်ဖက် အပေးအယူနယ်မြေလုစစ်ပွဲများ မဖြစ်ကြပါစေနှင့်ဟုသာ ဆုတောင်းမိပါသည်။ ပြည်သူတွေက ဒုက္ခရောက်ကြလွန်းလာနေပြီ။

“မမရေ. . ဒီက တပ်ကြပ်ကြီးက ဆီးချိုတွေတက်နေတယ်နော်။ သူ့ရဲ့ ခြေတုက ကွဲအက်နေပြီး အသားလည်းပွန်းနေတယ်။ အနာမှာလည်း ပြည်တည်နေတယ်”

ကျွန်မသည် ဆီးချိုမြင့်တက်နေသော တပ်ကြပ်ကြီးတစ်ဦး၏ သွေးစစ်ချက်ကို သိလျှင် သိချင်း သမားတော်ကြီး ဆရာဝန်မကြီးကို အော်၍ ပြောမိသည်။

ထိုစဉ်. . “အရက်ပြန်ကုန်နေပြီ။ ငါတို့ဆေးခန်းမှာ အရက်ပြန်ဆွတ်ပြီးသား ဂွမ်းသွားယူပေးလိုက်စမ်းပါ” ဟု ပြောနေသော သားဖွားဆရာမ ဒေါ်လတ်လတ်၏ အသံကို ကြားရသည်။

သွက်သွက်လက်လက်နှင့် သွားနိုင်လာနိုင်သော ခြေတုနှင့် ဒု-တပ်ကြပ်တစ်ဦးကပင် သွားယူပေးခဲ့သည်။ သူယူလာပေးသော အရက်ပြန်ဆွတ်ထားသောဂွမ်းကို မြင်တော့ ကျွန်မ အံ့ကြရပြန်သည်။ ဂွမ်းက ညစ်ထေးဝါကြန့်နေသည်။ လေးငါးနှစ်သုံးပြီးသား ခေါင်းအုံးစုတ်တစ်လုံးထဲမှ မှို့ဖတ်များနှင့်သာ တူတော့သည်။

“ဟယ်. . ဆရာမရေ. . ဆရာမ။ ဒီဂွမ်းတွေက ဒီလိုပဲလား။ ဒီထက်ဖြူတဲ့ ဂွမ်းမရှိတော့ဘူးလား”

“မရှိဘူး. . ဆရာမရေ။ ဒါ army cotton လေ။ ဒီလိုညစ်ထပ်ထပ်ပဲလာတယ်။ army cevit ဝါထိန်ထိန်။ army paracetamol အစက်အပြောက်။ သောက်ချင်သောက်၊ မသောက်ချင်မသောက်နဲ့ဆိုတာ မမ မကြားဖူးဘူးလား”

ဒေါ်လတ်လတ်ကား ပျော်တတ်သူ။ မြန်မာ့တပ်မတော်မှာ သုံးရသည့်ဂွမ်း၊ ဗိုက်တာမင်စီဆေးပြား၊ ပါရာစီတမောဆေးလုံးအကြောင်း ဖောက်သည်ချနေပြန်သည်။

အခု တပ်မတော်ဆေးဝါးစက်ရုံဖြစ်လာမှ ဆေးတွေရဲ့ အရည်အသွေးက ပိုကျလာတယ်။ ဂျဲလမက်ဆေးပြားဆိုရင် ဝါးလို့တောင်မရတော့ဘူး။ အဆင့်ဆင့်လေ။ ဒီလိုပဲ။ အဆင့်ဆင့်နဲ့။ ကျွန်မတို့က အောက်ဆုံးအဆင့်။ နောက်ဆုံးအဆင့်။ သူ့အောက်မှာ ဘာမှမရှိတော့။ ဩော်။ ခက်လိုက်တာ။ လောကကြီးနှယ်နော် လို့သာ ညည်းတွားပစ်ချင်သည်။

တစ်ခုပဲ ပြောချင်သည်။ တိုင်းပြည်ကို ဦးဆောင်သူတွေ အခြေအနေမှန်ကိုတော့ သိမြင်ကြဖို့လိုနေပြီ။ ပြည်တွင်းစစ်ကိုကော ရပ်မှာလေလား။ နားမှာလေလား။ နိုင်ငံရေး၊ စီးပွားရေးတွေကိုကော။ မည်သို့မည်ပုံ ရှေ့ဆက်ဆောင်ရွက်ကြမည်နည်း။ ကြားညပ်နေသော ပြည်သူတွေကို သနားညှာတာသင့်ပါပြီ။ တောင်းပန်ချင်သည်။ တိုင်းပြည်ထဲမှ ထိပ်တန်းပုဂ္ဂိုလ်အားလုံးဆီ။

တိုင်းပြည်ထဲက အကြောင်းအရာအားလုံး ဝါးစားမရတော့သော ဂျဲလမက်ဆေးပြားတွေလိုတော့ဖြင့် မဖြစ်စေလိုတော့ပါ။

Environment

7 DAY NEWS JOURNAL

Vol.12, No.24 • AUGUST 21 , 2013

# ကျောက်တုံးကို လက်နက်အဖြစ်သုံးတဲ့ မြန်မာမျိုးရင်းမျောက်မြီးရှည်

**ထားထားမြင့်**

ကျောက်ခေတ် လူသားများကဲ့သို့ ကျောက်တုံးကို လက်နက်အဖြစ်အသုံးချနေသော မြန်မာမျိုးရင်း အမြီးရှည် မျောက်တစ်မျိုးသည်ထိုင်းနိုင်ငံလအယ်စွန်အမျိုးသားဥယျာဉ်ဒေသ၌ မွေးမြူထားသော တိရစ္ဆာန်များနှင့် ခွေးများအတွက် ခြိမ်းခြောက်အန္တရာယ်ပေးနေကြောင်းနိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစာစောင်တွင် ရေးသားဖော်ပြထားသည်။



မြိတ်ကျွန်းစုဒေသတွင်ရှိသည်ဟုဆိုသော မြန်မာမျိုးရင်း မျောက်မြီးရှည်တစ်ကောင်

ထိုမျောက်ကို စင်ကာပူနန်ယန်းတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ မိုင်ကယ်ဒီဂူးမက် ဦးဆောင်သောပညာရှင်များကထိုင်းနိုင်ငံ လအယ်စွန် အမျိုးသား ဥယျာဉ်ဒေသတွင်သုတေသနပြုခဲ့ကြပြီးထိုမျောက်မျိုးသည် ရှားပါးသောမျောက်မျိုးဖြစ်ကာ ကမ္ဘာပေါ်တွင် မြန်မာနှင့် ထိစပ်သည့် ထိုင်းနိုင်ငံနယ်စပ်တွင်သာ တွေ့ရသည်ဟုဆိုသည်။

အဆိုပါဒေသတွင်ထိုမျောက်မျိုး၁၉၂ကောင်ခန့်ရှိသည်။ ထိုအထဲမှ အရွယ်ရောက်အကောင်ရေ ၈၈ ရာခိုင်နှုန်းက ကျောက်တုံးများကိုလက်နက်သဖွယ်သုံးပြီးကဏန်းနှင့် ကနုကမာများကိုခွာစားနေသည်ကိုပညာရှင်များကတွေ့ခဲ့ကြသည် ။

“ဒီမြန်မာမျောက်မြီးရှည်က အာရှမှာကျောက်တုံးကိုလက်နက်လိုသုံးတဲ့မျောက်ပါ။ အဲဒီလို ရှေးဦးမျောက်မျိုးစိတ်တွေက အာဖရိကချန်ပံဇီတွေနဲ့တောင်အမေရိကက ပူချင်မျောက်တွေမှာပဲ တွေ့ရပါတယ်။ အခုလိုကျောက်တုံးကိုလက်နက်အဖြစ်အသုံးပြုတာက ရှေးဦးဘုံမြေခေတ်က တိုးတက်မှုတစ်ရပ်ဖြစ်ပြီး ယဉ်ကျေးမှုရဲ့အစလည်းဖြစ်ပါတယ်။ အဲဒီထုံးစံကို လေ့လာခြင်းအားဖြင့် တိရစ္ဆာန်တွေရဲ့ ဆောင်ရွက်နိုင်စွမ်းကို စုံစမ်းသိရှိလာနိုင်မှာပါ” ဟုဒေါက်တာမိုင်ကယ်ကပြောကြားသည်။

ထိုမျောက်မျိုးသည် အခြားတိရစ္ဆာန်များကို ခြိမ်းခြောက်နေသော်လည်း သူတို့၏ကျောက်တုံးကို လက်နက်အဖြစ်အသုံးချသော မူလသဘာဝမပျက်အောင် ထိန်းသိမ်းသွားရမည်ဟု သဘာဝပတ်ဝန်းကျင်ပညာရှင်များကဆိုသည်။

မြန်မာမင်းလက်ထက် ဗြိတိသျှစာရေးဆရာအချို့၏ မှတ်တမ်းများအရ အဆိုပါမျောက်များသည်မြန်မာနိုင်ငံမြိတ်ကျွန်းစုတွင်ရှိသည်ဟုကြားသိရသည့်အတွက်လည်းပညာရှင်များကမြန်မာနိုင်ငံတွင် အဆိုပါမျောက်များကို လာရောက်ရှာဖွေလေ့လာကြမည်ဖြစ်ကြောင်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစာစောင်တွင် ရေးသားဖော်ပြထားသည်။

## သစ်ဆွေးမြေဒေသလေ့လာမှု ယခုနှစ်မကုန်ခင် အဆိုပြုလွှာတင်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၇**

မုတ္တမပင်လယ်ကွေ့ဒေသတွင် သစ်ဆွေးမြေဒေသလေ့လာဆန်းစစ်ခြင်းကို ၂၀၁၃ မကုန်ခင်အဆိုပြုလွှာတင်သွင်းသွားမည်ဟု သတင်းရရှိသည်။

သစ်ဆွေးမြေဒေသလေ့လာဆန်းစစ်ခြင်းကို မလေးရှားနိုင်ငံအခြေစိုက် Global Environme-nt Center (GEC) ရန်ပုံငွေဖြင့် ၂၀၁၁ခုနှစ် နိုဝင်ဘာမှစတင်၍ ၂ နှစ်စီမံကိန်းဖြင့်လုပ်ဆောင်ခဲ့ရာ လာမည့် ဒီဇင်ဘာတွင်ပြီးစီးမည်ဖြစ်ပြီး ထပ်မံအဆိုတင်သွင်းခြင်းဖြစ်ကြောင်း FREDA မှ ဦးအုန်းက ပြောသည်။

အရှေ့တောင်အာရှတွင် အကြီးဆုံးရေတိမ်ဒေသဖြစ်သည့် မုတ္တမပင်လယ်ကွေ့ဒေသတွင် သစ်ဆွေးမြေမည်မျှပါဝင်သည်ကိုလေ့လာရန် မလေးရှားနိုင်ငံအခြေစိုက် Global Environment Center (GEC)ကို ယခုနှစ်မကုန်ခင်အဆိုပြုလွှာတင်မည်ဖြစ်သည်။

“သစ်ဆွေးမြေကရေနေသတ္တဝါတွေရဲ့အစာဖြစ်တဲ့အတွက် အရေးကြီးတယ်”ဟု ဦးအုန်းက ပြောသည်။

မုတ္တမ ပင်လယ်ကွေ့သည် မြစ်ကြီးလေးသွယ်စီးဝင်ပြီး နုန်းမြေများစုဝေးကာ ရေနေသတ္တဝါအများအပြားနေထိုင်ကျက်စားပြီး နှစ်စဉ်ဆောင်းခိုငှက် တစ်သိန်းကျော် လာရောက်ဆောင်းခိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် အင်းလေးကန်၊ အင်းတော်ကြီးနှင့် ဒီရေတောများပေါက်ရောက်သည့် ကမ်းရိုးတန်းဒေသများတွင် သစ်ဆွေးမြေမည်မျှပါဝင်သည်ကို လေ့လာဆန်းစစ်သင့်ကြောင်း ၎င်းကဆက်လက်ပြောသည်။

သစ်ဆွေးမြေနှင့် ပတ်သက်၍ သစ်တောဦးစီးဌာနမှဝန်ထမ်းများကို သင်တန်းပို့ချခြင်း၊ သစ်ဆွေးမြေဒေသ၏ ထူးခြားချက်များကိုလည်း လေ့လာလုပ်ဆောင်လျက်ရှိကြောင်းသတင်းရရှိသည်။




## မန္တလေးတွင် ငှက်ကြည့်သင်တန်း ဖွင့်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဩဂုတ် ၁၇**

မန္တလေးမြို့တွင် ငှက်ကြည့်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရက်တိုသင်တန်း တစ်ခုက မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းနှင့် ချမ်းမြသုခအင်္ဂလိပ်စာသင်တန်းတို့ပူးပေါင်း၍ ဖွင့်လှစ်မည်ဟု သတင်းရရှိသည်။

ငှက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရက်တိုသင်တန်းကို ဩဂုတ် ၃၀ မှ စက်တင်ဘာ ၃ ရက်အထိ မန္တလေးမြို့ရှိ ချမ်းမြသုခ အသင်းရုံး၊ တမ္ပဝတီမြို့ဟောင်း ဈေးတွင်ဖွင့်လှစ်မည်ဖြစ်သည်။

ငှက်ကြည့်သင်တန်းတွင် မြန်မာငှက်မျိုးစိတ်များ၊ ငှက်မျိုးစိတ်ခွဲခြားလေ့လာနည်း၊မြန်မာဌာနေငှက်များနှင့် ရှားပါးငှက်မျိုးစိတ်များ၊ ရာသီပြောင်း ဆောင်းခိုငှက်များအကြောင်း၊ ငှက်များနှင့် ဆက်နွယ်သည့် ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝအခြေခံ ခရီးသွားဒေသဆောင်ရန်ရှောင်ရန်များကို သင်ကြားသွားမည်ဖြစ်ပြီး လက်တွေ့ခရီးစဉ်အဖြစ် အင်းဝမြို့ဟောင်းတစ်ဝိုက်နှင့် ပြင်ဦးလွင်မြို့နယ် ရေတံခွန်တောင်သို့ သွားရောက်မည်ဟု အသင်းအလုပ်အမှုဆောင်ကတစ်ဦးကပြောသည်။

မန္တလေးမြို့တွင် ငှက်ကြည့်ခရီးသွားများ ဝင်ရောက်မှုများပြားလာရာ ကျွမ်းကျင်ငှက်ကြည့်ညွှန်လမ်းညွှန်များပိုမိုပေါ်ပေါက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

မန္တလေးမြို့ တောင်သမန်အင်း၊ ပလိပ်အင်း၊ မန္တလေးတောင်ဝန်းကျင်၊ အင်းဝမြို့ဟောင်းနှင့် ရေဝတီမြစ်ဝှမ်းတစ်လျှောက်တို့တွင် ငှက်ကြည့်နိုင်သည်။

ယခုနှစ်တွင် မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ ငှက်ကြည့်သင်တန်းကို ရန်ကုန်၊ ပုဂံနှင့် ကလောမြို့တို့တွင် ဖွင့်လှစ်ခဲ့သည်။

Tourism
7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# စင်ကာပူလေကြောင်းလိုင်း ရန်ကုန်–စင်ကာပူခရီးစဉ်ကို ထိုင်ခုံများအဆင့်မြှင့် ပြေးဆွဲ

**ဟေမာနင်း**

**ရန်ကုန်၊ ဩဂုတ်-၁၆**

သက်သောင့်သက်သာလဲလျောင်းနိုင်သည့် အဆင့်မြင့်ထိုင်ခုံများကို စင်ကာပူလေကြောင်းလိုင်း ရန်ကုန်-စင်ကာပူ ခရီးစဉ် ပျံသန်းသည့်လေယာဉ်များတွင် ဩဂုတ် ၁၄ရက်မှစ၍ တပ်ဆင်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းရရှိသည်။



"ပုံမှန်အားဖြင့် ဒီလိုမျိုးခုံတွေကို ခရီးဝေးတွေမှာပဲ သုံးကြတာများတာ။ အစ်မတို့က ပထမဦးဆုံးအနေနဲ့ ရန်ကုန်-စင်ကာပူခရီးစဉ်ကို ဒီခုံတွေနဲ့ Business Class မှာ ပြေးဆွဲပေးတာပါ"ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

အဆိုပါ ဝန်ဆောင်မှုပုံစံအသစ်ဖြင့် စတင်ပြေးဆွဲခြင်းအထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၄ရက်မှ စက်တင်ဘာ ၂၇ရက်အတွင်း ပြေးဆွဲမည့် ခရီးစဉ်များအတွက် ဩဂုတ် ၁၂ရက်မှ စက်တင်ဘာ ၁၃ ရက်အတွင်း Business Class ကို အမေရိကန်ဒေါ်လာ ၉၀၀ ဖြင့်လည်းကောင်း၊ Economy Class ကို အမေရိကန်ဒေါ်လာ ၂၈၅ဖြင့် လည်းကောင်းရောင်းချပေးမည်ဟုဆိုသည်။

စင်ကာပူအဲလိုင်းမှာ နေ့စဉ်ပြေးဆွဲလျက်ရှိပြီး ရန်ကုန်မှ ဘန်ကောက်သို့တစ်ပတ်လျှင် ၁၆ကြိမ် ပျံသန်းလျက်ရှိသည်။

# ပခုက္ကူလေဆိပ်ကို နိုင်ငံတကာ လေဆိပ်အဖြစ် အဆင့်မြှင့်ရန် လျာထား

**ခန့်ထက်**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ပုဂံသို့ ခရီးသည် ဝင်ထွက်မှုများလာခြင်းနှင့် ညောင်ဦး လေဆိပ်ကို တိုးချဲ့ရန် မဖြစ်နိုင်သော အခြေအနေကြောင့် ပခုက္ကူလေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုအဖြစ် ဆောက်လုပ်ရန်အတွက် လျာထားကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးက ပြောသည်။

ပခုက္ကူလေဆိပ်ကို နိုင်ငံတကာအဆင့်မီလေဆိပ်တစ်ခုအဖြစ် ပြောင်းလဲရန်အတွက် စီစဉ်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးသစ်ဦးဇင်ယော်က ဩဂုတ် ၁၆ ရက်တွင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ပြောကြားသည်။

အဆိုပါ လေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုအဖြစ် ပြောင်းလဲမည်ဆိုပါက လက်ရှိ အနေအထားတွင် ပြေးလမ်း အဆင်သင့် ဖြစ်နေသော်လည်း လေဆိပ်အဆောက်အအုံနှင့် ဆက်သွယ်ရေးအထောက်အကူပြု ပစ္စည်းများတပ်ဆင်ရန်အတွက် လိုအပ်ကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံနှင့်အနီးဆုံးရှိ ညောင်ဦးလေဆိပ်ကို နိုင်ငံတကာမှ လေယာဉ်ကြီးများ ဆင်းသက်နိုင်သော အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု ပြောင်းလဲမည်ဆိုပါက ရှေးဟောင်းဘုရားပုထိုးများ ထိခိုက်နိုင်သောကြောင့် ညောင်ဦး လေဆိပ်ကိုပြောင်းလဲရန် အစီအစဉ်မရှိကြောင်း ၎င်းက ပြောသည်။

ပခုက္ကူလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ်ပြောင်းလဲမည်ဆိုပါက မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်ငါးခုအထိ ရှိလာမည်ဖြစ်သည်။

လေကြောင်းဦးစီး၏ ၂၀၁၂ ခုနှစ်စာရင်းများအရ ပုဂံနှင့် အနီးဆုံးရှိနေသော ညောင်ဦးလေဆိပ်သို့ ခရီးသည် နှစ်သိန်းခွဲကျော် ဝင်ရောက်ခဲ့ပြီး ပခုက္ကူလေဆိပ်သို့ ခရီးသည်ဝင်ရောက်မှု မရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် လေဆိပ်ပေါင်း ၆၉ ခု ရှိနေပြီး လေဆိပ် ၃၃ ခုသာ လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ၂၀၁၂ခုနှစ်တွင်ပြည်တွင်းလေကြောင်းလိုင်း ခုနစ်လိုင်းမှ လေဆိပ် ၂၇ ခုသို့ ပုံမှန်ဆင်းသက်ခဲ့သော်လည်း ယင်းလေဆိပ်များတွင် ပခုက္ကူလေဆိပ် ပါဝင်ခြင်းမရှိပေ။

# စီအင်န်အင်န်ရှပ်သံက တင်ဆက်သော မြန်မာအစီအစဉ်တွင် စားကြည့်သင့်သော စားစရာဆယ်မျိုး

**နယူးယောက်၊ ဩဂုတ်-၁၆**

နှစ်ပေါင်းများစွာ အထီးကျန်ဖြစ်ခဲ့ရာမှ အပြင်ဘက်ကမ္ဘာကို မြန်မာမှ တံခါးဖွင့်လိုက်သော အခါတွင် နှစ်ပေါင်း ၅၀ လောက် လူမသိသူမသိဖြစ်နေသော မြန်မာပြည်က စားစရာများကို နိုင်ငံတကာခရီးသွားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း ကမ္ဘာကျော် အမေရိကန် စီအင်န်အင်န် ရုပ်မြင်သံကြားအစီအစဉ်က တင်ပြတင်ဆက်ခဲ့သည်

ချို၊ ချဉ်၊ ငန်၊ စပ်အရသာများပါဝင်သော မြန်မာဟင်းများသည် အရှေ့တောင်အာရှနှင့် တောင်အာရှအစားအသောက်များ၏ လွှမ်းမိုးမှုပါဝင်ပြီး အချို့ဟင်းခတ်ပစ္စည်းကမူ မည်သည့်ဟင်းများတွင်မှ မတွေ့ရသောဟင်းများဖြစ်သည်ဟုစီအင်န်အင်န်ရုပ်သံအစားအစာသတင်းတင်ဆက်သူကဆိုပါသည်။

အရှေ့တောင်အာရှမှ စားသောက်ဆိုင်အများစုကဲ့သို့ မြန်မာစားသောက်ဆိုင်နှင့်လမ်းဘေးဆိုင်များက ဟင်းတစ်မျိုးတည်း (သို့မဟုတ်) ဟင်းမျိုးစုံတည်ခင်းသည့် ထမင်းဆိုင်ပုံစံရောင်းချကြသည်ဟု သူတို့က မှတ်ချက်ပေးခဲ့သည်။ထို့အပြင် မြန်မာနိုင်ငံမှ အစားအသောက် ၁၀ မျိုးကို အရသာရှိပြီး နိုင်ငံတကာ ခရီးသွားတိုင်းစားကြည့်သင့်ကြောင်း အဆိုပြုထားသည်။

အဆိုပါဆယ်မျိုးမှာ လက်ဖက်သုပ်၊ ရှမ်းထမင်းနယ် (ငါးထမင်း၊ အာလူးထမင်း)၊ မြန်မာထမင်းနှင့်ဟင်း၊ မြန်မာလက်ဖက်ရည်ဆိုင်မုန့်များ၊ မြန်မာမုန့်များ (ကောက်ညှင်းထုပ်၊ ထန်းသီးမုန့်)၊ အကြော်စုံ၊ တိုဟူးနွေး၊ နန်းကြီးသုပ်၊ မုန့်ဟင်းခါးနှင့် ရှမ်းခေါက်ဆွဲများဖြစ်သည်ဟု စီအင်န်အင်န်က တင်ပြသွားသည်။ ကိုးကား-CNN



7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# Cartoon






























7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# ''အီဂျစ်ဟာ သူ့ရဲ့ ဒီမိုကရေစီစနစ်ကို ဆက်ပြီးတည်ဆောက်သွားမှာပါ''

## အမေရိကန်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီး မိုဟာမက်တော်ဖစ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး



MOSAAB EL-SHAMY/AFP

အာရပ်ကမ္ဘာရဲ့ လူဦးရေအထူထပ်ဆုံးဖြစ်တဲ့ အီဂျစ်နိုင်ငံဟာ ဩဂုတ် ၁၄ ရက်မှာ စစ်မြေပြင်တစ်ခုလို ဖြစ်သွားခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံရေးအကျပ်အတည်းကို စစ်တပ်ပါဝင်တဲ့ အတင်းအကျပ်အင်အားသုံးဖြိုခွင်းမှုပုံစံကြောင့် စစ်မြေပြင်လို ဖြစ်သွားရတာပါ။ ဩဂုတ် ၁၄ ရက်က မြို့တော်ကိုင်ရိုမှာ စစ်တပ်နဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ စစ်အာဏာသိမ်းမှုကြောင့် ဖြုတ်ချခံခဲ့ရတဲ့ သမ္မတမော်စီကို ထောက်ခံဆန္ဒပြသူတွေစုဝေးရာ သပိတ်စခန်းကြီးနှစ်ခုကို ဘူဒိုဇာတွေနဲ့ အတင်းဝင်ရောက်ထိုးမွှေဖျက်ဆီးသလို မျက်ရည်ယိုဗုံးတွေသာမက ကျည်ဆန်အစစ်တွေပါသုံးပြီး အကြမ်းဖက်ရက်စက်စွာ နှိမ်နင်းတာကြောင့် သေဆုံးသူ ငါးရာကျော်တဲ့အထိ ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ခြုံငုံပြောရရင်တော့ အာဏာရှင်ဟောင်း မူဘာရက်ကိုဖြုတ်ချပြီး ဒီမိုကရေစီတစ်ရပ်ကို တည်ထောင်နိုင်ခဲ့တဲ့ အာရပ်နွေဦးပန်းတစ်ပွင့်ဖြစ်တဲ့ အီဂျစ်ဟာ ယခုဆိုရင် လက်နက်နဲ့ အကြမ်းဖက်အုပ်ချုပ်တဲ့ စစ်အာဏာရှင်စနစ်လက်အောက်ကို ရောက်ရှိသွားခဲ့ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိတ်သုဉ်းမယ့် အန္တရာယ် ရင်ဆိုင်နေရပြီလို့ ဆိုနိုင်မှာပါ။ စစ်တပ်အာဏာသိမ်းမှုနဲ့အတူ ကြားဖြတ်အစိုးရထဲမှာ ဒုသမ္မတအဖြစ် တာဝန်ယူခဲ့တဲ့ လစ်ဘရယ် အတိုက်အခံခေါင်းဆောင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မိုဟာမက်အယ်လ်ဘာရာဒိုင်းကတော့ ဆန္ဒပြသူတွေကို အကြမ်းဖက်နှိမ်နင်းမှုအတွက် ရာထူးကနေ ချက်ချင်းနုတ်ထွက်ခဲ့ပြီး "ဒီနေ့ပြီးတဲ့နောက်မှာတော့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဟာ အချိန်အကြာကြီးနဲ့ ဈေးကြီးကြီးပေးမှသာရမယ်လို့ ကျွန်တော်ထင်တယ်"လို့ ပြောခဲ့ပါတယ်။ ဒါ့ကြောင့် အီဂျစ်ရဲ့ နိုင်ငံရေးအကျပ်အတည်းအကြောင်း သိရအောင် ဩဂုတ် ၁၅ ရက်မှာ စီအင်န်အင်န်သတင်းဌာနနဲ့ အမေရိကန်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီး မိုဟာမက်တော်ဖစ်ရဲ့ အမြင်စကားသံတွေကို တင်ပြပေးလိုက်ရပါတယ်။ အစီအစဉ်တင်ဆက်မေးမြန်းသူကတော့ ဟာလာဂေါ်ရန်နီ ဖြစ်ပါတယ်။

**သံအမတ်ကြီးခင်ဗျ အခုမိနစ်အနည်းငယ်အတွင်းမှာပဲ ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီဂျစ်ပြဿနာနဲ့ပတ်သက်လို့ နိုင်ငံရေးဖြေရှင်းချက်လမ်းကြောင်းရရှိဖို့ကတော့ ပွင့်နေဆဲဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့ကိုင်ရိုမှာ ကျွန်မတို့မြင်ရတဲ့ ပုံရိပ်တွေအရတော့ အဲဒါဟာ ဘယ်လိုဖြစ်နိုင်ခြေရှိနေပါသေးသလဲ။**

ဝန်ကြီးချုပ်ဟာ ကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီးပြီဆိုတာကို ခင်ဗျားတို့ရဲ့ ကိုင်ရိုက သတင်းထောက်ကလည်း ပြောပြီးပြီ ကျွန်တော်ထင်ပါတယ်။ ပြီးတော့လည်း သူက အီဂျစ်အစိုးရဟာ အခုဆိုကြီးကြီးမားမား အားထုတ်ရမယ်ဆိုပေမယ့်လည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်နဲ့ ကျွန်တော်တို့ ချမှတ်လုပ်ဆောင်နေတဲ့ လမ်းပြမြေပုံအတိုင်း သွားမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောထားပြီးသားပါ။

**ဟုတ်ပါတယ်။ ဒါပေမဲ့ ကြည့်ပါ နိုဗယ်ဆုရှင်ဖြစ်တဲ့ ကြားဖြတ်အစိုးရဒုသမ္မတ မိုဟာမက်အယ်လ်ဘာရာဒိုင်းကတော့ ကျုပ်တော့ ဒီရာထူးမှာ ထိုင်ရုံလေးထိုင်မနေနိုင်တော့ဘူး။ ဘာ့ကြောင့်လဲဆိုတော့ အစိုးရဟာ ပြဿနာတွေကို မတူခြားနားစွာ ဖြေရှင်းနေတယ်။ လူတွေရာပေါင်းများစွာဟာ မသေသင့်ပါဘူးလို့ ပြောပါတယ်။ ဒီအချက်ကို သံအမတ်ကြီး သဘောတူသလား၊ မတူဘူးလား သိပါရစေ။**

ကျွန်တော်ကတော့ မစ္စတာ အယ်ဘာရာဒိုင်းပြောတာကို သဘောမတူပါဘူး။ ဒါက သူ့ပုဂ္ဂိုလ်ရေးအမြင်လို့ ခေါင်းစဉ်တပ်ထားတာပဲလေ။ ကျွန်တော်ခံစားမိတာကတော့ နောက်ထပ်အခြေအနေအပြောင်းအလဲတစ်ခု (ဥပမာ-ဒီလိုဆန္ဒပြသူတွေကို ဖြိုခွဲတာကို နောက်ထပ်တစ်ပတ်၊ နှစ်ပတ် (သို့မဟုတ်) တစ်လနှစ်လလောက်သာ ရွှေ့ဆိုင်းကြည့်လိုက်ရင် အသေအပျောက်နှုန်းက ပိုမြင့်မားသွားမယ်။ ဒါ့ကြောင့် အခုလို ဆန္ဒပြမှုတွေကို ဖြိုခွင်းတာကတော့ ကျွန်တော်တို့ ပျော်ရွှင်ဖွယ်ရာ ကိစ္စတစ်စုံတစ်ရာတော့ မဟုတ်ပါဘူး။ အီဂျစ်နိုင်ငံသားတွေ သေဆုံးရတာဟာ ကျွန်တော်တို့အတွက် ကြေကွဲစရာကိစ္စပါ။ ဒါပေမဲ့ ဒါဟာ ကျွန်တော်တို့ရင်ဆိုင်နေခဲ့ရတဲ့ ဆိုးရွားတဲ့ ရွေးချယ်မှုတစ်ခုပါပဲ။

**ဒါပေမဲ့ သံအမတ်ကြီးခင်ဗျား ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးက သတင်းပို့တာကတော့ ဓာတ်ပုံဆရာတစ်ဦး ပစ်သတ်ခံရတယ်။ သူ့ရဲ့ထုတ်လုပ်သူဘက်က ပြောတာတော့ လက်ဖြောင့်တပ်သားရဲ့ အပစ်ခံရပုံရှိတယ်လို့ ပြောနေတယ်။ ဒါဟာ စစ်တပ်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကိစ္စကို ကိုင်တွယ်ပုံကြမ်းလွန်းနေတာမျိုး မဟုတ်ဘူးလား။**

ဟုတ်ကဲ့။ အရင်ဆုံးပြောရရင်တော့ ဒီလိုကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်မျိုးကို ကြားရတာ ကျွန်တော်အလွန်ဝမ်းနည်းမိပါတယ်။ သေချာတာကတော့ ဒီကိစ္စဟာ ဘယ်သူ့မှာ တာဝန်ရှိတယ်လို့ဆိုတဲ့ ယေဘုယျသုံးသပ်မှုမျိုးလုပ်ဖို့ လို့တော့ ကျွန်တော်မထင်ပါဘူး။ ကျွန်တော်တို့ဟာ အတိအကျဘာတွေဖြစ်ခဲ့တယ်ဆိုတဲ့ သုံးသပ်ချက်ဆီရောက်ဖို့ အထောက်အထားတွေ စုဆောင်းဖို့ အသေအချာလိုပါတယ်။ ဘယ်သူတွေက ပစ်တာလဲဆိုတာမျိုးပေ့ါ။ သမ္မတမော်စီကို ထောက်ခံသူတချို့ဟာ လက်နက်တွေ တပ်ဆင်ထားကြတယ်ဆိုတာလည်း ကျွန်တော်တို့ သိထားပါတယ်။ သေနတ်နဲ့ အပြန်အလှန်ပစ်ကြတာတွေ ရှိခဲ့တယ်လို့ကျွန်တော်တို့သိထားကြတယ်။ ရဲတွေဘက်ကလည်း တော်တော်များများ သေကျေကြတယ်လို့ သိရတယ်။ သေဆုံးရတဲ့ လူတိုင်းအတွက် ကျွန်တော်တို့ စိတ်မကောင်းဝမ်းနည်းရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရှေ့ဆက်သွားရမယ်။ ကံမကောင်းစွာဘဲ ဒါဟာလို အပ်နေပါတယ်။

**ဒါဆို လွတ်လပ်မှုနဲ့ တရားမျှတမှုပါတီရယ်၊ အဲဒီအစ္စလာမစ် ဝါဒီတွေရယ်၊ နိုင်ငံရေးအရအစ္စလာမ်ဝါဒ အခြေခံတဲ့ ပါတီတွေရဲ့ အဆုံးရောက်တဲ့အထိ ဘယ်လိုရှေ့ဆက်သွားကြမလဲ။ သံအမတ်ကြီးတို့ ကြားဖြတ်အစိုးရဟာ အီဂျစ်မှာ တရားဝင်မှုနဲ့ လူကြိုက်များမှုရောရှိနေပါသလား။ ခေါင်းဆောင်တွေထောင်ကျပြီး သမ္မတတွေလည်း ထိန်းသိမ်းခံရတဲ့အချိန်မျိုးတွေမှာ သံအမတ်ကြီးတို့အနေနဲ့ ဘယ်လိုထွက်လာပြီး အားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်ကို ကျွန်တော်တို့ရှေ့ဆက်ချင်ပါတယ်လို့ ပြောနေမှာလဲ။ ဘာပဲဖြစ်ဖြစ် အဲဒါမကောင်းဘူးမို့လား။**

ဟုတ်ကဲ့။ နားထောင်ပေးပါ။ ဒီနေ့ဖြစ်စဉ်တွေဖြစ်ပြီးတဲ့နောက် ရဲစခန်းတွေ၊ ခရစ်ယာန်ဘုရားကျောင်းတွေ တိုက်ခိုက်ခံရပြီး ရဲတွေ ခေါင်းဖြတ်သတ်ခံရပြီးတဲ့နောက်မှာ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ (သမ္မတ မော်စီရဲ့အဖွဲ့) ဟာ အီဂျစ်လမ်းတွေပေါ်မှာ ထောက်ခံမှုတွေ အများကြီးရလိမ့်မယ်လို့တော့ ကျွန်တော်မထင်ပါဘူး။ ဒါပေမဲ့ အားလုံးပါဝင်ရေးဖြစ်စဉ်ဆိုတာက အားလုံးပါဝင်ရေးဖြစ်စဉ်ပါပဲ။ နိုင်ငံရေးလမ်းပြ မြေပုံဆိုတာကလည်း လမ်းပြမြေပုံပါပဲ။ ကျွန်တော်တို့ တံခါးကို ဆက်ဖွင့်ထားရပါမယ်။ ဒါက ဆိုလိုတာက ရာဇဝတ်မှုကျူးလွန်တဲ့သူတွေဟာ တရားစီရင်ခြင်း မခံရဘူးလို့ ပြောတာမဟုတ်ဘူးနော်။ အီဂျစ်ဟာ သူ့ရဲ့ဒီမိုကရေစီစနစ်ကို ဆက်ပြီးတည်ဆောက်သွားမှာပါ။

**ဒီတော့ စစ်တပ်က ကျောထောက်နောက်ခံပြုထားတဲ့ ကြားဖြတ်အစိုးရခေါင်းဆောင်ပိုင်းဟာ အခု အကြမ်းဖက်ဖြိုခွဲမှုတွေ လုပ်နေချိန်မှာ ဗိုလ်ချုပ်တွေက ပြည်နယ်တွေကို အုပ်ချုပ်ပြီး စစ်တပ်က အရေးပေါ်အခြေအနေတွေပြဋ္ဌာန်းထားတဲ့ မူဘာရက်ခေတ်ကို အနှစ်သာရအားဖြင့် ပြန်ရောက်မသွားနိုင်ဘူးလား။ အီဂျစ်ရဲ့ ဒီမိုကရေစီတော်လှန်ရေးကြီးတစ်ခုလုံးဟာ ဘာမှမဟုတ်တော့ဘူးလို့ဖြစ်ခဲ့ပြီးလား။**

လုံးဝ မဟုတ်ပါဘူး။ အီဂျစ်မှာ ဖြစ်နေတဲ့ အဖြစ်အပျက်တွေဟာ ရွှေ့လျားနေပြီး အီဂျစ်နိုင်ငံရေးအရွေ့ယာဉ်ဟာလည်း အီဂျစ်ပြည်သူတွေပဲဖြစ်ပါတယ်။ အီဂျစ်ပြည်သူတွေကသာ အခိုင်အမာထိန်းချုပ်ထားပြီး သူတို့ရဲ့ ဆုံးဖြတ်ချက်ကို ချမှတ်နေတာပါ။ သူတို့ ဒီမိုကရေစီကို လိုချင်ကြတယ်။ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့က မပေးခဲ့ဘူးလေ။

**ဒါဆို သံအမတ်ကြီးအနေနဲ့ သူတို့ကို ထောက်ခံသွားမှာလား။ သူတို့ လမ်းတွေပေါ် ထွက်လာရင်တောင်မှ သူတို့ကို စစ်တပ်ကလည်း ဒီမိုကရေစီမပေးဘူးဆိုရင်တောင်မှ သံအမတ်ကြီးက ထောက်ခံအားပေးသွားမှာလား။**

အီဂျစ်ပြည်သူတွေက နိုင်ငံကို ကြီးကြပ်နေတာပါ။ သူတို့မှာ ကိုယ့်အနာဂတ်ကိုယ် အာမခံနိုင်ခွင့် အခွင့်အရေးရှိပါတယ်။ ကျွန်တော့်အတွက် စစ်တပ်အတွက်၊ အီဂျစ်အစိုးရအတွက်က အီဂျစ်ပြည်သူတွေရဲ့ အကျိုးစီးပွားတွေကို တာဝန်ယူထမ်းဆောင်ပေးဖို့ပါပဲ။

—*Ref:CNN'S AMANPOUR-War Zone In Cairo; Egyptian History Repeats Itself. CNN: 16 August.*

7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

## Leader's Profile

### Xerox ကော်ပီရေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

# အာဆူလာ၊ အမ်၊ ဘန်းစ်



ရဲမင်း

မစ္စစ်အာဆူလာ၊ အမ်၊ ဘန်းစ် သည် ရုံးသုံးစက်ပစ္စည်းများ ထုတ်လုပ်သော Xerox ကော်ပီရေးရှင်း၏ အမျိုးသမီးဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ မတည်ရင်းနှီးငွေ အများဆုံး Fortune 500 ကုမ္ပဏီတစ်ခုကို ဦးဆောင်သော ပထမဆုံးအာဖရိကတိုက်ဖွားအမေရိကန် အမျိုးသမီး စီအီးအိုလည်းဖြစ်သည်။ အခြားအမျိုးသမီး အကြီးအကဲတစ်ဦးထံမှ ရာထူးဆက်ခံခဲ့သော ပထမဆုံး အမျိုးသမီးလည်းဖြစ်သည်။

ဘန်းစ်သည် နယူးယောက်မြို့ စီမံကိန်းအိမ်ရာစီမံကိန်းတွင် မိခင်တစ်ဦးတည်းဖြင့် ကြီးပြင်းခဲ့သည်။ မိဘများမှာ ပနားမားနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်သည်။ နယူးယောက်မြို့ ၅၆ လမ်း အရှေ့ကက်သလစ် မိန်းကလေးကျောင်းတွင် အခြေခံပညာဆည်းပူးခဲ့ပြီးနောက် ဘန်းစ်သည် နယူးယောက်တက္ကသိုလ် ပိုလီတွင် ဆက်လက်တက်ရောက်ကာ စက်မှုအင်ဂျင်နီယာ အထူးပြုဘွဲ့ ရရှိခဲ့သည်။ နောက်တစ်နှစ်အကြာ ၁၉၈၁ ခုနှစ်တွင် ကိုလံဘီယာတက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာ ဘာသာ မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။

မစ္စစ်ဘန်းစ်သည် ၁၉၈၀ ပြည့်နှစ်မှာပင် Xerox ကုမ္ပဏီတွင် နွေရာသီအလုပ်သင်အဖြစ် လုပ်ကိုင်ခဲ့ပြီး နောက်တစ်နှစ်အကြာတွင် တရားဝင်အလုပ်ဝင်ခဲ့သည်။ ၎င်း အသက် (၂၀) ကျော် ၁၉၈၀ ပြည့်နှစ် များတွင် ထုတ်ကုန်တည်ဆောက်ခြင်း အစီအစဉ်ရေး ဆွဲခြင်းနှင့် ပတ်သက်၍ ရာထူးနေရာ အမျိုးမျိုးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ ဇန်နဝါရီတွင် ၎င်း၏ အလုပ်နေရာတွင် မမျှော်လင့်ဘဲ အပြောင်းအလဲဖြစ်ခဲ့ပြီး ထိုစဉ်က စီနီယာအမှုဆောင်ဖြစ်သူ ဝေးလန်ဟစ်က မစ္စစ်ဘန်းစ်ကို အမှုဆောင်လူကြီး လက်ထောက်နေရာ ကမ်းလှမ်းခဲ့သည်။ ယင်းကို ဘန်းစ်က လက်ခံခဲ့ပြီး ကိုးလကြာ လုပ်ကိုင်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဇွန်လတွင်မူ ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ပေါလ်အလိုင်ယာ၏ အမှုဆောင်လက်ထောက်ဖြစ်လာခဲ့သည်။ ၁၉၉၉ ခုနှစ်တွင်မူ ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ရေး၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။

၂၀၀၀ ပြည့်နှစ်တွင် မစ္စစ်ဘန်းစ်သည် စီနီယာဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရပြီး မကြာမီ အမှုဆောင်အရာရှိချုပ် ဖြစ်လာတော့မည့် မစ္စစ်အန်းမူလ်ကာဟီနှင့် လက်တွဲညီညီ အလုပ်လုပ်သည်။ နောက်ကိုးနှစ်ကြာသောအခါ မစ္စစ်ဘန်းစ်သည်လည်း အမှုဆောင်အရာရှိချုပ် ဖြစ်လာခဲ့ပြီး မစ္စစ်အန်မူကာဟီမှာ ဥက္ကဋ္ဌအမျိုးသမီးအဖြစ် ၂၀၁၀ ပြည့်နှစ်အထိ ဆက်လက်လုပ်ကိုင်ခဲ့သည်။

မစ္စစ်ဘန်းစ်သည် ၎င်း၏အလုပ်အကိုင်နှင့် ပတ်သက်သော ဘုတ်အဖွဲ့များတွင်သာမက လူမှုရေးအဖွဲ့အစည်း ဘုတ်အဖွဲ့များတွင်လည်း ပါဝင်၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် နာမည်ကျော် ဖိုဘ်စ်မဂ္ဂဇင်းက မစ္စစ်ဘန်းအား ကမ္ဘာပေါ်တွင် ၁၄ ယောက်မြောက် ဩဇာတိက္ကမအကြီးဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခဲ့သည်။

မစ္စစ်ဘန်းစ်သည် Xerox ကုမ္ပဏီမှာပင် အလုပ်လုပ်သော ခင်ပွန်းသည်နှင့် သမီးတစ်ဦး ထွန်းကားပြီး ခင်ပွန်းသည်ဘက်ကပါသော သားနှင့်အတူ နယူးယောက်မြို့၊ ရိုချက်စတာဒေသတွင် နေထိုင်လျက်ရှိသည်။

—*Ref: Wikipedia*

## မယုံသင်္ကာမှုကို ကျော်လွှားကြရန် အစ္စရေးနှင့်ပါလက်စတိုင်းကို ဘန်ကီမွန်း တိုက်တွန်း

**ဂျေရုဆလင်၊ဩဂုတ်-၁၇**

ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိရေး လမ်းလွှဲသွားစေနိုင်သော တစ်ဖက်နှင့်တစ်ဖက်ကြား နက်ရှိုင်းသော သင်္ကာမကင်းဖြစ်မှုများကို ကျော်လွှားကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အစ္စရေးနှင့် ပါလက်စတိုင်းတို့ကို တိုက်တွန်းလိုက်သည်။

“နှစ်ပေါင်း ၂၀ ကျော် လိပ်ခဲတည်းလည်း အခြေအနေက ပေါ်ထွက်လာခဲ့တဲ့ နက်ရှိုင်းသော မယုံသင်္ကာမှုတွေကို ကျော်လွှားသွားကြရပါမယ်”ဟု ဂျေရုဆလင်မြို့တွင် အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်နှင့် တွေ့ဆုံပြီးနောက် ဘန်ကီမွန်းကပြောကြားသည်။



MOHAMAD TOROKMAN/REUTERS

“ဆွေးနွေးညှိနှိုင်းမှုတွေကို အားလျော့သွားစေမယ့် လုပ်ရပ်များကို ရှောင်ရှားကြဖို့ သက်ဆိုင်သူအားလုံးကို တိုက်တွန်းလိုပါတယ်”ဟု ဘန်ကီမွန်းက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ “ငြိမ်းချမ်းရေးအစီအစဉ်ရှေ့ဆက်ဖို့သင့်လျော်တဲ့ပတ်ဝန်းကျင်တစ်ရပ်ကို နှစ်ဖက်လုံးက ဆက်လက်ထိန်းသိမ်းထားဖို့ လိုအပ်ပါတယ်” ဟုလည်း ၎င်းကပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခါနီးမှာပင် အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းခြေဒေသ၌ အိမ်ရာသစ်ပေါင်း ၃,၀၀၀ ခန့် ဆောက်လုပ်မည့်အစီအစဉ်ကို အစ္စရေးက ကြေညာခဲ့သည်။ ယင်းအတွက်လည်း ပါလက်စတိုင်းအရာရှိများကို ဒေါသူပုန်ထစေခဲ့သည်။

ဘန်ကီမွန်းက ဩဂုတ် ၁၆ ရက်က ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံချိန်တွင် အစ္စရေး၏ အစီအစဉ်ကို ဝေဖန်ပြောကြားခဲ့သည်။ ဘန်ကီမွန်းသည် အစ္စရေးသမ္မတနှင့် တွေ့ဆုံအပြီး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု၊ တရားရေးဝန်ကြီးနှင့် ဆွေးနွေးညှိနှိုင်းရေးမှူး မစ္စစ်တီဇီပီလစ်ဗနီ၊ ကာကွယ်ရေးဝန်ကြီး မိုရှေးယာလွန်တို့နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

—*Ref: AFP*

## ဇင်ဘာဘွေရွေးကောက်ပွဲ မူဂါဘီအနိုင်ရခြင်းအပေါ် စိန်ခေါ်မှု အတိုက်အခံပါတီ ပြန်လည်ရုပ်သိမ်း

**ဟာရေးရေး၊ဩဂုတ်-၁၇**

ရွေးကောက်ပွဲတွင် မသမာမှုရှိခဲ့သည်ဟုစွပ်စွဲကာဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ ပြန်လည်ရွေးကောက်ခံရခြင်းကို တရားဝင်စိန်ခေါ်ထားသည့် အတိုက်အခံပါတီ (MDC)က ယင်းစိန်ခေါ်မှုကို ရုပ်သိမ်းလိုက်ပြီး မျှတသော ကြားနာစစ်ဆေးမှု ရရှိနိုင်မည်မဟုတ်ဟု ပြောကြားသည်။

ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင်ထံမှ ရွေးကောက်ပွဲရလဒ်အသေးစိတ်အချက်အလက်များ အပြည့်အစုံကိုကြည့်ခွင့်ရရန် (MDC) ပါတီက စွဲချက်တင်ထားခဲ့သည်။ သို့သော် ယင်းအမှုတွင် နိုင်ငံတော်တရားရုံးချုပ်က တရားစီရင်ရာ၌ နှောင့်နှေးခဲ့သည်။

မဲပေးထားပြီး မဲပေးသူစာရင်းတွင်မပါသူများအရေအတွက်ကဲ့သို့သော အချက်အလက်များ မရှိဘဲနှင့် ရွေးကောက်ပွဲတွင် မရိုးဖြောင့်မှုရှိကြောင်း သက်သေမပြနိုင်ဟု အတိုက်အခံပါတီက ပြောသည်။

ထပ်ဆောင်းအချက်အလက်များ မရှိဘဲနှင့် ယင်းစိန်ခေါ်မှုမှာ တရားရေးဌာန၏ လှောင်ပြောင်စရာပင်ဖြစ်မည်ဟု ယင်းပါတီမှ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်ကလပ်စ်အမ်ဝင်ဂိုရာက ပြောကြားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

မူဂါဘီ(၈၉)နှစ်သည် ဇင်ဘာဘွေ လွတ်လပ်ရေးရရှိသည့် ၁၉၈၀ ပြည့်နှစ်မှစ၍ အာဏာတည်မြဲလာသူဖြစ်ပြီး ဇူလိုင် ၃၁ ရက် ရွေးကောက်ပွဲတွင် မဲ ၆၁ ရာခိုင်နှုန်းဖြင့် အနိုင်ရကာ အတိုက်အခံပါတီခေါင်းဆောင် မော်ဂန်ဆဗန်ဂီရိုင်းမှာ ၃၄ ရာခိုင်နှုန်းသာရရှိခဲ့သည်။

သမ္မတမူဂါဘီ၏ မဟာမိတ်များက MDC ပါတီ၏ စွပ်စွဲချက်များကိုပယ်ချပြီး ဆဗန်ဂီရိုင်းသည် ဆိုးရွားသော အရှုံးသမားဖြစ်ကြောင်း စွပ်စွဲလိုက်သည်။

ရွေးကောက်ပွဲရှုံးနိမ့်ခြင်းကို လက်ခံရန် တောင်အာဖရိကသမ္မတ ဂျက်ကော့ဇ်ဇူးမားက အတိုက်အခံပါတီအား တိုက်တွန်းထားသည်။

—*Ref:BBC*

7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

## ၂၀၂၀ တွင် တစ်နိုင်ငံလုံး၌ ဘရော့ဒ်ဘန်း အင်တာနက်သုံးနိုင်ရန် ရည်မှန်းဟု တရုတ်နိုင်ငံတော်ကောင်စီ ကြေညာ

**ဘေဂျင်း၊ ဩဂုတ်-၁၇**

တရုတ်အစိုးရသည် နိုင်ငံအဝန်း မြို့ပြနှင့် ကျေးလက်ဒေသများတွင်ပါ ၂၀၂၀ အရောက်တွင် ဘရော့ဒ်ဘန်းအင်တာနက်ခေါ် မြန်နှုန်းမြင့်ကွန်ရက် ဆက်သွယ်မှုများ လွှမ်းခြုံနိုင်ရန် ရည်မှန်းဆောင်ရွက်သွားမည်ဟု နိုင်ငံတော်ကောင်စီမှ ကြေညာခဲ့သည်။

နိုင်ငံတော်ကောင်စီသည်အမျိုးသားအဆင့် ဘရော့ဒ်ဘန်းကွန်ရက်ကို တစ်မျိုးသားလုံးဆိုင်ရာ မဟာဗျူဟာအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေပြီး ပြီးဆုံးမည့်အချိန်ကို ယခုကဲ့သို့ အချိန်ဇယားသတ်မှတ်ကာ လာမည့်ရှစ်နှစ်ကာလကို ပစ်မှတ်ထားကြေညာခဲ့ခြင်းဖြစ်သည်။ စီမံကိန်းမှာ ၂၀၁၃ တွင် မြို့ပြဒေသများ၌ အများပြည်သူဆိုင်ရာ အဓိကနေရာများတွင် ဝိုင်ဖိုင်စနစ်များ ရရှိနိုင်ရန် ရည်ရွယ်ထားပြီး ၂၀၁၅ အရောက်တွင် နေအိမ်များစုစုပေါင်း၏ တစ်ဝက်ခန့်၌ ဘရော့ဒ်ဘန်းလိုင်းကြိုးများ တပ်ဆင်သုံးစွဲနိုင်ရန် သတ်မှတ်ထားသည်။ ကြေညာချက်က ဖွံ့ဖြိုးပြီးမြို့ကြီးများတွင် ဘရော့ဒ်ဘန်းအင်တာနက်မြန်နှုန်းကို တစ်စက္ကန့်လျှင် 1GB နှုန်းဖြင့် ရရှိနိုင်စေရန် ၂၀၂၀ အမီ ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်မည့် တရုတ်စီမံကိန်းတွင် ဖိုင်ဘာဖန်မျှင်ကွန်ရက်များနှင့် သရီးဂျီမိုဘိုင်းကွန်ရက်များလည်း ၂၀၁၃ အတွင်း ရရှိမည်ဖြစ်ကာ ၂၀၁၄ မှ ၂၀၁၅ တွင် ဘရော့ဒ်ဘန်းရရှိနှုန်းကို ချဲ့ထွင်မည်ဖြစ်သည်။ ၂၀၁၆ မှ ၂၀၂၀ အထိ ကာလတွင်မူ နည်းပညာပိုင်း အဆင့်မြှင့်တင်မှုများကို အဓိကထား လုပ်ဆောင်သွားမည်ဟု သိရသည်။

*—Ref: Xinhua*



EDGAR SU/REUTERS

*စင်ကာပူရှိ ဆန်တိုဆာကျွန်းပေါ်တွင်ပြုလုပ်ခဲ့သော ဆေးရောင်ခြယ်အပြေးပြိုင်ပွဲ The Color Run တွင် ပန်းဝင်ပြီးနောက် ဝင်ရောက်ဆင်နွှဲသူများက ရောင်စုံဆေးမှုန့်များကို ပက်ကြဲနေစဉ်။ အချိန် သတ်မှတ်မထားသည့် အပြေးပြိုင်ပွဲဖြစ်သော ဆေးရောင်ခြယ်ပြေးပွဲကို အကွာအဝေး ငါးကီလိုမီတာ သတ်မှတ်ထားကာ အမေရိကန်မြို့ကြီးများတွင် ကျန်းမာပျော်ရွှင်သည့်ဘဝကို မြှင့်တင်ရန် ရည်ရွယ် ကျင်းပကြသည်။ ပြိုင်ပွဲဝင်များသည် တစ်ကီလိုမီတာခရီးပြီးတိုင်း ဆေးရောင်တစ်မျိုးစီ ခေါင်းမှခြေဖျားအထိ ဆေးမှုန့်များဖြူးကာ ပြိုင်ကြသည်။*

## အီဂျစ်မှ ထိုင်းနိုင်ငံသားများကို ကယ်တင်ရန် ထိုင်းအစိုးရ လေယာဉ်တစ်စီး အသင့်ပြင်

**ဘန်ကောက်၊ ဩဂုတ်-၁၇**

ထိုင်းအစိုးရသည် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်ကာ ဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းနေသည့် အီဂျစ်နိုင်ငံရောက် ထိုင်းနိုင်ငံသားများကို ကယ်တင်ရန် လေယာဉ်တစ်စီး ပြင်ဆင်ခဲ့ကြောင်း ဝန်ကြီးချုပ်ယင်လပ်က ပြောကြားလိုက်သည်။

မစ္စစ်ယင်လပ်က ထိုင်းအစိုးရသည် လေတပ်အား C-130 လေယာဉ်တစ်စီးဖြင့် အီဂျစ်ရောက် ထိုင်းနိုင်ငံသားများကို ကယ်တင်ရန် ညွှန်ကြားထားကြောင်း၊ အီဂျစ်မြို့တော်ကိုင်ရိုမှ နိုင်ငံသားများကို ပြန်ခေါ်နိုင်ရေးအတွက် ပုဂ္ဂလိကလေကြောင်းလိုင်းများဖြင့်လည်း ညှိနှိုင်းဆွေးနွေးနေကြောင်း ဆိုသည်။



ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် မိမိတို့နိုင်ငံသားများကို ကယ်တင်နိုင်ရေးအတွက် အစီအစဉ်များ ညှိနှိုင်းနေသော်လည်း ကိုင်ရိုမြို့ရှိ ထိုင်းသံရုံးတွင်မူ မည်သည့်ထိုင်းနိုင်ငံသားတစ်ဦးထံကမှ ကယ်တင်ရန် အကြောင်းကြားမှုမရရှိသေးပေ။

အီဂျစ်နိုင်ငံတွင် ထိုင်းနိုင်ငံသားဦးရေမှာ ၃,၀၀၀ ခန့်ရှိနေပြီး အများစုမှာ တက္ကသိုလ်ကျောင်းသားများဖြစ်ကြသည်။

ယခုအတောအတွင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးသည် အီဂျစ်ကြားဖြတ်အစိုးရထံ ထိုင်းနိုင်ငံသားများ၏အရေး စိုးရိမ်ကြောင်း စာပေးပို့ထားပြီး လိုအပ်၍ မိမိနိုင်ငံသားများကို ကယ်တင်ရပါက အကူအညီပေးရန် မေတ္တာရပ်ခံထားသည်။

*—Ref: Xinhua*

## ပါတီစုံစနစ်ထောက်ခံသည့် နိုင်ငံရေးပါတီသစ် တည်ထောင်ရန် ဗီယက်နမ် တက်ကြွလှုပ်ရှားသူများပြင်

**ဟန္နိုင်း၊ ဩဂုတ်-၁၇**

ဗီယက်နမ်နိုင်ငံမှ တက်ကြွလှုပ်ရှားသူတစ်စုသည် တစ်ပါတီကွန်မြူနစ်အစိုးရ အုပ်ချုပ်သည့် နိုင်ငံတွင်း၌ ပါတီစုံစနစ်ကို အားပေးသည့် နိုင်ငံရေးပါတီသစ်တစ်ရပ်ကို ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ယင်းတက်ကြွလှုပ်ရှားသူများထဲတွင် ကွန်မြူနစ်ပါတီဝင်များလည်း ပါဝင်ကြသည်ဟုသိရသည်။ ယခုလှုပ်ရှားမှုမှာ မကြာမီက အစိုးရနှင့် သဘောထားကွဲလွဲသူ ဘလော့ဂါများကို အာဏာပိုင်များက ဒါဇင်နှင့်ချီ၍ ထိန်းသိမ်းခဲ့ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် အာဏာရကွန်မြူနစ်ပါတီ၏ တစ်ပါတီအာဏာကိုင်စွဲထားမှုကို ဝေဖန်ခြင်းမှာ ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံနေရသည်။ မီဒီယာသတင်းများက နိုင်ငံတွင်း၌ ယခုနှစ်အတွင်း အစိုးရကို ဆန့်ကျင်သည့် လှုပ်ရှားမှုများလုပ်သည့် စွဲချက်ဖြင့် တက်ကြွလှုပ်ရှားသူ ၃၈ ဦးခန့် ဖမ်းဆီးခဲ့ကြောင်း ဆိုထားသည်။

ယင်းတွင် ကွန်မြူနစ်အဖွဲ့တစ်ခုဖြစ်သည့် အဖနိုင်ငံတော်တပ်ဦးအဖွဲ့ဝင်များ ပါဝင်ပြီး ၎င်းတို့သည်လည်း အဖွဲ့ကို ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီဟု အမည်ပေးဖွဲ့စည်းသွားရန်ရှိသည်။

ဗီယက်နမ်တက်ကြွလှုပ်ရှားသူများ၏ ပါတီသစ်တည်ထောင်ရေးမှာ စိတ်ကူးအဆင့်တွင် ရှိဆဲသာဖြစ်ပြီး ၎င်းတို့အမှန်တကယ်တည်ထောင်ပါက အာဏာရကွန်မြူနစ်ပါတီက ခွင့်ပြုနိုင်ဖွယ်ရှိ၊ မရှိမှာ စဉ်းစားစရာဖြစ်သည်။

*—Ref: BBC*



7DAY NEWS

# Entertainment

Vol.12, No.24 • AUGUST 21 , 2013

## သမီးကို ကလေးသရုပ်ဆောင်အဖြစ်သာမက ဆယ်ကျော်သက်သရုပ်ဆောင်အဖြစ် မြင်ပေးစေချင်ပါတယ်

**ယွန်းယွန်းနှင့် တွေ့ဆုံခြင်း**

**ဖွဲ့ညက်**

လွန်ခဲ့သည့် ဆယ်နှစ်က အဘွား ဖြစ်သူ၏ ရိုက်ကွင်းသို့ရောက်ခဲ့ရာမှ ကလေးသရုပ်ဆောင်အဖြစ် အနုပညာလောကသို့ စတင်ဝင်ရောက်ခဲ့ကာ ယခုရုံတင်ပြသနေသည့် ရုပ်ရှင်ဇာတ်ကားများ၌ မင်းသမီးများ၏ ငယ်ဘဝကို သရုပ်ဆောင်ရာတွင် ပရိသတ်အားပေးမှု ရရှိနေသူမှာ ယွန်းယွန်းပင်ဖြစ်သည်။ သုံးနှစ်ကျော်အရွယ်က စတင်၍ ကလေးသရုပ်ဆောင်အဖြစ် အနုပညာလောကသို့ ဝင်ရောက်ခဲ့သော်လည်း အသက်ခြောက်နှစ်ကျော်မှသာ အနုပညာအလုပ်များကို ဆက်တိုက်လုပ်ကိုင်ခဲ့ပြီး ယခုအချိန်အထိ ဗီဒီယိုဇာတ်ကားပေါင်း သုံးရာကျော်နှင့် ရုပ်ရှင်ကားသုံးဆယ်ကျော်တို့တွင်ကလေးသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ ပြီးခဲ့သည့်လက ရုံတင်ခဲ့သည့် လက်ပံရုပ်ရှင်ဇာတ်ကားတွင် ဖွေးဖွေး၏ ငယ်ဘဝအဖြစ် အခန်းအနည်းငယ်သာပါဝင်သော်လည်း ပရိသတ်အားပေးမှု ရရှိခဲ့သလို တိမ်မင်းသမီး၏ ဒဏ္ဍာရီရုပ်ရှင်ဇာတ်ကားတွင်လည်း နှစ်ကိုယ်ခွဲသရုပ်ဆောင်ကာ ပရိသတ်အားပေးမှုရနေပြန်သည့် ဆံပင်ရှည်ရှည်နှင့် ချစ်စဖွယ်အပြုံးပိုင်ဆိုင်ထားသောယွန်းယွန်းကို သူမ၏ အနုပညာ၊ သူမ ရှေ့ဆက်လျှောက်မည့် လမ်းနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ပါသည်။



**အခု ရုံတင်သွားတဲ့ လက်ပံနဲ့တိမ်မင်းသမီးဒဏ္ဍာရီတွေမှာ သရုပ်ဆောင်ထားတဲ့အပေါ် ပရိသတ်တွေက ယွန်းယွန်းကို ပိုအားပေးလာတော့ ဒီဇာတ်ကားတွေက ယွန်းယွန်းအတွက် မှတ်တိုင်တွေလို့ပြောလို့ရမလား။**

မှတ်တိုင်တွေဟုတ်၊ မဟုတ် အခုအချိန်တော့မသိသေးပါဘူး။ ဒါပေမဲ့ ကလေးသရုပ်ဆောင်အနေနဲ့ အရေးပါတဲ့ ကာရိုက်တာတွေကို သရုပ်ဆောင်ခွင့်ရပြီးတော့ အားပေးမှုတွေရရှိခဲ့တာကတော့ သမီးအတွက် ပျော်စရာကောင်းတဲ့ အမှတ်တရတွေပါပဲ။

**လက်ပံနဲ့တိမ်မင်းသမီးမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ရုပ်တွေမှာ ဘယ်ဇာတ်ကားကို ပိုပြီးအားရပါလဲ။**

တိမ်မင်းသမီးကိုတော့ ပိုပြီးအားရပါတယ်။ တိမ်မင်းသမီးက တစ်ဇာတ်လုံးကိုသေချာဖတ်ပြီး မရိုက်ခင်ရော၊ ရိုက်တဲ့အချိန်မှာရော အရမ်းစိတ်နှစ်ပြီးတော့ လုပ်ခဲ့တဲ့ ကားလေးပါ။ အသက်ကလည်း ၁၀ နှစ်အောက်ဆိုတော့ လက်ပံရိုက်တဲ့ အချိန်နဲ့စာရင် နည်းနည်းကြီးပြီ။ လက်ပံရိုက်တုန်းက ကျတော့ဇာတ်လမ်း တစ်ခုလုံးကို လည်း သေသေချာချာ မလေ့လာခဲ့ဘဲ ရိုက်ခဲ့တာ။ အခန်းလည်း နည်းနည်းပဲပါတာဆိုတော့ ကြိုတင်ပြင်ဆင်မှုရော၊ အားရကျေနပ်မှုရော တိမ်မင်းသမီးက ပိုပါတယ်။

**မင်းသမီးတွေရဲ့ငယ်ဘဝကို သရုပ်ဆောင်တိုင်း ပရိသတ်အသိအမှတ်ပြုခံခဲ့ရတော့ ဘယ်လိုကြိုးစားခဲ့ရလဲ။**

စာ(၄၁)သို့



ဂျန်ဂျီဟွန်း



ကင်ဆိုဟွန်း

## SBS ဒရာမာဇာတ်လမ်းတွဲသစ်မှာ ပူးတွဲသရုပ်ဆောင်မယ့် ကင်ဆိုဟွန်းနဲ့ ဂျန်ဂျီဟွန်း

**ဆိုးလ်၊ ဩဂုတ်-၁၇**

တောင်ကိုရီးယားနာမည်ကျော် သရုပ်ဆောင်များဖြစ်ကြသော ကင်ဆိုဟွန်းနှင့် ဂျန်ဂျီဟွန်းတို့သည် တောင်ကိုရီးယား SBS ရုပ်သံလိုင်း၏ The Man from the Stars ဒရာမာဇာတ်လမ်းတွဲသစ်၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သော The Thieves ရုပ်ရှင်ကား၌ ပူးတွဲသရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင်နှစ်ဦးသည် လာမည့် ဒီဇင်ဘာလ၌ ထုတ်လွှင့်ပြသရန် စီစဉ်ထားသော SBS ဒရာမာဇာတ်လမ်းတွဲသစ်တွင် ထပ်မံတွေ့ဆုံမည်ဖြစ်သည်။ The Man from the Stars ဇာတ်လမ်းတွဲ၌ သရုပ်ဆောင်မင်းသား ကင်ဆိုဟွန်းက လွန်ခဲ့သော နှစ် ၄၀၀ ခန့် ဂျိုဆွန်ခေတ်ကတည်းက ကမ္ဘာမြေပေါ်သို့ ရောက်ရှိနေသော ဂြိုဟ်သားတစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ဂျန်ဂျီဟွန်းသည် ယနေ့ခေတ် တောင်ကိုရီးယား ထိပ်တန်းအနုပညာရှင်တစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။ ယင်းဇာတ်ကားသည် နှစ်ပေါင်း ၄၀၀ ခန့်ကတည်းက ကမ္ဘာမြေပေါ်၌ သွားလာကျက်စားနေသော ဂြိုဟ်သားလေးနှင့် ထိပ်တန်းသရုပ်ဆောင်မင်းသမီးတို့ တွေ့ဆုံချစ်ကြိုက်သည့် အချစ်ဒရာမာဇာတ်ကားဖြစ်သည်။

The Man from the Stars ဇာတ်လမ်းတွဲသည် ဂျန်ဂျီဟွန်းအတွက် ၁၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်သရုပ်ဆောင်မည့် ဇာတ်လမ်းတွဲဖြစ်သည်။

—Ref: Soompi



7 DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013

# နာရီပေါင်းတစ်ထောင် လူမှုရေးလုပ်ရန် ပြစ်ဒဏ်ပေးခံရတဲ့ ခရစ်ဘရောင်း

**လော့စ်အန်ဂျလိစ်၊ ဩဂုတ်-၁၇**
ဟောလိဝုဒ်အဆိုတော် ခရစ်ဘရောင်းသည် ပြီးခဲ့သော ၂၀၀၉ ခုနှစ်က ချစ်သူရီဟားနားကို ရိုက်နှက်မှုဖြင့် နာရီပေါင်း ၁၄၄၀ လူမှုရေးဝန်ဆောင်မှုပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်းယင်းဝန်ဆောင်မှုကို ကောင်းကောင်းမွန်မွန်မလုပ်ဘဲ ဟန်ဆောင်ပန်ဆောင်လုပ်သည်ဟု မှတ်တမ်းများက ဖော်ပြနေသောကြောင့် နောက်ထပ်နာရီပေါင်းတစ်ထောင်ဝန်ဆောင်မှုလုပ်ရမည်ဟု လော့စ်အန်ဂျလိစ်တရားရုံးက ဩဂုတ် ၁၆ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

ပြီးခဲ့သော မေလက အမျိုးသမီးတစ်ဦးကို ကားဖြင့်တိုက်ပြေးခဲ့သောကြောင့် ခရစ်ဘရောင်း၏ ခံဝန်ချုပ်ဖြင့် လွတ်မြောက်နေမှုကိုတရားရုံးကပြန်လည်ရုပ်သိမ်းလိုက်ပြီး ခရစ်ဘရောင်းကျခံရမည့် လူမှုရေးဝန်ဆောင်မှု ပြစ်ဒဏ်သစ်များကို လော့စ်အန်ဂျလိစ် ရဲအရာရှိများ၏ ကြီးကြပ်မှုအောက်၌ လက်တွေ့လုပ်ဆောင်ရမည်ဟု တရားရုံးက အမိန့်ချခဲ့သည်။ ခရစ်ဘရောင်းသည် အဝေးပြေးလမ်းမကြီးကို သန့်ရှင်းရေးလုပ်ခြင်း၊ ကမ်းခြေသန့်ရှင်းရေးလုပ်ငန်း (သို့မဟုတ်) အုတ်နံရံပေါ်၌ ရေးဆွဲထားသော ဂရပ်ဖစ်တီရုပ်ပုံများကို ဖျက်ပေးခြင်း စသည့်အလုပ်များကို ရွေးချယ်လုပ်ကိုင်နိုင်သည်ဟု သိရသည်။

—Ref: AP















စာ(၃၉)မှ

# ယွန်းယွန်းနှင့် တွေ့ဆုံခြင်း

ရိုက်ကွင်းပေါ်ကို ရောက်သွားတဲ့အချိန်မှာ ဇာတ်လမ်းကို ကြိုဖတ်ထားတာ၊ မဖတ်ထားတာ ဒါရိုက်တာတွေ၊ ဆရာတွေရဲ့သင်ကြားမှုတွေကို အတတ်နိုင်ဆုံးကြိုးစားပြီး သရုပ်ဆောင်တာပါ။

**ရန်ကုန်မှာ ရုံမတင်ရသေးပေမယ့် မန္တလေးမှာ ရုံတင်ပြီးအောင်မြင်ခဲ့တဲ့ ဒါရိုက်တာဝိုင်းရဲ့ "စေတန်၏ကချေသည်"မှာလည်း သက်မွန်မြင့်ရဲ့ ငယ်ဘဝကို သရုပ်ဆောင်တာက သက်မွန်မြင့်အငယ်လေး မြင်နေရသလိုပါပဲလို့ ပရိသတ်တွေက ချီးကျူးကြတယ်။ အဲဒီကားမှာရောဘယ်လို ကြိုးစားခဲ့ရလဲ။**

အဲဒီလိုပြောပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အဲဒီကားကလည်း ဦးဝိုင်းရိုက်တာပါ။ ဦးဝိုင်းက စနစ်တကျနဲ့ စိတ်ပါလက်ပါအချိန်ပေးပြီး သင်ကြားပေးခဲ့တာပါ။ ပြန်ကြည့်တုန်းကလည်းကျေနပ်ပါတယ်။

**အခုနှစ်ထဲမှာ ရိုက်ထားတဲ့ "ကျွန်မကနှင်းဆီပါမောင်"ကရောဘယ်လိုကြိုးစားခဲ့ရလဲ။**

အရမ်းစိတ်ဆတ်တဲ့ကောင်းမလေး၊ စိတ်ကလူကြီးမဆန်ဘဲ မရင့်ကျက်ဘဲ ဆိုးသွမ်းနေတဲ့ ပုံစံမျိုးပါ။ "စေတန်၏ကချေသည်" ထက်ကို ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေများတော့ ရိုက်တဲ့အခါမှာလည်း အခက်အခဲနည်းပါတယ်။ မရိုက်ခင်တစ်ရက်၊ နှစ်ရက်လောက်ကတည်းက မဖွေးအိမ်ကို သွားပြီးတော့ အရေးကြီးတဲ့ ဇာတ်ဝင်ခန်းတွေကို အတူတူလေ့ကျင့်ဖြစ်တယ်။ မိတ်ကပ်၊ ဆံပင်၊ ဒီဇိုင်း ပြင်ဆင်မှုတွေလုပ်ဖြစ်တယ်။ တစ်ခါမှ သရုပ်မဆောင်ဘူးတဲ့ ဇာတ်လမ်းလေးပါ။ ဦးဝိုင်းလည်း ကျေနပ်သလို သမီးလည်းကျေနပ်ပါတယ်။ ဒီကာရိုက်တာက သမီးအတွက် စွန့်စားထားတဲ့ ဇာတ်ရုပ်တစ်ခုပါ။

**အခုရုံတင်ထားတဲ့ လက်ပံနဲ့ တိမ်မင်းသမီးဒဏ္ဍာရီက အခုနှစ်အကယ်ဒမီစာရင်းမှာလည်းပါတော့ အဲဒီကားတွေအတွက် ဘာတွေမျှော်လင့်ထားလဲ။**

သမီးမျှော်လင့်တာကတော့ ရုံတင်တဲ့အချိန်မှာ ပရိသတ်တွေဘက်က ကောင်းတဲ့ တုံ့ပြန်မှုတွေ ရရှိဖို့ပါပဲ။ ကျန်တာကတော့ အများကြီးမမျှော်လင့်ထားပါဘူး။ သမီးဘက်ကလည်း တာဝန်ကျေပြီး ပရိသတ်တွေအပေါ်မှာရော၊ သမီးကိုယုံကြည်ပေးတဲ့ ဆရာတွေအပေါ်မှာရော တာဝန်ကျေပြီလို့ ထင်ပါတယ်။

**တိမ်မင်းသမီးဒဏ္ဍာရီရဲ့ ပရီမီးယားရှိုးပွဲကို မန္တလေးမှာလုပ်တဲ့အချိန် လပတ်စာမေးပွဲလည်းရှိပေမယ့် သွားခဲ့တယ်ဆိုတော့ ပညာရေးနဲ့ အနုပညာကို ဘယ်လိုခွဲပြီး လုပ်ဖြစ်လဲ။**

အဲဒါကတော့ငယ်ငယ်ကတည်းက လုပ်နေတာဆိုတော့ အသားကျသလိုဖြစ်နေပါပြီ။ အဆင်ပြေပါတယ်။ အဲဒီလိုမျိုးမရှိအောင် ဖေဖေနဲ့မေမေတို့က ထိန်းကွပ်ပေးထားပါတယ်။ အဲဒီတုန်းက စာမေးပွဲနီးပေမယ့် စာတွေကလည်းရနေတော့ သွားလိုက်တာလေ။ အဲဒီကားမှာ ပါတဲ့သရုပ်ဆောင်ကြီးတွေကလည်း မအားကြဘူး။ မမနဝရတ်ကလည်း လိုက်စေချင်တယ်ဆိုတော့ မန္တလေးက ပရိသတ်တွေနဲ့လည်း တွေ့ချင်တဲ့အတွက်လိုက်သွားတာပါ။ အဲဒီလိုလိုက်သွားတဲ့အတွက် မန္တလေးမှာ ပရိသတ်တွေကိုယ်ကို ဘယ်လိုချစ်ကြတယ်ဆိုတာသိရတယ်။ လပတ်စာမေးပွဲမှာလည်း အဆင့်မလျော့ပါဘူး။

**ပရိသတ်အားပေးမှုကလည်း အခုချိန်မှာ ရနေတယ်။ ကျောင်းကလည်း ရှစ်တန်းကိုရောက်ပြီဆိုတော့ နောင်နှစ်တွေဆိုရင် အနုပညာလုပ်ဖို့ အချိန်ကို ဘယ်လိုပေးမလဲ။**

ငယ်ငယ်ကတည်းက အစိုးရကျောင်းတက်လာတာဆိုတော့ ဆယ်တန်းမှာ ဂုဏ်ထူးများများနဲ့ အောင်အောင်လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ပညာရေးရော၊ အနုပညာရောနှစ်ဖက်စလုံး တော့ လောဘကြီးလို့မရဘူးပေါ့။ တကယ်အရေးကြီးတဲ့ ဟာကို ဦးစားပေးသွားမှာပါ။ ကိုးတန်း၊ ဆယ်တန်းဆိုရင်တော့ ပညာရေးဘက်ကို ပိုပြီးဦးစားပေးမှာပါ။

**အခုနောက်ပိုင်းဆိုရင် ရုပ်ရှင်လောကအတွက် ကလေးသရုပ်ဆောင်တွေရှားနေတယ်။ အဲဒီအပေါ်မှာရော ဝါသနာပါတဲ့ ကလေးလေးတွေကိုယွန်းယွန်းက ဘယ်လိုအကြံပေးချင်လဲ။**

အခုနောက်ပိုင်းထက်စာရင် သမီးတို့ငယ်ငယ်တုန်းက ကလေးသရုပ်ဆောင်ဆိုရင်သိကြတယ်။ အခုကျတော့ နာမည်နဲ့ လူကိုတွဲပြီးမသိကြဘူး။ သမီးတို့ ခေတ်ကဆိုရင် မစုမေတို့ကို၊ ဟဲဇီးဖြိုးတို့၊ အိစိကွေးတို့၊ သမီးတို့ဆို နယ်ကပိုပြီး သိကြတယ်။ အခုအချိန်မှာတော့နည်းလာတယ်။ ကလေးသရုပ်ဆောင်တွေလည်း အများကြီးပေါ်လာစေချင်ပါတယ်။ ပတ်ဝန်းကျင်မှာဆိုရင်လည်း ဝါသနာပါတဲ့ ကလေးတွေတွေ့နေရတာပဲလေ။ ဖြစ်ချင်တယ်ဆိုရင် အကြံပေးချင်တာက ဓာတ်ပုံလေးတွေမှာ ဖုန်းနံပါတ်လေးပါထည့်ပြီး ရိုက်ထား၊ ရှူတင်တွေ အနုပညာလုပ်ငန်းနဲ့ ပတ်သက်တဲ့လူတွေကိုပေးပေါ့။ ရုပ်ရှင်လောကကလည်းလိုချင်နေကြတယ်။ ကလေးတွေကလည်း လုပ်ချင်နေတယ်။ ဒါပေမဲ့ မဆက်စပ်မိဘူးဖြစ်နေတာပေါ့။ ဆက်သွယ်လို့ရမယ့် အရာလေးတစ်ခုရှိရင်ကောင်းတာပေါ့။ နှစ်ဦးနှစ်ဖက်လည်း အဆင်ပြေမယ်ထင်တယ်။

**ကလေးသရုပ်ဆောင်ကနေ ဆယ်ကျော်သက်အရွယ်ရောက်လာပြီဆိုတော့ ခေါင်းဆောင်မင်းသမီးအဖြစ် ကမ်းလှမ်းတာတွေရော ရှိလား။ လုပ်ဖို့ရော စဉ်းစားထားပြီးလား။**

ခေါင်းဆောင်အဖြစ်နဲ့ ကမ်းလှမ်းတဲ့ ထုတ်လုပ်ရေးတွေတော့ ရှိပါတယ်။ ဒါပေမဲ့ သမီးရဲ့ အသက်အရွယ်နဲ့ မင်းသမီးတစ်ယောက်အဖြစ် တာဝန်မယူနိုင်သေးဘူးလို့ထင်တယ်။ မနိုင်တဲ့တာဝန်ကိုလည်း မယူချင်ဘူး။ မသင့်တော်သေးဘူးလို့ လည်း ထင်ပါတယ်။ ပရိသတ်တွေက သမီးကို အမြင်ပြောင်းလဲပြီး မြင်နိုင်ဖို့ ကလည်းခက်သေးတယ်လေ။ နှစ်ဦးနှစ်ဖက်အဆင်သင့် မဖြစ်သေးလို့ပါ။ ဖြစ်သင့်ဖြစ်ထိုက်တယ် အရွယ်၊ ပညာရေးဘက်လည်း စုံပြီဆိုတော့မှ အနုပညာလောကမှာ နိုင်နိုင်နင်းနင်း လုပ်ပြချင်တယ်။ အခုချိန်မှာလုပ်လိုက်ရင် မနိုင်မနင်းရဲ့ ပရိသတ်တွေ အထင်လွဲပြီး သမီးအနုပညာအလုပ်တွေ ဆက်မလုပ်ရမှာ စိုးရိမ်လို့ပါ။

**ယွန်းယွန်းက ပညာရေး ဘက်မှာလည်း ထူးချွန်ချင်တယ်ဆိုတော့ ကြီးလာရင်ဘာလုပ်မယ်ဆိုပြီး ရည်မှန်းထားတာရောရှိလား။**

လောလောဆယ် ဆယ်ကျော်သက်အိပ်မက်အနေနဲ့ ကတော့ ဆေးကျောင်းတက်ချင်တယ်။ ယူချင်တဲ့ ဘာသာက ဆိုက်ကို၊ စိတ်ရောဂါကုဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။

**ကလေးသရုပ်ဆောင်ကနေ ခေါင်းဆောင်မင်းသမီးတစ်ယောက်အဖြစ် ပြောင်းလဲနိုင်ဖို့က ယွန်းယွန်းအတွက်ဆိုရင် ဘယ်လိုအခက်အခဲမျိုးရှိနိုင်လဲ။**

ကလေးသရုပ်ဆောင်တင်မဟုတ်ဘဲ သမီးကို ဆယ်ကျော်သက်သရုပ်ဆောင်အဖြစ်မြင်စေချင်ပါတယ်။ ကလေးသရုပ်ဆောင်ကတည်းက ချစ်ပြီးအားပေးခဲ့တဲ့ ပရိသတ်တွေကိုလည်း အခုနောက်ပိုင်းလက်ခံရတဲ့ အလုပ်တွေကျတော့ ရှိုးလျှောက်တာတို့၊ ဓာတ်ပုံရိုက်တာတို့မှာ လူကြီးပုံဖမ်းနေပြီ။ အရွယ်နဲ့မလိုက်တာလုပ်တယ်လို့ မထင်စေချင်ဘူး။ နောက်ပြီး ခေါင်းဆောင်မင်းသမီးတစ်ယောက်အဖြစ်သရုပ်ဆောင်ဖို့အတွက်ကလည်း ကလေးသရုပ်ဆောင်ရော၊ အပြင်လူရောအတူတူပါပဲ။ အဓိကကအနုပညာကို စိတ်ပါဝင်စားရမယ်။ အတွေ့အကြုံတွေလည်းအများကြီး လိုပါတယ်။ အမှန်တကယ်က မင်းသမီးမှ မဟုတ်ပါဘူး။ သရုပ်ဆောင်ပညာမှာ လေ့လာသင်ယူစရာတွေ အများကြီးပဲရှိပါတယ်။ သမီးက မင်းသမီးဖြစ်ဖို့ဆိုပြီး ကြိုတင်ပြင်ဆင်ထားတာတော့မရှိပါဘူး။ ကိုယ်အသက်ကြီးတဲ့ အချိန်ထိ ပရိသတ်က ခုလိုချစ်ပြီးအားပေးခံရတဲ့ သရုပ်ဆောင်တစ်ယောက်ဖြစ်ချင်တယ်ဆိုတဲ့ စိတ်မျိုးပဲရှိတာပါ။ အဲဒီအတွက်လည်း ကိုယ့်ပတ်ဝန်းကျင်ရှိနေတာတွေကို မျက်စိဖွင့်၊ နားစွင့်ပြီး တတ်နိုင်သလောက်ကြိုးစားနေပါတယ်။

**ယွန်းယွန်းရဲ့ Fan Page မှာ Like လုပ်ထားတဲ့သူက တစ်သိန်းကျော်ရှိတာဆိုတော့ ကိုယ်တိုင်ရော အချိန်ပေးပြီးသုံးဖြစ်လား။**

Fan Page တွေက သမီးကိုယ်တိုင်လုပ်ထားတာတော့ မဟုတ်ပါဘူး။ ပရိသတ်တွေက လုပ်ပြီး သမီးကိုလက်ဆောင်ပေးကြလို့သုံးဖြစ်တာ။ သမီးကိုယ်တိုင် အခုနောက်ပိုင်း ပုံတွေတင်ပြီး Status တွေရေးဖြစ်တာက ယွန်းယွန်းဆိုတဲ့ Fan Page မှာ အဲဒီFan Page ရဲ့ Admin မမက ဆွိဒင်မှာဆိုတော့ အရင်က အင်္ဂလိပ်လိုရေးပြီး Status တင်တာကို တချို့ပရိသတ်တွေက မကြိုက်ကြဘူး။ အဲဒါကြောင့် အခုနောက်ပိုင်းမှာ မြန်မာလို Status တွေတင်ဖြစ်တယ်။ Fan Page ကိုသုံးတာထက် ကိုယ့်အကောင့်ကိုတော့ နေ့တိုင်းလိုလိုသုံးဖြစ်ပါတယ်။ Fan Page သုံးတဲ့နောက်ပိုင်းကျမှာ ကလေးသရုပ်ဆောင်ကို ပရိသတ်တွေ အရမ်းချစ်တတ်ပါလားဆိုတာသိလာတယ်။ အရင်တုန်းက လမ်းမှာတွေ့ရင်နှုတ်ဆက်တာလောက်ပဲရှိတာဆိုတော့ ကိုယ့်ပရိသတ်အဲလောက်ရှိလိမ့်မယ်လို့ထင်မထားဘူး။ Fan Page မှာ ကိုယ့်ပုံတွေတင်၊ Status တွေတင်လိုက်တာနဲ့ Commet တွေ အများကြီး ပြန်ဖတ်ခွင့်ရတယ်။ အခုတော့ ပရိသတ်တွေကြောင့်ပဲ ဖေ့စ်ဘွတ်ခ်ကို စွဲနေပါပြီ။

**ပရိသတ်တွေကယွန်းယွန်းဆိုတာနဲ့ ဆံပင်ရှည်ရှည်နဲ့ကောင်မလေးဆိုပြီး မြင်ကြတာဆိုတော့ ဆံပင်ပုံစံကို ပြောင်းဖို့ရောရှိပါသလား။**

သမီးကပြောင်းလဲသင့်နေပြီလို့ထင်ပါတယ်။ ဒါပေမဲ့လည်း မပြောင်းလဲသေးပါဘူး။ မေမေကလည်း ဆံပင်ရှည်ကိုထားစေချင်တယ်။ ပရိသတ်တွေကလည်း ဆံပင်တိုသွားမှာကို လုံးဝမလိုလားကြဘူး။ အဲဒါကြောင့်ဆံပင်ပုံစံပြောင်းဖို့၊ မပြောင်းဖို့ စဉ်းစားနေရတယ်။

**ကလေးသရုပ်ဆောင်အဖြစ် ရပ်တည်နေပေမယ့် အားပေးနေတဲ့ ပရိသတ်ကို လက်ဆောင်စကားလေး ပြောပေးပါဦး။**

အသက် ခြောက်နှစ်ကစပြီး သရုပ်ဆောင်လောကမှာ အခုအချိန်အထိ ခုနစ်နှစ်လောက် ရပ်တည်နိုင်ခဲ့တာက ပရိသတ်တွေကြောင့်ပါ။ အခုလိုအားပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ကလေးသရုပ်ဆောင်အနေနဲ့ရော၊ အခုပြောင်းလဲလာတဲ့အပေါ်မှာအကြံဉာဏ်တွေပေး၊ Commet တွေပေးတဲ့ Fan Page က ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အခုအခြေအနေကိုတောင် တော်တော်ကျေနပ်နေပါတယ်။ အခုလိုမျိုးပဲ ဆက်လက်အားပေးပေးပါ။ သမီးကလည်း ဆက်ပြီး ကြိုးစားနေပါမယ်။

**ကျေးဇူးတင်ပါတယ်။**

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Elysium | Sony Pictures & TriStar Pictures | ၂၉,၈၀၇,၄၀၀ | ၁ |
| ၂။ | We're the Millers | New Line Cinema & Warner Bros.Pictures | ၃၇,၉၀၈,၂၀၀ | ၁ |
| ၃။ | Disney's Planes | Walt Disney Motion Pictures | ၂၂,၂၃၂,၃၀၀ | ၁ |
| ၄။ | Percy Jackson:Sea of Monsters | 20th Century Fox | ၂၃,၂၅၈,၁၀၀ | ၁ |
| ၅။ | 2 Guns | Universal Pictures | ၄၈,၆၃၈,၀၀၀ | ၂ |
| ၆။ | The Smurfs 2 | Sony Pictures | ၄၆,၄၇၂,၀၀၀ | ၂ |
| ၇။ | The Wolverine | 20th Century Fox | ၁၁၂,၀၁၁,၀၀၀ | ၃ |
| ၈။ | The Conjuring | Warner Bros.Pictures | ၁၂၀,၆၇၂,၀၀၀ | ၄ |
| ၉။ | Despicable Me 2 | Universal Pictures | ၃၃၈,၄၈၂,၀၀၀ | ၆ |
| ၁၀။ | Grown Ups 2 | Sony Pictures | ၁၂၃,၇၈၆,၀၀၀ | ၅ |

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက် MAI ) ခရီးစဉ် 950 USD + ၅၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 850 USD + ၅၀၀၀ိ/-
သက်ဿနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူ ဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွါပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဝပ္ပစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဝပ္ပဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

CHECK
Engine Doctor Engineering
မော်ဒယ်မြင့်ကားများအတွက်ကွန်ပြူတာထိန်းချုပ်မှုစနစ်သင်တန်း
အင်ဂျင်နီယာများကိုယ်တိုင်ကြီးကြပ်သင်ကြားသည်၊ သီအိုရီနှင့်လက်တွေ့လေ့ကျင့်မှု ပေါင်းစပ်သင်ကြားသည်၊ ခေတ်မီကွန်ပြူတာစမ်းသပ်ကိရိယာများ အသုံးပြုသင်ကြားသည်၊
အမှတ်စဉ် (၂၇)(၂၈)(၂၉) ပုံမှန်တန်းခွဲသစ်များကို စက်တင်ဘာ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
Tel: 09 4211 444 95, 09 4211 444 96, 09 4211 444 97
No. 102 Ground Floor, 52nd St., Middle Blk, Yangon.
OBDII

Sports
7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013



# မြန်မာယူ ၂၃ အသင်းနည်းပြချုပ် ပတ်ဆောင်ဟွာနှင့် တွေ့ဆုံခြင်း

ဗိုလ်ဗိုလ်ဝင်း

ဓာတ်ပုံ - ကျော်ဇင်သန်း

**၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးပြီးနောက် မြန်မာဘောလုံးအသင်းများကို ဆက်တိုက်ကိုင်တွယ်လာသောနည်းပြချုပ်ပတ်ဆောင်ဟွာ၏ အရေးကြီးဆုံးအချိန်ကာလသို့ရောက်ရှိလာပြီဖြစ်သည်။ ကိုရီးယားနည်းပြဆရာလက်ထက်တွင် ကိုင်တွယ်ခဲ့သည့် အဓိကပြိုင်ပွဲသုံးခုအနက် အာရှယူ-၂၂ နှင့် AFC Challenge Cup ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဆူဇူကီးဖလားပြိုင်ပွဲတွင်မူ အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရသည်။ ၎င်းအတွက်လေးကြိမ်မြောက်ပြိုင်ပွဲနှင့် အရေးအကြီးဆုံးတာဝန်ဖြစ်သည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြီးခဲ့သည့်ဩဂုတ်လ ၁၂ ရက်မှစတင်ကာ စခန်းသွင်းလေ့ကျင့်ပြင်ဆင်နေသော ယူ-၂၃ နည်းပြချုပ်နှင့်တွေ့ဆုံမေးမြန်းထားသည်များမှ အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ဆီးဂိမ်းမတိုင်မီ စုစည်းလေ့ကျင့်ချိန် သုံးလကျော်လောက်ရတဲ့အပေါ် လုံလောက်တယ်လို့ ထင်ပါသလား။**

နည်းပြတွေအနေနဲ့ အချိန်ကာလလောက်ငတယ်ဆိုတာကတော့ မရှိပါဘူး။ သို့သော်လည်း မြန်မာပြည် အတိုင်းအတာနဲ့ အဖွဲ့ချုပ်ရဲ့ အစီအစဉ်နဲ့ သုံးလလောက် အချိန်ရတယ်ဆိုတာ ပြင်ဆင်ဖို့ လုံလောက်တယ်လို့ ပြောလို့ရပါတယ်။

**ယူ-၂၃ အသင်းအနေနဲ့ ဆီးဂိမ်းမတိုင်မီ ပြည်ပမှာ သွားရောက်လေ့ကျင့်မှုတွေနဲ့ ခြေစမ်းပွဲတွေမှာ ဘာတွေကို အဓိကပြင်ဆင်သွားဖို့ရှိပါသလဲ။**

ကိုရီးယား၊ ဂျပန်ကိုသွားမှာက ကစားသမားတွေရဲ့ ကြံ့ခိုင်မှုအတွက် အဓိကဖြစ်ပါတယ်။ မာဒေးကားဖလားပွဲကတော့ပြင်ဆင်ဆဲကာလမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲဆိုတဲ့ အတွက် ကြိုးစားယှဉ်ပြိုင်မှာဖြစ်ပေမယ့် အဓိကပစ်မှတ်က ဆီးဂိမ်းပါ။ ကြားထဲက တွေ့ဆုံရမယ့်အရာအားလုံးဟာ ဆီးဂိမ်းမှာ အောင်မြင်မှုရရှိဖို့အတွက်ဆိုတဲ့ အဓိကရည်မှန်းချက်အတွက် အကောင်းဆုံး ပြင်ဆင်သွားမှာပါ။

**ဆီးဂိမ်းမှာ ရင်ဆိုင်ရမယ့် အသင်းတွေက မာဒေးကားဖလားပွဲ ပါဝင်နေပါတယ်။ တကယ်လို့မာဒေးကားဖလားမှာ ရှုံးနိမ့်ထားမယ်ဆိုရင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်သွားမှာကို စိုးရိမ်တာမျိုး ရှိပါသလား။**

ရှုံးသွားရင် စိတ်ဓာတ်ကျသွားမယ်လို့ စိုးရိမ်နေမယ်ဆိုရင် မာဒေးကားပွဲကို သွားမပြိုင်တာ အကောင်းဆုံးပါပဲ။ ပြိုင်ပွဲဆိုတာ အနိုင်၊ အရှုံးရှိမယ်။ နိုင်ဖို့အတွက်ကတော့ ကျွန်တော်တို့လုံ့လစိုက်ရမယ်။ ရှုံးသွားလို့ နောက်ဆက်တွဲကို စိုးရိမ်နေရမယ်ဆိုရင် ဝင်မပြိုင်တာ အကောင်းဆုံးပါပဲ။

**လက်ရှိကစားသမားတွေအခြေအနေနဲ့ လေ့ကျင့်မှုအနေအထားလေး ပြောပြပေးပါ။**

ကစားသမားတွေအားလုံးရဲ့ ကြံ့ခိုင်မှုအပိုင်းကို အဓိကလုပ်ယူနေပါတယ်။ ဒီအချိန်အနေအထားက ဘောလုံးပညာသင်ပေးနေရမယ့်အချိန် မဟုတ်ပါဘူး။ ရှိပြီးသားသူတွေကို ရွေးချယ်ထားခြင်းဖြစ်တဲ့အတွက် ဆီးဂိမ်းမှာ ကြံ့ခိုင်မှု ရာနှုန်းပြည့်ရရှိနေအောင် လုပ်ရမှာဖြစ်ပါတယ်။ ကျန်တဲ့ အပိုင်းတွေမှာ ဘယ်လောက်ကောင်းနေနေ ကြံ့ခိုင်မှုမရှိရင် ခြေစွမ်းပြနိုင်မှာမဟုတ်ပါဘူး။

**ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက တောင်းဆိုထားတာမျိုးရှိပါသလား။**

ပြည်သူတွေရော၊ မီဒီယာတွေရော၊ ဥက္ကဋ္ဌရော အားလုံးက လိုချင်တာဘာဖြစ်မယ်ထင်ပါသလဲ။ ဆီးဂိမ်းမှာ ရွှေရရှိဖို့ပဲ မဟုတ်ဘူးလား။ နည်းပြလုပ်နေတဲ့ ကျွန်တော်လည်း အားလုံးနဲ့ အတူတူပဲပေါ့။

**ပြိုင်ဘက်အသင်းတွေရဲ့ အနေအထားကို ဘယ်လိုလေ့လာသွားမယ်လို့ စီစဉ်ထားပါသလဲ။**

မာဒေးကားဖလားပွဲမှာ ဆီးဂိမ်းမှာကြုံရမယ့် ထိုင်း၊ စင်ကာပူ၊ မလေးရှားအသင်းတွေနဲ့ တွေ့ရမယ်။ အခြားအသင်းတွေရဲ့ ခြေစမ်းပွဲကိုလည်း ရုပ်သံမှတ်တမ်းတွေ သွားရောက်ရိုက်ကူးဖို့လည်း စီစဉ်ထားပါတယ်။

**ဆီးဂိမ်းမှာ အိမ်ရှင်အသင်းဖြစ်နေတဲ့အတွက် ကစားသမားတွေမှာ ဖိအားမဖြစ်အောင် ဘယ်လို စီစဉ်ထားပါသလဲ။**

အဲဒီစိတ်က မရှိလို့မရဘူး။ အိမ်ကွင်းမှာ နိုင်ကိုနိုင်ရမယ်ဆိုတဲ့ စိတ် ရှိကိုရှိနေရမယ်။ သူတို့ကို သက်သောင့်သက်သာထားလို့ မရဘူး။ အဲဒီစိတ်က အောင်မြင်ဖို့အတွက် တွန်းအားဖြစ်နေရမယ်။

**မြန်မာနေရှင်နယ်လိဂ် သမိုင်းတစ်လျှောက် ပထမဆုံးပွဲပျက်ခဲ့ရတဲ့ ဘောလုံးကွင်းအတွင်း ရန်ပွဲမှာ လက်ရွေးစင်အဆင့် ကစားသမားတွေပါနေတော့ နိုင်ငံတကာပွဲတွေအတွက်ရော စိုးရိမ်တာမျိုးရှိပါသလား။**

အဲဒီအပိုင်းကို တကယ်ပဲ စိတ်ပူမိပါတယ်။ ရန်ဖြစ်တယ်ဆိုတာ ဓလေ့စရိုက်တစ်ခုလိုဖြစ်သွားရင် နိုင်ငံတကာပွဲတွေမှာလည်း ဖြစ်နိုင်ခြေတွေရှိနိုင်ပါတယ်။ မြန်မာကစားသမားတွေက စိတ်ကြီးတယ်။ ရန်ဖြစ်လိုက်ရင်လည်း ပြစ်ဒဏ်တွေက လျှော့နည်းနေတော့ ထပ်ဖြစ်ကြပြန်တယ်။ နည်းပြတွေအနေနဲ့ မလုပ်နဲ့လို့ တားလို့ရနိုင်လား၊ မူလကတည်းက ဒီလိုမျိုးဖြစ်ချင်နေတဲ့သူကို မဖြစ်နဲ့လို့ ပြောလို့မရဘူး။

**လက်ရွေးစင်အသင်းမှာရော စည်းကမ်းပိုင်းကို ဘယ်လိုစီမံထားပါသလဲ။**

သတိပေးထိန်းချုပ်ထားမြဲနေပါတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်တာနဲ့ ရနိုင်ပါ့မလားဆိုပြီး စိတ်ပူနေတယ်။ ဒီလိုမျိုးအကြီးကြီးမဖြစ်ရအောင် သေးသေးလေးအမှားတွေကစပြီး ကလပ်အသင်း၊ အဆောင်မှာကတည်းက စည်းကမ်းချိုးဖောက်တာမျိုးကို တင်းတင်းကျပ်ကျပ် စီမံအုပ်ချုပ်လာရင် ဒီလိုဖြစ်မလာနိုင်ဘူး။

**မြန်မာအသင်းမှာ နိုင်ငံတကာဘောလုံးအသင်းတွေလို စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးတဲ့ ဆရာဝန်လိုအပ်ပါသလား။**

ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအတွက် ကြံ့ခိုင်ရေးနည်းပြလိုသလို စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးတဲ့ ဆရာဝန်လည်း လိုအပ်တာပေါ့။ ဒီမှာက မရှိလို့သာ။

**လာမယ့် ဆီးဂိမ်းပြီးရင် နည်းပြချုပ်ရဲ့ စာချုပ်သက်တမ်းက ကုန်ဆုံးပြီလို့ သိရပါတယ်။ အဖွဲ့ချုပ်နဲ့ရော ဆွေးနွေးတာမျိုးရှိထားပြီလား။ မြန်မာအသင်းကိုရော ဆက်လက်ကိုင်တွယ်လိုပါသလား။**

ခုအချိန်မှာ ဘာမှမပြောချင်သေးပါဘူး။ မြန်မာပြည်ရောက်ခါစက ပြောဖူးတာ မှတ်မိမလားပဲ။ ကျွန်တော့်ဘဝရဲ့ ကျန်ရှိနေတဲ့ အချိန်တွေကို မြန်မာ့ဘောလုံးတိုးတက်ဖို့ လုပ်ပေးစေချင်တယ်လို့ ပြောခဲ့တာက တကယ့်စိတ်ရင်းအတိုင်းပါ။ စာချုပ်ရှိတဲ့အထိ အကောင်းဆုံးလုပ်သွားမှာပါ။ ဟိုဘက်ပိုင်းကိုတော့ ခုအချိန်မှာ ဘာမှမပြောချင်သေးပါဘူး။

**မြန်မာဘောလုံးပရိသတ်တွေအတွက် ဘာကတိပေးမှာလဲ။**

ပြည်သူတွေအနေနဲ့ ဆီးဂိမ်းမှာ ရွှေရချင်တာ ဖြစ်သင့်တဲ့ဆန္ဒအမှန်ပါပဲ။ ပြည်သူတွေကို ရစေချင်သလို ဒီဆီးဂိမ်းမှာ ရွှေရအောင် လုပ်ပေးဖို့က ကျွန်တော့်တာဝန်ပါပဲ။ လုပ်ပေးမယ်ဆိုတဲ့ နေရာမှာလည်း ရမယ်လို့တော့ မပြောလိုဘူး။ ဒါပေမဲ့ ရအောင်တော့ အကောင်းဆုံးကြိုးစားသွားမှာပါ။

**ကျေးဇူးတင်ပါတယ်။**



# အာဆီယံယူ ၁၆ အမျိုးသားဘောလုံးပြိုင်ပွဲ ဒေါ်လာငါးသိန်းခန့်ကုန်ကျနိုင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်ဩဂုတ်-၁၈

**ရန်ကုန်-** နေပြည်တော်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ အာဆီယံအသက် (၁၆) နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲအတွက် ကုန်ကျစရိတ်ကန်ဒေါ်လာငါးသိန်းဝန်းကျင်ရှိမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ပြိုင်ပွဲဝင် ၁၀ သင်းပါဝင်ယှဉ်ပြိုင်မည့် အဆိုပါပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင် ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂ရက်အထိလက်ခံကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်ပြိုင်ပွဲကျင်းပရေးမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံအားကန် ဒေါ်လာတစ်သိန်းခန့်ထောက်ပံ့မည်ဖြစ်ပြီး ကျန်ကုန်ကျစရိတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျခံသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

"အာဆီယံယူ-၁၆ ပြိုင်ပွဲအတွက် ကုန်ကျစရိတ်စုစုပေါင်းကန်ဒေါ်လာငါးသိန်းဝန်းကျင်ခန့်မှန်းထားပါတယ်။ အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF)က ကန်ဒေါ်လာတစ်သိန်းဝန်းကျင်ပဲရရှိတဲ့အတွက် ကျန်ကုန်ကျစရိတ်အားလုံးကို အဖွဲ့ချုပ်က ကျခံသွားမှာပါ။ ဒီပြိုင်ပွဲကို အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ ရောဝတီဘဏ်က အဓိကစပွန်ဆာပေးခြင်းဖြစ်တဲ့အတွက် ရောဝတီဘဏ်ကကုန်ကျစရိတ်အများစုကို ပံ့ပိုးသွားမှာဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။



*မြန်မာယူ-၁၆ အသင်းမှ ကစားသမားများ* ဓာတ်ပုံ - မင်းကိုဇင်

အိမ်ရှင်မြန်မာလူငယ်အသင်းသည်အုပ်စု(က )တွင် ဩစတြေးလျ၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားအသင်းများနှင့် ကျရောက်နေပြီး အုပ်စု(ခ)တွင် စင်ကာပူ၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းများ ပါဝင်လျက်ရှိသည်။

မြန်မာလူငယ်အသင်းသည် ဩဂုတ်လ ၂၀ ရက်တွင် ဗီယက်နမ်အသင်း၊ ဩဂုတ်လ ၂၂ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၂၆ရက်တွင်ဘရူနိုင်းအသင်း၊ ဩဂုတ် ၂၈ ရက်တွင် ကမ္ဘောဒီးယားအသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲ၏ပွဲစဉ်များကို တစ်ရက်လျှင် နှစ်ပွဲကျင်းပသွားမည်ဖြစ်သည်။ ကစားသမား ၂၀ ဦးပါဝင်ဖွဲ့စည်းထားသည့်မြန်မာ ယူ-၁၆အသင်းမှာ ပြီးခဲ့သည့် အာဆီယံယူ-၁၅ပြိုင်ပွဲဝင်အသင်းကိုအခြေခံထားခြင်းဖြစ်ပြီး မန္တလေး၊ နေပြည်တော်၊ ပုသိမ်ဘောလုံးအကယ်ဒမီများမှ ကစားသမားအများစုပါဝင်သည်။ မြန်မာလူငယ်အသင်းသည် အာဆီယံယူ-၁၆ ပြိုင်ပွဲတစ်လျှောက် ၂၀၀၂၊ ၂၀၀၅ ခုနှစ်ပြိုင်ပွဲများတွင် နှစ်ကြိမ်ဗိုလ်စွဲထားသည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းမှာမူ ပထမဆုံးအကြိမ်ဖြစ်လာမည်ဖြစ်သည်။

# မြန်မာယူ – ၂၃ အသင်း လေ့ကျင့်ရက် တစ်ပတ်အတွင်း ကစားသမားနှစ်ဦး လဲလှယ်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၁၈


မြန်မာယူ-၂၃ဘောလုံးအသင်းနည်းပြချုပ်ပတ်ဆောင်ဟွာသည် ပဏာမလက်ရွေးစင်အသင်းကို လေ့ကျင့်ရက်တစ်ပတ်မပြည့်မီတွင် နည်းစနစ်နှင့်အံဝင်မှုမရှိသည့် ကစားသမားနှစ်ဦးကို ပြောင်းလဲမှုပြုလုပ်ခဲ့သည်။

၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်၍ မြန်မာယူ-၂၃အသင်းကို ပဏာမလက်ရွေးကစားသမား ၃၀ ဦးရွေးချယ်ကာ ဩဂုတ် ၁၂ရက်မှ စတင်စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ်သည် ဩဂုတ် ၁၇ရက် ညနေပိုင်းက ပဏာမအသင်းကို နှစ်သင်းခွဲ၍ ခြေစမ်းကစားအပြီးတွင် ရခိုင်ယူနိုက်တက်ကစားသမားနှစ်ဦးဖြစ်သည့် မောင်မောင်သန့်နှင့် ကောင်းမြတ်ဦးတို့ကို နည်းစနစ်အံဝင်မှုမရှိကြောင်း ဆုံးဖြတ်ကာ မိခင်ကလပ်သို့ပြန်လည်စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

နည်းပြချုပ်ပတ်ဆောင်ဟွာသည် ယူ-၂၃ အသင်းကို စတင်စုစည်းလေ့ကျင့်စဉ်ကပင် ပဏာမလက်ရွေးစင်ကစားသမားများအနေဖြင့် အပြောင်းအလဲများရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ မြန်မာအသင်းနည်းပြချုပ်သည် အဆိုပါကစားသမားနှစ်ဦးနေရာတွင် ဇေယျာရွှေမြေကွင်းလယ်ကစားသမားမျိုးမင်းဇော်နှင့် ရန်ကုန်အသင်းနောက်ခံကစားသမားဇာနည်ထက်တို့ကို အစားထိုးပြန်လည်ခေါ်ယူခဲ့သည်။

မြန်မာယူ-၂၃အသင်းသည် အနီးကပ်ဆုံးနိုင်ငံတကာ ပြိုင်ပွဲအဖြစ်လာမည့်စက်တင်ဘာလ ၇ ရက်တွင် မလေးရှားနိုင်ငံတွင် ကျင်းပမည့်မာဒေးကားဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် မာဒေးကားဖလားပြိုင်ပွဲသို့ ပဏာမလက်ရွေးစင်များထဲမှ ကစားသမား ၂၂ဦးရွေးချယ်ကာဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။




RicH
COFFEE MIX
2013 New Year
Luckydraw Program
နောက်ဆုံးထွက်ပေါ်လာသော ကံထူးရှင်များ စာရင်း
Apple
i Phone 5 ကံထူးရှင်များ
• မောင်ဇော်ဖုန်းထက် အခန်း(၃၀၂)၊ တိုက်(၂၀)၊ ခရေ(၄)လမ်း၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၅၀၇၁၅၂၄၊ ၀၉-၄၃၀၂၄၄၃၁၊ ၀၉-၄၄၈၀၁၃၉၉ LD No. ၂၄၅၁
• မကျော့ထွေးမူ ၉/ကဆန(နိုင်)၀၄၂၉၃၆ ကျောက်ဆည်မြို့နယ်၊ ကြောင်ရွာ၊ မန္တလေးတိုင်း။ LD No.၁၁၀၈
• မောင်သူအောင် ၁၂/မဂတ(နိုင်)၀၈၅၁၇၉ ၃၆/၃၀၄၊ ဗိုလ်ဆွန်ပတ်လမ်း၊ ဒဂုံမြောက်ပိုင်း။ ၆၈၁၈၀၀၇ LD No.၁၄၀၂
• မောင်မြတ်ဇော်မြင့် ၆/ထဝန(နိုင်)၀၉၁၅၀၈ နံပါတ်(၉၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ၀၉-၅၄၁၈၉၅၃ LD No.၂၆၀၃
• မောင်ကျော်ဖင်ဦး ၇/ရကန(နိုင်)၀၅၃၄၁၆ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့။ ၀၉-၄၉၄၄၂၆၈၁၊ ၀၉-၄၉၄၅၂၇၅၁ LD No.၂၀၀၁
• မောင်မောင်မင်းသိန်း ၁၂/စခန(နိုင်)၀၄၉၈၉၀ သပြေကုန်း၊ ပျဉ်းမနား။ ၀၉-၄၂၀၇၀၄၄၉၁ LD No.၁၂၅၁
• မောင်ကျော်စိုးအောင် ၅/ဇဓန(နိုင်)၀၁၅၃၁၄ ကံသာရွာ၊ ငွေန်မြို့နယ်၊ မန္တလေးတိုင်း။ ၀၉-၄၇၁၃၃၃၃၉၁ LD No.၁၃၄၄
• မောင်မင်းထက်နိုင် ၉/ခမစ(နိုင်)၀၄၇၇၃၉၈ တ-၂၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်။ LD No.၂၁၅၁
• မအိအိချစ် ၁၃/မမတ(နိုင်)၀၅၃၆၂၇ မည်းကျီးပင်ရွာ၊ မိုးမိတ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်။ LD No.၁၇၀၂
Samsung
Galaxy S3 ကံထူးရှင်များ
• မောင်ပိုးပိုး ကိုးသောင်းရပ်ကွက်၊ ရွှေတစ်ချောင်းလမ်း၊ ပြည်မြို့။ ၀၉-၅၃၁၁၄၉၄ LD No. ၁၈၅၂
• မဝင်းဝင်းစန်း ၆/ထဝန(နိုင်)၀၃၉၉၇၄ နံပါတ်(၂၇၉)၊ တလိုင်းထိပ်၊ ကမ်းနားလမ်း၊ ထားဝယ်မြို့။ ၀၉-၄၅၀၉၉၀၃၅၃ LD No. ၁၁၀၇
• မောင်သန့်ဇင်အောင် ၁/မကန(နိုင်)၁၂၇၆၂၃ အေးမြသာယာ၊ မြစ်ကြီးနား။ LD No. ၁၇၀၂
• မောင်တင်အောင်မိုး ၈/ခမန(နိုင်)၁၅၆၆၅၂ ကျိုက်လတ်။ ၀၉-၄၂၀၃၀၄၅၁၀ LD No. ၁၉၀၁
• မစန်းစန်းအေး ၁/မကန(နိုင်)၀၁၀၅၉၄ ရွှေညောင်ပင်၊ မြစ်ကြီးနားမြို့။ ၀၉-၄၇၀၁၀၆၅၄ LD No. ၂၄၆၅
• မောင်မြင့်သိန်းဦး ၁၂/ဥကတ(နိုင်)၀၈၅၄၁ အမှတ်(၂၆၈)၊ မိုင်းတွင်းကျေးရွာ၊ မြစ်ကြီးနား။ ၀၉-၇၃၀၇၃၇၀၇ LD No. ၂၄၅၂
• ဒေါ်ငွေမြိုင် ၁/မကန(နိုင်)၀၃၅၉၃၅ မြို့နယ်သစ်တောဝင်း၊ ဈေး၊ မြစ်ကြီးနား။ ၀၇၄-၂၂၄၇၀ LD No. ၁၁၀၉
• မောင်စစ်ငြိမ်းသူ ၈/မတန(နိုင်)၁၀၉၇၅၃ ကုလားကုန်းရပ်၊ မင်းဘူးမြို့။ LD No. ၂၆၀၁
LG 21" LCD TV
ကံထူးရှင်များ
• မအေးအေးမြင့် ၇/ပခန(နိုင်)၀၁၀၅၃၁ ပဲခူး။ LD No.၁၉၀၄
• မောင်ဝင်းကိုကို ၁၄/ဖပန(နိုင်)၁၅၀၃၇၃ အမှတ်(၃၇)၊ (၃)ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ ဖျာပုံ။ ၀၉-၄၂၂၄၆၃၄၁၂ LD No.၁၁၃၆
• နေဇော်အောင် ၁၄/မအပ(နိုင်)၁၈၂၂၂၈၂ တလုပ်လပ်ရှေ့ကျေးရွာ၊ မအူပင်မြို့။ ၀၉-၄၂၂၅၀၀၁၅၇ LD No.၁၁၀၆
• မကျော့ကျော့နိုင် ၁၂/တကန(နိုင်)၁၀၀၂၃၀ နံပါတ်(၁၁၃)၊ ဦးအောင်ဖေယျရပ်ကွက်၊ လမ်းမတော်၊ ဥက္ကံမြို့။ LD No.၁၈၅၄
• မအိအိမွန် ၇/ပခန(နိုင်)၂၆၇၇၈၀ နံပါတ်(၁၁၅)၊ ညောင်ပိုင်း(၁၄)လမ်း၊ ပဲခူးမြို့။ ၀၉-၄၂၈၀၄၄၄၃၉ LD No.၂၀၄
• မမေမြတ်ဆွေ အခန်း(၃၀၄)၊ တိုက် (B-2)၊ ကံဘဲ့စည်ပင်ဝင်းအိမ်ယာ၊ ရန်ကင်းမြို့။ ၀၉-၃၁၁၁၇၉၆၁ LD No.၂၀၃၆
• ဦးနာဆိရ်(ခ)မောင်ဝင်းမောင် ၁၁/မတန(ယ)၀၂၀၁၅၈ အမှတ်(၂)ရပ်ကွက်၊ မောင်းတောမြို့။ ၀၉-၄၂၁၇၂၃၅၇၂ LD No.၂၄၆၀
• မောင်သက်အောင် ရမ်းပူမြို့။ LD No.၂၆၀၄
• မောင်ဟန်ထွန်း ၁၄/ဖပန(နိုင်) ၁၅၄၉၉၈ ၀၉ ၄၂၂၄၇၇၃၀၃၄ (၁၇) ရပ်ကွက်၊ ပင်းယလမ်း၊ ဖျာပုံမြို့။ LD No.၁၅၅၄
ဆိုင်ကယ်
ကံထူးရှင်များ
• မသိမ့်သီရိစံ ၁၄/ဟသတ(နိုင်)၂၃၇၁၄၀ မြဝတီရပ်ကွက်၊ သီရိစံ(၅)လမ်း၊ ဟသာတမြို့။ ၀၉-၄၉၇၅၁၈၈၁ LD No. ၁၅၅၁
• မခင်သန်းနု ၁၀/ကမရ(နိုင်)၀၅၂၆၀၄ ရှင်စောပု(၂)၊ ကျိုက်မရော၊ မော်လမြိုင်။ ၀၉-၄၉၈၁၁၀၁၄ LD No. ၂၀၁၅
• မောင်စိုင်းထွန်းထွန်းဦး ၁၃/တကန(နိုင်)၀၁၅၅၈၉ အမှတ်(၇၃)၊ ချယ်ရီလမ်း၊ တောင်ကြီးမြို့။ ၀၉-၄၁၀၀၂၇၈၇ LD No. ၂၄၅၈
• မောင်အောင်မော်ဦး ၁၃/တကန(နိုင်)၂၀၀၉၃ (၁၉၄)၊ နယ်မြေ(၈)၊ အေးသာယာ(၈)၊ တောင်ကြီးမြို့။ ၀၉-၄၁၀၀၁၆၇၃ ၀၉-၄၂၈၁၅၀၄၄ LD No. ၂၀၀၃
• ဦးဆွေတ်မဟာဒူး ၁၃/နမတ(နိုင်)၀၅၆၅၇၈ နမ္မတူးမြို့။ LD No. ၂၆၁၁
• မဖြူဖြူထွေး ၁၃/ရစန(နိုင်)၀၆၀၉၄၆ ရပ်ကွက်(၅)၊ အင်းတော၊ ရပ်စောက်မြို့။ ၀၉-၄၉၅၉၀၉၁၂ LD No. ၁၂၅၂
• မမျိုးပပညွန့် ၉/လဝန(နိုင်)၁၃၇၈၄၄ (၅)ရပ်ကွက်၊ အောင်နန်း(၂)လမ်း၊ ဘားအံမြို့။ LD No. ၂၄၅၃
• ဒေါ်တင်ကြည် ၁၃/တကန(နိုင်) ၀၁၃၈၂၀ ၀၉ ၄၂၈၁၃၇၉၁၅ သစ်တောရပ်ကွက်၊ တောင်ကြီး LD No. ၁၉၀၃
5 Network ကံထူးရှင်များ

7DAY NEWS JOURNAL
Vol.12, No.24 • AUGUST 21 , 2013


GETTY IMAGES

# နယ်မြေအငြင်းပွားမှုနှင့်ပတ်သက်၍ ရုရှားနှင့်ဂျပန် ဆွေးနွေးပွဲများစတင်

**မော်စကို၊ဩဂုတ်-၁၉**

ရုရှားနှင့် ဂျပန် အိမ်နီးနားချင်း နှစ်နိုင်ငံကြား ဒုတိယကမ္ဘာစစ်ငြိမ်းချမ်းရေး လက်မှတ်မထိုးနိုင်ဘဲ စီးပွားရေးဆက်ဆံမှု အားသစ်လောင်းမှုကိုလည်း တားဆီးထားသော နယ်မြေအငြင်းပွားမှုကိစ္စအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်နိုင်ရေး ဂျပန်နှင့် ရုရှားသံတမန်များက ဩဂုတ် ၁၉ ရက်တွင် မော်စကိုမြို့၌ ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ဧပြီလအတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး မော်စကိုမြို့သို့ သွားရောက်ခဲ့ပြီးနောက်ပိုင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အီဂေါမော်ဂူလော့ဗ်နှင့် ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆူဂီယာမာတို့ကြား ဆွေးနွေးမှုရှိလာခြင်းဖြစ်သည်။

ဆယ်နှစ်အတွင်း ပထမဆုံး ဂျပန်ဝန်ကြီးချုပ်တစ်ဦး၏ ခရီးစဉ်အတွင်း အာဘေးနှင့် ရုရှားသမ္မတပူတင်တို့က ကူရီးလ်ကျွန်းများနှင့် ပတ်သက်၍ အဖြေရှာသွားရန် သဘောတူညီခဲ့ကြသည်။

နယ်ပယ်အများအပြားတွင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်မှန်း၍ ပူးတွဲလုပ်ဆောင်မှုကို ရှေ့ဆက်နိုင်ရန် မျှော်လင့်သည်ဟု မာဂူလော့ဗ်ကပြောကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။ ဆူဂီရာမာကလည်း နှစ်ဖက်လက်ခံနိုင်သော အဖြေရှာတွေ့ရေး အရှိန်မြှင့်နိုင်ရန် မျှော်လင့်သည်ဟု ပြန်ကြားခဲ့ကြောင်း သိရသည်။ —*Ref: AFP*

စာမျက်နှာ ၁၈ မှ

## ကမ္ဘာ့အကြီးဆုံးကမ်းရိုးတန်းမြို့များ ရေလွှမ်းမိုးမှုအန္တရာယ်ကြောင့် ဆုံးရှုံးမှုမြင့်တက်နိုင်

မြို့လူဦးရေတိုးပွားမှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ကာကွယ်ရေးအစီအစဉ်များတိုးမြှင့်လုပ်ဆောင်မှုနှင့် မြေမျက်နှာပြင်နိမ့်ကျမှုအချက်အလက်များအပေါ်အခြေခံ၍ ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင် စတီဖန်နီဟာလီဂတ်တီနှင့်အဖွဲ့က ရေလွှမ်းမိုးမှုကြောင့် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုတစ်ရပ်ကို လေ့လာပြုစုခဲ့ကြသည်။

အကယ်၍ လက်ရှိရေမျက်နှာပြင်ကိုသာတွက်ချက်၍ ရေလွှမ်းမိုးမှုအန္တရာယ် တားဆီးရန်ကာကွယ်မှုများပြုလုပ်ထားသည့်မြို့များသည် ၂၀၅၀ ပြည့်နှစ်တွင် ကိုးဆတိုးကာ ဆုံးရှုံးမှုကန်ဒေါ်လာ ၅၂ ဘီလီယံ ရှိနိုင်ကြောင်း ယင်းအဖွဲ့က သတိပေးထားသည်။ အကယ်၍ ကာကွယ်မှုသာမလုပ်ဆောင်ပါက ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၁ ထရီလီယံအထိရှိနိုင်သည်။

သို့သော်လည်း ကမ္ဘာပေါ်တွင် အကောင်းဆုံးကာကွယ်မှုမျိုးပြုလုပ်ထားလျှင်ပင် ရေလွှမ်းမိုးမှုအန္တရာယ်ကို မတားဆီးနိုင်ကြောင်း ယင်းလေ့လာချက်က အသိအမှတ်ပြုထားသည်။

လေ့လာရေးအဖွဲ့၏ စာရင်းတွင်ပါရှိသောနိုင်ငံပေါင်း ၁၃၆ နိုင်ငံအတွက် ရေလွှမ်းမိုးမှုကာကွယ်ရေးအစီအစဉ် လုပ်ဆောင်ရန် တစ်နှစ်လျှင် ကန်ဒေါ်လာ ၅၀ ဘီလီယံကုန်ကျမည်ဟု မစ္စတာဟာလီဂတ်တီ၏အဖွဲ့က တွက်ချက်ဖော်ပြထားသည်။ —*Ref: AFP*

စာမျက်နှာ ၁၈ မှ

## လူသားချင်းစာနာထောက်ထားမှု လှုံ့ဆော်ပွဲအတွက် လူမှုမီဒီယာများကို အားထားရမည်ဟု ကုလပြောကြား

ကုမ္ပဏီများနှင့်အတူ လက်တွဲ၍ လူမှုရေးကွန်ရက်များတွင် ရန်ပုံငွေမြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းလှုံ့ဆော်ပွဲတွင် အမေရိကန်ပေါ့ပ်အဆိုတော် ဘီယွန်စေး၊ အိန္ဒိယရုပ်ရှင်မင်းသား အမီတာဘချန်း၊ ဘရာဇီးဝတ္ထုဆရာ ပေါလိုကိုဟိုနှင့် အမေရိကန်ဟာသ သရုပ်ဆောင်ကစ်ဒ်ပရက်စီးဒန့်တို့ ပါဝင်မည်ဖြစ်သည်။ အမေရိကန်ငွေကြေးဝန်ဆောင်မှုကုမ္ပဏီ Western Union ၊ ဗြိတိန်ဘဏ် Barclays ၊ အီတလီဖက်ရှင်ဆိုင် Gucci ၊ ကွန်ပျူတာဆိုင်ရာ Intel နှင့် Sergio Vieira de Mello ဖောင်ဒေးရှင်းတို့ကလည်း ပါဝင်ကူညီမည်ဖြစ်သည်။

ဩဂုတ် ၁၉ ရက်ကို ကမ္ဘာ့လူသားချင်းစာနာထောက်ထားသောနေ့အဖြစ် ၂၀၀၈ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး လူအများအား အကူအညီပေးစဉ်ကွယ်လွန်ခဲ့ကြသော အကူအညီပေးအဖွဲ့သားများကို သတိရစေရန်နှင့် လူသားချင်း စာနာထောက်ထားသော အကူအညီများ ပိုမိုရရှိရန် ယင်းနေ့ကို နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ယခုလက်ရှိတွင် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ယီမင်၊ ဟေတီ၊ ကိုလံဘီယာနိုင်ငံများသည် လူသားချင်း စာနာထောက်ထားသော အကူအညီအများအပြားလိုအပ်နေသည်ဟု ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ —*Ref: Reuters*



# ကန်ရေနံကုမ္ပဏီကြီး ချက်ဗရွန် နိုင်ငံတော်ရန်သူဖြစ်ဟု အီကွေဒေါသမ္မတပြောကြား

**ကွီတို၊ဩဂုတ်-၁၉**

အမေဇုန်သစ်တောအတွင်း ရေနံတူးဖော်ရင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ကာလကြာရှည် တရားရုံးတိုက်ပွဲဆင်နွှဲရင်း နိုင်ငံကိုနာမည်ပျက်အောင် လုပ်ဆောင်ခဲ့ခြင်းအတွက် အမေရိကန်ရေနံကုမ္ပဏီကြီး ချက်ဗရွန် (Chevron)မှာ နိုင်ငံ၏ရန်သူဖြစ်သည်ဟု အီကွေဒေါသမ္မတ ရာဖေးကိုရီယာက ပြောကြားလိုက်သည်။

အမေဇုန်မိုးသစ်တောတွင် ညစ်ညမ်းမှုများဖြစ်ပေါ်စေခဲ့မှုအတွက် ကန်ဒေါ်လာ ၁၉ ဘီလီယံ လျော်ကြေးပေးရန် ပြီးခဲ့သောနှစ်အတွင်း အီကွေဒေါတရားရုံးက ချက်ဗရွန်အပေါ် အမိန့်ချမှတ်ခဲ့သည်။



GUILLERMO GRANJA/REUTERS

*ဩဂုတ် ၁၅ ရက်က အီကွေဒေါမြို့တော် ကွီတိုရှိ သမ္မတနန်းတော်မှ အမျိုးသားအသံလွှင့်ကွန်ဖရင့်အတွင်း မိန့်ခွန်းပြောကြားနေသော အီကွေဒေါသမ္မတ ရာဖေးကိုရီယာကို တွေ့ရစဉ်*

သို့သော် ချက်ဗရွန်ကုမ္ပဏီသည် ကန်ဒေါ်လာသန်း ၄၀၀ ခန့် သုံးစွဲပြီး ရှေ့နေပေါင်းရာနှင့်ချီ၍ ငှားရမ်းကာ အီကွေဒေါအစိုးရကို အပုပ်ချပြီး မူလတရားရုံးဆုံးဖြတ်ချက်ကိုပြန်လှန်ပစ်ရန် အီကွေဒေါတရားရုံးချုပ်၌ အယူခံဝင်ထားသည်ဟု ပြောကြားသည်။ ယခင်သီတင်းပတ်အတွင်း ပြောကြားသည့်မိန့်ခွန်းတွင်ကိုရီယာက ချက်ဗရွန်ကုမ္ပဏီကို နိုင်ငံ၏ရန်သူဟု ရည်ညွှန်းပြောဆိုခဲ့သည်။

ချက်ဗရွန်ကုမ္ပဏီကိုယ်တိုင် အီကွေဒေါနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်း မရှိသော်လည်း ၂၀၀၁ ခုနှစ်တွင် ချက်ဗရွန်က လွှဲပြောင်းရယူခဲ့သော Texaco ကုမ္ပဏီသည်၁၉၆၄ မှ ၁၉၉၀ပြည့်နှစ်အထိ အီကွေဒေါနိုင်ငံ အမေဇုန်ဒေသတွင် ရေနံတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု အကြီးအကျယ်ဖြစ်ပေါ်စေခဲ့ပြီးနောက် ယင်းဒေသတွင် နေထိုင်သူများက တရားစွဲဆိုခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ကြာ မြင့်လာပြီဖြစ်သည်။

—*Ref: AFP*

# အတွင်းခံဘောင်းဘီထဲ ဇွန်းထည့်ထားခြင်းဖြင့် လူငယ်များ အဓမ္မလက်ထပ်ပေးခြင်းခံရသည်ကို ကာကွယ်မည်

**လန်ဒန်၊ဩဂုတ်-၁၉**

ဗြိတိန်နိုင်ငံမှလူငယ်များ နိုင်ငံခြားတိုင်းပြည်များတွင် အတင်းအဓမ္မလက်ထပ်ပေးခံရခြင်းအန္တရာယ်မှ ကာကွယ်ရန် ဗြိတိန်နိုင်ငံမှ အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့က ပြောင်မြောက်သော လှည့်ကွက်တစ်ခုကို ထုတ်ဖော်ပြောကြားလိုက်သည်။

နိုင်ငံရပ်ခြားသို့ ထွက်ခွာရမည့် အတင်းအဓမ္မလက်ထပ်ပေးခံရမည့် ဗြိတိန်နိုင်ငံမှ လူငယ်များသည် လေဆိပ်သို့မထွက်ခွာမီ ဇွန်းများကိုငင်းတို့၏ အတွင်းခံဘောင်းဘီများအတွင်း ဝှက်၍ယူဆောင်ကြရန် ကာမနာဝန်နာအဖွဲ့က အကြံပေးလိုက်သည်။

ငင်းတို့ဇွန်းများဝှက်၍ ယူဆောင်လာပါက လေဆိပ်ရှိသတ္တုစမ်းသပ်ရေးကိရိယာက အချက်ပေးကာ လုံခြုံရေးကသိရှိပြီး အဓမ္မလက်ထပ်ပေးခြင်းခံရရန် အလားအလာရှိသူ၏ နောက်ဆုံးအကြိမ်ရင်ဖွင့်စကားကို အာဏာပိုင်များသို့ ပြောကြားနိုင်မည်ဖြစ်သည်။

အဓမ္မလက်ထပ်ပေးခြင်းခံရမည်ကို (သို့မဟုတ်) မည်သည့်အချိန် လက်ထပ်ပေးခြင်းခံရမည် အတိအကျမသိကြသည့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များသည်ငင်းတို့အတွင်းခံဘောင်းဘီများထဲတွင် ဇွန်းများဝှက်၍ ယူလာသင့်ကြောင်း ကာမနာဝန်နာအဖွဲ့မှမန်နေဂျာ နာတာရှာရာတုကပြောသည်။

ဗြိတိန်နိုင်ငံသားများသည် တောင်အာရှဒေသရှိ ငင်းတို့၏မိဘများလာသော နိုင်ငံများတွင် အဓမ္မလက်ထပ်ပေးခြင်းခံရသည့် အမှုများမှာ နိုင်ငံပေါင်း ၆၀ နှင့်ဆက်စပ်မှုရှိပြီး ယင်းအမှုများ၏ ထက်ဝက်ခန့်မှာ ပါကစ္စတန်နိုင်ငံမှဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၁ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၈ ရာခိုင်နှုန်းနှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ၂ ရာခိုင်နှုန်း အဓမ္မလက်ထပ်ပေးခြင်းခံရသည်။

—*Ref: Fox News*




7 DAY NEWS JOURNAL
International
Vol.12, No.24 • AUGUST 21 , 2013

# ဂျပန်နိုင်ငံခြားတင်ပို့မှု သုံးနှစ်အတွင်း အမြင့်ဆုံး ရောက်သော်လည်း ကုန်သွယ်ရေးလိုငွေပြမှု မြင့်မားလာ

**တိုကျို၊ ဩဂုတ်-၁၉**

ယန်းငွေအားနည်းမှု အကျိုးကျေးဇူးများ စတင်ကြုံတွေ့လာရသော ဂျပန်နိုင်ငံမှ ကားများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို အမေရိကန်၊ အာရှ၊ ဥရောပဒေသများသို့ ဝယ်လိုအား ပြန်လည်မြင့်တက်လာခြင်းနှင့်အတူ ပြီးခဲ့သည့်ဇူလိုင်လတွင် သုံးနှစ်အတွင်း နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှု အမြင့်ဆုံးနှုန်းရရှိခဲ့သည်။

သို့သော် ကုန်သွယ်ရေးလိုငွေမှာမူ ဇူလိုင်လမှာပင် စံချိန်တင်တတိယအမြင့်ဆုံး ကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ယင်းမှာ ဂျပန်ယန်းငွေတန်ဖိုးအားနည်းခြင်းနှင့် ရေနံနှင့် စွမ်းအင်ပစ္စည်း တင်ပို့မှုများအတွက် ကုန်ကျစရိတ်များလာခြင်းကြောင့်ဖြစ်သည်။

ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးသည် တဖြည်းဖြည်းပုံမှန်နာလန်ထရေးဆီဦးတည်နေသည်ဟု ဆန်းစစ်လေ့လာသူများက မျှော်လင့်ကြသည်။ သို့သော် အချို့ကလည်း ဂျပန်၏ အကြီးဆုံးကုန်သွယ်ဘက် တရုတ်နိုင်ငံတွင် စီးပွားရေး ဆက်လက်နှေးကွေးနေ၍ အန္တရာယ်ရှိသေးကြောင်း သတိပေးပြောကြားကြသည်။

ပြီးခဲ့သည့်ဇူလိုင်လအထိ နိုင်ငံခြားတင်ပို့မှု ၁၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခြင်းမှာ အလယ်အလတ်ခန့်မှန်းချက် ၁၃ ဒသမ ၁ ရာခိုင်နှုန်းထက် လျော့နည်းသော်လည်း ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလနောက်ပိုင်း အကြီးမားဆုံး တိုးတက်မှုဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန ကိန်းဂဏန်းများက ပြသနေသည်။

—*Ref: Reuters*



KIA PFAFFENBACH/REUTERS

*ဥရောပအမြန်ရထားလမ်းများကို အယ်ဒိုင်ဒါအဖွဲ့က တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ပြီးနောက် ဂျာမနီတွင် နိုင်ငံတွင်းရထားပို့ဆောင်ရေး လုံခြုံမှုများကို မြှင့်တင်ခဲ့ရာ ဖရန့်ဖတ် ဘူတာရုံပြင်ပတွင် ICE အမြန်ရထားကို တွေ့ရစဉ်*

# အယ်လ်ကိုင်ဒါအဖွဲ့ ဥရောပရထား အမြန်လမ်းကွန်ရက်ကို တိုက်ခိုက်ရန် ပစ်မှတ်ထားနေ

**ဘာလင်၊ဩဂုတ်-၁၉**

ဥရောပ ရထားအမြန်လမ်းကွန်ရက်ကိုတိုက်ခိုက်ရန် အယ်လ်ကိုင်ဒါအဖွဲ့က အကွက်ချကြံစည်နေကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA)ကို ကိုးကား၍ နေ့စဉ်စောင်ရေအမြောက်အမြား ထုတ်ဝေသည့် ဂျာမန်သတင်းစာ Bild က ဖော်ပြသည်။

အယ်လ်ကိုင်ဒါအကြမ်းဖက်အဖွဲ့သည် ရထားများနှင့် ဥမင်လှိုဏ်ခေါင်းများတွင် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်နိုင်သည်(သို့မဟုတ်) ရထားလမ်းနှင့် လျှပ်စစ်ကြိုးများကို အဖျက်အမှောင့်ပြုလုပ်နိုင်ကြောင်း အယ်လ်ကိုင်ဒါ ထိပ်တန်းခေါင်းဆောင်များပါဝင်သည့် စုပေါင်းဖုန်းခေါ်ဆိုမှုတစ်ခုကို လျှို့ဝှက်နားထောင်ခဲ့သော လုံခြုံရေးအေဂျင်စီကို ကိုးကား၍ ယင်းနေ့စဉ်သတင်းစာက ဖော်ပြသည်။

အယ်လ်ကိုင်ဒါ ထိပ်တန်းခေါင်းဆောင်များ ဆွေးနွေးမှု၏ အဓိကဦးစားပေးကိစ္စမှာ ဥရောပရထားကွန်ရက်ကို တိုက်ခိုက်ရန်ဖြစ်ကြောင်း (NSA)က ယခုလ အစောပိုင်းတွင် ကြားဖြတ်ကြားသိခဲ့ရကြောင်း ဂျာမန်နေ့စဉ်သတင်းစာက ဖော်ပြသည်။

ယင်းပြောဆိုဆွေးနွေးမှုများတွင် အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အေမန်အယ်လ်ဇာဝါဟီရီနှင့် ကမ္ဘာတစ်ဝန်း အယ်လ်ကိုင်ဒါအဖွဲ့များမှ အဖွဲ့ဝင် ၂၀ ကျော်ပါဝင်သည်။

ဂျာမနီနိုင်ငံရှိ အဓိကဘူတာရုံများနှင့် အဓိကလမ်းကြောင်းများတွင် အရပ်ဝတ်ဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်များ ချထားခြင်းဖြင့် ဂျာမနီအာဏာပိုင်များက ကြိုတင်ကာကွယ်မှုပြုလုပ်နေကြောင်း ယင်းသတင်းစာကဖော်ပြသည်။

—*Ref: AFP*

# ကမ္ဘာ့အကြီးဆုံးကမ်းရိုးတန်းမြို့များ ရေလွှမ်းမိုးမှုအန္တရာယ်ကြောင့် ဆုံးရှုံးမှုမြင့်တက်နိုင်

**ပါရီ၊ ဩဂုတ်-၁၉**

ကမ္ဘာ့အကြီးဆုံးကမ်းရိုးတန်းမြို့ ၁၃၆ မြို့သည် ရေလွှမ်းမိုးမှု ကာကွယ်ရေးအစီအစဉ်များကို ထိရောက်စွာမလုပ်ဆောင်ပါက ၂၀၅၀ ပြည့်နှစ်တွင် ရေလွှမ်းမိုးမှုကြောင့် နှစ်စဉ်စုစုပေါင်းဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၁ ထရီလီယံနှင့် ကြုံတွေ့နိုင်ကြောင်း လေ့လာချက်တစ်ရပ်က ဩဂုတ် ၁၈ ရက်တွင်ဖော်ပြသည်။

အမေရိကန်နိုင်ငံရှိ မီယာမီ၊ နယူးယောက်၊ နယူးအော်လင်းမြို့များနှင့် တရုတ်နိုင်ငံရှိကွန်ကျိုးမြို့တို့တွင် ရေလွှမ်းမိုးမှုကြောင့် လက်ရှိနှစ်စဉ်ဆုံးရှုံးမှုမှာ ဒေါ်လာ ခြောက်ဘီလီယံရှိကြောင်း 'သဘာဝရာသီဥတုပြောင်းလဲမှု' ဂျာနယ်၏ ဖော်ပြချက်အရသိရသည်။

စာမျက်နှာ ၄၆ ››

# လူသားချင်းစာနာထောက်ထားမှု လှုံ့ဆော်ပွဲအတွက် လူမှုမီဒီယာများကို အားထားရမည်ဟု ကုလပြောကြား

**ဂျီနီဗာ၊ဩဂုတ်-၁၉**

ကုလသမဂ္ဂအဖွဲ့ကြီးသည် နှစ်စဉ်လူသားချင်းစာနာထောက်ထားမှု လှုံ့ဆော်ပွဲအတွက် လူမှုမီဒီယာများကို အားကိုးအားထားပြုသွားမည်ဖြစ်ကြောင်း ကုလလက်ထောက်အတွင်းရေးမှူးချုပ် ဗယ်လာရီအေမေ့စ်က ပြောကြားသည်။

"နောက်ထပ်အကူအညီများစွာ လိုအပ်နေသော ကမ္ဘာကြီး"ဟူသည့် ဆောင်ပုဒ်အောက်၌ ကုလသမဂ္ဂအဖွဲ့သည် အနုပညာရှင်များ၊

စာမျက်နှာ ၄၆ ››



# ချင်းပြည်နယ်ရိဒ်ရေကန်ပတ်လည်အား ရေဝေရေလဲ ဧရိယာအဖြစ် ထိန်းသိမ်းရန် စီစဉ်

ဖိုးဖိုနက်

**ရိုခေါဒါရ်**- ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ အသည်းပုံရေကန်ဟုလူသိများသော ရိဒ်ရေကန်ပတ်လည် ပတ်ဝန်းကျင်ဒေသများကိုရေဝေရေလဲဧရိယာအဖြစ် ထိန်းသိမ်းရေး စီမံကိန်းအား စက်တင်ဘာတွင်စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ရေဝေရေလဲဧရိယာအဖြစ်သတ်မှတ်ရခြင်းမှာ သဘာဝ ထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်နိုင်ရန်နှင့် ရိဒ်ရေကန်၏ အထက်ပတ်လည်ဝန်းကျင် ဧရိယာ ၆၆၀ ဧကကို ရေဝေရေလဲဧရိယာ အဖြစ်ထိန်းသိမ်းရန် ခွင့်ပြုချက်ရပြီးဖြစ်ရာ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်ရန်လိုအပ်သည့်အချက်များ ရရှိစေရန် ယင်းသို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း ချင်းပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဦးကျော်ငြိမ်းက ပြောသည်။

“ရိဒ်ရေကန်ပတ်လည်တောင်ကုန်းတောင်တန်းက သစ်တောဧရိယာတွေကိုကွင်းဆင်းစစ်ဆေးမယ်။ လူထုဆီက စစ်တမ်းတွေကောက်ယူပြီး သဘောတူလက်ခံမှုရိဒ်ရေကန်ကိုသဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာပေးမယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရိဒ်ရေကန် ပတ်လည်ရှိ တောင်ကုန်းတောင်တန်းများတွင် သစ်ပင်များတိုးချဲ့စိုက်ပျိုးခြင်းနှင့် ဒေသခံလူထု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ပြီး စစ်တမ်းများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနသို့တင်ပြ၍ ရိဒ်ရေကန်အား သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ်သတ်မှတ်ပေးရန် ခွင့်ပြုချက် တောင်းယူမည်ဖြစ် သည်။

ရိဒ်ရေကန်ပတ်ဝန်းကျင်တွင် ဒေသခံများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးမွေးမြူရေး အဓိကလုပ်ကိုင်ပြီး ရိဒ်ရေကန်ကို သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်နိုင်ရန်ဒေသခံများ၏ သဘောဆန္ဒကိုလည်း ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ရိဒ်ရေကန်သည်ဧရိယာအကျယ်အဝန်းအားဖြင့် ၈၃၂ ဧကကျယ်ဝန်း၍ ရေကန်၏အထက်ပတ်ဝန်းကျင်တွင်လူနေအိမ်နှင့်မြို့ရွာချထားခွင့်မလုပ်ရန် ပြည်နယ်အစိုးရက တားမြစ်ထားပြီး ချင်းလူမျိုးက ချင်းပြည်နယ်၏အမျိုးသားသင်္ကေတအဖြစ် တန်ဖိုး ထားသတ်မှတ်ထားကြသည်။

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ကျောက်ပန်းတောင်ဘေးမဲ့တောနှင့်နတ်မတောင်အမျိုးသားဥယျာဉ်တို့အပြင် ဖလမ်းနှင့် ဟားခါးမြို့နယ်များရှိဘွေပါးတောင်၊ ဇိမ်မူတောင်တို့ကိုလည်း သဘာဝထိန်းသိမ်းရေးနယ်မြေများ အဖြစ် သတ်မှတ်ရန်ဆောင်ရွက်လျက်ရှိသည်။

ဂျာနယ်မျက်နှာဖုံး မှ

## ဝန်ကြီးများ ကတိတည်ပါစေ

သို့သော်လည်းခြောက်သွေ့ရာသီရောက်တိုင်းဖယောင်းတိုင်များရောင်းကောင်းဆဲ၊ တစ်ပတ်ရစ်ဘတ်စ်ကားများပေါ် တိုးတက်နေရမြဲ၊ ပြဿနာဖြစ်တိုင်းတာဝန်ခံဖြေရှင်းပေးမည့်သူကို ရှာမရဆဲ၊ ခွဲ ခွဲလွှတ်သည့် နိုင်ကျဉ်းများထဲကိုယ့်လူပါမလားမျှော်နေရဆဲဖြစ်သည်။

အစိုးရအရာရှိများပေးသောကတိအတိုင်းဖြစ်မလာခြင်းကပြည်သူတို့အဖို့စိတ်ပျက်စရာတစ်ခုဖြစ်ကောင်းဖြစ်မည်။ အောက်ခြေပြည်သူအချို့တွင်မူ ထိုထက်ဆိုးသည့် အခြေအနေတွေရှိသေးသည်။ ကတိကိုယုံလို့တရားစွဲခံရသည့်သူများလည်းရှိသည်။

“လယ်သိမ်းလို့နစ်နာမှုတွေရှိရင် စာရေးတောင်း။ အဆင့်ဆင့်ပြေလည်အောင်ဖြေရှင်းပေးမယ်။ တိုင်ချင်တဲ့သူလက်မှတ်ထိုးဆိုပြီး လုပ်တယ်။ နောက်နေ့ကျစာရွက်ထဲလက်မှတ်ထိုးထားတဲ့ လူတွေအတိုင်း တရားစွဲခံရတာတွေလည်းရှိတယ်”ဟု လှိုင်သာယာမြို့နယ်မှလယ်သမားအရေးလှုပ်ရှားနေသူတစ်ဦးကပြောသည်။

ယုံရခက်သည့်ကတိကဝတ်များအကြောင်းက တိုင်းရင်းသားများအကြားတွင် အထူးအဆန်းဟုတ်တော့။ စစ်တွေမြို့မိမြို့ဖတစ်ဦးဖြစ်သူ ရခိုင်တိုင်းရင်းသားရှေ့နေဦးသာပွင့်က အောက်ပါအခြေအနေကို ရှင်းပြသည်။

ရခိုင်တွင်ပဋိပက္ခများမဖြစ်မီကာလများတွင် ရခိုင်လူငယ်များနှင့် တက်ကြွလှုပ်ရှားသူအချို့က ၎င်းတို့ပြည်နယ်မှ ထွက်သည့်သဘာဝဓာတ်ငွေ့ဖြင့်ပြည်နယ်လျှပ်စစ်မီးလင်းစေရန် ဆော်သြခဲ့ကြသည်။ ထိုအချိန်တုန်းက ဒုသမ္မတအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးတာဝန်ထမ်းဆောင်နေဆဲ။ ဒုသမ္မတကြီးက ရခိုင်ပြည်နယ်တစ်ခုလုံးနေ့ချင်းညချင်းမီးရောင်ထိန်ထိန်လင်းမည့်အလားပြောဆို ချွေးသိပ်ခဲ့ သည်ဟု ဆိုသည်။

ရက်တွေ၊ လတွေသာကြာသွားခဲ့သည်။ ဒုသမ္မတကြီးလည်းအစိုးရအဖွဲ့ထဲမရှိတော့။ သူပေးခဲ့သည့်ကတိများသည်လည်းပေါက်ဖော်များဆီ ရောက်သွားသည့်သဘာဝဓာတ်ငွေ့များလိုပင်ရခိုင်တိုင်းရင်းသားတို့ရှေ့မှ ပျောက်ကွယ်သွားခဲ့သည်။ ဒေသခံများလည်းကျောက်ခေတ်လူသားများလိုအလင်းရောင်နှင့်အပူအတွက်ထင်းရှာထွက်ရမြဲ။

ရခိုင်အမျိုးသားကွန်ရက်ဥက္ကဋ္ဌဦးတင်ထူးအောင်ကတော့ မ. ဆ. လလက်ထက်ဆောင်ပုဒ်တွေကြွေးကြော်ပြီး ဘာမှဖြစ်မလာသလို အခုအစိုးရလက်ထက်မှာလည်းမစားရကတိကဝတ်တွေပေးပြီးဘာမှဖြစ်မလာမည်ကို စိုးရိမ်သည်ဟုလို့ဆိုသည်။

“အစိုးရရဲ့စနစ်မှာအားနည်းချက်က မောင်ဖြူကကတိပေးတယ်။ သူမရှိရင်မောင်နီကမလုပ်တော့ဘူး။ စနစ်ကိုဗဟိုမပြုဘဲ လူကိုဗဟိုပြုလို့ ဒီပြဿနာဖြစ်နေရတာ”ဟု ဦးတင်ထူးအောင်ကထောက်ပြသည်။

အခြားတိုင်းရင်းသားများကလည်း အစိုးရဘက်ကိုကတိတည်ဖို့အရေးမကြာခဏပြောဆိုလေ့ရှိသည်။ အထူးသဖြင့်လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီချက်များနှင့် ပတ်သက်လျှင် တိုင်းရင်းသားများဘက်ကသဘောတူထားသည့် ကတိကဝတ်များလိုက်နာရေး အမြဲတစေထောက်ပြလေ့ရှိသည်။

အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော ရှမ်းပြည်နယ်အခြေစိုက် တပ်မတော်(မြောက်ပိုင်း) SSPP/SSA တို့အကြားဇွန်လအတွင်းက တိုက်ပွဲများဖြစ်ပွားနေသည့်အချိန်တွင် SSPP/SSA ၏ပြောရေးဆိုခွင့်ရှိသူဗိုလ်မှူးစိုင်းလက ဇွန်လအစောပိုင်းတွင် 7Day Daily သို့ ယခုလို့ပြောခဲ့ဖူးသည်။

“ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နဲ့ဘယ်လောက်ပဲကတိကဝတ်တွေပြုပြု၊ အဓိက တပ်ပိုင်းပုဂ္ဂိုလ်တွေက ကတိကဝတ်ပြုထားတဲ့အတိုင်းအကောင်အထည်ဖော်ပြီးမဆောင်ရွက်တော့ဒီလိုပဲ ဖြစ်နေမှာပေါ့လေ”

ကတိကဝတ်ကိစ္စများကတိုင်းရင်းသားလက်နက်ကိုင်များ၊ ပြည်သူများထဲတွင်သာပြောဆိုဆွေးနွေးကြသည်မဟုတ်။ လွှတ်တော်ထဲသို့ပါရောက်ခဲ့သည်။ လွှတ်တော်သက်တမ်း ၂ နှစ်ခွဲတာကာလအတွင်း ဝန်ကြီးဌာနများက လုပ်ဆောင်ပေးမည်ဟုကြွေးကြော်ခဲ့သော်လည်း ကတိတစ်ထောင်ကျော်က လုပ်ဆောင်ရန်ကျန်နေဆဲဟုလွှတ်တော်ဘက်ကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ညိုညိုသင်းက ဖွဲ့စည်းပုံအခြေခံဥပဒေအရကတိမတည်သည့် အစိုးရ၏ လုပ်ရပ်များကို စွပ်စွဲပြစ်တင်နိုင်သည်ကို ကတိပေးသည့် အစိုးရ အရာရှိများ သတိထားစေလိုကြောင်း ပြောသည်။ ပေးသည့်ကတိတည်၊မတည်ကိုစောင့်ကြည့်နေသူများလည်း ရှိနေသည်ကို သတိထားကာပေးပြီး ကတိများကို တည်အောင်လုပ်ဖို့လိုသည်ဟု အစိုးရအား အကြံပေးသည်။

လှည်းတန်းခုံးကျော်တံတားကိုလေးလအတွင်းအပြီးဆောက်မည်ဆိုပြီး လက်တွေ့တွင်မပြီးသောကြောင့်ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းမျက်နှာပျက်ခဲ့ရဖူးသည်။ လှည်းတန်းခုံးကျော်တံတားမှ ရသောအတွေ့အကြုံအရ စီမံကိန်းများနှင့် ပတ်သက်၍ လွယ်လွယ်ကတိမပေးလိုကြောင်းပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောသည်။ ယခင်ခေတ်ကဲ့ သို့ မဟုတ်ဘဲ မဏ္ဍိုင် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသော ခေတ်ဖြစ်နေသောကြောင့်ဟု ဝန်ကြီးက မှတ်ချက်ပြုသည်။

တလောကလည်း မီဒီယာလောကသားများက ပြန်ကြားရေးဝန်ကြီးဌာနက ကတိမတည်ဟုဝေဖန်ခဲ့သေးသည်။ ဝန်ကြီးဌာနက မီဒီယာဥပဒေများနှင့်ပတ်သက်ပြီးစာနယ်ဇင်းကောင်စီအား အကြိမ်ကြိမ်ကတိပေးပြီး ထိုကတိကဝတ်များကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြောင်းဝေဖန်ခဲ့ သည်။

အစိုးရ၏ အာမခံချက်များကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကလည်း ဝန်ကြီးဌာနများက ပေးအပ်ထားသော ကတိများအနက် စီမံကိန်းနှင့်ဆိုင်သော ကတိကဝတ်များကိုဆောင်ရွက်ရန် အများဆုံးကျန်ရှိနေကြောင်း ပြောကြားထားသည်။

လွှတ်တော်သက်တမ်း ၂နှစ်ခွဲကာလအတွင်း ဝန်ကြီးဌာနများက ဆောင်ရွက်ပေးမည်ဟု ပြောကြားထားသည့် လုပ်ငန်းများအနက် ကတိကဝတ်တစ်ထောင်ကျော် ကျန်ရှိနေသည်။ ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့က ဆောင်ရွက်ရန် အများဆုံးကျန်ရှိနေခြင်းပဲဖြစ်သည်။

မကြာသေးမီ ရက်ပိုင်းအတွင်းကလည်း စိုက်ပျိုးစရိတ် ချေးငွေများ တောင်သူလယ်သမားတို့၏ အခြားလိုအပ်ချက်များနှင့် ပတ်သက်၍ အကူအညီများ ပေးအပ်သွားမည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကတိကဝတ်များကိုလူသိရှင်ကြားပေးအပ်ခဲ့သည်။

ရာသီဥတုကြောင့်ပျက်စီးသွားသည့် သီးနှံများအတွက် အစားထိုးသီးနှံ ပေါ်ချိန်ရောက်မှ ချေးငွေများကို တောင်သူများက ပြန်ပေးဆပ်နိုင်ရန် အချိန်ကာလ ရွှေ့ဆိုင်းပေးမည်ဟု ဝန်ကြီးက အာမခံပြောကြားခဲ့သည်။ ယင်းကတိတည်၊မတည်ကိုတော့ဆက်လက်စောင့်ကြည့်ရဦးမည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး အပြောင်းအလဲကြောင့် ပေါ်ပေါက်လာသည့်လွှတ်တော်သည်လည်း သက်တမ်းထက်ဝက်ကျိုးချိန်ရောက်ပြီဖြစ်သည်။ လာမည့်ရွေးကောက်ပွဲဝင်မည့်နိုင်ငံရေးပါတီများသည်လည်းမကြာမီကာလအတွင်း ရွေးကောက်ပွဲအတွက်ပြင်ဆင်ကြတော့မည်ဖြစ်သည်။ ထိုအချိန်တွင် ထုံးစံအတိုင်းမဲဆန္ဒရှင်များအားကတိကဝတ်များဖြင့်ဆွဲဆောင်ကြဦးမည်ဖြစ်သည်။

နိုင်ငံရေးသမားများ၏ကတိလွယ်လွယ်ပေးပြီး လေထဲဖျောက်ပစ်သည့် ဓလေ့သည် မည်မျှအန္တရာယ်ကြီးကြောင်း သမိုင်းသင်ခန်းစာများရှိခဲ့သည်။ ဖဆပလအစိုးရလက်ထက်ရွေးကောက်ပွဲအနိုင်ရရေးအတွက် အငြင်းပွားနေသည့် ရိုဟင်ဂျာဟူသော အသုံးအနှုန်းကို အသုံးချကာ ရွေးကောက်ပွဲအနိုင်ရရန်လုပ်ခဲ့ဖူးကြောင်း သမိုင်းသင်ခန်းစာရှိခဲ့သည်။

ထိုမျှမကသေး ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တာဝန်ရှိသူများက မဲရရေးအတွက် ဘင်္ဂါလီအများအပြားကို ယာယီသက်သေခံလက်မှတ်ထုတ်ပေးခဲ့ကြောင်း ကွင်းဆင်းလေ့လာချက်များကို ကိုးကားပြီး နိုင်ငံတော်သမ္မတထံ တင်ပြသည့် ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုအတွက်ရလဒ်ကတော့ အားလုံးသိသည့်အတိုင်းပင်ဖြစ်သည်။ နောက်ထပ်စိတ်ဝင်စားစရာကတိအချို့လည်းရှိသေးသည်။ လာမည့် ၂၀၁၅ ရွေးကောက်ပွဲကိုလည်း “လွတ်လပ်ပြီး တရားမျှတမှုရှိရစေမယ်”ဟု မြန်မာခေါင်းဆောင်အချို့က ကမ္ဘာပတ်ပြီး ကတိအချို့ပေးထားခဲ့သည်။

ထိုကတိ တည်၊ မတည်ဆိုသည့်ကိုမူ အချိန်ဖြင့်သာ သက်သေပြရမည်ဖြစ်သည်။

ဂျာနယ်မျက်နှာဖုံး မှ

# ခွေးရူးရောဂါ(သို့မဟုတ်)သေမိန့်

အဆိုပါအခန်းငယ်လေးသည်ရောက်ရှိလာသော လူနာများ၏ ကျန်းမာရေးသတင်းနှင့်ပတ်သက်၍ မိသားစုဝင်များ၊မိတ်ဆွေများအား စိတ်မချမ်းမြေ့ဖွယ်ရာများကို သာပေးလေ့ရှိသည့် ခွေးရူးပြန်ရောဂါကူးစက်ခံသူများကိုသာ သီးသန့်ထားသော အခန်းပင်ဖြစ်သည်။

ရောဂါကူးစက်လျှင် ရာနှုန်းပြည့်သေဆုံးသည်ဟု မကောင်းသည့် ဂုဏ်ပုဒ်ဖြင့် ထင်ရှားသည့် ခွေးရူးပြန်ရောဂါကြောင့် ဆေးရုံများ၏ သီးသန့် လူနာခန်းများနှင့် ဆေးရုံသို့မရောက်ဘဲ မိမိတို့၏ နေအိမ်များ၌ ဘဝ၏ နောက်ဆုံးအချိန်ကို ဖြတ်သန်းရသူ ကိန်းဂဏန်းများသည်လည်း မြန်မာနိုင်ငံ၌ မြင့်မားလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ စာရင်းအရ လူဦးရေတစ်သန်းလျှင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှု ၂၂ယောက်နှုန်းအထိရှိနေသော မြန်မာနိုင်ငံသည် အဆိုပါရောဂါအဖြစ်များဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် လူဦးရေခြောက်သိန်းခန့်မှာ ခွေးကိုက်ခံနေရသည်ဟု ဖော်ပြထား၏။

ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်ရန်၊ လျှော့ချပစ်နိုင်ရန် နိုင်ငံ၏ သက်ဆိုင်ရာတာဝန်ရှိဌာနများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးသည် အထူးလိုအပ်လျက်ရှိသည်ဟု အဆိုပါရောဂါနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သောပညာရှင်များကပြောသည်။

"အခုလက်ရှိတာဝန်ရှိတဲ့အဖွဲ့အစည်းတွေ၊ပြည်တွင်းပြည်ပကအဖွဲ့အစည်းတွေ၊ ပြီးတော့ အစိုးရပိုင်းနှင့် ပညာရှင်တွေအားလုံးပူးပေါင်းဖို့လိုနေပါပြီ"ဟုခွေးရူးပြန်ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်များအဖွဲ့(မန္တလေး)မှဒေါက်တာကျော်ထင်ကပြောသည်။

ခွေးများအတွက်မှတ်ပုံတင်ပြုလုပ်၍ စာရင်းအတိအကျပြုစုခြင်း၊ ကာကွယ်ဆေးထိုးခြင်း နှင့် ခွေးကောင်ရေ ထိန်းချုပ်စီမံရေးတို့သည် နိုင်ငံတော်မူဝါဒတစ်ခုအောက်တွင် တညီတညွတ်တည်းဖြင့် တင်းတင်းကျပ်ကျပ်ဆောင်ရွက်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခွေးရူးပြန်ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များဖော်ပြနေ၏။

မြို့တော်စည်ပင်သာယာရေးကော်မတီတိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက ခွေးလေခွေးလွင့် ထိန်းချုပ်ရေးအတွက် အသားလုံးပစ်၍ ရှင်းလင်းခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ခွေးရူးပြန်ရောဂါကာကွယ်ဆေးထုတ်ပေးခြင်း၊ ပြည်တွင်းအဖွဲ့အစည်းအချို့က တတ်နိုင်သမျှဖြင့် ခွေးလေခွေးလွင့်များအား ကာကွယ်ဆေးထိုးပေးနေခြင်း၊ လူပုဂ္ဂိုလ်အချို့က ပိုင်ရှင်မဲ့ခွေးများအတွက် ထိန်းသိမ်းရေးဂေဟာများ ပြုလုပ်ဆောင်ရွက်နေခြင်းစသည့်တို့ကို ပြုလုပ်နေကြသော်လည်း အားလုံးပူးပေါင်းဆောင်ရွက်နေသည်ဟုပြောရန်မှာအလွန်ခက်ခဲသောအခြေအနေ တစ်ခုဖြစ်ပါသည်။

အိမ်နီးချင်းထိုင်းနိုင်ငံ၌တစ်နှစ်လျှင်လူဦးရေ လေးသိန်းခန့် ခွေးကိုက်ခံနေရသော်လည်း ပျမ်းမျှ လူတစ်သန်းတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားသူမှာ တစ်ယောက်ပင်မပြည့်ဘဲအဆိုပါရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ တစ်နှစ်လျှင် ၂၅ ယောက်အောက်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စက်တင်ဘာ ၂၈ ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ (World Rabies Day)ခေါင်းစဉ်အောက်တွင် သက်ဆိုင်ရာ တာဝန်ရှိဌာနများ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းတစ်ခုဖြစ်၏။

"ခွေးလေခွေးလွင့်ပြဿနာကို စည်ပင်သားသတ်ဌာနကပဲ ကိုင်တွယ်ဖြေရှင်းနေရတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ပူးပေါင်းမှုအားနည်းတယ်။ ခွေးတွေမှတ်ပုံတင်တာ၊ ကာကွယ်ဆေးထိုးတာ စတာတွေအားလုံးက အကုန်လုံးပေါင်းပြီးလုပ်မှရမယ်"ဟု မွေးမြူရေးနှင့် ကုသရေးဌာနမှ အငြိမ်းစားအရာရှိတစ်ဦးကပြောသည်။

မက္ကဆီကို နိုင်ငံတွင် ငါးနှစ်စီမံကိန်းဖြင့် နိုင်ငံအတွင်းရှိ ခွေးလေခွေးလွင့် မကျန် ကာကွယ်ဆေးထိုးခြင်းကိုပြုလုပ်ခဲ့ရာဖြစ်ပွားမှုနှုန်းသည် ၇၀ ရာခိုင်နှုန်းခန့်



ခွေးလေခွေးလွင့်များ ရှင်းလင်းပြီး အမှိုက်လှည်းပေါ်တင်ဆောင်နေစဉ်

ဓာတ်ပုံ- အားမာန်

လျော့ကျသွားခဲ့သည်။ တစ်နှစ်လျှင် သေဆုံးမှု ၆၀ ကျော်မှ ၂၀ ကျော်အောက်သို့ ရောက်သွားခဲ့ခြင်းသည် ဥပမာကောင်းတစ်ခုဖြစ်သည်။

ခွေးတစ်ကောင်အား ကာကွယ်ဆေးထိုးလျှင် ကျပ်ငွေ သုံးထောင်မှ ငါးထောင်ခန့်သာကုန်ကျပြီး လူတစ်ဦးလျှင် အဆိုပါရောဂါကာကွယ်ဆေးမှာ ခြောက်သောင်းခန့်ကျသင့်မည်ဖြစ်သည်။ တစ်နှစ်လျှင် ခွေးကိုက်ခံရသူခြောက်သိန်းခန့်ရှိသော မြန်မာနိုင်ငံတွင် အကိုက်ခံရသူများ အားလုံးကို ကာကွယ်ဆေးထိုးပါက အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ကုန်ကျမည်ဖြစ်သည်။

"တစ်နိုင်ငံလုံးအနေနဲ့က ခွေးကောင်ရေ အတိအကျကောက်ထားတာမရှိပါဘူး။ ဒါပေမယ့် ဘယ်အရာကို အဓိကထားရမလဲ ဆိုတာပေါ်လွင်နေပါတယ်။ ဆေးထိုးရင်နောက်က Registration (မှတ်ပုံတင်)တာတို့၊ ခွေးကောင်ရေထိန်းချုပ်တာတို့ပါတစ်ဆက်တည်းလုပ်ဖို့လိုတယ်"ဟု အင်းစိန်မြို့နယ်တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးကရှင်းပြသည်။

မန္တလေးမြို့တွင် ၂၀၁၂ခုနှစ်ကခွေးလေခွေးလွင့် ၂၁၄၆ကောင်အား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်အကောင်ရေ၅၀၀ထိုးပြီးဖြစ်သည်ဟု တိရစ္ဆာန်ဆေးကုသဆရာဝန်များအဖွဲ့(မန္တလေး)ထံမှသိရသည်။ သို့သော် ယခုကဲ့သို့တစ်နိုင်တစ်ပိုင်သီးသန့်ပြုလုပ်နေသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်ပါက ရာနှုန်းပြည့် နည်းပါးနေသည်ဟု တိရစ္ဆာန် ဆေးကုဆရာဝန်ဒေါက်တာခင်မောင်ထွေးကပြောသည်။

ထို့အပြင် ခွေးကောင်ရေထိန်းချုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံအများစုတွင် အကန့်အသတ်များရှိနေပြီး သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှုတွင် အားနည်းနေသည်ဟု ကမ္ဘာလုံးဆိုင်ရာ ခွေးရူးပြန်ရောဂါ ထိန်းချုပ်ရေးအဖွဲ့(Global Alliance For Rabies Control) ၏ အစီရင်ခံစာကဖော်ပြနေ၏။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအနေဖြင့်အမဲသားကိုအဆိပ်ခတ်၍ တစ်လလျှင် ခွေးလေခွေးလွင့် ၂,၅၀၀ ခန့် ရှင်းလင်းပေးနေရသည်ဟုဆိုသည်။ သို့သော် နှစ်ပေါင်းများစွာကျင့်သုံးခဲ့သော အဆိုပါ နည်းလမ်းဟောင်းသည် အခြားသော ပူးပေါင်းဆောင်ရွက်မှုများ မရှိခြင်းက တစ်နိုင်ငံလုံးအတိုင်း အတာအရခွေးရူးပြန်ရောဂါထိန်းချုပ်ရေးတွင် အောင်မြင်မှုအားနည်းစေခြင်းဖြစ်သည်။

"စည်ပင်က အမဲသားပစ်ပြီးရှင်းရင် ခွေးတွေကို သနားတယ်။ ဒါပေမဲ့ ဈေးထဲမှာက ပိုင်ရှင်မရှိတဲ့ ခွေးတွေက အကောင် ၂၀ လောက်ရှိတယ်။ သနားပေမယ့် ခွေးကိုက်ခံရမှာတော့ တော်တော်ကြောက်တယ်"ဟု လှိုင်မြို့နယ်ရပ်ကွက်ဈေး တစ်ခုရှိ အသက် ၅၀ ကျော်အရွယ် ပန်းရောင်းသူ အမျိုးသမီးကြီးတစ်ဦး ကပြောသည်။

နိုင်ငံသားအများစုကိုးကွယ်သော ဗုဒ္ဓဘာသာအဆုံးအမအချို့ကြောင့် ခွေးလေခွေးလွင့် ထိန်းချုပ်၊ ရှင်းလင်းရေးမှာ ဝေဖန်ခံရမှုရှိနေသော်လည်း ၎င်းတို့မှာ တစ်ဆင့်ဖြစ်လာမည့် ခွေးရူးပြန်ရောဂါ၏ ဆိုးရွားမှုကို မည်သူမျှ အတိအကျမသိရှိကြပေ။

မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ခန့်မှန်းမှုအရ မြန်မာနိုင်ငံရှိ ခွေးကောင်ရေ၏ ၇၅ ရာခိုင်နှုန်းမှာ ခွေးရူးရောဂါပိုးရှိနေသည်။ အဆိုပါရောဂါကြောင့်မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ၂၀၅ ဦးသေဆုံးပြီး ၂၀၁၂ ခုနှစ်တွင် ၂၄၀ ဦးသေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီး ဌာနကထုတ်ပြန်သည်။ သို့သော် ဆေးရုံဆေးခန်းသို့မရောက်ရှိဘဲ သေဆုံးခဲ့သော အရေအတွက်မှာ အဆိုပါကိန်းဂဏန်းများထက် အနည်းဆုံး နှစ်ဆကျော်များနေမည်ဟု ကျွမ်းကျင်ပညာရှင်များကခန့်မှန်းကြသည်။ ပြီးခဲ့သည့်ဧပြီလအတွင်းက မန္တလေးတိုင်း၌ ခွေးရူးပြန်ရောဂါကူးစက်ခံထားရသော အိမ်မွေးခွေးအကိုက်ခံရမှုကြောင့် တစ်နေ့တည်းမှာပင် မိသားစုဝင် သုံးဦးသေဆုံးခဲ့ရသည်။

"အစ်မယောကျ်ားဆုံးတော့ သား တစ်ယောက်၊ သမီး တစ်ယောက်ကျန်နေခဲ့တယ်။ မသေခင်တစ်ချက် တစ်ချက်လူစိတ်ဝင်လာတဲ့ အခါကျရင် သူ့သားသမီးတွေကို ခွေးတွေနဲ့ ဝေးဝေးနေဆိုတာကိုပဲမှာတယ်"ဟု အသက်၄၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးကလွန်ခဲ့သောငါးနှစ်ခန့်က ခွေးရူးပြန်ရောဂါကြောင့်သေဆုံးခဲ့သော ခင်ပွန်း၏ နောက်ဆုံးခရီးစဉ် အကြောင်းကိုပြောပြသည်။

ခွေးရူးပြန်ရောဂါသည် အာရုံကြောဆဲလ်များကို ဖျက်ဆီးသည့် Rabies ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားပြီး အဆိုပါရောဂါပိုးရှိသော လူ၊ ခွေး၊ ကြောင်၊ အိမ်မွေးတိရစ္ဆာန်များအကိုက်ခံရခြင်း၊ ခွေး နှင့် ကြောင်၏သွားရည်မှတစ်ဆင့် လူ့ အရေပြားပေါ်ရှိ ထိခိုက်ရှနာ၊ ဒဏ်ရာတို့မှာ တစ်ဆင့် ကူးစက်ခံရနိုင်ပြီး ရောဂါကူးစက်ခံရသူတွင် အဖျားငုပ်နေတတ်ပြီး ခွေးကိုက်ခံရသည့် နေရာယားယံ နာကျင်ခြင်း၊ ရေကြောက်ခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်းနှင့် ခွေးကဲ့သို့ကိုက်ခြင်းလက္ခဏာများပြ၍ တစ်ပတ်အတွင်း သေဆုံးနိုင်ကြောင်း၊ ကာကွယ်ဆေးရှိသော်လည်း ရောဂါဖြစ်ပါက သေဆုံးရန် ရာခိုင်နှုန်းအပြည့်ရှိကြောင်း ခွေးရူးရောဂါကာကွယ်ရေးလက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

ဆင်းရဲသော မိသားစုများ ဆေးရုံ၊ ဆေးခန်းနှင့် အလှမ်းဝေးသော ဝေးလံခေါင်သီသော ဒေသများ၌ နေထိုင်သူများနှင့် အသက် ၁၅ နှစ်အောက်ကလေးငယ်များသည် ခွေးရူးပြန်ရောဂါဖြစ်ပွားနိုင်သည့် အခြေအနေပိုများသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စစ်တမ်းပြုစုထားသည်။

အမေရိကန်နိုင်ငံဝါရှင်တန်ကျန်းမာရေးတက္ကသိုလ်မှ ပြုလုပ်ထားသောစာရင်းများအရမြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၅ နှစ်ကြားကလေးငယ်များသေဆုံးမှုတွင် ခွေးရူးပြန်ရောဂါကြောင့်ဖြစ်ပွားခြင်းသည်အဆင့် ၁၇ နေရာတွင်ရှိနေသည်။

တစ်ရက်လျှင် ပျမ်းမျှဝင်ငွေနှစ်ထောင်ကျော်သာရှိနေသော မြန်မာနိုင်ငံအတွင်းရှိမိသားစုများအနေဖြင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးတစ်ခါထိုးခြင်းသည် မိမိတို့၏ တစ်လလုပ်အားခကုန်ဆုံးသွားမည်ဖြစ်သည်။ ထို့ကြောင့် အများစုက ဆေးရုံ၊ ဆေးခန်းများထက်မြန်မာနည်း၊မြန်မာဟန်ဆေးမန်းသည့်နေရာများ ဆီသို့သာ အားကိုးတကြီးသွားနေကြမြဲဖြစ်သည်။

"ခွေးရူးတကယ်ကိုက်တယ်ဆိုရင် ဘယ်လိုမန်းမန်းမရဘူးလို့ ပြောလိုက်ပါရစေ။ ကာကွယ်ဆေးထိုးမှရမယ်"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာနေဝင်းက ပြောသည်။

ကမ္ဘာပေါ်တွင် အဆိုပါရောဂါကြောင့်တစ်ရက်လျှင် လူ ၁၅၀ ခန့်သေဆုံးနေမှုများကြားတွင် မြန်မာနိုင်ငံအနေဖြင့် ခွေးအကိုက်ခံရမှ ကာကွယ် ဆေးထိုးကြမည်လား၊ သို့မဟုတ် ကြိုတင်ကာကွယ်ရေးအနေဖြင့် ခွေးလေခွေးလွင့် ထိန်းချုပ်ရေး၊ မှတ်ပုံတင်စာရင်းပြုစုခြင်း၊ ခွေးများအား ကာကွယ်ဆေးထိုးခြင်းများကို အားလုံးပူးပေါင်းဆောင်ရွက်ကြမည်လားဆိုသည်မှာ မေးခွန်းတစ်ခုအဖြစ်ရှိနေပါပြီ။